အောင်မြင်စာပေ   ဂ နှီ ရ ဆန်း ကြယ် လုံး

www.burmeseclassic.com

# ကြိုးသခံ

## ကိုး လောင်း တောင် ကြား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

- လူတစ်ယောက်ဆီက ရလာတဲ့အချစ်ဟာ
အချစ်စစ် အချစ်မှန်လား၊
အတုအယောင်လားဆိုတာ သိနိုင်ဖို့
အချိန်ကိုသာ အဖြေထုတ်ခိုင်းပါ။

- စစ်မှန်တဲ့အချစ်ဟာ
ချစ်သူကို ကောင်းစားစေချင်တယ်
အတုအယောင်အချစ်ကတော့
သူ့ဆန္ဒပြည့်ဝဖို့ပဲ ရှေးရှုတယ်။


- အခြားသူများအကြောင်းကို
သိရှိနားလည်ခြင်းသည်
ဆင်ခြင်ဉာဏ်ရှိခြင်းဖြစ်ပြီး
မိမိကိုယ်ကို သိခြင်းမှာ
စစ်မှန်သော ဉာဏ်ပညာအစစ်ဖြစ်သည်။

BURMESE CLASSIC .com

- အခြားသူများကို အောင်နိုင်လွှမ်းမိုးခြင်းကား
ခွန်အားဖြစ်ပြီး
မိမိကိုယ်ကို အောင်မြင်လွှမ်းမိုးနိုင်ခြင်းကသာ
စစ်မှန်သောစွမ်းအားဖြစ်တော့သည်။

- သင်၏သားသမီးများ မလိမ္မာပါက
ဥစ္စာပစ္စည်းများဆုံးရှုံးနိုင်သကဲ့သို့
မျှော်လင့်ချက်များပါ ပျက်ပြားစေနိုင်သည်၊
ထိုအခြေအနေသည် ကံတရားကြောင့်ချည်းတော့
မဟုတ်ပေ။

- အချစ်ဆိုသောအရာမှာ
အသိရခက်သောအရာပင်ဖြစ်၏
ရုပ်အကောင်အထည် မမြင်ရသော်လည်း
အရာအားလုံးကို ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

အချစ်သည် ပြုစုပျိုးထောင်မှုကို နှစ်သက်၏
ယုယကြင်နာမှုကို လိုလား၏
သစ္စာတရားကို အဖော်ပြု၏
အချစ်နှင့် ဆန့်ကျင်ဘက်အရာမှာ
တန်ဖိုးမထားတတ်သည့် ဥပေက္ခာတရားပင်ဖြစ်၏၊

ချစ်သူနှစ်ဦး၏အိမ်ထောင်ရေး အနာဂတ်နှင့်
ပျော်ရွှင်မှုဟူသည်
အချစ်၏ခံစားချက်များကို
အသိပညာနှင့် ပေါင်းစပ်နေထိုင်ခြင်းပင်ဖြစ်သည်၊

သင်မရှုးဖြစ်လိုက်၍
နွမ်းကြေသွားသောပန်းတစ်ပွင့်အတွက်
နှမြောနေမည့်အစား
ပွင့်လာမည့်ပန်းတစ်ပွင့်ကို
ပြုစုစောင့်ရှောက်ခြင်းကသာ
ဘဝမျှော်လင့်ချက်ဖြစ်စေပါသည်။

BURMESE
CLASSIC
.com

လူ့အတော်များများမှာ ကောင်းမှုထက်
မကောင်းမှုကို ပိုမိုနှစ်သက်လေ့ရှိသည်
ထိုသို့ဖြစ်ရခြင်းမှာ သဘာဝက
ပြောင်းလဲပေးခြင်းကြောင့်ဖြစ်၏၊

သေခြင်းတရားကို
ဆင်ခြင်တွေးတောမှု မရှိသူသည်
လက်ရှိဘဝအခြေအနေကိုလည်း
တန်ဖိုးထားတတ်မည် မဟုတ်ပေ။

အမှန်တရားနှင့် ရင်ဆိုင်ရမှာကို ကြောက်ရွံ့သူသည်
မကောင်းမှုများပြုလုပ်ရန်အတွက်တော့
အဆင်သင့် ရှိနေတတ်သည်။
ထိုအခြေအနေကပင်
အမှန်တရားနှင့် ပို၍ဝေးကွာစေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) တောနက်အတွင်းမှ လျှို့ဝှက်သောလူသတ်သမား

အခန်း(၂) သစ်ပင်ပေါ်မှ တစ္ဆေမျက်နှာ

အခန်း(၃) ကိုးလောင်းတောင်ကြားမှ အလောင်း

အခန်း(၄) အဲဖြူရောင်မာနနှင့်လူ

အခန်း(၅) လျှို့ဝှက်ဆန်းကြယ်လှသောအန္တရာယ်

အခန်း(၆) ကိုယ်ပျောက်လူသတ်သမား

အခန်း(၇) ပရလောကသားတို့ မာယာစက်ကွင်း

အခန်း(၈) မီလာရီကာ ဆင်ဖမ်းသမား

အခန်း(၉) ဆင်သချိုင်းမှ ပရလောကသားများ

အခန်း(၁၀) မျက်ဝန်းရိပ်မှ ချစ်အဓိပ္ပါယ်

အခန်း(၁၁) သွေးစုပ်နွယ်ရှင် သစ်စုန်းပင်

အခန်း(၁၂) သစ်စုန်းပင်နှင့် စွယ်စုံရန်စွယ်

အခန်း(၁၃) ချစ်ရည်မျှသော ဘဝများ

အခန်း(၁၄) ထူးခြားသော ကိုယ်ပွားရုပ်သွင်

အခန်း(၁၅) မရဏတံခါးသို့အဝင်

အခန်း(၁၆) ဆင်သချိုင်းမှ အန္တရာယ်ဆိုးများ

အခန်း(၁၇) အချစ်ဖြင့် သံသရာရှည်


BURMESE CLASSIC .com



### အခန်း(၁)

# တောနက်ထဲမှ လျှို့ဝှက်သော လူသတ်သမား

အမှောင်ရိပ်များက ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးအုပ်ထားလေသည်။ အများအားဖြင့် သစ်တောအုပ်များ ထူထပ်လှသော ဟူးကောင်းလွင်ပြင်ဒေသမှာ အမှောင်ထုက ပိုမိုသိပ်သည်းနေသယောင်ရှိသည်။ ဟူးကောင်းလွင်ပြင်ဒေသသည် တောတောင်ထူထပ်သော အရပ်ဒေသတစ်ခုဖြစ်သည်။

ဟူးကောင်းလွင်ပြင်ဒေသမှာ ရှေးအခါကပင် ပယင်းအတွက်ကောင်းသောဒေသအဖြစ် လူသိများပြီး ပယင်းဒေသဟုပင် ခေါ်ဝေါ်ခဲ့ကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဟူးကောင်းလွင်ပြင်မှာ စတုရန်းမိုင် (၅၅၈၆)စတုရန်းမိုင် ကျယ်ဝန်းသော ချိုင့်ဝှမ်းလွင်ပြင်ကြီးဖြစ်ကာ အရှေ့ဘက်၊ မြောက်ဘက်နှင့် အနောက်ဘက်များမှာ မြင့်မားလှသည့် တောင်တန်းကြီးများက ကာရံထားလေသည်။

အနောက်ဘက်၌ ကာဆီးထားသော ပတ်ကွိုင်တောင်တန်းကြီးမှာ ပေ(၈၀.၀၀)ကျော် မြင့်မားပြီး ချင်းတွင်းမြစ်နှင့် အိန္ဒိယနိုင်ငံအတွင်းမှာ ရှိသော ဗြဟ္မပုတ္တရမြစ်တို့၏လက်တက်မြစ်များတို့ မြစ်ဖျားခံရာ ရေဝေကုန်းတန်းဖြစ်ပေသည်။

အရှေ့ဘက်မှာတော့ ကျော်မောင်ဘွမ်၊ ဘွမ်ဖျက်ဘွမ်၊ ပလောင်ဘွမ် အစရှိသော တောင်တန်းကြီးများရှိပြီး ၎င်းတောင်တန်းကြီးများမှာ မြန်မာနိုင်ငံ၏အသက်သွေးကြော ဖြစ်ကြသည့် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်တို့၏မြစ်ဖျားခံရာ ရေဝေကုန်းတန်းများဖြစ်ကြပေသည်။

ဟူးကောင်းလွင်ပြင်၏အရှေ့ဘက်နှင့် အနောက်ဘက်မှာ ရှိကြသော ရေဝေကုန်းတန်းကြီးများက စီးဆင်းလာကြသော မြစ်ချောင်းကြီးငယ် အသွယ်သွယ်တို့သည် ချိုင့်ဝှမ်းအလယ်သို့ စီးဆင်းလာကြပြီးနောက် ချင်းတွင်းမြစ်၏အကြီးဆုံး လက်တက်ဖြစ်သော တနိုင်းခချောင်းကျယ်ကြီးကို ဖြစ်ပေါ်စေခဲ့သည်။

တနိုင်းခသည် ချောင်းဟုသာ ဆိုရသော်လည်း မိုင်(၉၀)ခန့် ရှည်လျားလေသည်။

ဟူးကောင်းချိုင့်ဝှမ်းအတွင်း၌ ထင်ရှားသော နေရာအမှတ်အသားတစ်ခုမှာ လီဒိုလမ်းမကြီးဖြစ်ပေသည်။

☺ အောင်မြင်စာပေ ☺



လီဒိုလမ်းမကြီးမှာ (၁၉၄၂)ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက် ဒုတိယကမ္ဘာစစ်အတွင်း၌ စတင်ဖောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ အာသံပြည်နယ်နှင့် ဘင်္ဂလားနယ်ကို ဆက်သွယ်ကာ လီဒိုမြို့မှ စတင်ဖောက်လုပ်ခဲ့သဖြင့် 'လီဒိုလမ်းမကြီး' ဟု လူသိများ ထင်ရှားခဲ့ပေသည်။

လီဒိုလမ်းမကြီးအား လီဒိုမြို့မှ စတင်ကာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသောအခါ ပတ်ကွိုင်တောင်တန်း၊ ရှင်ဗွေယံ၊ တနိုင်း၊ ဟူးကောင်း၊ မိုးကောင်း၊ မြစ်ကြီးနားမှ ဧရာဝတီမြစ်ကို ဖြတ်ကာ ဗန်းမော်၊ လားရှိုးမှတဆင့် တရုတ်ပြည်ဘက်ရှိ မာကိုပိုလိုလမ်းမကြီးနှင့် ဆက်သွယ်ရန် ဖြစ်ပေသည်။

(၁၉၄၂)ခုနှစ်မှ အစပြု ဖောက်လုပ်ခဲ့သော ထိုလမ်းမကြီးမှာ (၁၉၄၅)ခုနှစ်တွင် အဆုံးသတ်ခဲ့လေသည်။

လီဒိုလမ်းမကြီး ဖောက်လုပ်ရာတွင် ချွေးတပ်သား အမြောက်အမြား သေကြေပျက်စီးခဲ့ကြရပေသည်။

အရှေ့တောင်ဘက်တွင် ယိုးဒယားမြန်မာလမ်းမကြီး ဖောက်လုပ်ခဲ့ရာတွင် ချွေးတပ်သားပေါင်း(၈၀,၀၀၀)ကျော် သေကြေပျက်စီးခဲ့ကြောင်း မှတ်တမ်းရှိသည်။

(၁၉၄၂)ခုနှစ်၊ အောက်တိုဘာလ(၂)ရက် နေ့စွဲဖြင့် ထုတ်ပြန်ကြေငြာခဲ့သော လန်ဒန်မြို့ ဗြိတိသျှနိုင်ငံခြားရေးရုံးမှ ထုတ်ပြန်ကြေငြာချက်တွင် မြန်မာနိုင်ငံမှ ချွေးတပ်သားပေါင်း (၈၀.၀၀၀)ကျော် သေကြေပျက်စီးခဲ့ကြောင်း ဖော်ပြခဲ့သော်လည်း ခန့်မှန်းချက်သာဖြစ်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဖော်ပြချက်မှာ ယိုးဒယားနိုင်ငံဘက်၌ ယိုးဒယား၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် တရုတ်လူမျိုးတို့ သေကြေပျက်စီးမှု မပါဝင်ပေ။

ထို့ပြင် ဗြိတိသျှ စစ်သုံ့ပန်း၊ ဩစတြေးလျ စစ်သုံ့ပန်းနှင့် ဒတ်ချ် စစ်သုံ့ပန်းတို့ မပါဝင်သေးပေ။

အရှေ့တောင်တွင် ယိုးဒယားမြန်မာလမ်းမကြီးသည် လူအသေအပျောက် အများဆုံး သေမင်းတမန် လမ်းမကြီး ဖြစ်သကဲ့သို့ အနောက်မြောက်တွင်လည်း အိန္ဒိယမြန်မာလမ်းမကြီး ဖြစ်သော လီဒိုလမ်းမသည် လူအသက်ပေါင်းများစွာ စတေးခဲ့ရသော သေမင်းတမန် လမ်းမကြီးဆိုက မမှားပေ။

နာမည်ကျော် လီဒိုလမ်းမကြီးသည် ဟူးကောင်းချိုင့်ဝှမ်းသို့ ရောက်သောအခါ တနိုင်းချောင်းကို ဖြတ်သွားလေရာ အင်္ဂလိပ် အစိုးရလက်ထက် ရောက်သောအခါ ထိုနေရာတွင် ဟူးကောင်းမြို့ ဖြစ်ပေါ်လာလေသည်။

အင်္ဂလိပ်အစိုးရလက်ထက်မှာ တောင်တန်းဝန်ထောက်ရုံးကို မိုင်းခွန်းရွာမှာ ထားခဲ့သော်လည်း လွတ်လပ်ရေး ရပြီးသည့်နောက်ပိုင်းမှာတော့ (၁၉၅၆)ခုနှစ်တွင် ဘိန်ကောက်ရွာသို့ ပြောင်းရွှေ့ခဲ့ကြသည်။

(၁၉၅၈)ခုနှစ်မှာတော့ ယခု တနိုင်းမြို့ဟု အမည်တွင်သောနေရာသို့ ထပ်မံပြောင်းရွှေ့ခဲ့ကြသည်။

မူလပြောင်းရွှေ့စဉ်က ဟူးကောင်းချိုင့်ဝှမ်းကို အစွဲပြုပြီး ဟူးကောင်းမြို့ဟု အမည်ပေးခဲ့ကြခြင်းဖြစ်၏။





နောက်ပိုင်းရောက်မှ တနိုင်းခချောင်းကို အစွဲပြုပြီး တနိုင်းမြို့ဟု ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။

တနိုင်းမြို့မှာ လီဒိုလမ်းမကြီး၏အနောက်ဘက် မဝေးလှသောနေရာ၌ ရှိပြီး မြစ်ကြီးနားမြို့နှင့် မိုင်(၁၂၀)ခန့် ကွာဝေးလေသည်။

ဟူးကောင်းဆိုသည်မှာ ရှမ်းဘာသာစကားဖြစ်သည်။

ဟူး- ဦးခေါင်း၊

ကောင်း- စည်တော်ဟု အဓိပ္ပါယ်ရှိရာ ဟူးကောင်း၏ အဓိပ္ပါယ်မှာ 'စည်တော်ဦးခေါင်းပြုရာအရပ်' ဟု ဆိုကြပေသည်။

ဟူးကောင်းဒေသကို ရှေးအခါကပင် 'ပယင်းတွင်းဒေသ' ဟု ခေါ်ခဲ့ကြပြီး အစောဆုံး ဝင်ရောက်နေထိုင်ကြသော လူမျိုးများမှာ 'နာဂ' လူမျိုးများ ဖြစ်ကြသည်။

နာဂလူမျိုးများ အများအပြား ရှိရာမှ ရွဲရီ၊ ရွဲရာ၊ ချောက်ရန်းဟု ခေါ်သည့် နာဂလူမျိုးများ ဖြစ်ကြပေသည်။

နောက်ပိုင်းတော့ နာဂလူမျိုးများ တဖြည်းဖြည်း နည်းပါးသွားကာ ရှမ်း၊ ကချင်နှင့် မြန်မာလူမျိုးတို့ အများအပြား ဝင်ရောက်နေထိုင်ခဲ့ကြသည်။

ဟူးကောင်းလွင်ပြင်ဒေသမှာ မြန်မာနိုင်ငံ အမေဇုံတောဟု တင်စားခေါ်ဝေါ်ရလောက်အောင် တောတောင်ထူထပ်လှပြီး သားရဲတိရစ္ဆာန် ပေါများလှသောနေရာ ဖြစ်ပေသည်။

ထိုဒေသ၌ နေထိုင်ကြသူအများစုမှာ တောတောင်များအတွင်းသို့ လှည့်လည်သွားလာပြီး လုပ်ငန်းအမျိုးမျိုးဖြင့် အသက်



www.burmeseclassic.com

www.burmeseclassic.com

မွေးဖမ်းကျောင်းပြုသူ များရာ ထိုအထဲတွင် ဆင်ရိုင်းဖမ်းသမား များလည်း ပါဝင်ပေသည်။

တောတောင်များအတွင်းမှာ ဆင်ရိုင်းများစွာ ရှိပေရာ ဆင်ရိုင်းဖမ်းသမားတို့လည်း များစွာပေါ်ထွန်းခဲ့ပေသည်။

မြန်မာနိုင်ငံအဝှမ်းတွင် ဆင်ရိုင်းအကောင်ရေများစွာ ရှိသည့်အနက် ဟူးကောင်းချိုင့်ဝှမ်းဒေသ၌ အများအပြားရှိလေသည်။

ဆင်ရိုင်းဖမ်းဆီးသောအလုပ်မှာ အသက်အန္တရာယ် အလွန်များသောအလုပ်မျိုးဖြစ်ပေရာ မကျွမ်းကျင်ပါက ဆင်ရိုင်း၏အစွယ်အောက်၊ ခြေထောက်အောက်မှာ အသက်ပျောက်သွားနိုင်ပေသည်။

မြန်မာနိုင်ငံ၌ ဆင်ရိုင်းဖမ်းဆီးသောနည်းအမျိုးမျိုးရှိရာ ကေဒါ(Khedda)ဟု ခေါ်သော ဆင်ကို ကျုံးသွင်းပြီး ထောင်ဖမ်းနည်းကို အိန္ဒိယတိုင်းရင်းသားများထံမှ ရရှိခဲ့ကြသည်။

တောဆင်ရိုင်းကို ဖမ်းဆီးကြရာတွင် ကျုံးသွင်းထောင်ဖမ်းနည်း၊ မီလာရှိကာဟု ခေါ်သည့် ကြိုးကွင်းစွပ် ဖမ်းဆီးနည်းနှင့် ခေတ်မီ မေ့ဆေးသေနတ်များဖြင့် ကြိုးကွင်းစွပ်ဖမ်းနည်းများ အသုံးပြုကြသည်။

အမှောင်ရိပ်များ ဖုံးလွှမ်းနေသော တောတွင်းတစ်နေရာ၌ စခန်းချနေသော အဖွဲ့တစ်ဖွဲ့ ရှိနေသည်။

၎င်းတို့သည် သစ်ပင်များအောက်၌ ယာယီတဲများ ထိုးကာ စခန်းချနေကြသော ဆင်ရိုင်းဖမ်းဆီးကြသည့် အဖွဲ့တစ်ဖွဲ့





ပင်ဖြစ်ပေသည်။

၎င်းတို့ စခန်းချနေသောနေရာနှင့် မနီးမဝေးမှာ ဖမ်းမိထားသော ဆင်တစ်ကောင်ကို ဆိုင်းကြိုးများဖြင့် ချည်ထားသည်။

ဆင်ဖမ်းသမားများကတော့ မီးပုံများနှင့် မနီးမဝေး၌ မောမောပန်းပန်းနှင့် အိပ်နေကြသည်။

ထိုအခိုက်မှာပင် တောနက်အတွင်းဆီမှ စူးစူးဝါးဝါး အော်လိုက်သည့်အသံမျိုးဖြစ်သည်။

ဆင်ဖမ်းသမားအချို့က ထိုအော်သံကို မသဲမကွဲ ကြားလိုက်ရသဖြင့် အိပ်နေရာမှ ထကာ လက်နှိပ်ဓါတ်မီးရောင်များဖြင့် ဟိုဟိုဒီဒီ လှမ်းထိုးကြည့်ကြသည်။

သို့သော် မီးရောင်တဆုံးမှာတော့ ထူးထူးခြားခြား ဘာမှ မတွေ့ရသဖြင့် စိတ်အေးသွားကာ ဆေးပတ်လိပ် သောက်သူ သောက်၊ မီးဖိုနံဘေးမှာ ချနေသော လက်ဖက်ရည်အိုးတွင်းမှ လက်ဖက်ရည်ကို ဝါးဆစ်ပိုင်းခွက်ဖြင့် ထည့်သောက်သူက ထည့်သောက်နေကြသည်။

အချိန်မှာ အောက်တိုဘာလအတွင်းမှာ ဖြစ်သဖြင့် မိုးကလည်း မကုန်တတ်သေးဘဲ နှင်းများကလည်း တစ်ခါတစ်ရံ ကျလာတတ်သည်။

မိုးလည်းမသီ၊ ဆောင်းလည်း မပီသေးသောကာလ ဖြစ်သဖြင့် အေးသည့်အခါအေး၍ နွေးသည့်အခါ နွေးလာတတ်သည်။ တစ်ခါတစ်ရံ မိုးဖွဲကျ၍ တစ်ခါတစ်ရံ နှင်းမှုန်နှင်းမွှားများ



www.burmeseclassic.com

www.burmeseclassic.com

ဝေနေလေ့ရှိသည်။

ဆင်ဖမ်းသမားများအဖို့ နှစ်စဉ် အောက်တိုဘာလမှ မေလ မိုးဖြိုင်ဖြိုင် မကျမချင်း ကြားကာလကို ဆင်ဖမ်းထွက်ကြသောရာသီဟု သတ်မှတ်ထားကြသည်။

ယခု ဆင်ဖမ်းသောရာသီမှာ ရာသီဦးပင်ဖြစ်ရာ ရာသီဥတု ဆိုးဝါးသောဒဏ်များကိုတော့ ခံကြရသည်။

ယခု ဆင်ဖမ်းထွက်လာကြသောအဖွဲ့မှာ ရှင်ဗွေယန်ရွာမှ ဆင်ဖမ်းသမား ဂျာနွန် ဦးဆောင်သောအဖွဲ့ဖြစ်သည်။

၎င်းတို့သည် ဆင်တစ်ကောင်ကို ဖမ်းဆီးရထားပြီး ထူးစင်၌ တုပ်နှောင်ထားကြသည်။

၎င်းတို့ စခန်းချနေသောနေရာ သဗျီချောင်း၏အဖျားပိုင်းရှိ တွင်းတစ်နေရာဖြစ်သည်။

တိတ်ဆိတ်ငြိမ်သက်ခြင်းက ပတ်ဝန်းကျင်တဝိုက်သို့ ဖုံးလွှမ်းထားရာ ညဉ့်ငှက်ကလေးများ အော်သံလောက်သာ ကြားကြရသည်။

အိပ်ယာမှ နိုးလာသူများမှာ ချက်ချင်းပြန်မအိပ်ကြသေးဘဲ ဆေးပတ်လိပ်သောက်သူသောက်၊ ဖခါးရည်(လက်ဖက်ရည်) သောက်သူသောက်နှင့် ရှိနေကြစဉ် ထူးခြားသောအသံမျိုးကို ကြားလိုက်ရသည်။

"ဒုံ . . ဒုံ . . ဒုံ"

"ကျီ . . ."

ထိုအသံကြောင့် ဆင်ဖမ်းသမားများက နားစွင့်လိုက်ကြ





သည်။

အတွေ့အကြုံအရ 'ကျီ' ဟူသောအသံက ဆင်တစ်ကောင် အော်လိုက်သည့်အသံမျိုးဖြစ်ပြီး 'ဒုံဒုံ' နှင့် ကြားလိုက်ရသည့်အသံကတော့ မည်သည့်အသံမှန်း မသိရပေ။

"ဒုံ . . ဒုံ . . ဒုံ"

"ဘာသံလဲကွ"

"မသိဘူး . . . ဝါးဆစ်ပိုင်း ခေါက်နေတာလား၊ သစ်ခေါင်းတစ်ခုခုကို ခေါက်နေတာလား ငါလည်း မသိဘူး"

"ကျီ ဆိုတဲ့အသံကရော ဆင်အော်သံ မဟုတ်လား"

"ဟုတ်မယ်ထင်တယ်"

"တောထဲမှာ အခြားဆင်ဖမ်းတဲ့အဖွဲ့တွေများ ရှိနေသေးသလား"

"ရှိချင်လည်း ရှိမှာပေါ့၊ ဒါပေမယ့် ငါတို့ရွာကတော့ ဟုတ်ဟန်မတူဘူး"

ထိုသို့ပြောဆိုနေကြစဉ် တောတိုးလာသောအသံအချို့ကို ကြားရသဖြင့် ဂျာနွန်က အလင်းရောင် အားကောင်းသော လက်နှိပ်မီးကို ကောက်ယူကာ အသံကြားရာဘက်သို့ လှမ်းထိုးကြည့်လိုက်သည်။

တောဆင်ရိုင်းတို့၏သဘာဝမှာ ၎င်းတို့အဖွဲ့ထဲမှ ဆင်ရိုင်းတစ်ကောင်ကို လူများက ဖမ်းမိထားပါက မဖြစ်ဖြစ်တဲ့နည်းဖြင့် လာရောက်ကယ်တင်လေ့ရှိရာ ယခုလည်း အခြားဆင်ရိုင်းအုပ်စုများက ၎င်းတို့ ဖမ်းမိထားသောဆင်ရိုင်းကို ကယ်တင်ရန်


www.burmeseclassic.com

www.burmeseclassic.com

လာနေကြခြင်းဖြစ်သည်ဟု စိတ်ထဲမှ ထင်လိုက်မိသည်။

သို့သော် သူထင်သလိုတော့ မဟုတ်ပေ။

အကယ်၍ ဆင်ရိုင်းအုပ်စုများ လာလျှင် ခြေသံနှင့် တောတိုးလာသောအသံများကို ကြားရမည်ဖြစ်သော်လည်း ယခု အခါမှာ အသံက ကြားရတစ်ချက် မကြားရတစ်ချက် ဖြစ်နေသည်။

မသင်္ကာသဖြင့် အသံကြားရာဘက်သို့ ဂရုတစိုက်ကြည့်သော်လည်း လေတိုက်သဖြင့် လှုပ်ယမ်းနေသော သစ်ပင်ထိပ်ဖျားအချို့ကိုသာ မြင်ရသည်။

"ဒို့ . . ဒို့ . . ဒို့"

"ကျိ . . ."

အသံက တဖြည်းဖြည်းနှင့် နီးလာသယောင်တော့ ရှိသည်။ သို့သော်လည်း အသံကြားရရုံမှလွဲ၍ အခြားဘာမှတော့ မမြင်ရသဖြင့် လက်နှိပ်မီးရောင်များဖြင့် ဝေ့ယမ်းကြည့်နေကြသည်။

တစ်ကြိမ်မှာတော့ လက်နှိပ်ဓါတ်မီးရောင်အောက်၌ ဟင်္သာပြဒါးကဲ့သို့ ရဲရဲနီနေသည့်အရာနှစ်ခုကို ဖျပ်ကနဲ တွေ့လိုက်ရသည်။ ဂျာနွှန်က နံဘေးနားမှာ ထောင်ထားသော တူမီးသေနတ်ကို ဆွဲယူလိုက်သည်။

"ဘာလဲ . ."

တစ်ယောက်က လေသံတိုးတိုးဖြင့် မေးသည်။

"တောကောင် ဖြစ်မယ်ထင်တယ်၊ မျက်လုံးပဲ မြင်လိုက်





ရတယ်"

"ငါတို့ ဖမ်းထားတဲ့ဆင်ကို လာချောင်းတာ ထင်တယ်"

အချို့ကိုးတောင်ကျားကြီးများမှာ ထူးစင်၌ ဖမ်းထားသော ဆင်များကို ဝင်ရောက်တိုက်ခိုက်တတ်သည်။

ဂျာနွှန်စိတ်ထဲမှာ မုချတောကောင်ဖြစ်ရမည်ဟု သတ်မှတ်လိုက်သည်။

"ဘယ်လိုလုပ်မလဲ"

"ထူးစင်နား သွားချောင်းကြမယ်"

ဂျာနွှန်နှင့် ဘမြိုင်တို့နှစ်ယောက်သည် လှံ၊ ဓါး၊ သေနတ်များကို ယူ၍ အမှောင်ထဲမှာပင် ထူးစင်ရှိရာသို့ တိတ်တဆိတ် လာခဲ့ကြလေသည်။

ထူးစင်ဆိုသည်မှာ သစ်ပင်ကြီးနှစ်ပင်ကို ရှေ့နောက် သစ်သားတန်း ပစ်ပြီး ဖမ်းမိထားသောဆင်ကို ကြိုးဖြင့် သိုင်းချည်ထားခြင်းဖြစ်ပေသည်။

ထူးစင်နား ရောက်တော့ ဖမ်းထားသောဆင်မှာ ဂဏှာမငြိမ် ဖြစ်နေသည်ကို တွေ့ရသဖြင့် နှစ်ယောက်သား အချက်ပြကာ ရှေ့နောက်ခွဲပြီး ဝင်သွားကြသည်။

ထူးစင်ရှိရာ ပတ်ဝန်းကျင်တဝိုက်မှာတော့ သစ်ပင်ကြီးသာ ရှိပြီး တောခြေမရှုပ်လှပေ။

သစ်ပင်ခြုံနွယ်များ မရှိသဖြင့် အလင်းရောင် ဝိုးတဝါး ကြောင့် အတန်အသင့် မြင်နိုင်လေသည်။

ထိုနေရာရောက်တော့ လက်နှိပ်ဓါတ်မီးရောင် ဖြင့်သုံး



www.burmeseclassic.com

www.burmeseclassic.com

တော့ဘဲ သဘာဝ အလင်းရောင်ဖြင့်သာ ဂရုတစိုက် ကြည့်ရလေသည်။

ကောင်းကင်ပေါ်မှာ အလင်းရောင်အချို့ ရှိသော်လည်း ဝေ့ဆိုင်းနေသောမြူနှင်းများကြောင့် မြေပြင်ပေါ်မှာ ဝိုးတဝါး အလင်းရောင်သာ ရှိသည်။

ဂျာနွန်သည် တူမီးသေနတ်ကို အဆင်သင့် ကိုင်ထားပြီး သစ်ပင်ကွယ်တစ်နေရာမှ အခြေအနေကို ကြည့်နေသည်။

ဘမြိုင် ဝင်သွားသောဘက်မှလည်း အခြေအနေဘာမှ မကြားရပေ။

ထိုအခိုက်မှာပင် တစ်နေရာမှ မသဲမကွဲ ထွက်လာသော အသံအချို့ ကြားလိုက်ရသည်။

သို့ကြောင့် ထိုနေရာသို့ သတိဖြင့် ကြည့်နေသည်။

ထိုနေရာဘက် ဝင်သွားသော ဘမြိုင်အတွက်လည်း အနည်းငယ် စိတ်ပူသွားသည်။

သို့သော် အန္တရာယ်တစ်ခုခုနှင့် ကြုံလျှင် အသံကြားရမည်ဟု တွေးမိသဖြင့် စိတ်သက်သာရာ ရသွားသည်။

နားစွင့်ကြည့်သော်လည်း နောက်ထပ်တော့ ဘာသံမှ မကြားရပေ၊ ဤသို့ဖြင့် အခြေအနေမှာ ငြိမ်သက်မြဲ ငြိမ်သက်နေပြီး နောက်ထပ် ဘာမှထူးခြားမှု မတွေ့ရဘဲ သန်းခေါင်ယံ ကျော်လွန်လာခဲ့ပေပြီ။

ထိုအခိုက်မှာပင် လေတစ်ချက် ဝေ့လိုက်ရာ နှာခေါင်းထဲမှာ သွေးညှီနံ့လိုလို ပါလာသည်။





“ဟင်. .”

ဂျာနွန်စိတ်ထဲမှာ အနည်းငယ် လန့်သွားသည်။

သွေးညှီနံ့မှာ ဆင်ချေးနံ့များနှင့် ရော၍ပါလာသော်လည်း လတ်လတ်ဆတ်ဆတ်အနံ့မို့ ကွဲပြားသည်။

လေလာရာအရပ်မှာ ဘမြိုင်ရှိသောနေရာဘက်မှ ဖြစ်သောကြောင့် ဘမြိုင်အတွက် စိုးရိမ်သွားသည်။

“ဘမြိုင်. . ဘမြိုင်”

လှမ်းခေါ်ကြည့်တော့ ပြန်ထူးသံ မကြားရပေ။

“ဘမြိုင်. .”

အသံကျယ်ကျယ်ဖြင့် ထပ်ခေါ်သော်လည်း ဘမြိုင် အသံမကြားရသဖြင့် လက်နှိပ်ဓါတ်မီးရောင်ဖြင့် ထိုးကာ ထိုနေရာဘက်သို့ သွားသည်။

ထူးစင်မှ ဆင်က ရန်သူကို မြင်ရဟန်ဖြင့် တရှူးရှူး တရှားရှား ဖြစ်နေသည်။

လက်နှိပ်ဓါတ်မီးရောင်ဖြင့် လှမ်းထိုးကြည့်တော့ သစ်ပင်တစ်ပင်ကို မှီလျက် ငြိမ်သက်နေသော ဘမြိုင်ကို လှမ်းမြင်ရသည်။

“ဟော့. . . ဘမြိုင်”

လှမ်းခေါ်တော့လည်း မထူးပေ။

ဘမြိုင် တစ်ခုခု ဖြစ်နေမှန်း သိလိုက်သော်လည်း အရမ်းမသွားဝံ့ပေ။

ရန်သူက ဘမြိုင်အား တည်ကြက်ထားပြီး နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာမည့်လူကို ချောင်းချင် ချောင်းနေပေလိမ့်မည်။

သို့ကြောင့်. . .

ပတ်ဝန်းကျင်ကို မီးရောင်ဖြင့် ထိုးကြည့်သော်လည်း အခြားဘာမှမတွေ့ရပေ။

သို့ဆိုလျှင် ဘမြိုင်အား သတ်ပြီးချိန်မှာ သူ့အသံကြားသဖြင့် နောက်ကြောင်းပြန်လှည့်သွားလေပြီလား။

"ဘမြိုင်"

နောက်တစ်ကြိမ် ခေါ်ကြည့်တော့လည်း အခြေအနေမထူးတော့မှ သတိကြီးစွာထားပြီး ထိုနေရာသို့ တိုးကပ်သွားသည်။

"ဘမြိုင်. . . ဘမြိုင်"

မလှမ်းမကမ်း ရောက်သည်အထိ ဘမြိုင်က ခေါ်မရပေ။

သို့ကြောင့် အနီးသို့ ကပ်သွားပြီး မီးရောင်ဖြင့် ထိုးကြည့်သောအခါ ဘမြိုင်တစ်ယောက် အသက်ပျောက်နေချေပြီ။

"ဟင်. ."

အနီးကပ်၍ အသေအချာ ကြည့်သောအခါ လည်ပင်းနှင့် ရင်ဘတ်တဝိုက်တွင် ဝါးချွန်ဖြင့် ထိုးဖောက်ထားသကဲ့သို့ အပေါက်ကြီးများ ပေါက်နေပြီး ထိုနေရာမှ သွေးများ စီးကျနေလေသည်။

တစ်ကိုယ်လုံး ထိုဒဏ်ရာဒဏ်ချက်မှလွဲပြီး ကျားကိုက်သည့်ဒဏ်ရာ၊ ဝက်ဝံကုတ်သည့်ဒဏ်ရာမျိုး မတွေ့ရဘဲ ထူးထူး





ခြားခြား အပေါက်ကြီးများကိုသာ တွေ့ရသည်။

ဘယ်လိုရန်သူမျိုးက ဘမြိုင်ကို ရက်ရက်စက်စက်သတ်သွားလေသလဲ။

ဘမြိုင်အခြေအနေ ကြည့်ရသည်မှာ ရန်သူကို ခုခံချိန်မရလိုက်ဘဲ သေဆုံးသွားဟန် ရှိလေသည်။

သစ်ပင်တစ်ပင်မှာ ကျောမှီလျက် သေဆုံးနေခြင်းဖြစ်၏။

ထိုအခြေအနေကို မြင်လိုက်သည်နှင့် ဂျာနွန်မှာ မိမိအဖွဲ့သားများ ရှိရာသို့ အမြန်ပြေးသွားပြီး အားလုံးကို နိုးကာ အကျိုးအကြောင်း ပြောပြလိုက်သည်။

ထိုအခါ မီးတုတ်မီးတိုင်များ ထွန်း၍ ဓါးလှံ၊ လက်နက်များကို ကိုင်ကာ ထိုနေရာသို့ တစ်ခေါက်ပြန်လာကြသည်။

"ဟင်. ."

"ဘမြိုင်က ဒီနေရာ ဘယ်လိုရောက်တာလဲ"

"စောစောက ဘယ်နေရာမှာမို့လဲ"

"ငါတွေ့တုန်းက ဟိုသစ်ပင်အောက်မှာ"

သူသွားနေသည့် အခိုက်အတန့်မှာပင် ဘမြိုင်က သစ်ပင်အောက်မှ နှစ်လံသုံးလံအကွာသို့ ရောက်နေချေပြီ။

"တောကောင်များ ဆွဲလာသလား"

"မဖြစ်နိုင်ဘူး. . . တောကောင်က ဒီလောက် လူသံတွေကြားထဲမှာ အနားကပ်ဝံ့မှာ မဟုတ်ဘူး"

ဂျာနွန်က စိတ်ထဲမှာ မသင်္ကာသဖြင့် စောစောက



www.burmeseclassic.com

www.burmeseclassic.com

ဘမြိုင် မှီထိုင်နေသည့် သစ်ပင်အောက်သို့ သွားကြည့်သောအခါ သစ်ပင်၏ပင်စည်တဝိုက်မှာ သွေးများ ပေနေသည်ကိုသာ တွေ့ရလေသည်။

ဘမြိုင် ဘယ်လိုသေတာလဲ။

ဘမြိုင်ကို သတ်သွားသည့် လူသတ်တရားခံက ဘယ်သူလဲ။





**အခန်း(၂)**

# သစ်ပင်ပေါ်မှ တစ္ဆေမျက်နှာ

ဆင်ဖမ်းထွက်လာသည့်အဖွဲ့မှ ဘမြိုင်ဆိုသူ လက်သည်မပေါ်ဘဲ ထူးထူးဆန်းဆန်း သေဆုံးသွားပြီးနောက်တွင် ဆင်ဖမ်းအဖွဲ့မှာ အနည်းငယ် ကြောက်ရွံ့ထိတ်လန့်မှုများ ရှိလာကြသည်။

ဘမြိုင်ကို ဘယ်သူသတ်တာလဲ။

ဘမြိုင်ကို ရက်ရက်စက်စက် သတ်သွားသော တရားခံက ဘယ်လိုသတ္တဝါမျိုးလဲ။

သိချင်နေကြသည်။

အချို့ကလည်း တယူသန် အစွဲရှိကြသဖြင့် တောပိုင်တောင်ပိုင်များ ဖမ်းစားခံရသည်ဟု ထင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

တောတွင်းအလုပ်သမား အတော်များများမှာ အသိပညာ မကြွယ်ဝကြဘဲ ရိုးသားသူများဖြစ်ပေရာ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာများနှင့် ကြုံတွေ့လာပါက စုန်းစွဲနတ်စွဲ အယူစွဲတတ်ကြသည်။

"ဘမြိုင်သေတာ ရိုးရိုးမှ ဟုတ်ရဲ့လား၊ တိရစ္ဆာန်တွေ လက်ချက်နဲ့ သေတဲ့လက္ခဏာမျိုးလည်း မတွေ့ရဘူး"

"တစ်ကိုယ်လုံး ဝါးချွန်နဲ့ ထိုးထားသလို အပေါက်တွေ ဖြစ်နေတာ မမြင်ဘူးလား"

"လူကိုယ်ပေါ်မှာ ဒီလိုအပေါက်တွေ ဖြစ်ဖို့ဆိုရင် ဆင်စွယ်နဲ့ ထိုးမှပဲဖြစ်မယ်၊ ဆင်ထိုးရင်လည်း ဒီလိုမနေဘူး၊ စေ့စေ့ညက်ညက် ကျေနေလောက်ပြီ၊ ငါတော့ အဲဒီလို မထင်ဘူး"

"မင်းက ဘယ်လိုထင်လို့လဲ"

"တို့ တင်တာမြှောက်တာ မှားလို့များ တောပိုင်တောင်ပိုင်တွေ ဖမ်းစားတာများ ဖြစ်မလားပဲ"

စိန်ဗန်းစကားကြောင့် ကျန်လူများမှာ အနည်းငယ်တော့ တွေဝေသွားကြသည်။ ထိုကိစ္စနှင့် ပတ်သက်လာလျှင်တော့ ဘယ်သူကမှ မငြင်းဝံ့ကြပေ။

တောနက်လေလေ၊ နတ်ကြီးလေ၊ မာယာများလေလေ ဖြစ်ရာ အားလုံးက သတိထားကြရသည်။

တောနက်ထဲမှာ ပရလောကသားများ၏ အနှောင့်အယှက်များကလည်း ရှိပြီး လှည့်စားခံရသူသည် လျှပ်တပြက်အတွင်း အသက်ပျောက်သွားနိုင်ပေသည်။





အများအားဖြင့်တော့ တောတောင်များအတွင်း၌ လှည့်လည် လုပ်ကိုင်ကြသူများသည် နတ်ဓလေ့ကို ယုံကြည်ကြသည်။

တောထဲမှာ သွားလာလုပ်ကိုင်သူတို့၏ အသက်ဘေးအန္တရာယ်ကို နတ်များက ဖန်တီးနိုင်သည်ဟု အစွဲအလန်းရှိသည်။

နတ်များကို ပူဇော်ပသရာမှာ တိရစ္ဆာန်တို့၏ အသွေးအသားများဖြင့် ပူဇော်ပသလေ့ရှိသည်။

ဒီနေရာမှာ နတ်ယုံကြည်မှုနှင့် ပတ်သက်ပြီး ယုံကြည်စွဲလန်းရာ အဖြစ်အပျက်တစ်ခုလည်း ရှိပေသည်။

ရှေးအခါက လူတွေ နာမကျန်းဖြစ်တဲ့အခါ 'စီခရုန်စီနန်း' ဟု ခေါ်သော မထုံမတာ နတ်မင်းကြီးကို ပူဇော်ပသလေ့ရှိကြသည်။

နတ်မင်းကြီးက ၎င်းကို ပူဇော်သောသူကို ဟိမဝန္တာမှာသာ ပေါက်လေ့ရှိသည့် ဆေးပင်တစ်မျိုး ပေးလေ့ရှိသည်။

ထိုဆေးပင်နှင့် ကုသပါက ရောဂါမှန်သမျှပျောက်ကင်းချမ်းသာသဖြင့် ထိုဆေးပင်ကို 'မသေဆေးပင်' ဟု ခေါ်ဝေါ်ခဲ့ကြသည်။

ထိုဆေးပင်ကို အသုံးပြုခွင့်ရသောသူတွေကလည်း ရောဂါဘယ ကင်းပြီး နှစ်ပေါင်းများစွာ အသက်ရှင်ခွင့်ရသဖြင့် 'မသေဆေးပင်' ဟု ခေါ်ဝေါ်ကြခြင်းဖြစ်ပေသည်။

တစ်နေ့တော့ စီခရုန်စီနန်းဆေးပင်ရှိသောနေရာသို့ ကြက်ဖကြီးတစ်ကောင် ရောက်လာပြီးနောက် ထိုဆေးပင်အား


www.burmeseclassic.com

www.burmeseclassic.com

လုံးကို စားသောက်ပစ်လိုက်သည်။

ထိုသို့စားသောက်ပြီးသည့်နောက် ထိုကြက်ဖ၌ လှပသော အမောက်ကြီးများ ထွက်လာတော့သည်။

သို့သော်လည်း နောက်ပိုင်းမှာတော့ ဆေးပင်က အညွန့်အခက်တွေ ထွက်ပြီး ပြန်လည်ရှင်သန်လာပြန်သည်။

နောက်တစ်ဖန် ထိုဆေးပင်ကို ဆိတ်တစ်ကောင်က လာရောက်စားသောက်ပြန်လေသည်။

ထိုဆိတ်မှာ မုတ်ဆိတ်မွေးများနှင့် လှပသောဦးချိုများ ထွက်လာပြန်တော့သည်။

ဆေးပင်တန်ခိုးကြောင့် လှပသောအသွင်ပြောင်းသွားသော ကြက်နှင့်ဆိတ်ကို မြင်သောအခါ အခြားတိရစ္ဆာန်များက အားကျလာကြလေသည်။

သို့ကြောင့် လူတို့ အမြတ်တနိုး ထားသော မသေဆေးပင်ကို ဟိမဝန္တာမှာ ရှိသော တိရစ္ဆာန်အပေါင်းက ဝိုင်းဝန်းစားသောက်လိုက်ကြလေရာ မျိုးတုံးသွားတော့သည်။

အဲဒီနောက်ပိုင်းမှာတော့ မသေဆေးပင်ကို မသုံးစွဲကြရသောကြောင့် လူသားတွေမှာ ရောဂါအမျိုးမျိုး ခံစားရရှိကာ သေကြေပျက်စီးခြင်းဖြစ်လာတော့သည်။

ထိုအခါ လူသားတို့က ရောဂါအမျိုးမျိုးမှ လွတ်မြောက်စေရန် မထုံမတာနတ်မင်းကြီးထံမှ ဆေးပင်ပေးသနားဖို့ တောင်းခံကြလေသည်။ ထိုအခါ နတ်မင်းကြီးက. . .

“သင်တို့ ဆေးပင်ကို အလိုရှိလျှင် ဆေးပင်ကို အစတုံး





အောင် ဖျက်ဆီးပစ်လိုက်ကြသည့် တိရစ္ဆာန်များကို သတ်ဖြတ်ယဇ်ပူဇော်ပြီး တောင်းခံကြပေတော့”

ဟု မိန့်ကြားလိုက်သည်။

တကယ်တော့ ယခုလို မိန့်ကြားခြင်းသည် တိရစ္ဆာန်များအား ဒဏ်ခတ်ခြင်း ဖြစ်သည်ဟုလည်း အဆိုရှိကြပြန်သည်။

နောက်ပိုင်းမှာတော့ လူများ ရောဂါရသည့်အခါ ကြက်၊ ဆိတ် အစရှိသော တိရစ္ဆာန်များကို သတ်ဖြတ်ကြပြီး နတ်ထံမှာ ဆေးတောင်းသည့်ဓလေ့ ပေါ်ပေါက်လာသည်။

ထိုမှ အစပျိုးခဲ့သောဓလေ့သည် တဖြည်းဖြည်းနှင့် ကာလရှည်သောအခါ နတ်ကိုးကွယ်မှုအဆင့်သို့ ရောက်လာခဲ့သည်။

ကချင်အမျိုးသားများ တိရစ္ဆာန်အသက်ကို သတ်ပြီး နတ်ပူဇော်သည့်အခါ နတ်ဆရာ တိုင်ပေးသော. . .

“ခါးဖော့(Hka hpaw)”

ဟူသောစကားကို အစချီပြီး ရွတ်ဆိုကြရသည်။

‘ခါး’ ဟူသောအဓိပ္ပါယ်မှာ ‘အကြွေး’ ဟု အဓိပ္ပါယ်ရပြီး ‘ဖော့’ ဟူသောအဓိပ္ပါယ်မှာ ‘ဖွင့်သည်’ ဟု ဖြစ်သည်။

ထို့ကြောင့် ခါးဖော့၏အဓိပ္ပါယ်မှာ(အကြွေးဖွင့်သည်) ဟု ဖြစ်ပေသည်။

တစ်နည်းဆိုရပါမူ. . .

တိရစ္ဆာန်တို့၏အသက်သွေးနှင့် မသေဆေးကြွေးကို ဖွင့်တောင်းခံသည်ဟုလည်း ဆိုနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆင်ဖမ်းထွက်သူများ နတ်ပသရာမှာတော့ နတ်ကြီးများအတွက် ကျွဲကို သတ်ဖြတ်ပူဇော်ကြပြီး နတ်ကလေးများအတွက် ကြက်ဝက်အများအပြား သတ်ပြီး ပူဇော်ကြသည်။

၎င်းတို့အယူအဆမှာ. . .

နတ်ကြီးများကို ကျွဲနွားဖြင့် မပူဇော်ခင် နတ်ကျကလေးများအတွက် ကြက်ဝက်များဖြင့် အရင်ပူဇော်ကြသည်။

"လူကြီးတွေနဲ့ တွေ့ဖို့ သူ့ရဲ့ငယ်သားတွေထံမှာ ခွင့်တောင်းရသလိုပေါ့၊ နတ်ကြီးတွေကို ပူဇော်ကာနီးရင် နတ်ကလေးတွေကို လာဘ်ထိုးတဲ့အနေနဲ့ အရင်ပူဇော်ပေးရတယ်၊ သူတို့ မကျေနပ်လို့ နတ်ကြီးတွေနဲ့ တွေ့ခွင့်မပေးရင် ငါတို့ တွေ့ခွင့်ရမှာ မဟုတ်ဘူး"

ဟု အယူရှိကြလေသည်။

အထက်ပါဖော်ပြချက်များမှာ ဆင်ဖမ်းသမားများ နတ်တင်ပုံ အဆင်ဆင့်ဖြစ်သည်။

ဆင်ဖမ်းရာသီဟု သတ်မှတ်ထားသော တန်ဆောင်မုန်းလမှ ကဆုန်လ(၁၅)ရက်နေ့အထိကာလအတွင်း၌ စောင့်ထိန်းရသည့် စည်းကမ်းချက်၊ ယုံကြည်ချက်များအပြင် ဘုရားရှိခိုးခြင်းနှင့် ရိုးရာနတ်ပူဇော်ခြင်းများ ပြုလုပ်ကြရသည်။

ဖန်တီ ခေါ် ဆင်ဦးစီးများမှာ ဇနီးသည် ကိုယ်ဝန်ရှိနေလျှင် ဆင်ဖမ်းမလိုက်ရပေ။

လက်ဖက်ထုပ်နှင့် မင်္ဂလာဖိတ်စာများ လက်မခံရပေ။

ဆင်ဖမ်းထွက်ခါနီးတွင် ဆင်ဖမ်းသမား အလုပ်သမားများအားလုံးတို့သည် သင့်တော်သည့်နေရာ၌ 'မင်းညီနောင်နတ်နှစ်ပါး' အား-ပူဇော်ပသပွဲများ ပြုလုပ်ကြရသည်။

မင်းညီနောင်နတ် ပသပုံမှာ. . .

ခတ်ပုံဟု ခေါ်သည့် နတ်ကွန်းစင်၌ ပိတ်နီ သို့မဟုတ် စက္ကူနီကို ခင်း၍ မုန့်ဖြူမုန့်နီနှစ်ခွက်၊ ကြံသကာ၊ ထန်းလျက်စသည့်တို့အပြင် ကြက်နီတစ်ကောင်ကို သတ်ဖြတ်ပြီး နတ်ကွန်းကို ဆန်မန်းပေါက်ပေါက်များ ကြဲကာ ပူဇော်ပသကြရသည်။ နတ်ကွန်းရှေ့တွင် ဆင်ဖမ်းထွက်ရာတွင် အသုံးပြုမည့် ကိရိယာများကို စုပုံ၍ ပြသထားရသည်။

ထို့နောက် နတ်ပသတင်မြှောက်ပြီးသည်နှင့် နတ်တင်သော အစားအသောက်များကို အညီအမျှ ခွဲဝေစားသောက်ကြလေသည်။

ထိုသို့စားသောက်ရင်း ခတ်ပုံဟု ခေါ်သည့် နတ်စင်ကို ဝိုင်းဝန်းကြည့်ရှုကြရလေသည်။

နတ်ကွန်းနံဘေးမှာ ပြန့်ကျဲနေသော ဆန်စေ့များကို ဦးစီးဖန်တီများက အဆောင်အဖြစ် ကောက်ယူသိမ်းဆည်းကြရသည်။ ဆင်ဖမ်းထွက်နေစဉ်ကာလအတွင်း တစ်စုံတစ်ခုသော အကြောင်းကြောင်းကြောင့် ထိုခိုက်ဒဏ်ရာ ရရှိလျှင် ထိုဆန်စေ့များကို ဝါး၍ ဆေးအဖြစ် လိမ်းကျံအသုံးပြုလေ့ရှိကြသည်။

ထိုကဲ့သို့ ရိုးရာပသခြင်းကိစ္စ ပြီးသောအခါမှ ဆင်ဖမ်းအလုပ်သမားများသည် တောဆင်ရိုင်း ဖမ်းဆီးရန် ခရီးစတင်ထွက်ကြလေသည်။



☺ အောင်မြင်စာပေ ☺
☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com

စိန်ဗန်းက တင်မြှောက်ပသခြင်း မှားယွင်းသည်ဟု ပြောသောအခါ ကျန်အလုပ်သမားများမှာ ဇဝေဇဝါ ဖြစ်သွားကြသည်။

"ဒါကတော့ အတပ်မပြောနိုင်ဘူး၊ ဒါပေမယ့် ငါတို့တတွေ တောထဲမှာ အလုပ်လုပ်တဲ့နေရာမှာ သတိဝီရိယ ရှိဖို့တော့ လိုတယ်၊ အန္တရာယ်နဲ့ တွေ့ရင် အားလုံး စည်းစည်းလုံးလုံး ရှိဖို့တော့ လိုတယ်"

တကယ်တော့ ဆင်ဖမ်းအဖွဲ့များမှာ လူသူမနီးသော တောကြီးမျက်မည်းအတွင်း၌ လှည့်လည်သွားလာကြသည်။

တစ်နေရာပြီးတစ်နေရာ စခန်းချပြီး ဆင်ရိုင်းများ ရှိသောနေရာများကို လိုက်လံရှာဖွေကြရသည်။ ဆင်ဖမ်းထွက်နေစဉ် အနေအထိုင် အစားအသောက် ဆင်းရဲကြသည်။

ဖြစ်သလို အိပ်၍ ဖြစ်သလို စားသောက်ကြရသည်။

အညှော်နံ့ ထွက်မည့်ဟင်းများကို ကြော်လှော်ချက်ပြုတ်မစားကြဘဲ ရေနွေးပူပူနှင့် ရေလုံပြုတ်၍သာ ဝမ်းပြည့်အောင်စားကြရသည်။

နေ့လည်ဘက်အချိန်များတွင် ဆင်အုပ်၊ ဆင်ခြေရာသစ်၊ ဆင်ချေးသစ်များ၊ ဆင်စားဖတ်သောက်ဖတ် အကြွင်းအကျန်များကို လိုက်လံရှာဖွေကြရသည်။

ဆင်အုပ်ကို မတွေ့ရလျှင်သော်မှ ဆင်အော်သံ ကြားရလျှင်သော်လည်းကောင်း၊ ဆင်အော်သံ မကြားရလျှင်သော်မှ ဆင်ချေးနှင့် စားကြွင်းစားကျန်အသစ်များကို တွေ့ရပါက ဆင်





အုပ်များ မဝေးလှသောနေရာ၌ ရှိနိုင်ကြောင်း သိနိုင်ပေသည်။

ဖန်တီဂျာနွှန် ဦးဆောင်သော ဆင်ဖမ်းထွက်လာသည့်အဖွဲ့မှာ တောတွင်းသို့ ရောက်နေသည်မှာ ရက်အတန်ကြာခဲ့ပေပြီ။

၎င်းတို့သည် တောဆင်ရိုင်းတစ်ကောင်ကို ဖမ်းဆီးရထားပြီး ယဉ်ပါးအောင် လေ့ကျင့်နေစဉ်မှာပင် ဘမြိုင်ဆိုသောလူတစ်ယောက် သေဆုံးသွားခဲ့ပေပြီ။

ထိုအတွက် အနည်းငယ်တော့ ထိတ်လန့်နေကြသည်။

နောက်ရက်များမှာတော့ ဆင်ခြေရာနှင့် ဆင်ရှိနိုင်မည့်နေရာများကို လိုက်လံရှာဖွေကြလေသည်။

အင်နော်၊ ငထွန်း၊ စိန်ဗန်းတို့သုံးယောက်မှာ တောတွင်းသို့ လှည့်လည်ရင်း မောပန်းလာသောအခါ အရိပ်ကောင်းသောနေရာ၌ ဝင်ရောက်နားကာ တစ်ရေးတစ်မော အိပ်ကြလေသည်။

သူတို့ ဝင်နားသောအချိန်မှာ ညနေပိုင်းအချိန်ဖြစ်သည်။

သုံးယောက်သား မောမောပန်းပန်းနှင့် အိပ်ကြရာ ပြန်နိုးလာသောအခါ မှောင်စပျိုးနေချေပြီ။

"ငထွန်း ဘယ်ရောက်သွားလဲ"

"တစ်နေရာရာ သွားပြီး အပေါ့အပါး သွားနေတာ ဖြစ်မှာပေါ့"

ခဏစောင့်ကြည့်တော့လည်း အခြေအနေက တိတ်ဆိတ်ငြိမ်သက်နေသောကြောင့် စိတ်ထဲမှ သင်္ကာမကင်း ရှိလာသဖြင့် စိန်ဗန်းက အူသံတစ်ချက် ပေးကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အူ. ."

ပဲ့တင်ထပ်သွားသောအသံများမှလွဲပြီး တုံ့ပြန်မှု မကြားရပေ။

"အူ. . ဝူ. . ဝူ"

အနည်းငယ် သံရှည်ဆွဲ၍ အူကြည့်ပြန်သည်။

အခြေအနေက မထူး၊ ငြိမ်သက်မြဲ ငြိမ်သက်နေသည်။

"ဒီကောင် ဘယ်သွားနေတာလဲ၊ အနီးအနားမှာ ရှိနေရင် ငါ့အူတဲ့အသံကို မကြားလောက်စရာ မရှိပါဘူး"

ထို့နောက် ကျန်နှစ်ယောက်က အနီးပတ်ဝန်းကျင်သို့ လိုက်ကြည့်ကြသည်။

အစအနမျှပင် မတွေ့ရပေ။ အချိန်ကလည်း တဖြည်းဖြည်းနှင့် အမှောင်ရိပ် သမ်းလာချေပြီ။

ဒီလိုအချိန်မျိုးမှာ တောနက်အတွင်း၌ တစ်ယောက်တည်း အရဲစွန့်ကာ သွား၍ မကောင်းသောအချိန်မျိုးဖြစ်သည်။

နှစ်ယောက်သား အနီးပတ်ဝန်းကျင်တဝိုက်သို့ လိုက်လံရှာဖွေပါသော်လည်း အစအနမျှပင် မတွေ့ရသဖြင့် မူလနားခဲ့သော သစ်ပင်အောက်သို့ ပြန်လာကြသည်။

ထိုနေရာပြန်ရောက်တော့ အတော်မှောင်နေချေပြီ။

"ငါ့နှာခေါင်းထဲမှာ ဘာအနံ့လဲ မသိဘူး၊ ရနေတယ်"

အင်နော်က ပြောသဖြင့် နှစ်ယောက်သား ရပ်ပြီး အနံ့ခံကြည့်သောအခါ ပတ်ဝန်းကျင်တဝိုက် ပျံ့နှံ့နေသောအနံ့မှာ အခြားမဟုတ်ပေ။





သွေးညှီနံ့များပင်ဖြစ်၏။

သို့ကြောင့် ပတ်ဝန်းကျင်တဝိုက်သို့ လိုက်လံကြည့်သောအခါ သူတို့သုံးယောက် အိပ်ခဲ့သော သစ်ပင်အောက်၌ သွေးစက်များကို တွေ့ရသည်။

"ဟင်. . ."

သွေးစက်များက သစ်ရွက်များပေါ်တွင် ပြန့်ကျဲနေသည်။

"သွေးစက်တွေပါလား. . . စောစောက မရှိပါဘူး"

သစ်ပင်အောက်တဝိုက် လိုက်လံကြည့်ရှုသော်လည်း အခြားဘာမှမတွေ့ရဘဲ ရှိနေစဉ် 'တပေါက်ပေါက်' နှင့် ကျဆင်းနေသော သွေးစက်များမှာ အခြားနေရာမှ ကျလာခြင်းမဟုတ်ဘဲ သစ်ပင်ပေါ်မှ မိုးရည်စက်များ ကျလာသကဲ့သို့ 'တပေါက်ပေါက်' နှင့် ကျလာကြောင်း သိရသဖြင့် အပေါ်သို့ မော့ကြည့်လိုက်ကြသည်။

အမှောင်ရိပ်များ သမ်းနေသော သစ်ပင်ပေါ်မှာ တန်းလန်းကြီး ဖြစ်နေသော ငထွန်းအလောင်းကို တွေ့ကြရသည်။

သွေးစက်များမှာ ငထွန်းကိုယ်ပေါ်မှ ကျနေခြင်းဖြစ်သည်။

"ဟာ. . ဟို. . ဟိုမှာ ငထွန်း"

အင်နော်က အထိတ်တလန့် အော်ပြောလိုက်သည်။

ငထွန်းအလောင်းက သစ်ပင်ခွကြားတစ်နေရာမှာ တွဲလောင်းကြီး ရှိနေသည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှ အောက်သို့ ငုံ့ကြည့်နေသော ကြောက်မက်ဖွယ် ကောင်းလှသော တစ္ဆေမျက်နှာကြီးကိုပါ တွေ့ရသောအခါ ပိုမိုကြောက်လန့်သွားကြလေသည်။

မျက်လုံးက နီနီရဲရဲနှင့် အရိုးခေါင်းပုံသဏ္ဌာန် ဖြစ်နေသော ကြောက်မက်ဖွယ်မျက်နှာကြီးက သူတို့နှစ်ယောက်ကို ငုံ့ကြည့်နေသည်။

နှစ်ယောက်သား မော့ကြည့်နေစဉ် အရိုးပြိုင်းပြိုင်း ထနေသော လက်ကြီးတစ်ဖက်က အောက်သို့ လျှောကျလာသည်။

လက်ကြီးမှာ ရာဘာချောင်းကဲ့သို့ တဖြည်းဖြည်း လျှောဆင်းလာရာ နှစ်ယောက်သား မနေဝံ့တော့ဘဲ စခန်းရှိရာသို့ ပြန်ပြေးခဲ့ကြလေသည်။

ထိုသို့ပြေးလာရင်း အနောက်ဘက်မှ ဆင်အော်သံမျိုး စူးစူးဝါးဝါး အော်လိုက်သောအသံကို ကြားကြရသည်။

"ကျီ. . ."

စခန်းသို့ ပြန်ရောက်သောအခါ အဖွဲ့သားများကို အကျိုးအကြောင်း ပြောပြလိုက်ရာ အားလုံး လက်နက်များ ယူ၍ မီးတုတ်မီးတိုင်များ ယူ၍ ထိုနေရာသို့ တစ်ကျော့ပြန်သွားကြရာ ထိုနေရာသို့ ရောက်သောအခါ သွေးစက် သွေးကွက်များကိုသာ တွေ့ရပြီး ငထွန်းအလောင်းကိုတော့ မတွေ့ကြရတော့ပေ။





**အခန်း(၃)**

# ကိုးလောင်းတောင်ကြားမှ အလောင်း

ရှင်ဗွေယန်ရွာကလေးမှာ ဟူးကောင်းချိုင့်ဝှမ်းအတွင်းပိုင်းမှာ ရှိပြီး အများစုမှာ ဆင်ဖမ်းသမားများ ရှိကြလေသည်။

တောင်ယာစိုက်ပျိုးသူများ၊ ငါးရှာသူများ၊ တောတက်၍ သစ်ခွပန်းနှင့် ဆေးမြစ်ဆေးဥအပါအဝင် တောတောင်ထွက်ပစ္စည်းများ ရှာသူများ၊ အမဲလိုက်သူများနှင့် ဆင်ဖမ်းသမားများ စုပေါင်းနေထိုင်ကြသည့် တောတွင်းရွာဖြစ်လေသည်။

သို့သော်လည်း အဓိက ဝင်ငွေကောင်းသောအလုပ်မှာ ဆင်ဖမ်းခြင်းအလုပ်ဖြစ်သဖြင့် အများစုက ဆင်ဖမ်းသောအလုပ်ကို လုပ်ကိုင်ကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ဆင်ဖမ်းသောအလုပ်မှာ ကြက်ထောင်၊ ခါဖမ်းသောအလုပ်မျိုးကဲ့သို့ လွယ်ကူသောအလုပ်မျိုး မဟုတ်ဘဲ အသက်ဘေးအန္တရာယ်နီးသော အလုပ်မျိုးဖြစ်သဖြင့် လူတိုင်း မလုပ်ဝံ့ကြပေ။

ဆင်တစ်ကောင်၏တန်ဖိုးမှာ သောင်းဂဏန်းအထိ (မှတ်ချက်- ယခု ဆင်တစ်ကောင်၏ပေါက်ဈေးကတော့ သိန်းဂဏန်းများစွာ ရှိနေချေပြီ) ရှိပေရာ လုပ်ကိုင်သူများမှာ မက်ထားကြပေသည်။

ငွေကြေးအရင်းအနှီး ပြည့်စုံသူတွေကတော့ ကိုယ်တိုင်ဆင်ဖမ်းမထွက်ကြတော့ဘဲ စိတ်ချယုံကြည်ရသော အလုပ်သမားများကိုသာ စေလွှတ်လေ့ရှိကြသည်။

ရှင်ဗွေယန်ရွာမှာ ဆင်ဖမ်းအလုပ်သမားဘဝမှ တစတစနှင့် ကြီးပွားချမ်းသာလာကာ ဆင်ပိုင်ရှင်ဘဝ ရောက်လာကြသူအချို့လည်း ရှိပေသည်။

ထိုအထဲတွင် ဦးလဘော်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ဂျာနွှန်တို့အဖွဲ့မှာ ဦးလဘော်ထံမှ အလုပ်သမားများဖြစ်ကြလေသည်။

ယခု ဆင်ဖမ်းထွက်သွားသော ၎င်းတို့အဖွဲ့မှာ လူနှစ်ယောက် သေကြေပျက်စီးခဲ့သဖြင့် အလုပ်သမားများကြားမှာ ထိုသတင်းက ပျံ့နှံ့နေလေသည်။

"ဆင်ထိုးတာ မဟုတ်ဘဲ အခြားအကြောင်းကြောင့် သေရတာဆိုတော့ နည်းနည်းတော့ ဆန်းတယ်၊ တောမှောက်





တာလား၊ နတ်မှားတာလား တစ်ခုခုတော့ ဖြစ်မယ်"

"ခက်တာက နောက်သေတဲ့ ငထွန်းဆိုရင် အလောင်းပါ ရှာမရတော့တာတဲ့"

"တောကောင်ဆွဲသွားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ဘာပဲဖြစ်ဖြစ် ငထွန်းအလောင်းကို တွေ့အောင် ပြန်ရှာပြီး သင်္ဂြိုဟ်ဖို့ သင့်တယ်"

"ဒါပေမယ့် အလုပ်သမားတွေက အဲဒီတောတဝိုက်ကို မသွားဝံ့ဘူး ဖြစ်နေကြတယ်"

"ဆင်တောင် ဖမ်းနေတဲ့လူတွေပဲ၊ ဘယ်လိုသတ္တဝါမျိုးတွေ့လို့ မသွားဝံ့ကြတာလဲ"

"သတ္တဝါ မြင်ရရင် တော်သေးတာပေါ့၊ အခု အကောင်အထည်မမြင်ရဘဲ လူတွေ သေသေနေလို့ ပိုကြောက်နေကြတာပေါ့"

"ဒါပေမယ့် အလောင်းတွေ့အောင်တော့ ပြန်ရှာသင့်တာပေါ့"

"ဘယ်သူဦးဆောင်ပြီး သွားမှာလဲ"

ဦးလဘော်က မေးလိုက်သောအခါ အလုပ်သမားများမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မလှုပ်ကြတော့ပေ။

တကယ်တမ်း ဆင်ဖမ်းထွက်ရမည်ဆိုလျှင် မည်သူမှ မကြောက်ရွံ့ကြသော်လည်း မမြင်ရသော ပရလောကသားရန်သူတစ်ယောက်ကို ရှာဖွေရမည်ဆိုသောအခါ မလှုပ်ဝံ့တော့



www.burmeseclassic.com

www.burmeseclassic.com

ပေ။

"ဒီကိစ္စမျိုးဆိုတာ နတ်ဆရာက ကျွမ်းကျင်တာဆိုတော့ သူ့ကို မေးကြည့်ပြီးမှ သွားရှာကြရင် မကောင်းဘူးလား"

"အေး. . . ဒါလည်း ကောင်းတာပဲ"

ဟု ပြောဆိုကာ ရွာအစွန်ဘက်မှာ နေထိုင်သော နတ်ဆရာအိမ်သို့ သွားကြသည်။

သူတို့ရွာတွင် နတ်ဆရာလည်းလုပ်၊ ဆေးလည်း ကုပေးနေသူမှာ အခြားမဟုတ်ပေ။ ဦးမွန်ထော်ပင်ဖြစ်၏။

ဦးမွန်ထော်မှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး နတ်ဆရာအလုပ်ကို နှစ်ပေါင်းများစွာကြာသည်အထိ လုပ်ကိုင်လာခဲ့သူဖြစ်သည်။

ထို့ပြင် ဒေသထွက်ဆေးပင်၊ ဂမုန်းပင်များကို အသုံးပြု၍ ဆေးကုသရာတွင် လူသိများသူဖြစ်သည်။

၎င်းကို ရွာသူရွာသားများက ယုံကြည်အားကိုးကြသည်။

"မင်းတို့ ဘာကိစ္စရှိလို့ လာတာလဲ"

"တလောက ကျုပ်ဆီက ဆင်ဖမ်းထွက်သွားတဲ့ အဖွဲ့တစ်ဖွဲ့မှာ တောထဲမှာ လူနှစ်ယောက် အသေအပျောက် ရှိတယ်၊ နည်းနည်းလောက် ကြည့်ပေးပါ"

"ဘယ်လိုသေတာလဲ"

"အသတ်ခံရတာပါ"

"ဘယ်လိုသတ္တဝါမျိုး သတ်တာလဲ"

"ကျုပ်တို့လည်း မသိဘူး၊ ဒါကြောင့် သိချင်လို့ နတ်





ဆရာဆီ လာမေးတာပါ"

ထိုစကားကြားသောအခါ ဦးမွန်ထော်က ပါးစပ်ထဲမှာ တမြုံ့မြုံ့ ဝါးနေသော ကွမ်းဖတ်ကို ထွေး၍ တန်းပေါ် တင်ထားလိုက်သည်။ အလုပ်ပြီးသွားလျှင် ထိုကွမ်းဖတ်ကိုပင် ပြန်ကောက်ဝါးမည့်သဘောပင်။

ပြီးနောက် ဦးလဘော်တို့ကို ခေါ်ပြီး နတ်ရုပ်များ ထားသောအခန်းထဲသို့ ခေါ်သွားသည်။

ထိုအခန်းမှာ သီးသန့်ထားသောအခန်းဖြစ်သည်။

အတွင်းသို့ ရောက်သောအခါ နတ်ရုပ်များရှေ့တွင် အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းလိုက်သည်။

ဆီမီးခွက်တစ်ခုသို့ မီးဖြင့် တို့လိုက်ရာ မီးတောက်များ ထလာသည်။

ထိုအထဲသို့ ဂမုန်းဆေးမှုန့်အချို့ ဖြူးချလိုက်သည်။

အဖြူရောင်မီးခိုးငွေ့များ ဝေ့ဝဲတက်လာသည်။

ဦးမွန်ထော်က ထိုမီးခိုးငွေ့များကို အတန်ကြာအောင် စိုက်ကြည့်နေသည်။

အတန်ကြာတော့မှ ၎င်းထံမှ စကားသံ ထွက်လာသည်။

"သူတို့သေတာ နတ်မှားလို့ မဟုတ်ဘူး"

"ဒါဖြင့် ဘာကြောင့်လဲ"

"တောထဲက ပရလောကသားလက်ချက်ကြောင့် သေရတာပဲ"

"ပရလောကသားဆိုတာ ဘယ်လိုဟာမျိုးလဲ"


www.burmeseclassic.com

www.burmeseclassic.com



"တစ္ဆေသရဲကို ပြောတာ"

"ဟင်. ."

ထိုစကားကြားသောအခါ အနည်းငယ်တော့ ထိတ်လန့်သွားကြသည်။

"သူ. . သူက တောထဲ သွားတဲ့ အလုပ်သမားတွေကို ဒီလိုပဲ ဖမ်းစားနေတော့မှာလား"

"ဒါကတော့ အတပ်မပြောနိုင်ဘူး၊ သူ့အကြောင်းကို သိရအောင် ဒီည မှော်ဝိဇ္ဇာဥ်ရုပ်ကို လွှတ်ကြည့်ပေးမယ်"

ဟု ပြောလိုက်သောအခါ ဦးလဘောတို့က နတ်ပူဇော်ကြေး ပေးကာ ပြန်သွားကြလေသည်။

ညအချိန်ရောက်သောအခါ ဦးမွန်ထော်သည် နတ်စင်ပေါ်မှာ တင်ထားသော အရုပ်တစ်ရုပ်ကို ယူလိုက်သည်။

ထိုအရုပ်မှာ ဂမုန်းနက်ဖြင့် စီရင်ထုလုပ်ထားသော မှော်ဝင်အရုပ်ဖြစ်ပေသည်။

ဦးမွန်ထော်သည် ထိုအရုပ်အား အစီအရင်ပြုလုပ်ပြီးနောက် ညမှောင်ရီသမ်းသောအချိန်တွင် တောတွင်းသို့ လွှတ်လိုက်လေတော့သည်။

ထိုညက တစ်ညလုံး ထိုင်စောင့်သော်လည်း မှော်ဝင်ရုပ်က ပြန်ရောက်မလာပေ။

မိုးလင်းကာနီး ရောက်မှ တစ်ကိုယ်လုံး စုတ်ပြတ်ပေရေလျက် ပြန်ရောက်လာသည်။

ပြန်ရောက်လာသည်နှင့် ဦးမွန်ထော်က အကျိုးအ





ကြောင်း မေးမြန်းကြည့်ရာ သူ မမျှော်လင့်သောသတင်းကို ကြားရလေသည်။

နောက်တစ်နေ့တွင် ဦးလဘော်တို့ ပြန်ရောက်လာသည်။

"အခြေအနေ ဘယ်လိုတဲ့လဲ ဦးမွန်ထော်"

"အခြေအနေကတော့ အတော်ဆိုးတယ်၊ ဒီရက် အတောအတွင်းမှာ တောထဲ သွားတဲ့လူတွေ ထပ်သေကြဦးမယ်လို့ ပြောတယ်"

"ဟင်. . . ဘယ်လိုအန္တရာယ်မျိုးတဲ့လဲ"

"ကြောက်စရာကောင်းတဲ့အန္တရာယ်လို့ပဲ ပြောတယ်၊ ကျန်တာတော့ ဘာမှမသိရဘူး"

ထိုစကားကြားသောအခါ ဦးလဘော်တို့မှာ မျက်စိပျက်မျက်နှာပျက်သွားကြပြီး ပြန်သွားကြလေတော့သည်။

နောက်တစ်ရက်တွင် စိန်ဗန်းတစ်ယောက် အိပ်ပျော်နေစဉ် ထူးထူးခြားခြား အိပ်မက်တစ်ခု မက်လေသည်။

အိပ်မက်ထဲမှာ သေဆုံးသွားသော ငထွန်းကို ပြန်တွေ့ရသည်။ ငထွန်းတစ်ကိုယ်လုံးမှာ ထုတ်ချင်းပေါက်နေသော အပေါက်များ ရှိနေပြီး သွေးမရှိတော့သကဲ့သို့ ဖြူဖတ်ဖြူရော် ဖြစ်နေသည်။

"ဟင်. . ငထွန်းပါလား၊ မင်းသေသွားပြီမဟုတ်လား"

"ငါ မသေသေးပါဘူးကွာ၊ ဒဏ်ရာရပြီး မေ့မျောနေတာကို မင်းတို့က ငါသေတယ်ထင်ပြီး ထားခဲ့ကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး. . . မင်းကို သေအောင်လုပ်တာ ဘယ်သူလဲ"

"တောထဲကို အခုမှ ရောက်လာတဲ့ မိစ္ဆာကောင် တစ်ကောင်ပေါ့ကွာ၊ ငါမသေသေးဘူး၊ မင်းတို့ ငါ့ကို လာခေါ်ကြပါ"

"ဟင်. . . ဘယ်နေရာမှာ လာခေါ်ရမှာလဲ"

"ငါ ကိုးလောင်းတောင်ကြားမှာ ရောက်နေတယ်၊ မင်းတို့ ကိုးလောင်းတောင်ကြားကို လာခဲ့ပါ"

အိပ်မက်ထဲတွင် ငထွန်း၏ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးကို မြင်ရသဖြင့် အိပ်ပျော်နေရာမှ လန့်နိုးသွားလေသည်။

သူသည် အိပ်မက်အကြောင်းကို အခြားသူများကိုပါ ပြောပြလိုက်လေသည်။

"သူက ကိုးလောင်းတောင်ကြားကို ဘယ်လိုရောက်သွားတာလဲ"

"ငါလည်း မသိဘူး၊ သူက အဲဒီလို ပြောသွားတာပဲ"

"ကိုးလောင်းတောင်ကြား သွားရမှာတော့ ကြောက်စရာပဲ"

ဒိန်နော်ဆိုသူ ပြောသကဲ့သို့ပင် ကိုးလောင်းတောင်ကြားဆိုသောအမည်မှာ ထိုနယ်တဝိုက်မှာ အလုပ်လုပ်နေကြသူများ မသိသူ မရှိပေ။

ကောင်းသောသတင်းနှင့် သိကြခြင်း မဟုတ်ဘဲ မကောင်းသောသတင်းနှင့် သိကြခြင်းဖြစ်၏။

ကိုးလောင်းတောင်ကြားမှာ တစ္ဆေသရဲ ခြောက်သည်မှာ





နာမည်ကြီးလှပြီး သွားသည့်လူတိုင်းမှာလည်း သေကြေတာ များသည်။ တောနက်သဖြင့်လည်း သားရဲတိရစ္ဆာန်များက ပေါလှသည်။

အမည်ပေးထားသောနေရာမှာ တောင်ကြားနှစ်ခုအတွင်းရှိ လျှိုကြီးအတွင်းဖြစ်ပြီး နက်ရှိုင်းသောချောက်ကြီးများနှင့် မြင့်မားသော တောင်ကမ်းပါးယံများ ရှိသည်။

ကမ်းပါးယံများပေါ်မှာ ပေါက်နေသည့် သစ်ပင်များက အုပ်ဆိုင်းနေသောကြောင့် အတွင်း၌ မှောင်နေလေသည်။

နေ့ရောညပါ အလင်းသိပ်မရှိလှပေ။

တစ်ချိန်က ဆင်ဖမ်းထွက်လာသော လူကိုးယောက်စလုံး သေသွားကြဖူးသည်။

နောက်မှ လိုက်ရှာသူများက ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော အလောင်းများကိုသာ တွေ့ကြရသည်။

ထိုအချိန်မှစ၍ 'ကိုးလောင်းတောင်ကြား' ဟု အမည်ဖြစ်ပေါ်လာခြင်းဖြစ်လေသည်။

သို့သော်လည်း လူကိုးယောက် တပြိုင်နက် သေဆုံးသွားပြီးနောက်မှာလည်း အေးချမ်းမသွားဘဲ နောက်ထပ်သွားသူများလည်း တစ်ယောက်မဟုတ်တစ်ယောက် သေကြသည်။

ဘယ်လိုကြောင့် သေကြသည်ကို မသိရသော်လည်း သေသည့်သူတိုင်း ရုပ်ပျက်ဆင်းပျက် သေကြရသည်။

နောက်ပိုင်းတော့ အကြောင်းမရှိဘဲ မသွားဝံ့ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ ဆင်ကောက်သူများ၊ တစ်ခါတစ်လေ အမဲလိုက်သူများ ရောက်လာကြလျှင်လည်း တစ္ဆေသရဲ ခြောက်လှန့်မှုများကြောင့် နောက်ကြောင်းပြန် ပြေးရသည်က များလေသည်။

ယခု အိပ်မက်ထဲမှာ ထွန်းက ကိုးလောင်းတောင်ကြားသို့ ရောက်နေပါသည်ဟု ပြောသောအခါ သိပ်မယုံကြပေ။

ဘယ်နည်းနှင့်မှ သွေးရိုးသားရိုး ရောက်နေမည်မဟုတ်ဟု ထင်မြင်ယူဆကြသည်။

"အိပ်မက်ဆိုတာကတော့ စိတ်စွဲရင်လည်း မက်တတ်တာပဲ၊ ဒီနေရာမှာ ဒီလောက်အချိန်ကြာအောင် အသက်ရှင်နေတယ်ဆိုတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးထင်တယ်"

အကြောက်အကန် ငြင်းသူက ငြင်းသည်။

"ငါတို့ တွေ့တုန်းက သစ်ပင်ပေါ်မှာ တင်နေတာကိုပဲတွေ့ကြရတာ၊ နောက်တော့ ပျောက်သွားတယ် မဟုတ်လား၊ မသေဘဲ သတိမေ့နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ နောက်မှ ကြောက်ကြောက်လန့်လန့်နဲ့ သွေးရူးသွေးတန်း ထွက်ပြေးသွားတာရော မဖြစ်နိုင်ဘူးလား"

ဇဝေဇဝါဖြင့် စိတ်မှန်းဖြင့် ပြောသူက ပြောသည်။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ဟုတ်မဟုတ် သိရအောင် သွားကြည့်ကြရင် မကောင်းဘူးလား"

"ဖြစ်ပါ့မလား. . . ကိုးလောင်းတောင်ကြား သွားရမှာ ငါတော့ ခပ်လန့်လန့်ပဲ"





"ဘာကြောက်စရာ ရှိသလဲကွာ၊ လူများများနဲ့ သွားမှာပဲ"

"ဒါထက် ငါတို့ချည်း သွားတာနဲ့စာရင် တစ္ဆေသရဲတွေကို နိုင်တဲ့ နတ်ဆရာ ဦးမွန်ထော်ကို ခေါ်သွားရင် ပိုမကောင်းပေဘူးလား"

"ကောင်းတာတော့ ကောင်းတာပေါ့၊ သူက ခေါ်လို့ လိုက်ပါ့မလား"

"ဦးမွန်ထော်က အကူအညီလိုလို့ ခေါ်ရင် လိုက်ပါတယ်. . . သွားပြောကြည့်တာပေါ့"

ထို့နောက် ဂျာနွန်၊ အင်နော်၊ စိန်ဗန်းတို့သုံးယောက် ဦးဆောင်သောအဖွဲ့မှာ နတ်ဆရာဦးမွန်ထော်ထံသို့ သွား၍ အကူအညီတောင်းကြရာ ဦးမွန်ထော်ကပါ လိုက်မည်ဟု ကတိပေးသဖြင့် ခရီးထွက်ရန် ပြင်ကြလေသည်။

၎င်းတို့သည် စားနပ်ရိက္ခာအစုံနှင့် သေနတ်၊ ဓါးလှံစသည်တို့ကို ယူဆောင်ကြသည်။

ဦးမွန်ထော်ကလည်း တစ္ဆေသရဲတို့ကို နိုင်နင်းသောအဆောင်ဆေးဝါးများကို ယူဆောင်လာခဲ့သည်။

ခရီးထွက်တော့မည်ဆိုတော့မှ လူစစ်ကြည့်လိုက်တော့ ကိုးယောက်ဖြစ်နေသောကြောင့် ဆယ်ယောက်ပြည့်စေရန် နောက်တစ်ယောက်ရှာ ဖြည့်ထည့်ရသည်။

ဦးမွန်ထော်အပါအဝင် အားလုံးဆယ်ယောက် ဖြစ်သွားတော့မှ ခရီးထွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုးလောင်းတောင်ကြားမှာ ဟူးကောင်းချိုင့်ဝှမ်း၏ အလယ်ပိုင်း နက်ရှိုင်းသော တောနက်အတွင်း၌ ရှိလေသည်။

အင်နော်တို့က ထွန်းအလောင်းကို တွေ့ခဲ့ရသည့် နေရာသို့ တစ်ကျော့ဝင်ကြည့်ကြသည်။

ထိုနေရာမှာတော့ ထူးထူးခြားခြား ဘာမှမတွေ့ခဲ့ရပေ။

သို့ဖြင့် ခရီးဆက်ကြရာ မွန်းလွဲပိုင်းအချိန်လောက်တွင် ကိုးလောင်းတောင်ကြားသို့ ရောက်သွားကြသည်။

ထိုနေရာတဝိုက်မှာ လူသူအရောက်အပေါက် နည်းလှသဖြင့် တောက ထူထပ်လှသည်။

နေရာအနှံ့အပြားမှာ သားရဲတိရစ္ဆာန်ကြီးများကို အရိပ်အယောင် တွေ့ကြရသည်။

အချို့ကိုးတောင်ကျားကြီးများက ရန်မူရန် ခြေရာချင်းထပ် လိုက်လာသဖြင့် ခြောက်လှန့်ပစ်ရသည်လည်း ရှိသည်။

တောင်ကြားဟု ဆိုရာဝယ် ဘေးတဖက်တချက်တွင် တောင်နံရံကြီးများက အုပ်မိုးနေပြီး အလယ်၌ ချောက်ကမ်းပါးသဖွယ် ရှိနေခြင်းဖြစ်၏။

အောက်ခြေပိုင်းမှာတော့ သိပ်မကျယ်ဝန်းလှပေ။

မိုးအခါ တောင်ကျရေ စီးသောနေရာဖြစ်သောကြောင့် ကျောက်တုံးကျောက်ခဲများက နေရာအနှံ့မှာ ဒင်းကြမ်းပြည့်နေသည်။

အတွင်းပိုင်း ဝင်လိုက်သောအခါ အလင်းရောင် မမြင်ရလောက်အောင် မှောင်နေသည်။





နေ့အချိန်၌ ထိုကဲ့သို့ အလင်းရောင် ပျောက်နေရခြင်းမှာ ချောက်ကမ်းပါးနံရံတစ်ဖက်တစ်ချက်၌ ပေါက်နေကြသော သစ်ပင်များ၏အကိုင်းအခက်၊ အရွက်များက ဖြာယှက်အုပ်မိုးနေသောကြောင့်ဖြစ်ပေသည်။

ဦးမွန်ထော်ကပင် ဦးဆောင်၍ အတွင်းသို့ ဝင်သည်။

တောင်ကြားလမ်းမှာ အတော်လေး ရှည်ဟန်ရှိသော်လည်း အဝေးသို့ လှမ်းမမြင်ရပေ။

အမှောင်ရိပ်များအပြင် ပင့်ကူအိမ်ချည်မျှင်များက ယှက်ထွေးနေသောကြောင့်ဖြစ်သည်။

တစ်ဖွဲ့လုံး သတိဖြင့် ဝင်သွားကြရာ အလယ်ပိုင်းနေရာသို့ ရောက်လာသောအခါ အရွယ်တော် ကျောက်တုံးကိုးလုံးကို နံရံဘေး တစ်နေရာ၌ စုပုံထားသည်ကို တွေ့ကြရသည်။

"ဆင်ဖမ်းသမား ကိုးယောက်စလုံး သေသွားတဲ့နေရာပဲ"

ဦးမွန်ထော်က ခပ်တိုးတိုး ပြောလိုက်လေရာ ကြားရသူများမှာ အသည်းနှလုံးကို လက်အေးကြီးဖြင့် ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သကဲ့သို့ အေးစိမ့်သွားလေသည်။

အချို့ကလည်း စိတ်မချသောအမူအယာနှင့် ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် လိုက်လံကြည့်ရှုနေကြသည်။

ထိုအခိုက်မှာပင် မဝေးလှသောနေရာမှ အသံတစ်သံ ကြားလိုက်ရသည်။

"ကျိ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. ."

ထိုအသံကို ကြားခဲ့ဖူးသူတို့မှာ ဆံပင်မွေး ထောင်တက်သွားသည်အထိ ထိတ်လန့်သွားကြလေသည်။

"ဘာဖြစ်လို့လဲ"

"ဘမြိုင်နဲ့ငထွန်းတို့ သေသွားတဲ့ညတွေက အဲဒီလိုအသံမျိုး ကြားရလိုက်တယ်"

ထိုစကားကြောင့် မိမိတို့အပေါ်မှာ မိုးနေသော သစ်ပင်များပေါ်သို့ အထိတ်တလန့် မော့ကြည့်ကြသည်။

တောတိရစ္ဆာန်များ လှုပ်ရှားသွားသည်ကိုပင် ထိတ်လန့်နေကြသည်။ အမှောင်ရိပ်များ ဖုံးအုပ်လာသောကြောင့် ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲ မမြင်ရတော့ပေ။

"မင်းအိပ်မက်ထဲမှာ တွေ့ရတာ ဘယ်နေရာလောက်မှာလဲ"

"လူကိုးယောက် သေတဲ့နေရာရဲ့ ရှေ့နားလောက်မှာလို့ ပြောတာပဲ"

"ဒါဖြင့်လည်း ရှေ့နား သွားကြည့်ရအောင်"

ဟု ပြောဆိုကာ ရှေ့သို့ တိုးလာကြသည်။

ညနေပိုင်းအချိန် ရောက်ပြီဖြစ်သဖြင့် အတွင်းပိုင်းရောက်လေလေ အမှောင်ရိပ်က ပိုများလာလေလေဖြစ်၏။

တစ်နေရာရောက်သောအခါ လေနှင့်အတူပါလာသော အပုတ်နံ့များကို ရှူမိသည်။

"အပုတ်နံ့ ရတယ်"





ငထွန်း သေတာ တစ်ပတ်ကျော်ခဲ့ပြီမို့ ဒီအချိန်လောက်ဆိုလျှင် ပုတ်ပွနေလောက်ပြီဟု တွေးလိုက်မိကြသည်။

အားလုံးစိတ်ထဲမှာတော့ ကြောက်စိတ်များကသာ ကြီးစိုးနေသည်။

လူကိုးယောက် သေဆုံးသောနေရာနှင့် မနီးမဝေးနေရာရောက်သောအခါ အပုတ်နံ့က ပိုရလာသည်။

အိပ်မက်ထဲမှာ တွေ့ရသည့်အတိုင်း ငထွန်းများ ဒီနေရာရောက်နေရော့သလားဟုလည်း စိတ်ထဲမှာ ထင်နေကြသည်။

ထိုအခိုက်မှာပင် ချောက်ကမ်းပါးအပေါ်ဘက်မှ သစ်ပင်များ လှုပ်ရှားသံအချို့ ကြားလိုက်ရပြီး အပေါ်မှ တစ်စုံတစ်ခု ပြုတ်ကျလာလေရာ အားလုံး အထိတ်တလန့် မော့ကြည့်လိုက်ကြသည်။


အပေါ်မှ ကျလာသော မည်းမည်းသဏ္ဌာန်ကြီးက သူတို့ရှေ့သို့ ကျလာသည်။

"ဝုန်း. ."

ထိုအခါမှ ကြည့်လိုက်သောအခါ တစ်ကိုယ်လုံး ပုတ်ပွနေပြီး ပိုးလောက်များ တွယ်ကာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ငထွန်းအလောင်းဖြစ်နေသည်ကို တွေ့ကြရာ အားလုံး ကြောက်ရွံ့ထိတ်လန့်ကာ နောက်ကြောင်းသို့ ကပျာကယာ ပြန်ထွက်ခဲ့ရတော့သည်။



www.burmeseclassic.com



www.burmeseclassic.com


## အခန်း(၄)

# အဖြူရောင်မာနနှင့်လူ

ဆင်ဖမ်းသမား နီမောင်တို့အဖွဲ့ ပြန်လာသောအခါ တောဆင်ရိုင်းတစ်ကောင် ဖမ်းမိလာသည်။

တောဆင်ရိုင်းကို ဆင်ယဉ်များဖြင့် မလှုပ်သာအောင် ညှပ်ခေါ်လာခြင်းဖြစ်သည်။

နီမောင်မှာ ဆင်ဖမ်းသမားများထဲမှာ အသက်အရွယ် ငယ်သော်လည်း အစွမ်းအစ ထက်သူဖြစ်သည်။

သို့ကြောင့်လည်း အသက်(၂၅)နှစ်ဝန်းကျင်အရွယ်မှာပင် ဖန်တီ (ဖန်ဒီးဟုလည်း ခေါ်သည်)ဟု ခေါ်သော ဆင်ဖမ်း


www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့ခေါင်းဆောင် ဖြစ်နေခဲ့ခြင်းဖြစ်၏။

နီမောင်သည် လူပျိုလူလွတ်တစ်ဦးဖြစ်ပြီး မိဘများကို လုပ်ကျွေးနေသူဖြစ်၏။

ဆင်ဖမ်းသောအလုပ်မှာ အသက်စွန့်၍ လုပ်ရသော အလုပ်မျိုးဖြစ်သည်။

တောဆင်ရိုင်းသည် ခွန်အားဗလကောင်းသလို လူကဲ့သို့ အသိအဉာဏ်များသော တိရစ္ဆာန်ဖြစ်သည်။

ဆင်ဖမ်းရာမှာ ကျုံးသွင်း၍ထောင်ဖမ်းခြင်း၊

မီလာရှိကာဟု ခေါ်သော ကြိုးကွင်းစွပ်ဖမ်းခြင်းနှင့် မေ့ဆေးသေနတ် သုံး၍ ပစ်ခတ်ဖမ်းခြင်းဟူ၍ နည်းသုံးမျိုးဖြင့် ဖမ်းဆီးကြလေသည်။

မေ့ဆေးသေနတ်ဖြင့် ပစ်ဖမ်းသောနည်းကိုတော့ လူတိုင်း မသုံးကြပေ။

မေ့ဆေးသေနတ်ကို လူတိုင်း မသုံးနိုင်သည်က တစ်ကြောင်း၊ အမိကအချက်မှာ ဆင်ကို မေ့ဆေးသေနတ်ဖြင့် ပစ်ဖမ်းပါက ဉာဏ်ထိုင်းသည်ဟု ယူဆသောကြောင့်ဖြစ်၏။

နောက် မီလာရှိကာဟု ခေါ်သော ဆင်ကို ကြိုးကွင်းစွပ်ဖမ်းဆီးသောနည်းမှာလည်း လူနည်းနည်းဖြင့် လုပ်နိုင်သည်ဆိုသော်လည်း မကျွမ်းကျင်ပါက အန္တရာယ် အလွန်များသောနည်းဖြစ်၏။

အများအားဖြင့်တော့ အသက်အန္တရာယ်လည်းကင်း၊ ဆင်ဖမ်းရာမှာလည်း အရလွယ်ကူသော ကျုံးသွင်းဖမ်းနည်းကို





သာ အသုံးပြုမှု များလေသည်။

တောဆင်ရိုင်းများကို စနစ်တကျ ကျုံးသွင်း၍ ထောင်ဖမ်းသောနည်းမှာ အိန္ဒိယတိုင်းရင်းသားများထံမှ ဆင်းသက်လာ၍ ထိုကျုံးကို ကေဒါ(Kwedda)ဟု ခေါ်သည်။

ကျုံးအတွင်းသို့ ဆင်များကို မောင်းသွင်းပြီးမှ ဖမ်းဆီးသောနည်းကို ကေဒါ သို့မဟုတ် ကျုံးသွင်းခြင်းဟု ခေါ်ကြလေသည်။

သို့သော်လည်း ဆင်ကျုံးသွင်းသောအဖွဲ့မှာ လူသုံးဆယ်ကျော်ခန့် အသုံးပြုရသောကြောင့် လူအများဆုံး အသုံးပြုရသော ဆင်ဖမ်းနည်းဖြစ်သည်။

ဆင်ကျုံးသွင်းသော လမှာ အောက်တိုဘာလဆန်းမှ စတင်လုပ်ကိုင်ကြလေသည်။

ဆင်ကျုံးသွင်းမည့်သူများသည် တောအတွင်း ရောက်သည်နှင့် ဦးစွာ ဆင်များ အုပ်စုလိုက် ရှိသောနေရာများကို လေ့လာရှာဖွေရသည်။

ဆင်အုပ်များကို တွေ့ပါက ကျုံးသွင်းမည့်နေရာကို ရွေးချယ်ရသည်။

ဆင်ကျုံးတည်ရန်အတွက် သင့်တော်သောနေရာများမှာ၊

ဆင်ရိုင်းများ မကြာခဏ ဖြတ်သွားတတ်သောလမ်း၊

ဆင်များ ခိုအောင်းနိုင်မည့် အရိပ်အာဝါသ ကောင်းသည့်နေရာ၊



www.burmeseclassic.com

www.burmeseclassic.com

စမ်းချောင်း၊ ရေအိုင်များ ရှိသောနေရာ၊

ထို့ပြင် သယ်ယူပို့ဆောင်ရေးအတွက် အခက်အခဲ မရှိသောနေရာ၊ တောင်ကုန်းလည်းမကျ၊ မြေပြန့်သက်သက်လည်း မဟုတ်သောနေရာနှင့် ဆင်များ ဖမ်းမိပါက လေ့ကျင့်မှုပေးရန် ကျယ်ပြန့်သောနေရာ၊

ကျုံးဆောက်ရန်အတွက် အနီးဝန်းကျင်တဝိုက်မှာ သစ်ဝါးပေါသောနေရာနှင့် ဆင်ရိုင်းများ အစာရေစာ အလွယ်တကူ ရနိုင်မည့်နေရာ စသည်တို့ဖြစ်သည်။

ဆင်ကျုံးတည်ဆောက်ရန်အတွက် တောထဲမှ သစ်ဝါး စသည်တို့ကို ခုတ်ယူကြရသည်။

ဆင်ရိုင်းများ ထောင်ဖမ်းရန်ကျုံးမှာ တစ်ဖက်ကျယ်၊ တစ်ဖက်ကျဉ်းဖြစ်ပြီး စတုဂံပေ(၆၀)မှ (၁၀၀)အထိ ရှိတတ်သည်။ လိုအပ်သော သစ်ဝါးများမှာ၊

ဖြောင့်တန်းနေသည့် ကျုံးတံခါးတိုင်လေးလုံး၊

တိုင်တစ်လုံး၏အရှည်မှာ (၃၅)ပေဖြစ်သည်။

(၁၆)ပေအရှည်ရှိသော ကျုံးတိုင်အလုံး(၃၀)

(၁၆)ပေအထက်ရှည်သော မျောတန်းအလုံး(၃၀၀)တို့ ဖြစ်သည်။ ကျုံးတိုင်နှင့် မျောတန်းများကို ဖြောင့်ဖြူးသော သစ်လုံးများဖြင့် အသုံးပြုကြသည်။

အကိုင်းအခက် အဖုအထစ်များ ပါလျှင်လည်း ဓါး၊ ရဲဒင်းများဖြင့် ချောအောင် ရွှေထားကြသည်။

ကျုံးတစ်ခု တည်ဆောက်ရန်အတွက် အုန်းဆံကြိုး သုံး





မည်ဆိုပါက ပိဿာ(၂၀၀)ခန့် ကုန်ကျမည်ဖြစ်ပြီး ကြိမ်ဖြင့် တုပ်နှောင်မည်ဆိုပါက ကြိမ်နီအပင်ပေါင်း(၅၀၀၀)ခန့် ကုန်ကျတတ်ပေသည်။

ဆင်ကျုံးတည်ဆောက်ခြင်းနှင့် ဆင်ကျုံးသွင်းခြင်း အဆင့်ဆင့်ကို နောက်အခန်းများ၌ အလျဉ်းသင့်သလို ဖော်ပြပေးပါမည်။

ဆင်ဖမ်းနည်းသုံးမျိုးရှိသည့်အနက် မီလာရှိကာဟု ခေါ်သော ကြိုးကွင်းစွပ်ဖမ်းနည်းမှာ အန္တရာယ်များပြီး စွန့်စားရသော ဆင်ဖမ်းနည်းဖြစ်သည်။

၎င်းမှာ ကြိုးကွင်းပစ် တော်သော ဆင်ဖမ်းသမားနှင့် နောက်လိုက်ကောင်းများ ရှိရန် လိုအပ်သည်။

၎င်းအပြင် ဖန်တီစီးသောဆင်ကလည်း လိမ္မာပါးနပ်ဖို့ရန် အရေးကြီးလေသည်။

မီလာရှိကာနည်းမှာ ကုလားစကားဖြစ်ပြီး အဓိပ္ပါယ်မှာ ကြိုးကွင်းစွပ်ဖမ်းနည်းဖြစ်သည်။

ဆင်ဖမ်းအဖွဲ့တွင် လူက (၁၀)ယောက်ခန့် ပါရပြီး ကွန်ကျီဟု ခေါ်သည့် ဆင်လိမ္မာက သုံးကောင်ပါသည်။

အချို့ဆင်ဖမ်းအဖွဲ့များမှာ အကူဆင် မပါဘဲ ကွန်ကျီဟု ခေါ်သည့် ဆင်ယဉ်နှစ်ကောင်ဖြင့်လည်း ဆင်ဖမ်းထွက်ကြသည်။

တောဆင်ရိုင်းကို ပစ်ဖမ်းရန် အသုံးပြုသောကြိုးကို 'ဆိုင်းဖန်' ဟုခေါ်သည်။

ပီလောပီနံလျှော်ကို (၁၂)လွန်းတင် ကျစ်ထားသော


www.burmeseclassic.com

www.burmeseclassic.com

(၃၇)တောင် (ပေ၅၀ခန့်) အရှည်ရှိသော ကြိုးကြီးကို အသုံးပြုကြသည်။

ဆင်ဖမ်းထွက်တော့မည်ဆိုလျှင် ဖန်တီဟု ခေါ်သော ခေါင်းဆောင်က ကာကီဘောင်းဘီသုံးထည်၊ အင်္ကျီသုံးထည်ကို တစ်ခါတည်း ထပ်ဝတ်ထားရသည်။

မာအွတ်ဟု ခေါ်သော ပဲ့စီးများမှာလည်း ထိုနည်းအတိုင်း ပင်ထပ်ဝတ်ထားကြရသည်။

ထိုသို့ဝတ်ဆင်ရခြင်းမှာ ဆင်ရိုင်းနောက်သို့ ပြေးလိုက်ရာတွင် ကြိမ်တော၊ ဆူးတောများအတွင်းမှ ဖြတ်ပြေးရသည့်အခါ သစ်ကိုင်းခြစ်သည့်ဒဏ်၊ ဆူးဒဏ်များမှ ကာကွယ်ရန်အတွက်ဖြစ်သည်။

ဆင်ဦးစီးများတွင် အရှည်နှစ်ပေ၊ ဗျက်သုံးလက်မ ရှိသော ဖားမစ်ဆန် ခေါ် ခန္တီးရှမ်းဓါးတစ်လက်စီလည်း ဆောင်ထားရသည်။

ပြေးရင်းလွှားရင် ရှေ့မှ သစ်ကိုင်းနှင့် ကြိမ်နွယ်များ ခံနေပါက ဓါးဖြင့် ခုတ်ဖြတ်သွားရန်ဖြစ်သည်။

ဆင်ဖမ်းထွက်တော့မည်ဆိုလျှင် အခြားစားနပ်ရိက္ခာ၊ ကိရိယာ တန်ဆာပလာများအပြင် ကြက်ဖို၊ ကြက်မ နှစ်ကောင်ကိုလည်း ဆင်ပေါ် တင်ယူသွားကြသည်။

တောထဲ ရောက်၍ ဆင်ခြေရာ တွေ့ပြီး ဆင်နောက်လိုက်တော့မည်ဆိုပါက ယူလာသော ကြက်နှစ်ကောင်ကို အဓိဋ္ဌာန်ပြုကာ လွှတ်တင်လိုက်ရသည်။





လွှတ်လိုက်သောအချိန်မှာ ကြက်များက ရွှင်ရွှင်လန်းလန်းနှင့် တွန်သံပေးပြီး တောသို့ ဝင်ပါက နိမိတ်ကောင်းဟု ယူဆပြီး၊ အကယ်၍ ကြက်နှစ်ကောင် ထိုးကြ၊ ဆိတ်ကြ၊ ခွပ်နေကြလျှင် နိမိတ်မကောင်းဟု အယူရှိကြလေသည်။

တောဆင်ရိုင်းများနောက်သို့ သက်စွန့်ဆံဖျား လိုက်ရတော့မည်ဆိုလျှင် ပထမဦးစွာ ဆိုက်ဖလားဟု ခေါ်သော ဝမ်းပတ်ကြိုး၏ကွင်းတွင် ဆိုင်ဖန်ခေါ် ဖမ်းကြိုးတစ်စကို ထည့်ရသည်။

ပြီးမှ ဆင်ဖမ်းကြိုးခွေကို ဆင်၏ကျောကုန်းပေါ်သို့ တင်ကာ ဆိုက်သရီး ခေါ် ကြိုးဖြင့် ထိန်းထားရသည်။

အားလုံး အဆင်သင့် ဖြစ်သောအခါ တောဆင်ရိုင်းအုပ်ရှိသော နေရာရောက်အောင် သွားကြရသည်။

ဆင်အုပ်ရှိရာသို့ သွားရာတွင် လေညာအရပ်က မသွားရဘဲ လေအောက်အရပ်မှ သွားကာ ဆင်အုပ်အတွင်းမှ စိတ်ကြိုက်ဆင်တစ်ကောင်ကို ရွေးချယ်ရသည်။

ဆင်ရွေးပြီးသောအခါ ဆင်အုပ်ရှိရာသို့ လေအောက်ဘက်မှနေ၍ လိမ္မာပါးနပ်စွာ ချဉ်းကပ်သွားရလေသည်။

ဖမ်းဆီးရာတွင် အများအားဖြင့် မိမိဆင်ထက်အကောင်ငယ်သောဆင်များကိုသာ ရွေးချယ်၍ ဖမ်းဆီးကြသည်။

ဆင်မဖြစ်လျှင် ခုနစ်ပေအထိ ဖမ်းရဲကြသော်လည်း အစွယ်ရှိသော ဆင်ထီးဖြစ်ပါက ခြောက်ပေဆင်ကို ဖမ်းဆီးရာမှာပင် အထူးသတိဝီရိယထားကာ ဖမ်းဆီးကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ စွယ်စုံဆင်ရိုင်းများက မိမိတို့ စီးလာသော ဆင်ယဉ်ကို အစွယ်ဖြင့် ထိုးသတ်လေ့ရှိကြသည်။

ထိုအခါ ဆင်ရိုင်းမရသည့်အပြင် ရှိသည့်ဆင်ယဉ်ပါ အသက်ဆုံးရှုံးတတ်သည်။

ထို့ကြောင့် ဖန်တီများ၏ကျွမ်းကျင်လိမ္မာမှုက အရေးကြီးလှပေ၏။

ဆင်ရိုင်းကို ဖမ်းဆီးတော့မည်ဆိုလျှင် ဖန်တီဟု ခေါ်သော ဦးစီးက ဆင်၏ပခုံးပေါ်မှာ ကားယားခွထိုင်ကာ နင်းလုံးကြိုးအတွင်းသို့ ခြေနှစ်ဖက်ကို ထိုးသွင်းထားရသည်။

ဆင်ဖမ်းကြိုးအစတစ်ဖက်ကို ကွင်းလျှောပြုလုပ်ထားပြီး တစ်ဖက်ကို ဝမ်းပတ်ကြိုး၌ ချည်ကာ ဆင်ကျောကုန်းပေါ်ရှိ ဖမ်းကွင်းကိုလည်း ထိန်းပြီး လိုက်ရသည်။

ပဲ့ချိတ်ဟု ခေါ်သော နောက်လိုက်က ဆင်ကုန်းမြီးပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ မြီးဆိုင်းကြိုးကို ကိုင်ကာ လိုက်ရသည်။

ထို့နောက်. . .

တောဆင်ရိုင်းနောက်သို့ ကြိုးကွင်းဖြင့် စွပ်ဖမ်းရန် ပြေးလိုက်ရသည်။ ထိုသို့ပြေးလိုက်ရာတွင် မိမိတို့ စီးလာသော ဆင်လိမ္မာက တောဆင်ရိုင်းကို မမှီနိုင်ဘဲ အပြေးနှေးနေလျှင် စူးဖြင့် ထိုးဆွပေးရသည်။

အကယ်၍ ဆင်ရိုင်းက ကြောက်အားလန့်အားဖြင့် ကြိမ်ပိုက်တော၊ ဝါးတော၊ ဆူးတောအတွင်းသို့ ဝင်ပြေးပါက





ဖမ်းဆင်လည်း ထပ်ကြပ်မကွာ ပြေးလိုက်ရသည်။

ထိုအခါ ဆင်ကျောပေါ်တွင် ပါလာသောလူတွေမှာ ဆူးမစူးစေရန်နှင့် သစ်ကိုင်းသစ်ခက်များနှင့် မရိုက်မိ၊ မထိခိုက်စေရန် ဆင်ကျောပေါ်တွင် ပြားပြားဝပ်၍သော်လည်းကောင်း၊

ဦးစီးက ဆင်နားရွက်နှင့် လည်ပင်းအောက်သို့ ရွှေ့ပြောင်း၍လိုက်ရသလို ပဲ့စီးမှာလည်း ဝမ်းပတ်ကြိုး၊ မြီးသိုင်းကြိုးများကို မြဲမြဲဆွဲကာ ဆင်၏ဝမ်းဗိုက်ဘေးစောင်းအထိ မြှောင်ကပ်၍စီးကာ လိုက်ကြရသည်။

ဆင်လိမ္မာ မဟုတ်ဘဲ ရိုးရိုးဆင်သာဆိုလျှင် တောဆင်ကို ပြေးလိုက်ရာ၌ ဆင်ပေါ်က လူများ လိမ့်ကျကျန်ခဲ့မည် အမှန်ဖြစ်၏။

ဤသို့ ငါးမိုင်၊ ခြောက်မိုင်ထိ လိုက်ပြီးကြသောအခါ တောဆင်ရိုင်းကို ဖမ်းဆင်က မီတော့သည်။

ထိုအခါ ဦးစီးဖန်တီသည် ပြေးနေသောဆင်ရိုင်း၏ ဦးခေါင်းပေါ်သို့ ကြိုးကွင်းပစ်တင်ပေးလိုက်ရ၏။

တောဆင်မှာ ကြောက်အားလန့်အားနှင့် ပြေးရာတွင် နှာမောင်းကို ခွေလိပ်ထားတတ်လေရာ မိမိဦးခေါင်းပေါ်သို့ စွပ်ကျလာသောကြိုးကွင်းကို နှာမောင်းနှင့် ဖယ်ရှားပစ်လိုက်သည်နှင့် တပြိုင်နက် သူ၏လည်ပင်းကို ကြိုးကွင်းက စွပ်ပြီးသားဖြစ်သွားလေသည်။

ဤသို့ ကြိုးကွင်းစွပ် ပစ်ဖမ်းရာတွင် ဆင်ဖမ်းဖန်တီတို့၏ ကျွမ်းကျင်မှုကြောင့် အများသောအားဖြင့် လွတ်ထွက်သွားခြင်း



www.burmeseclassic.com

www.burmeseclassic.com

မရှိပေ။

တောဆင်ရိုင်း၏လည်ပင်းကို ကြိုးကွင်းစွပ်မိသောအခါ တောဆင်မှာ အင်အားရှိသလောက် ရုန်းကန်ပြီး ထွက်ပြေးရန် ကြိုးစားသည်။

ထိုအခါ ဆင်လိမ္မာနှင့် တောဆင် အင်အားချင်း ပြိုင်ကြ၍ ဖမ်းကြိုးကို လူက လျှော့ချည်တင်းချည် လုပ်ပေးရသည်။ တောဆင် မောပန်းသွားအောင် နည်းအမျိုးမျိုးဖြင့် လုပ်ပေးရသည်။

လူက ဤကဲ့သို့ပြုလုပ်ပေးသောအခါ တောဆင်ရိုင်းမှာ မကြာခင် ခြေကုန်လက်ပန်းကျပြီး ဆင်လိမ္မာ ဆွဲခေါ်ရာသို့ ယက်ကန်ယက်ကန်နှင့် ပါသွားရလေသည်။

စင်စစ် ဤသို့ အလွယ်တကူ ဖမ်းမိမှုများ နည်းပါးပြီး ဖမ်းမိထားသော တောဆင်ရိုင်းအား သူ့အုပ်ထဲမှ အခြားသော ဆင်ရိုင်းများက ပြန်လှည့်လာပြီး အကူအညီပေးခြင်း၊ အတင်းဝင်လုဆွဲခေါ်ခြင်း၊ ဆင်လိမ္မာရော လူကိုပါ အစွယ်နှင့် လိုက်ထိုးခြင်း၊ ဆင်လိမ္မာက အားသန်နေ၍ မပြိုင်ရဲလျှင် အပေါ်က လူကို နှာမောင်းနှင့် ဆွဲချခြင်း စသည်တို့ကို တွေ့ကြုံရတတ်သည်။

ထိုသို့သောအခါမျိုးတွင် ကွန်ကိုခေါ် ဖမ်းဆင်လိမ္မာသည် အလွန်အရေးကြီး၏။ လျှင်မြန်ဖျတ်လတ်မှု ရဲရင့်မှုအပြင် လူကို အကာအကွယ်ပေးတတ်မှု ရှိရန် အထူးလိုအပ်လှပေသည်။

ထိုအခါများတွင် ဆင်ဖမ်းလုပ်သားများမှာ တောဆင်ရိုင်းအုပ်နှင့် သက်စွန့်ဆံဖျား အစွမ်းပြိုင်ကြရလေသည်။





ယခင်က ဤသို့အခက်အခဲများ တွေ့လာလျှင် ကျည်ဆန်အစား ကြိမ်ဖူးများကို တပ်၍ တောဆင်ရိုင်းများ ခြေထောက်ကို လှမ်းပစ်၍ ခြောက်လှန့်ကြရသည်။

ယခုအခါ သေနတ်များကို သိမ်းဆည်းထားသဖြင့် ဆင်ဖမ်း လုပ်သားများမှာ အခက်ကြုံ၍ ဆင်နှင့် နီးနီးကပ်ကပ် ရင်မဆိုင်ရဲ ဖြစ်နေကြသည်။

အစစအရာရာ အဆင်ပြေပြီး မိမိတို့စိတ်ကြိုက် တောဆင်ရိုင်းများကို ကြိုးကွင်းစွပ် ဖမ်းဆီးပြီးသောအခါ အမြစ်ဆုံကောင်း၍ ခိုင်ခံ့သော သစ်ပင်တစ်ပင်ကို အနီးအနား၌ ချက်ချင်း ရှာဖွေကြရသည်။

ဆင်ရိုင်းချည်ရန် သစ်ပင်မှာ အောက်ခြေရှင်းနေပြီး အကိုင်းအခက် အဖုအထစ်များ လုံးဝမရှိရပေ။

ဆင်ချည်ရန် သစ်ပင်၌ အကိုင်းအခက် အဖုအထစ်များ ရှိနေပါက ဆင်ရုန်းသောအခါ သစ်ကိုင်းသစ်ခက် အချွန်အတက်များ ထိခိုက်မိ၍ ဒဏ်ရာအနာတရ ရှိတတ်သည်။

ဖမ်းမိထားသော တောဆင်ရိုင်းကို ချောမွတ်သော သစ်ပင်၌ ဆင်လိမ္မာ၏အကူအညီနှင့် ကပ်ချည်ထားရသည်။ ထို့နောက် မကြာမီ တောဆင်ကို ဆင်လိမ္မာနှင့် ပူးညှပ်ကာ ဆင်ကျင့်စခန်းသို့ ဆွဲခေါ်လာရသည်။

စခန်းသို့ ရောက်သောအခါ တောဆင်၏နားကို ဖောက်၍ ကြိုးတစ်ပင်နှင့် တပ်ပေးထားရသည်။ ဆင်၏တစ်ကိုယ်လုံး၌ နာကျင်တတ်သောနေရာမှာ နားရွက်သည် အဓိကနေရာဖြစ်


www.burmeseclassic.com

www.burmeseclassic.com

သဖြင့် နားကို ဖောက်ချည်ထားခြင်းဖြစ်သည်။ ဆင်ဦးစီးများ ဆင်ကို ဆုံးမလျှင်လည်း နားရွက်ကို ရိုက်၍ဆုံးမတတ်ကြ၏။

ဖမ်းမိထားသော တောဆင်၏ခြေလက်၊ လည်ပင်းတို့ကို ခိုင်ခံ့သော သစ်ပင်များတွင် ချည်ထားပြီး နှစ်ရက်သုံးရက်ထိ အစာရေစာ လုံးဝမကျွေးဘဲ ဒဏ်ခတ်ထားရသည်။ ထိုသို့ ဒဏ်ခတ်ထားခြင်းဖြင့် တောဆင်ရိုင်းမှာ စိတ်ဓါတ်ကျသွားသည်။

ထိုအခါ ငှက်ပျောပင်ထဲတွင် ဆန်ဆားအနည်းငယ် လုံးထွေးပြီး ကျွေးရသည်။

ထို့နောက် ကျင့်ဆင်များဖြင့် ကြပ်မတ်ညှပ်သွင်းကာ တောဆင်ရိုင်းကို လေ့ကျင့်သင်ကြားပေးရသည်။

ညှပ်သွင်းထားသော ဆင်ရိုင်းများ ယဉ်ပါးလာရန်အတွက် ညှပ်ပေါ်တွင် ကြိုးဖြင့် ကြက်ခြေခတ် ပုခက်ပြုလုပ်ပြီးလျှင် ဆင်ဖမ်းလုပ်သားများက ရှေးဦးစွာ ဆင်ကျောကုန်းပေါ်ကို နင်းစမ်း၍ လျှောက်ပေးရသည်။ ပြီးမှတစ်ဆင့် လူလွတ်တက်စီး၏။

ထို့နောက် ဆင်တစ်ကိုယ်လုံးကို နေရာလွတ် မကျန်အောင် ပွတ်သပ်၍ လူသုံးလေးယောက်က သီချင်းသံပြိုင်ဆိုကာ ဆင်ကို ယဉ်ပါးလာအောင် လုပ်ကြရသည်။

ထိုသို့သင်ကြားလေ့ကျင့်နေစဉ်အတွင်း ဝံအူ၊ ပေါက်၊ ဆင်သမန္တယ် စသည့် အမြစ်အခေါက်များကို ကျိုပြီး ဒဏ်ရာများကို ဖန်ရည်ဆေးပေးရသည်။

ယခုအခါ တိရစ္ဆာန်ဆေးကုဆရာများ ထားပေးသဖြင့်





ခေတ်မီထိုးဆေး၊ စားဆေးများ ကျွေး၍ ကုသကြသည်။ ထိုသို့ လေ့ကျင့်ပြီးသောအခါ ညှပ်မှ ထုတ်၍ တွဲဆင်နှင့် တွဲပြီး ထိန်းကျောင်းပေးရသည်။

စခန်း၌ လေ့ကျင့်နေစဉ်အတွင်း အညော်အနံ့အသက်များ မပြုလုပ်ရ။ စားဖတ်ကြိုးများဖြင့် ဆင်ကို မရိုက်ရ။ ကြက်တည်သူများ မလာရ။ လှည်းမောင်း၍ စခန်းထဲသို့ မဝင်ရ။ ပုလွေ၊ နှဲမမှုတ်ရချေ။

တောဆင်ရိုင်းတစ်ကောင် အတော်အသင့် ယဉ်ပါးလာရန်အတွက် အနည်းဆုံး တစ်လလောက် ကျင့်ယူရသည်ဟု သိရသည်။

ရှင်ဇွေယန်ရွာတွင် နီမောင်သည် ဆင်ဖမ်းအတော်ဆုံးဖန်တီများထဲတွင် တစ်ယောက်အပါအဝင်ဖြစ်ပေသည်။

မီလာရှိကာဟု ခေါ်သော ကြိုးကွင်းစွပ် ဖမ်းရာတွင် သူ့ကို မှီသူမရှိသလောက်ပင်။

အချို့က နာမည်ပင် မခေါ်ကြပဲ 'မီလာရှိကာလေး' ဟု ချစ်စနိုး ခေါ်ကြသည်။

အချို့ကလည်း 'မီလာရှိကာနီမောင်' ဟု ခေါ်ကြသည်။

ယခုလည်း နီမောင်၏ကြိုးကွင်းစွပ်ပညာဖြင့် ဖမ်းခဲ့သော ဆင်ရိုင်းတစ်ကောင် ပါလာသဖြင့် အလုပ်ရှင်ဖြစ်သော ဦးခွန်ဘရင်တို့မှာ တပြုံးပြုံး ဖြစ်နေကြသည်။

တကယ်တော့ ဆင်တစ်ကောင်ကို ရောင်းချလျှင် ဆင်ပိုင်ရှင်များက သောင်းဂဏန်း၊ သိန်းဂဏန်းအထိ ရကြသော



www.burmeseclassic.com

www.burmeseclassic.com



လည်း အသက်စွန့်၍ ဆင်ဖမ်းထွက်ကြသော အလုပ်သမားများကတော့ လစာငွေအဖြစ် ရာဂဏန်း ထောင်ဂဏန်းမျှသာ ရကြလေသည်။

သို့ကြောင့် ဆင်ပိုင်ရှင်များက တစ်နေ့တခြား ကြီးပွားချမ်းသာလာကြပြီး အလုပ်သမားများကတော့ ဆင်းရဲတွင်းမှ မတက်နိုင်ကြပေ။

ရှေးအခါ ဆင်ဖမ်းအလုပ်သမားများကို ပိုင်ရှင်များက လခနှင့် စေခိုင်းလေ့ရှိသည်။

ဖန်တီဟု ခေါ်သော ဦးစီးတစ်ယောက်၏လစာမှာ တစ်လ(၁၅၀)ကျပ်၊ လက်ထောက်ဦးစီးတစ်ယောက်၏လစာမှာ (၁၂၀)ကျပ်၊ မာအွတ်ဟု ခေါ်သော အမြဲတမ်း ပွဲစီးသုံးယောက်၏ လစာမှာ တစ်ယောက်လျှင် (၁၀၀)ကျပ်စီ။

ဖန်တီကြီးဟု ခေါ်သော(ဝါရင့်ဆင်ဦးစီးကြီး) စခန်းစောင့် တစ်ယောက်၏လစာမှာ (၁၅၀)ကျပ်၊

အစာတင် ဆင်ဦးစီးတစ်ယောက်၏လစာမှာ (၁၀၀)ကျပ်၊ ဖမ်းဆီးရလာသော တောဆင်ရိုင်းများအား ယဉ်ပါးလာအောင် လေ့ကျင့်ပေးသည့် အလုပ်သမားနှစ်ယောက်အတွက် တစ်ယောက်လျှင် (၁၀၀)ကျပ်စီ ရသည်။

အထွေထွေ အလုပ်သမားတစ်ယောက်၏ လစာမှာ (၉၀)ကျပ်ဖြစ်ပေသည်။

ဆင်ဖမ်းအဖွဲ့သားများအတွက် တစ်လလျှင် ငွေနှစ်ထောင်ကျော်မျှ လစာပေးရသည်။





ထို့ပြင် စားစရိတ်နှင့် အခြားကုန်ကျစရိတ်များလည်း ရှိသေးသည်။

တစ်ခါတစ်ရံလည်း ဆင်ပိုင်ရှင်တို့မှာ ဖန်တီမကောင်း၍ ဆင်ဖမ်း၍မရလျှင် စရိတ်ရှုံးကြရသည်။

တစ်ခါတစ်ရံလည်း ဆင်တစ်ကောင်လောက် ရပြီး မရသည့်အချိန်က များပါက စရိတ်ကျေရုံသာ ရသည်။

သို့ကြောင့် ဆင်ပိုင်ရှင်တို့မှာ အကျိုးအမြတ် များများရနိုင်ရန်အတွက် ဖန်တီဟု ခေါ်သော ဆင်ဦးစီး ကောင်းဖို့ လိုသည်။

ဖန်တီမကောင်းပါက အမြတ်မရသည့်အပြင် စရိတ်ပင် ရှုံးတတ်ပေသည်။

ပင်လယ်ပြင်၌ ငါးဖမ်းထွက်သည့်အခါ စက်လှေဦးစီး အရေးကြီးသလိုမျိုးဖြစ်သည်။

ပင်လယ်ထွက်၍ ငါးရှာကြသူများမှာလည်း စက်လှေဦးစီးမကျွမ်းကျင်ပါက အမြတ်မရသည့်အပြင် အရှုံးပေါ်တတ်ကြသည်။

တစ်ခါတစ်ရံ စက်လှေများ နစ်မြုပ်ပျက်စီးပြီး လူများ အသက်သေဆုံးရသည်များ ရှိလေသည်။

ထို့အတူပင် ဆင်ဖမ်းထွက်ရာမှာလည်း မကျွမ်းကျင်သော ဖန်တီကို လွှတ်မိပါက ဆင်မရသည့်အပြင် စရိတ်ရှုံးရသည့်အခါ ရှိသလို ထိုထက်ပိုဆိုးသည်က ဆင်ရိုင်းမရဘဲ ပါသွားသောဆင်ယဉ်ပါ သေဆုံးရသည်မျိုး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

စခန်းပြန်ရောက်သောအခါ အခြားသူများက ဖမ်းမိလာသော ဆင်ရိုင်းနှင့် ဆင်ယဉ်များကို နေရာချနေစဉ် နီမောင်၊ စောထီးနှင့် ငမဲအောင်တို့သုံးယောက်က ဦးခွန်ဘရင် ရှိရာသို့ လာကြလေသည်။

ဦးခွန်ဘရင်က သူတို့သုံးယောက်ကို အပြင်သို့ ထွက်လာပြီး နှုတ်ဆက်လေသည်။

သူ့မျက်နှာပေါ်မှာ ကျေနပ်မှုအပြုံးများ ဝေနေသည်။

"ဆင်ရိုင်းတစ်ကောင် ဖမ်းမိခဲ့ပါတယ် ဆရာကြီး"

"မင်းတို့ ပြန်မရောက်ခင်ကတည်းက သတင်းကြားရထားပြီးသားပါကွာ၊ မင်းတို့သုံးယောက် သွားမှတော့ မရဘဲ ပြန်ခဲ့ရတာ ဘယ်မှာရှိဖူးလို့လဲ၊ မင်းတို့ကိုတော့ ယုံကြည်ပြီးသားပါ"

ဟု ရယ်သံတဝက်နှင့် ပြောသည်။

"ကျွန်တော်တို့ တော်လို့ မဟုတ်ပါဘူး၊ နီမောင် ကြိုးကွင်းစွပ်တာ တော်လို့၊ ဆင်ဖမ်းကျွမ်းကျင်လို့ မိခဲ့တာပါ"

ဟု စောထီးက ဝင်ပြောသည်။

"ငါတစ်ယောက်တည်း ဆင်တစ်ကောင်နဲ့ ထွက်လို့ရမှာ မဟုတ်ပါဘူး မင်းတို့ ပါလို့သာ ရခဲ့တာ မဟုတ်လား၊

ဒီတော့ အားလုံးတော်လို့သာ ရခဲ့တာ မဟုတ်လား"

"ကဲကဲ. . တော်ကြပါတော့၊ မင်းတို့တတွေ ကျွမ်းကျင်မှုရှိလို့သာ ရခဲ့ကြတာပါ။ မင်းတို့အလုပ်သမားတစ်ဖွဲ့လုံးအတွက် လစာငွေတွေ ကြိုတင်ထုတ်ပေးဖို့နဲ့ အပိုဆုကြေးငွေတွေ ပေးဖို့ပါ ငါစီစဉ်ထားတယ်၊ အိမ်ထဲမှာ သမီးရှိတယ်၊ သူ့ဆီမှာ တစ်ခါ





တည်း ယူသွားကြ၊

ငါတော့ ဖမ်းမိလာတဲ့ဆင်ကို သွားကြည့်လိုက်ဦးမယ်"

ဟု ပြောကာ ဦးခွန်ဘရင်က ဆေးတံကြီးကို အားရပါးရ ဖွာရင်း ဆင်စခန်းဘက်သို့ ထွက်သွားလေတော့သည်။

နီမောင်တို့သုံးယောက်က အိမ်ဘက်သို့ လျှောက်လာကြသည်။ ဦးခွန်ဘရင်အိမ်မှာ ခြေတံရှည်အိမ်ဖြစ်ပြီး အပေါ်မှာ လူနေပြီး အိမ်အောက်မှာ စားပွဲ၊ ကုလားထိုင်၊ တန်းလျားများ ချထားပြီး ဧည့်သည်များကို ဧည့်ခံသောနေရာဖြစ်သည်။

ဦးခွန်ဘရင် ထွက်သွားသောအခါ နီမောင်တို့ သုံးယောက်က အိမ်ဘက်သို့ လျှောက်လာကြသည်။

"ဘယ်လိုလဲ နီမောင်၊ မြနှင်းဖြူနဲ့ တွေ့ရမှာမို့ မပျော်ဘူးလား"

"မပျော်ပါဘူးကွာ. . . သူနဲ့ငါနဲ့က အဆင်ပြေကြတာမှ မဟုတ်တာ"

"မင်းကမှ အဆင်ပြေအောင် မနေဘဲကိုး၊ ဘယ်မှာလာပြီး အဆင်ပြေပါ့မလဲ၊ မိန်းကလေးတစ်ယောက်နဲ့ ပြောဆိုဆက်ဆံတဲ့နေရာမှာ ဆင်ဖမ်းသလို ကြမ်းတမ်းလို့မရဘူး၊ နူးညံ့ပျော့ပျောင်းမှု ရှိရတယ်"

ငမဲအောင်က အချစ်ရေးအချစ်ရာတွင် ဝါရင့်နေသူတစ်ဦး၏လေသံမျိုးဖြင့်ပြောသည်။

"တော်စမ်းပါ ငမဲအောင်ရယ်၊ ဆရာကြီးလေသံမျိုးနဲ့ ငါ့ကို လာပြောမနေစမ်းပါနဲ့၊ မင်းပိုးနေတဲ့ကျော့ခင်ကိုပဲ ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ပိုးစမ်းပါဦး"

"တစ်နေ့တော့ ရမှာပေ့ါ၊ အချစ်ဆိုတာ မလောရဘူး၊ တဖြည်းဖြည်းချင်း ခံစားမှ အချစ်ရဲ့အရသာကိုရမှာ"

"မင်းဟာ မိန်းကလေးတစ်ယောက်ကို ချစ်ရေးဆိုတာနဲ့ မတူဘူး၊ လက်ဖက်စားတာနဲ့ တူနေပြီ၊ လက်ဖက်ကို ပါးစပ်ထဲ ထည့်ခါစက ဖန်တယ်၊ ဝါးကြည့်တော့ ခါးတယ်၊ နောက်တော့မှ တဖြည်းဖြည်း ချိုလာသလိုမျိုးလား"

စောထီးကပါ ဝင်ပြောမှ ငမဲအောင်မှာ ငေလုံးလျော့သွားသည်။

"ငါတကယ်ပြောတာ နီမောင်ရဲ့၊ မင်းက သူနဲ့ ဆက်ဆံတဲ့နေရာမှာ မာကြောကြော ဂျပ်ဆတ်ဆတ် ဖြစ်နေတယ်၊ နည်းနည်းလောက် ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံကြည့်ပါလား"

ဟု အကြံပေးသည်။

"ဘယ်လို ဆက်ဆံဆက်ဆံ အဆင်မပြေပါဘူးကွာ၊ သူကိုယ်တိုင်က ပိုက်ဆံချမ်းသာတဲ့ မြို့က လူတွေကိုမှ အထင်ကြီးနေမှတော့ ဘယ်မှာ အဆင်ပြေပါ့မလဲ"

ဟု ပြောရင်း လျှောက်လာကာ အိမ်အောက်သို့ ရောက်လာကြသည်။ အသင့်ရှိနေသော ခုံတန်းလျားများပေါ် ဝင်ထိုင်တော့ အိမ်ပေါ်မှ မြနှင်းဖြူ ဆင်းလာလေသည်။

မြနှင်းဖြူမှာ အသက်နှစ်ဆယ်ကျော်အရွယ်ရှိသည်။

ကချင်သွေးပါသူဖြစ်သဖြင့် ကိုယ်လုံးကိုယ်ပေါက် လှပပြေပြစ်ကာ မျက်နှာကလည်း ချောသည်။





မျက်နှာပေါ်မှာ ထူထဲနက်မှောင်သော မျက်ခုံးနှင့် တောက်ပသည့် မျက်လုံးအစုံတို့ဖြစ်သည်။

မြနှင်းဖြူက မျက်နှာချောသော်လည်း မျက်နှာပေါက်ကတင်းသဖြင့် တော်ရုံယောကျ်ားလေး မကပ်ဝံ့ပေ။

သူမက နီမောင်တို့သုံးယောက်ကို တစ်ချက်ကြည့်ပြီး တစ်ယောက်ချင်းလစာနှင့် အပိုငွေများ ပေးသည်။

စောထီးနှင့်ငမဲအောင်တို့ ရှင်းပေးပြီးမှ နီမောင့်အလှည့်ရောက်သည်။

"ဒါက လစာငွေ၊ ဒါက နင့်အတွက် အဖေပေးတဲ့ လက်ဆောင်အပိုငွေ၊ ဒီလောက်ရတော့ ဝမ်းမသာဘူးလား"

"ဘာဝမ်းသာစရာရှိသလဲ. . . ငါအလုပ်လုပ်လို့ ရတာပဲ၊ အလုပ်မလုပ်ဘဲ အလကား ပေးတာမှ မဟုတ်တာ"

"နင်က စေတနာနဲ့ ပေးတာတောင် မလိုချင်တဲ့သဘောလား"

"အစကတည်းက စေတနာ မရှိဘဲနဲ့တော့ ဟန်ဆောင်ပြီး ပေးမနေပါနဲ့ဟာ"

နီမောင်က ဒါပဲပြောပြီး စားပွဲပေါ်မှာ ချထားသော ငွေစက္ကူများထဲမှ သူ့လစာငွေ (၁၅၀)ကိုသာ ကောက်ယူပြီး နေရာမှ ထရပ်သည်။

မလှမ်းမကမ်းမှာ ရပ်နေကြသော စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်က မျက်လုံးပြူးသွားကြသည်။

"နီမောင် ဒီအပိုငွေပါ ယူသွားလေ"



www.burmeseclassic.com

www.burmeseclassic.com

မြနှင်းဖြူက မျက်နှာတစ်ချက် ပျက်သွားပြီး လှမ်းပြောသည်။ နီမောင်က ဘာမှလည်း ပြန်မပြော၊ ယူလည်း မယူတော့ဘဲ လှည့်ထွက်လာခဲ့လေသည်။

လမ်းရောက်တော့ စောထီးနှင့်ငမဲအောင်က အမျိုးမျိုးပြောဆိုသော်လည်း တစ်စက်ကလေးမှ ပြန်မလှည့်တော့ပေ။

"ငါတို့က လူဆင်းရဲပေမယ့် စိတ်ထားမဆင်းရဲဘူး၊ ဒါကိုသူတို့က အပေါ်စီးက အမြဲဆက်ဆံတယ်၊ လူကိုသာ နှိပ်စက်လို့ရချင်ရပေမယ့် မာနကိုတော့ လုံးဝအထိမခံနိုင်ဘူး"

ဟု ပြောပြီး ရှေ့မှ ထွက်သွားလေရာ စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်မှာ ပါးစပ်အဟောင်းသားဖြင့် ကျန်ခဲ့ကြလေသည်။





**အခန်း(၅)**

# လျှို့ဝှက်ဆန်းကြယ်လှသော အန္တရာယ်

နီမောင်တို့ ပြန်သွားသည့်တိုင် မြနှင်းဖြူမှာ စားပွဲပေါ်မှ ပိုက်ဆံများကို ကြည့်ကာ တနုံ့နုံ့ ဖြစ်ကာ ကျန်ခဲ့လေသည်။

သူမစိတ်ထဲမှာ ထိုကဲ့သို့ ပြုမူခံရသဖြင့် ဒေါသထွက်နေသည်။ အမှန်တော့ နီမောင်မှာ ၎င်းတို့ထံမှ အလုပ်သမားတစ်ယောက်သာ ဖြစ်သည်။

အလုပ်သမားသည် အလုပ်ရှင်အပေါ်မှာ ရိုကျိုးစွာ ဆက်ဆံရမည်ဟု သတ်မှတ်မထားသော်လည်း မြနှင်းဖြူက



www.burmeseclassic.com

www.burmeseclassic.com


တော့ အလုပ်သမားတိုင်းက သူမအပေါ်မှာ ထိုကဲ့သို့ ဆက်ဆံစေချင်သည်။

ဒါပေမယ့် နီမောင်ကတော့ ဘယ်သောအခါမှ ထိုကဲ့သို့ မဆက်ဆံပေ။

အလုပ်ကို တာဝန်ကျေအောင် လုပ်ပြီး အခြားကိစ္စများမှာတော့ ပုံမှန်သာ နေလေ့ရှိသည်။

ဒါကိုပဲ မြနှင်းဖြူက မကျေမနပ် ဖြစ်နေခြင်းဖြစ်၏။

"သူ့ကိုယ်သူ ဆင်ပိုင်ရှင်သူဌေးများ ထင်နေသလား မသိဘူး၊ ကိုယ့်အလုပ်ရှင်ကို အလုပ်ရှင်မှန်း မသိရအောင် မာန်မာနတွေက တက်လိုက်တာ. . . သိပ်မုန်းဖို့ကောင်းတဲ့လူ"

ဟု မကျေမနပ်ဖြင့် ရေရွတ်နေလေသည်။

ထိုအခိုက်မှာပင် အပြင်သွားသော ဦးခွန်ဘရင် ပြန်ရောက်လာသည်။ မျက်နှာစူပုတ်ပုတ်နှင့် ထိုင်နေသော သမီးဖြစ်သူကိုတစ်လှည့်၊ စားပွဲပေါ်မှာ ရှိနေသော ပိုက်ဆံပုံကို တစ်ချက်လှည့်ကြည့်ကာ. . .

"ဘယ်သူ့ပိုက်ဆံလဲ"

ဟု မေးလိုက်ရင်း အနားမှာ ဝင်ထိုင်သည်။

"နီမောင်ကို ပေးတဲ့ အပိုကြေးငွေပါ. . . သူ ယူမသွားဘူး"

ထိုစကားကြောင့် ဦးခွန်ဘရင်က သဘောပေါက်စွာ ပြုံးလိုက်သည်။

လက်ထဲမှာ ကိုင်ထားသော ဝါးဆေးတံထဲမှ ဆေးကြီးများကို စားပွဲပေါ်သို့ တဒေါက်ဒေါက်နှင့် ခါချလိုက်သည်။

"သမီးက သူ့ကို ဘယ်လိုစကား ပြောလိုက်လို့လဲ"

"အခြားဘာမှမပြောပါဘူး အဖေရယ်၊ ဒါပေမယ့် သူက ဘုဆတ်ဆတ်နဲ့ဆိုတော့ စိတ်မရှည်တာနဲ့ ယူချင်ယူ မယူချင်နေလို့ ပြောလိုက်တယ်"

"နီမောင်က အခြားလူတွေနဲ့ မတူတာ၊ အဲဒီလို ဆက်ဆံလို့ ဘယ်ရမလဲ၊ သူက အလုပ်လုပ်တဲ့နေရာမှာ တာဝန်ကျေအောင် လုပ်တယ်၊ ရိုးသားတဲ့စိတ်၊ မဟုတ်မခံတဲ့စိတ်မျိုး ရှိတယ်၊ လူတစ်ဖက်သားအပေါ်မှာ မဟုတ်တာ မလုပ်တဲ့လူတွေဟာ လူတွေရဲ့အကြိုက်ကို လိုက်ပြီး ဘယ်တော့မှ မဆက်ဆံဘူး"

ထိုစကားကြားသောအခါ မြနှင်းဖြူ၏မျက်နှာပေါ်မှာ စွန်းထင်နေသောတင်းမာမှုများ အနည်းငယ် လျော့ကျသွားလေသည်။

"သမီးတို့လို မိန်းကလေးသဘာဝဆိုတော့ ကိုယ့်ကို လေသံပျော့ပျော့နဲ့ ချော့မော့ပြီး အကြိုက်ဆောင်တတ်တဲ့လူမျိုးမှ သဘောကျလေ့ရှိတယ်၊ လောကမှာ အမှန်တရားကို လက်ကိုင်ထားတတ်တဲ့လူတွေဟာ လူတဖက်သားကို ဘယ်တော့မှ ဒုက္ခမပေးသလို ဘယ်တော့မှလည်း မဟုတ်တာ မလုပ်ကြဘူး"

မြနှင်းဖြူက ခေါင်းငုံ့ကာ စားပွဲပေါ်မှ ငွေစက္ကူများကို ငေးကြည့်နေသည်။

"သမီးလည်း အရွယ်ရောက်လာပြီပဲ၊ မကြာခင်မှာ လောကလမ်းပေါ်ကို လျှောက်ရတော့မယ်၊ လူတွေရဲ့အရှုပ်တွ



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်တွေကို နားလည်အောင် အခုကတည်းက ကြိုးစားရတော့မယ်၊ နီမောင်ကို အဖေတို့ ပေးတဲ့လစာနဲ့ အပိုကြေးဆိုတာသူ အသက်နဲ့ ရှင်းပြီးရှာလာတဲ့ ဆင်တစ်ကောင်ရဲ့အမြီးလောက်တောင် မရှိပါဘူး၊

ဒီတော့ ငါ့သမီးရဲ့အရည်အချင်းကို အဖေ စောင့်ကြည့်မယ်၊ ဒီငွေကို နီမောင် လက်ခံအောင် ဘယ်လိုပေးမလဲဆိုတာ ကြိုးစားကြည့်ပါဦး"

ဟု ပြောဆိုကာ ဦးခွန်ဘရင်က နေရာမှ ထကာ အိမ်ပေါ်သို့ တက်သွားလေတော့သည်။

မြနှင်းဖြူတစ်ယောက်မှာသာ စိတ်ထဲမှာ မကျေမနပ်ဖြင့် နေရာတွင် ကျန်ခဲ့လေသည်။

နီမောင်သည် အိမ်ရောက်သည်နှင့် ရေချိုးပြီး မိခင်ချက်ပြုတ်ထားသော ထမင်းဟင်းများကို စားနေစဉ် စောထီးနှင့် ငမဲအောင်တို့ ရောက်လာကြသည်။

နှစ်ယောက်စလုံး အဝတ်အစားအသစ်များ ဝတ်ဆင်လာပြီး သေသေသပ်သပ် ရှိနေကြသည်။

"ဘယ်သွားကြမလို့လဲ"

"အလုပ်နားတုန်း လူပျိုလှည့် သွားကြမယ်လေ"

"ငါတော့ မလိုက်ချင်ဘူး၊ လှည့်စရာအပျိုလည်း မရှိဘူး"

"မင်းကို လူပျိုလှည့်ဖို့ လာခေါ်တာ မဟုတ်ဘူး၊ အဖော်လိုက်ပေးဖို့ လာခေါ်တာ"





"ငါ မလိုက်ချင်ဘူးကွာ"

"မရဘူး. . . လိုက်ခဲ့ရမယ်"

စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က ဇွတ်အတင်းခေါ်သဖြင့် စားလက်စ ထမင်းကို လက်စသတ်ကာ စောထီးတို့နောက်သို့ အဖော်လိုက်ခဲ့ရသည်။

ယခုလို ဆောင်းရာသီ၌ တောတောင်များအတွင်း၌ သဇင်ပန်း၊ သစ်ခွပန်းတို့ ကြိုင်လှိုင်စွာ ပွင့်ဖူးသောကာလ ဖြစ်သလို ဟူးကောင်းနယ်မှ မိန်းမပျိုတို့အလှမှာလည်း ပန်းအလှများနှင့်အပြိုင် ဖြစ်နေတော့သည်။

ဟူးကောင်းချိုင့်ဝှမ်းတွင် ဆောင်းရာသီ၌ အလွန်အေးလှပေရာ တဲအိမ်များရှေ့၌ 'နှင်းမိုးစင်' ထိုးပေးထားရသည်။

နှင်းမိုးစင်ဆိုသည်မှာ လူပျိုလှည့်သောသူ လာလျှင် နှင်းမကျစေရန် ယာယီတဲထိုးပေးထားရခြင်းဖြစ်၏။

ထိုတဲအောက်မှာ ထင်းတုံးများဖြင့် မီးဖိုပေးထားရသည်။

မိန်းမပျိုတို့က ပိုင်းငင်ရင်းနှင့် လူပျိုလှည့်ကာ လာသူကို စောင့်ရသည်။

'လသာတုန်းပိုင်းငင်' ဆိုသော စကားအမိပ္ပါယ်မှာ အရွယ်ကောင်းစဉ်မှာ ဘဝကြင်ဖော် ရှာရမည့်အမိပ္ပါယ်ဖြစ်၏။ နှင်းမိုးစင်အောက်တွင် မိန်းမပျိုတစ်ဦး သို့မဟုတ် အခြားမိန်းမပျိုအဖော်တစ်ယောက်နှစ်ယောက်နှင့် အတူရှိနေတတ်သည်။

ညဦးပိုင်းအချိန် အလုပ်သိမ်း၍ ပြန်လာသော လူပျိုများ



www.burmeseclassic.com

www.burmeseclassic.com



က မိမိတို့ နှစ်သက်သဘောကျသော မိန်းမပျိုရှိရာ နှင်းမိုးစင် အောက်သို့ လွတ်လပ်စွာ ဝင်ရောက်၍ လူပျိုလှည့်လေ့ရှိကြ သည်။

ညဦးပိုင်းအချိန်တွင် ညဦးပန်းကလေးများနှင့် အလှ ချင်း ပြိုင်နေသော မိန်းမပျိုကလေးများကလည်း လူပျိုလာလှည့် သူများထဲမှ မိမိနှစ်သက်သူကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိသည်။

တစ်ခါတစ်ရံလည်း စိတ်ထဲမှ ရည်စူးထားသူကို မျှော် နေလေ့ရှိသည်။

တစ်ခါတစ်ရံ မျှော်နေသူက ရောက်မလာဘဲ မလာစေ ချင်သူက ရောက်လာသည့်အခါမျိုးလည်း ရှိသည်။

ထိုအခါ စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်ရသော်လည်း ယဉ်ကျေးချိုသာစွာနှင့်ပင် ငြင်းပယ်ရလေသည်။

စိတ်ရောက်က ရွှေဖီ၊
စိတ်မရောက်က မဲဇလီ၊
စိတ်ညီလျှင် သင်ဖြူး၊
စိတ်မညီလျှင် ခရောင်းဖူး၊

ဆိုသကဲ့သို့ မိန်းမပျိုဘက်မှလည်း နှစ်သက်ရာကို ရွေး ချယ်နိုင်ပေသည်။

ညဉ့်ဦးယံအချိန် ရောက်လာလျှင် နှင်းမိုးစင်အောက်ရှိ ဆောင်းမီးဖိုရှိ နေရာတိုင်းမှာ လူစည်ကားနေတတ်ပါသည်။

လူပျိုနှင့်အပျို တွေ့လျှင် ထွေရာလေးပါး စကားများ





ပြောရင်းမှ ချစ်စကား ကြိုက်စကား ပြောရသည်။

'လသာကြမ်းပြင် ဗိုင်းရစ်ငင်
သခင်လိုလို၊ လင်လိုလို
မျှော်တိုင်းလာပ လူယဉ်ကျေး
ဝေ့ဝေ ဝေဝေဝေး'

ဟူသော ရှေးကဗျာကဲ့သို့ပင် ညဉ့်နက်ပိုင်းရောက်လာ လေလေ အချစ်အစီပွါယ်များက ပိုမိုကျယ်ဝန်းလာလေလေဖြစ် ၏။

လူပျိုအပျိုတို့အတွက် အချစ်သည် ဘယ်ကျောင်း၊ ဘယ်ဆရာထံမှ သင်ယူရန် မလိုဘဲ တတ်မြောက်လာသောပညာ ဖြစ်ရာ ဘယ်လောက်ပင် ရိုးသားနုံချာသူဖြစ်ပါစေ သက်ဆိုင် သော ချစ်စကားကိုတော့ အဆင်ပြေအောင် ပြောဆိုတတ်ကြ သည်။

မည်သည့်လူမျိုးပင်ဖြစ်စေ. . .
မည်မျှ စကားအစီပွါယ် မကြွယ်ဝသူဖြစ်စေ. . .
သူတို့အချင်းချင်း ပြောသည့်စကားအစီပွါယ်ကိုတော့ နားလည်ကြသည်။

"ဗိုင်းငင် ချည်ငင်တာ ဘယ်လောက်ပြီးပြီလဲ"
စကားစသည်။
"အတော်အသင့်ပေါ့"
"ဘာရက်မှာလဲ"
မိန်းမပျိုက အတန်ငယ် စဉ်းစားသည်။



www.burmeseclassic.com

www.burmeseclassic.com

လုလင်ပျိုကို စိတ်ထဲမှ မနှစ်သက်လျှင် တလွဲဖြေသည်။

စိတ်ထဲမှ နှစ်သက်လျှင် အံဝင်ခွင်ကျ ဖြေသည်။

"ပုဆိုးရက်မှာပေါ့"

"အကွက်သေးလား အကွက်ကြီးလား"

လုလင်ပျိုက တစ်ဆင့်တက်လာခြင်းဖြစ်သည်။

သူတို့ လိုချင်သောအကွက် ရောက်အောင် စကားစစ်ခင်းလာခြင်းဖြစ်၏။ မိန်းကလေးက အကွက်ကြီးဆိုလျှင် အဖေအတွက်၊ ဘကြီး၊ ဦးကြီးအတွက်ဟု အဓိပ္ပါယ်ရသည်။

အကွက်သေး ဆိုပါက ချစ်သူရည်းစားအတွက်ဖြစ်သည်။

မိန်းကလေးက. . .

"အကွက်သေး ရက်မှာ"

ဟု မပွင့်တပွင့် အမူအယာဖြင့် ဖြေလျှင် ကိုလူချောအတွက် မျှော်လင့်ချက်ရှိပြီး စကားဆက်ပြော၍ရသည်။

အဲ. . . မိန်းကလေးက စကားဆက်မပြောချင်ရင်တော့

"အကွက်ကြီး ရက်မှာ"

ဟု စကားပိတ်ပြောလိုက်လျှင် ထိုအကြောင်းကို မစဉ်းစားချင်သေးဟု အဓိပ္ပါယ်ရကာ ထိုနှင်းမိုးစင်အောက်မှ မယောင်မလည်ဖြင့် ထကာ အခြားစင်သို့ ကူးရလေသည်။

အကယ်၍ မိန်းကလေးက လုလင်ပျိုကို နှစ်သက်သဘောကျလျှင် အကွက်သေး ရက်မှာပါဟု ရှက်သွေးဖြာသော မျက်နှာဖြင့် ပြန်ပြောလျှင် မျှော်လင့်ချက် ရှိလာပြီး နောက်တစ်





ဆင့် တက်ဖို့ ကြိုးစားရသည်။

"ရစ်တံထိုးလို့ ပုဆိုးဆင် လက်ခပ်သံတွင် ရွှေချြုနဲ့လား"

ဟု လုလင်ပျိုက မရဲတရဲ စကားထာ ဖွက်ရသည်။

လုံမပျိုက ချက်ဆိုနားခွက်က မီးတောက်သည်။

စကားထာ၏အဓိပ္ပါယ်ကို သူမသိသည်။

အဓိပ္ပါယ်မှာ. . .

"ချစ်စပျိုးလို့ ချစ်ကြိုးငင်၊ နှမပျိုခင် စိတ်တူရဲ့လား"

ဟူ၍ဖြစ်သည်။

ရှက်သွေးဖြန်းနေသော လုံမငယ်သည် သူမ မကြိုက်လျှင် ဤအဆင့်တွင်လည်း ငြင်းပယ်တတ်ကြသည်။

လုံမငယ်က. . .

"ဆံရစ်ခိုင်ညှာ ဆန်ပြာတုံး"

ဟု စကားထာ ဝှက်လိုက်ရာတွင် လုလင်ပျိုမှာ အတော်ဒုက္ခရောက်သွားသည်။

"မချစ်နိုင်ပါ ပြန်ပါဦး"

ဟူ၍ ဆိုလိုက်ခြင်းဖြစ်သည်။

လုလင်ပျိုမှာ ရှက်ကိုးရှက်ကန်းနှင့် လာလမ်းပြန်ရုံသာ ရှိတော့၏။

သို့ရာတွင် လုံမပျိုက ကြည်ဖြူပါလျှင် လုလင်ပျိုကို စစ်ဆေးမေးမြန်းတော့သည်။

"လှည်းပဒေါင်း ရေလောင်းခဲ့ရဲ့လား"

ဟု လုံမပျိုက မေး၏။


www.burmeseclassic.com

www.burmeseclassic.com

ဆိုလိုရင်းမှာ. . .

“ရည်းစားဟောင်းကို ခွင့်တောင်းခဲ့ရဲ့လား”

ဟူ၍ဖြစ်သည်။

လုလင်ပျိုက သူ့မှာ ရည်းစားမရှိခဲ့ဖူးကြောင်း၊ မင်းသာ ပထမဆုံး ရည်းစားဖြစ်ကြောင်း စသည်တို့ကို တတ်သမျှ မှတ်သမျှ ပြောရတော့သည်။

ထိုသို့ လုလင်ပျိုနှင့် လုံမပျိုတို့နှစ်ဦး ပြေလည်ကြပြီဆိုလျှင် နောက်ညများ၌ မီးဖိုဘေးမှာ တစ်ယောက်ချင်း ပြောခွင့်ရပြီ။

ထိုအဆင့်ထိ ရောက်ဖို့မှာလည်း အချိန်အတော်ကြာကြိုးစားရသည်။ ပြိုင်ဘက်များလည်း တွေ့ရသည်။

မိန်းကလေးက အချိန်ယူ စဉ်းစား၍ တစ်ဦးဦးကို လက်ခံမှသာ ညဉ့်နက်သန်းခေါင်အထိ ဆောင်းတွင်းမီးဖိုဘေးမှာ စကားပြောခွင့်ရတော့သည်။

အခြားသော ကာလသားများသည် ညဦးပိုင်းမှသာ ထိုမီးဖိုသို့ လာပြီး ညဉ့်နက်လျှင် မိမိနှင့် မဆိုင်တော့သဖြင့် စွန့်ခွာသွားကြသည်။ မသတ်မှတ်ရသေးသော လုံမပျိုတို့၏ နှင်းမိုးစင်အောက်သို့ ရောက်ကြရပြန်သည်။

လုလင်ပျိုနှင့် လုံမပျိုတို့ ပြေလည်ကြသောအခါလည်း အချစ်ဦးသူများဖြစ်၍ စကားထာများဖြင့် အနုအလှရွေး၍ ပြောကြသည်။ မေတ္တာပုလဲပန်းများ သီကြသည်။

ညဉ့်နက်၍ လုလင်ပျို ရောက်လာချိန်တွင် လုံမပျိုက





“ကျွန်းတုံးကြောင်လျှောက်”

ဟု ဆိုသည်။

“လွမ်းတုန်းမောင်ရောက်”

ဟု အဓိပ္ပါယ်ရသည်။

လုလင်ပျိုမှာ များစွာကျေနပ်သွား၏။

ထိုအခါ. . .

“အင်ကြင်းပင်ကြီး ပွင့်ကာနီး လေကြီးတိုက်မှာ စိုးလှတယ်”

ဟု လုလင်ပျိုက စကားထာ ဝှက်၍ဆို၏။

အဓိပ္ပါယ်မှာ. . .

“နင်နဲ့ငါနဲ့ ချစ်ခါနီး လူကြီးဖျက်မှာစိုးလှတယ်”

ဟူ၍ဖြစ်၏။

လုံမပျိုက မစိုးရိမ်ဖို့ ပြောသည်။

အဖေနှင့်အမေကို သူပြောလျှင်ပြီးပါသည်ဟု ပြောမည်။

လုံမပျိုကလည်း လုလင်ပျိုကို ပြန်၍အကျပ်ကိုင်တတ်သည်။

“စပယ်ခြံ ထရံကာရဲ့လား”

ဟု စကားထာဖြင့် ဆိုသည်။

“တကယ်ကြံ စရံပါရဲ့လား”

ဟု မေးခြင်းဖြစ်သည်။

တစ်ဦးမေတ္တာကို တစ်ဦးက လက်ခံလိုက်သောအခါ


www.burmeseclassic.com

လူကြီးမိဘများ အချင်းချင်း စေ့စပ်သဘောတူကြကာ သားပျို သမီးပျိုတို့၏လက်ထပ်မင်္ဂလာပွဲအတွက် စီစဉ်ကြရသည်။

သူတို့ ဟူးကောင်းချိုင့်ဝှမ်းဒေသတကြောရှိ ရွာများမှာ ရှေးကကဲ့သို့ပင် အတင်အသ၊ အမေ့နို့ဖိုးနှင့် ရွာဝင်ကြေးတို့ ရှိသည်။ မင်္ဂလာဆောင်မှာ ဝက်သားကျွေးနိုင်မှ ဂုဏ်ရှိသည်။

လုလင်ပျိုဖက်က တာဝန်မှာ မသေးလှပါ။

နီမောင်နှင့် စောထီးတို့နှစ်ယောက်မှာ ငမဲအောင် လူပျို လှည့်ရာနောက်သို့ အဖော်လိုက်သွားကြခြင်းဖြစ်၏။

ငမဲအောင် မျက်စိကျနေသော မိန်းကလေးမှာ ကျော့ ခင်ဆိုသူဖြစ်၏။

ငမဲအောင် ကျော့ခင်နှင့် သွား၍စကားပြောနေသော အချိန်မှာ နီမောင်နှင့်စောထီးတို့နှစ်ယောက်က သင့်တော်သော နေရာမှာ ထိုင်စောင့်ရင်း စကားပြောနေကြသည်။

“မင်း ညနေက မြနှင်းဖြူအပေါ်မှာ ဆက်ဆံပုံကတော့ နည်းနည်းတင်းမာနေတယ်လို့ မထင်ဘူးလား”

“သူ့အချိုးလည်း ကြည့်ဦးလေကွာ၊ ငါတို့အလုပ်သမား တွေအပေါ်မှာ အပေါ်စီးက ဆက်ဆံချင်တဲ့ပုံစံမျိုး ပေါက်မနေ ဘူးလား”

“သူက ငယ်ငယ်လေးကတည်းက ဒီပုံစံမျိုးပဲဟာ၊ ဒါပေ မယ့် မြနှင်းဖြူက သဘောတော့ ကောင်းပါတယ်ကွာ”

နီမောင်က ဘာမှပြန်မပြောဘဲ အဝေး၌ မြင်နေရသော တောင်တန်းကြီးများ ရှိရာသို့ လှမ်းမျှော်ကြည့်နေသည်။



www.burmeseclassic.com



မြူနှင်းများ ဝေ့ဆိုင်းနေသောကြောင့် ဝေ့ဝေ့ဝါးဝါးသာ လှမ်းမြင်နေရသောမြင်ကွင်းက စိတ်ထဲမှာ ပျော့ပြောင်းလာစေ သည်။

ထို့ကြောင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

“နောက်တစ်ခါ တွေ့ရင်တော့ သူ့အပေါ်မှာ ဒီလောက် မာမာကျောကျော မဆက်ဆံပါနဲ့ကွာ”

ဟု စောထီးက ပြောလိုက်ရာ နီမောင်က ဘာမှပြန် မပြောဘဲ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေ သည်။ ထိုအခိုက်မှာပင် အဝေးဆီမှ ထူးခြားသောအသံအချို့ ကြားရသည်။

“ဒိုံ . . ဒိုံ . . ဒိုံ”

“ကျီ . .”

“ဟင် . .”

နှစ်ယောက်သား အသံကြားရာဘက်သို့ နားစွင့်လိုက်ကြ သည်။

ကြားလိုက်ရသောအသံမှာ ဆင်အော်သံမျိုးဖြစ်သည်။

သူတို့ရွာတဝိုက်မှာ ဆင်အော်သံ ကြားရခြင်းသည် အထူးအဆန်းတော့ မဟုတ်လှပေ။

သို့သော် ကြားလိုက်ရသောအသံက ထူးခြားနေသ ယောင်ရှိသည်။ နီမောင်တို့မှာ ဆင်များနှင့် လက်ပွန်းတတီး နေ ကြသူများမို့ ဆင်အော်သံ ကြားရုံနှင့် ဘာကြောင့် အော်သည်ကို



www.burmeseclassic.com

www.burmeseclassic.com

သိကြသည်။

ယခုကြားရသောအသံက ဆင်အော်သံမျိုးဖြစ်သော်လည်း တစ်မျိုးဖြစ်နေသည်။

နောက်တော့လည်း ဘာသံမှ ထပ်မကြားရတော့သဖြင့် နှစ်ယောက်သား စကားပြောမြဲ ပြောနေကြသည်။

အတန်ကြာတော့ နှင်းမိုးစင်အောက်မှ ငမဲအောင် ပြန်ထွက်လာသည်။

မျက်နှာက ပြုံးဖြီးဖြီးနှင့် မှုရလာသောမျက်နှာမျိုးဖြစ်သည်။

"အခြေအနေ ဘယ်လိုလဲဟေ့"

"ဒီလောက်ကြာနေမှတော့ အခြေအနေကောင်းလို့ပေါ့ဟ"

"မိန်းကလေးက နှင်မလွှတ်မချင်း ပေထိုင်နေတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူးကွာ. . . သူ သဘောကျ လက်ခံလို့ စကားပြောရင်း အချိန်ကြာနေတာပါ"

"မင်းက ငါတို့သုံးယောက်ထဲမှာ အစွံဆုံးဖြစ်သွားပြီပေါ့"

ဟု ပြောဆိုနေကြစဉ် ရွာဖျားဘက်မှ ဆူဆူညံညံအသံများ ကြားရသည်။

"ဘာဖြစ်တာလဲ မသိဘူး၊ ဆင်မုန်ယိုလို့များလား"

"သွားကြည့်ရအောင်ကွာ. . အကြောင်း ရှိတော့လည်း ဝိုင်းကူရတာပေါ့"





ဟု ပြောဆိုကာ သုံးယောက်သား အသံကြားရာဘက်သို့ လာခဲ့ကြသည်။

ရွာသားအချို့လည်း ဓါးလှံလက်နက်များ ကိုင်ကာ ထိုဘက်သို့ သွားနေကြသည်။

အသံကြားနေရသောနေရာမှာ ဦးရတန် ဆင်ဝိုင်းရှိရာဘက်မှဖြစ်သည်။

ထိုနေရာ ရောက်တော့ မီးရောင်များအောက်မှာ လူများ ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်ကို လှမ်းမြင်ရသည်။

သို့ကြောင့် အနီးရောက်အောင် သွားကြည့်တော့ မြင်ကွင်းက မကောင်းလှပေ။

ထူးစင်မှာ ထားသော ဆင်ရိုင်းတစ်ကောင်မှာ မတ်တတ်ရပ်လျက်သားကြီး သေဆုံးနေချေပြီ။

ကိုယ်ပေါ်တွင် အပေါက်ကြီးများ ရှိနေပြီး ထိုနေရာမှ သွေးများ စီးကျနေသည်။

"ဘယ်လိုဖြစ်တာလဲ"

"မသိဘူး. . . ဆင်အော်သံ တစ်ချက်ကြားလိုက်တာပဲ၊ ထွက်ကြည့်တော့ ဒီပုံအတိုင်း သေနေတာ တွေ့တာပဲ"

ထိုအချိန်မှာ ဂျာနွှန်တို့ ရောက်လာသည်။

ဂျာနွှန်က ဆင်ကိုယ်ပေါ်မှ အပေါက်ကြီးများကို မြင်သောအခါ မျက်လုံးပြူးသွားလေသည်။

"ဘမြိုင်နဲ့ငထွန်း သေတုန်းက ဆင်အော်သံလိုလို ကြားလိုက်ရပြီး ကိုယ်ပေါ်မှာ အဲဒီလို အပေါက်ကြီးတွေ ဖြစ်ပြီး သေသ


www.burmeseclassic.com

www.burmeseclassic.com



ကြတာပဲ"

ထိုစကားကြားသောအခါ နီမောင်က မတ်တတ်ကြီး သေဆုံးနေသော ဆင်အနီးသို့ ကပ်ကာ ထူးဆန်းစွာ ဖြစ်ပေါ်နေသော အပေါက်ကြီးများကို အသေအချာ ကြည့်သည်။

အပေါက်ကြီးများမှာ ဝါးချွန်ဖြင့် ထိုးသွင်းထားသကဲ့သို့ ကြီးမားသော ဆင်ကိုယ်ကို ထုတ်ချင်းခတ် ပေါက်ထွက်နေလေသည်။

တောဆင်ရိုင်းတစ်ကောင်က ဝင်လာပြီး ထိုးသတ်သွားလေသလားဟု တွေးထင်စရာ ရှိသည်။

သို့သော်. . .

တောဆင်ရိုင်းအစွယ်ဖြင့် ထိုးသတ်ပါက ထိုကဲ့သို့ ဒဏ်ရာမျိုး ရကာ ချက်ချင်းသေသွားမည် မဟုတ်ပေ။

ယခုတော့ ဆင်တစ်ကောင်လုံးကို နာရီပိုင်း၊ မိနစ်ပိုင်း အတွင်းမှာ ချက်ချင်းသေစေခဲ့သောသတ္တဝါမှာ ဘယ်လိုသတ္တဝါမျိုး ဖြစ်လေသလဲ။

စဉ်းစားရခက်နေကြပြီ. . .။





အခန်း(၆)

# ကိုယ်ပျောက်လူသတ်သမား

ရှင်ဗွေယန်ရွာနှင့် မဝေးလှသောနေရာတွင် သဇင်ချောင်းရှိသည်။ သဇင်ချောင်းက ပေ(၃၀၀)ခန့် ကျယ်ဝန်းပြီး ချောင်းရေက ကြည်လင်လှသည်။

ချောင်း၏အောက်ကြမ်းပြင်မှ ကျောက်တုံးကျောက်ခဲများကိုပင် အတိုင်းသား မြင်နိုင်၏။

ချောင်းရိုးတလျှောက်မှာ အများဆုံး ပေါက်နေသည်မှာ ငှက်ပျောပင်များဖြစ်သည်။

တောဝင်နေသော ငှက်ပျောပင်များမှာ ဆင်များ၏



www.burmeseclassic.com

www.burmeseclassic.com



အစာဖြစ်သည်။ ချောင်းရိုးတလျှောက်ရှိ ငှက်ပျောတောများ အတွင်း၌ ဆင်ယဉ်အချို့ကို တွေ့ရလေသည်။

ထိုချောင်းရိုးတလျှောက် ကမ်းနံဘေးနေရာများတွင် တောတွင်းမှ ဖမ်းမိလာသော ဆင်ရိုင်းများကို လေ့ကျင့်သင်ကြား ပေးသော 'ထမ်' များရှိသည်။

'ထမ်' ဆိုသောအဓိပ္ပါယ်မှာ ဆင်များ လေ့ကျင့်ပေးရာ စခန်းဟု အမည်ရလေသည်။

လေ့ကျင့်ရေးစခန်းများတွင် ဆင်ကို လေ့ကျင့်ပေးနေသော အသံများဖြင့် ညံနေတော့သည်။

"ဆော်ဘိုင်၊ ဆော်ဘိုင်လော့မိုင်ရယ်
ဆော်ဘိုင်၊ ဆော်ဘိုင်လော့မိုင်ရယ်
ဆော်ဘိုင်. ."

ထိုအသံများက ဖမ်းမိထားသော တောဆင်ရိုင်းကို ယဉ်ပါးအောင် သီချင်းသံပြိုင်ဆို၍ ချော့မြှူနေရခြင်းမှ ပေါ်လာသောအသံများဖြစ်ပေသည်။

ဆင်ရိုင်းကို ပုခက်တိုင်မှာ ချည်နှောင်ထားပြီး အလုပ်သမားများက ယဉ်ပါးအောင် လေ့ကျင့်သင်ကြားပေးရသည်။

ထိုသို့လေ့ကျင့်ပေးရာတွင် အကြမ်းနည်း မသုံးဘဲ အနုနည်း သုံးကြရသည်။

သို့မှသာ ဒဏ်ရာအနာတရ ကင်းပေမည်။

ပုခက်တွင် ချည်နှောင်ထားသည့် ဆင်၏အရွယ်အစား၊ အကျင့်စာရိတ္တ၊ ရုန်းရင်းကြမ်းတမ်းမှု အခြေအနေများကို ကြည့်





ပြီး လူနှစ်ယောက်သုံးယောက်မှသည် လေးယောက်အထိ တာဝန်ယူကာ လေ့ကျင့်သင်ကြားပေးကြသည်။

သူတို့သည် (၂၄)နာရီလုံးလုံး မအိပ်ဘဲ အလှည့်ကျစောင့်ကြရသည်။ ထိုအချိန်ကာလတွင် ဆင်ကို လုံးဝအိပ်ခွင့် မပေးချေ။

ဆင်ငိုက်မြည်းလာသည်နှင့် တပြိုင်နက် လူက အော်ဟစ် သတိပေးခြောက်လှန့်ပစ်ရသည်။

ဆင်ကို အိပ်ခွင့်မပေးခြင်းမှာ အိပ်ရေးဝလာပါက အင်အားပြည့်လာပြီး လူ၏သွန်သင်လေ့ကျင့်မှုများကို မနာခံတတ်ခြင်းနှင့် လူကို ရန်မူလေ့ရှိသောကြောင့်ပင်။

ဆင်ရိုင်းများကို ပုခက်သွင်းထားစဉ် ဆင်ဖမ်းလုပ်သားများက ဆင်များကို ရေတိုက်ပေးခြင်း၊ အစာကျွေးခြင်း၊ ချော့မော့ပြောဆိုခြင်း၊ ခြောက်လှန့်ကြိမ်းမောင်းခြင်း၊

ဗိုက်၊ တင်ပါး စသည့်နေရာများကို ကိုင်တွယ်ပွတ်သပ်ပေးခြင်း၊ ပုခက်တန်းပေါ်မှ ဆင်ကျောကုန်းပေါ် တက်၍နင်းပေးခြင်း၊ လက်ဖြင့် ပွတ်သပ်၍ ဖုန်ခါပေးခြင်း၊

သီချင်းဆိုပြ၍ ချော့မော့ခြင်းများကိုလည်း နေ့စဉ်နေ့တိုင်း ပြုလုပ်ပေးရသည်။

"ဆော်ဘိုင်၊ ဆော်ဘိုင်လော့ မိုင်ရယ်
ဆော်ဘိုင်၊ ဆော်ဘိုင်လော့ မိုင်ရယ်
ဆော်ဘိုင်. ."

ဆင်က သီချင်းဆို၍ ချော့မြှူသည်ကို များစွာနှစ်သက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုကဲ့သို့ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် တောဆင်ရိုင်းများမှာ (၁၅)ရက် တစ်လအတွင်း၌ အတော်အသင့် ယဉ်ပါးလာကြလေသည်။ ထိုအခါ ၎င်းတို့ကို ကြိမ်ကွင်းပြုလုပ်ထားသောထူးဖြင့် ခတ်၍ လွှတ်ထားနိုင်ပေသည်။

နီမောင်တို့တတွေမှာ ဆင်ဖမ်းရာမှ ပြန်ရောက်လာပြီးနောက် ဦးရတန်ဆင်ဝိုင်းမှ ဆင်တစ်ကောင် သေဆုံးသွားပြီးနောက်ပိုင်း ဆင်ဝိုင်းမှာပင် လာရောက်စောင့်အိပ်ကြလေသည်။

နီမောင်က ဆင်ဝိုင်းတွင် ပုခက်တင်ထားသောဆင်ကို သီချင်းဆို၍ ချော့မြှူနေစဉ် စောထီး ရောက်လာပြီး ဖက်ဖြင့်ထုပ်ထားသော အထုပ်တစ်ထုပ် လာပေးသည်။

"ဘာထုပ်လဲကွ"

"မင်းစားဖို့ ကောက်ညှင်းပေါင်းနဲ့ ငါးကြော်ထည့်ပေးလိုက်တယ်"

"ဘယ်သူက ပေးလိုက်တာလဲ"

"မြနှင်းဖြူ ပေးလိုက်တာ"

နီမောင့်စိတ်ထဲမှာ နည်းနည်းတော့ အံ့ဩသွားလေသည်။

"လာနောက်မနေစမ်းပါနဲ့ စောထီးရယ်"

"ငါက မင်းကို ဘာကြောင့် နောက်ရမှာလဲ၊ မြနှင်းဖြူက မင်းအတွက် ပေးလိုက်ပါဆိုလို့ လာပေးတာပဲ၊ မင်း အခုတော့ သိပြီမဟုတ်လား"





"ဘာကို သိရမှာလဲ"

နီမောင်က ကောက်ညှင်းပေါင်းထုပ်ကို လှမ်းယူရင်း မေးလိုက်လေသည်။

စောထီးက မနီးမဝေးမှာ ဝင်ထိုင်သည်။

"မိန်းကလေးတစ်ယောက်ရဲ့ဘဝဆိုတာ နားလည်ရအင်မတန် ခက်တယ်၊ အမူအယာနဲ့ အတွင်းစိတ်နဲ့က ဆန့်ကျင်ဘက် ဖြစ်နေတတ်တာ များတယ်"

စောထီးက အချစ်ဒဿန ဆရာကြီးတစ်ယောက် လေသံဖြင့် ပြောနေသဖြင့် နီမောင်က ပြုံး၍နားထောင်နေသည်။

ထို့နောက် မြနှင်းဖြူ ပေးလိုက်သော ကောက်ညှင်းပေါင်းနှင့် ငါးကြော်ကို ဖြေစားနေသည်။

"အတွင်းစိတ်က နှစ်သက်နေပေမယ့် အပြင်အမူအယာက တင်းမာချင် တင်းမာနေတတ်တယ်၊ အပြင်အမူအယာက နူးညံ့နေဟန်ရှိပေမယ့် အတွင်းစိတ်က ခက်ထန်နေတတ်တာမျိုးလည်း ရှိတယ်၊ အခုကြည့်ပါလား၊ မြနှင်းဖြူက မင်းအပေါ်မှာ ဆက်ဆံတာ တင်းမာနေတယ်လို့ ထင်ရပေမယ့် အတွင်းစိတ်က သဘောကျနေတာ အမှန်ပဲ"

"ကိုယ်လိုရာတွေ လျှောက်တွေးမနေစမ်းပါနဲ့ကွာ၊ ငါ့ဖာသာ အေးဆေးနေပါရစေ"

ထိုသို့ပြောနေကြစဉ် ငမဲအောင်ပါ အနားရောက်လာသည်။

"နီမောင်ရေ. . . ငါ သတင်းတစ်ခု ကြားလာခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာတဲ့လဲ"

"ဦးရတန်ဆင်ဝိုင်းမှာ ဆင်တစ်ကောင်ကို ဝင်သတ်သွားတဲ့ သတ္တဝါက ဒီနားတစိုက်မှာပဲ ရှိနေပုံရတယ်လို့ ပြောတယ်"

"ဘယ်လိုထူးခြားလို့လဲ"

"ညဘက်ဆိုရင် ဆင်အော်သံလိုအသံမျိုး ကြားရပြီး တဒုံဒုံနဲ့ အသံလည်း ကြားရတယ်လို့ ပြောတယ်၊ အဲဒီသတ္တဝါက ဒီတောတဝိုက်မှာပဲ ရှိနေတယ်လို့ ပြောတယ်၊ အခုဆိုရင် အခြားဆင်ဝိုင်းတွေတောင် ညဘက်တွေမှာ မီးပုံကြီးတွေ ဖိုပြီး ညလုံးပေါက် စောင့်ရတယ်လို့ ပြောတယ်"

"ဒီလိုဆိုရင် သတိဝီရိယနဲ့ နေကြရမှာပေါ့"

ဟု ပြောဆိုကာ စကားတပြောပြောနှင့် စောင့်ကြလေသည်။

ပထမညမှာတော့ ထူးထူးခြားခြားအသံ မကြားရသော်လည်း နောက်တစ်ညမှာတော့ ညဉ့်နက်ပိုင်း ရောက်လာသောအခါ ထူးခြားသောအသံအချို့ကို ကြားရလေသည်။

"ကျီ. . ."

"ဒုံ. . ဒုံ. . ဒုံ"

နီမောင်တို့မှာ ဆင်ဝိုင်းပတ်လည်၌ မီးပုံများ ဖိုထားသောကြောင့် အလင်းရောင် ရနေလေသည်။

ထိုအသံကြားသဖြင့် ဆင်စခန်းမှာ ရှိနေသောလူများမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

သေနတ်နှင့် ဓါးလှံများကို အဆင်သင့် ကိုင်ဆောင်ကာ





အသံကြားရာဘက်သို့ စောင့်ကြည့်နေကြလေသည်။

အချိန်မှာလည်း ညဉ့်နက်ပိုင်း ရောက်လာပြီမို့ ပတ်ဝန်းကျင်တဝိုက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းလျက်ရှိနေသည်။

ထိုအခိုက်မှာပင် ကြားနေရသောအသံက တဖြည်းဖြည်း နီးလာချေပြီ။

"ကျီ. . ."

"ဒုံ. . ဒုံ. . ဒုံ"

အားလုံးမှာ အသံကြားရာဘက်သို့ မျက်တောင်မခတ်စိုက်ကြည့်နေကြလေသည်။

သန်းခေါင်ယံအချိန်သို့ ရောက်သောအခါ အလင်းရောင် ဝိုးတဝါး ရှိနေသော တောထဲမှာ သစ်ပင်များ လှုပ်ရှားလာသည်ကို လှမ်းမြင်ရသည်။

အားလုံး ထိုနေရာဘက်သို့ သေနတ်များဖြင့် ချိန်ကာစိုက်ကြည့်နေကြသည်။

သို့စေကာမူ သစ်ပင်များ လှုပ်ယမ်းနေသည်မှလွဲ၍ သတ္တဝါကိုတော့ မမြင်ရပေ။

မြင့်မားသောသစ်ပင်ကြီးများ၏အရွက်များနှင့် ကိုင်းများ လှုပ်ယမ်းနေသော်လည်း တစ်စုံတစ်ရာ မမြင်ရသောကြောင့် အနည်းငယ်တော့ အံ့သြနေကြသည်။

လှုပ်ရှားမှုက တဖြည်းဖြည်းနှင့် နီးလာချေပြီ၊

သို့တိုင်အောင် ဘာမှမမြင်ရသေးပေ။

"ကျီ. . ."



www.burmeseclassic.com

www.burmeseclassic.com



အသံက ဆင်တစ်ကောင်၏အော်သံမျိုးဖြစ်သည်။

သစ်ပင်ကြီးများနှင့် အခြားသစ်ပင်ငယ်များကတော့ တစ်စုံတစ်ယောက်က တိုးဝင်လာသောကြောင့် ဘေးသို့ ယမ်းဖယ်သွားသောပုံစံမျိုး တွေ့နေရသော်လည်း အကောင်အထည်တော့ ဘာမှမမြင်ရပေ။

ခဏကြာတော့ သစ်တောတိုးသံများပါ ကြားလာရသည်။

"ရှဲ. . ရှဲ. . ရှဲ"

"ဟော. . . လာနေပြီ"

အားလုံး သစ်ပင်ကွယ်များတွင် အသင့်စောင့်ဆိုင်းကာ အသံကြားရာဘက်သို့ သေနတ်များနှင့် ချိန်ထားလေသည်။

သို့သော် အသံက တဖြည်းဖြည်း နီးလာပြီးမှ ရပ်တန့်သွားသည်။

မီးဖိုမှ မီးရောင်များက ထိုနေရာအထိ ရောက်နေသောကြောင့် အကယ်၍ သတ္တဝါတစ်ကောင် ဝင်လာမည်ဆိုပါက အတိုင်းသား လှမ်းမြင်နိုင်သည်။

အားလုံး မျက်တောင်မခတ် ကြည့်နေကြရာမှ အသံက ငြိမ်သက်သွားပြီး ခဏကြာတော့ နောက်ကြောင်းပြန်လှည့်သွားသောအသံကို ကြားကြရသည်။

အချိန်အတန်ကြာသည်အထိ စောင့်ကြည့်နေသော်လည်း နောက်ထပ် ဘာအသံမှ မကြားရတော့ပေ။

နီမောင်တို့တတွေက လက်နှိပ်ဓါတ်မီး၊ သေနတ်၊ ဓါးလှံများ ယူ၍ ထိုနေရာတဝိုက်သို့ သွားရောက်ကြည့်ရှုကြသည်။





ထိုနေရာရောက်တော့ အံ့သြဖွယ်ရာအချို့ကို တွေ့ရသည်။ သစ်တောထဲမှာ စွပ်ကြောင်းကြီး ဖြစ်နေသောနေရာကို သတိပြုမိကြသည်။

စွပ်ကြောင်းကြီးမှာ ဆင်တစ်ကောင် တောတိုးလာသည့်အတိုင်း အတော်ကျယ်ဝန်းလေသည်။

ငင်းဖြတ်သွားသော လမ်းကြောင်းတလျှောက်၏ ဘေးတစ်ဖက်တစ်ချက်၌ ရှိသော သစ်ပင်သစ်ကိုင်းများမှာ ကျိုးကြေလျက်ရှိနေသည်။

တစ်စုံတစ်ခုနှင့် တိုက်မိသဖြင့် ကျိုးပဲ့နေသော ပုံသဏ္ဍာန်မျိုး ဖြစ်လေသည်။

နီမောင်က ခြေရာတွေ့လိုတွေ့ငြား မြေပေါ်သို့ လက်နှိပ်မီးဖြင့် လိုက်ထိုးကြည့်ရာ တစ်နေရာတွင် ထူးခြားသောအရာအချို့ကို တွေ့ရသည်။

အခြားမဟုတ်ပေ။

သွေးစေးများကဲ့သို့ အညိုရောင်အရည်စက်အချို့ပင်ဖြစ်၏။ ထိုအရည်များက သစ်ရွက်များအပေါ်တွင် တင်ကျန်နေခဲ့ခြင်းဖြစ်သည်။

နီမောင်က ထိုအစက်များ တင်နေသော သစ်ရွက်ကိုယူပြီး မီးရောင်ဖြင့် ကြည့်သည်။

"ဘာလဲ"

"သွေးစေးတွေနဲ့တော့ တူတယ်၊ ဒါပေမယ့် အညိုရောင်



www.burmeseclassic.com

www.burmeseclassic.com



တွေဆိုတော့ သစ်စေးရည်တွေလည်း ဖြစ်နိုင်တယ်"

နှာခေါင်းဖြင့် နမ်းကြည့်တော့ ညှီစို့စို့အနံ့တစ်မျိုး ရသည်။

"ဘယ်လိုသတ္တဝါက ကျတာလဲ"

"ငါလည်း မမြင်လိုက်ဘူး၊ စောစောက လှမ်းကြည့်တုန်းကတော့ ဘာမှမတွေ့ရဘူး"

"ဒါပေမယ့် သတ္တဝါတစ်ကောင်ကောင် ဖြတ်သွားတာကတော့ သေချာတယ်၊ ဒီလောက်ကြီးတဲ့သတ္တဝါ ဖြတ်သွားတာ ဘာကြောင့် ငါတို့ မမြင်လိုက်တာလဲ"

ထို့နောက်. . .

ထိုနေရာတဝိုက်ပတ်ဝန်းကျင်သို့ လိုက်လံရှာဖွေကြည့်သော်လည်း ထူးခြားမှု မတွေ့ရပေ။

ထိုအခိုက်မှာပင် အခြားတစ်နေရာသို့ လိုက်ကြည့်နေသော အလုပ်သမားတစ်ယောက်မှာ အမှောင်ရိပ်ကွယ်နေသော သစ်ပင်အောက်သို့ ဝင်ကာ အပေ့ါအပါး သွားနေစဉ် သစ်ပင်က လေမတိုးဘဲ အနည်းငယ် လှုပ်ရှားလာသည်။

ပင်စည်တစ်နေရာတွင် ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီး ပေါ်လာပြီး ရဲရဲနီနေသော မျက်လုံးကြီးနှစ်လုံးက ဖျတ်ကနဲ ပွင့်လာသည်။

သစ်ခေါင်းပေါက်သဏ္ဌာန်ဖြစ်နေသော ပါးစပ်ကြီးကလည်း တဖြည်းဖြည်း ဟလာသည်။

ထိုအခိုက် ပင်စည်တစ်နေရာမှ ဆင်နှာမောင်းအရွယ်ခန့်ရှိသော နွယ်လက်တံများ ထွက်လာပြီး သစ်ပင်အောက်မှ လူကို ထိုးဖောက်ရန် တဖြည်းဖြည်း လျှောကျလာသည်။





သစ်ပင်အောက်မှ လူကတော့ အန္တရာယ်ကို မသိရှာပေ။

ချွန်ထက်သော နွယ်လက်တံကြီးတစ်ခုက ၎င်းခေါင်းပေါ်သို့ ရောက်လာသောအချိန်တွင် သစ်ပင်အောက်သို့ အခြားတစ်ယောက် ဝင်လာလေသည်။

၎င်းက မီးတုတ်ကို မြှောက်ကိုင်ကာ လှံတစ်လက်ကို ကိုင်ထားသည်။

"ဖိုးလုံးရေ. . . ဖိုးလုံး"

"ဟ. . ငါဒီမှာဟ၊ အပေ့ါသွားနေတယ်"

ထိုသို့ပြောဆိုနေကြစဉ် သစ်ပင်ပေါ်မှ တအိအိ ဆင်းလာသော နွယ်လက်တံကြီးမှာ လှစ်ကနဲ အပေါ်သို့ ပြန်တက်သွားကာ ပင်စည်မှာ ပေါ်နေသော မျက်နှာသဏ္ဌာန်ကြီးမှာလည်း တဖြည်းဖြည်းနှင့် ပြန်ပျောက်သွားလေတော့သည်။

ခဏကြာတော့ သာမန်သစ်ပင်တစ်ပင်ကဲ့သို့ ပြန်ဖြစ်သွားလေသည်။ ဖိုးလုံးတို့နှစ်ယောက်လည်း သစ်ပင်အောက်မှ ပြန်ထွက်ခဲ့ကြလေသည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ အခြားဆင်စခန်းမှ လူတစ်ယောက် သေဆုံးနေကြောင်း သတင်းကြားရသဖြင့် သွားကြည့်သောအခါ တစ်ကိုယ်လုံး အပေါက်များ ဖြစ်ကာ သွေးမရှိတော့သလို ဖြစ်လျက် သေဆုံးနေသည်ကို တွေ့(၁)



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

နောက်ပိုင်းရက်များမှာလည်း မမြင်ရသောရန်သူသည် တောထဲတွင် သွားလာနေကြသော အလုပ်သမားများကိုသော်လည်းကောင်း၊

ဆင်ဖမ်းသမားများကိုသော်လည်းကောင်း၊

အမဲလိုက်သူများကိုသော်လည်းကောင်း၊

အန္တရာယ်ပေးလေ့ရှိသည်။

၎င်းကို မမြင်ရဘဲ သေဆုံးသွားမှသာ ၎င်း၏လက်ချက်မှန်း သိကြရသည်။

အဘယ့်ကြောင့် ၎င်း၏လက်ချက်မှန်း သိရသည် ဆိုသော် လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ ၎င်း၏လက်ချက်နှင့် သေဆုံးသွားပါက တစ်ကိုယ်လုံး အပေါက်ကြီးများ ဖြစ်နေလေ့ရှိကာ သွေးမရှိတော့သလို ဖြူဖပ်ဖြူလျော် ဖြစ်နေတတ်သည်။

ထို့ထက်. . .

အန္တရာယ်ပေးကာနီးပြီဆိုလျှင် ဆင်အော်သံလိုအသံမျိုး ထူးထူးခြားခြား ကြားရတတ်သည်ဟု ပြောကြသည်။

မည်သို့ပင်ဆိုစေ. . .

ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်ကား ၎င်းတို့ ပတ်ဝန်းကျင်သို့ ရောက်နေပြီမှာ သံသယရှိစရာ မလိုတော့ပေ။





**အခန်း(၇)**

# ဝရလောကသားတို့ မာယာစက်ကွင်း

နှစ်စဉ်နှစ်တိုင်းဆိုသလိုပင် မိုးကုန်၍ ဆင်ဖမ်းရာသီ စပြီဆိုသည်နှင့် အိန္ဒိယနိုင်ငံဘက်မှ ကုန်သည်များ အဖွဲ့လိုက် ဝင်ရောက်လာလေ့ရှိသည်။

၎င်းတို့သည် လီဒိုလမ်းမကြီးအတိုင်း ဝန်ဆောင်၊ နန်းယွန်းမှတဆင့် ဟူးကောင်းချိုင့်ဝှမ်းသို့ အရောက်လာလေ့ရှိကြသည်။

အများအားဖြင့်တော့ ကုလားလူမျိုး ကုန်သည်များဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မြန်မာနိုင်ငံအတွင်းမှ လမ်းပြနှင့် စကားပြန်များ ငှားကာ ခေါ်လာကြသည်။

၎င်းတို့သည် ဒေသထွက်ပစ္စည်းများဖြစ်သော တိရစ္ဆာန်တို့၏ဦးချို၊ သားရေမှစ၍ ဆေးဖက်ဝင်အပင်များပါ မချန်ဘဲ နောက်ဆုံး ရွှေတုံးများအထိ ဝယ်ယူကြလေသည်။

အထူးသဖြင့် ဝယ်ယူလိုသော ပစ္စည်းမှာ ဆင်စွယ်ပင် ဖြစ်သည်။

၎င်းတို့ အလိုအရှိဆုံးပစ္စည်းမှာ ဆင်စွယ်ဖြစ်ပြီး ဒေသခံ အလုပ်သမားများထံမှ ဆင်စွယ်ကို ဈေးကောင်းပေးကာ ဝယ်ယူလေ့ ရှိကြသည်။

ဟူးကောင်းဒေသသို့ နှစ်စဉ်လာရောက်လေ့ ရှိသော အဖွဲ့မှာ ဦးတိုင်းကျော်ဆိုသူ ခေါင်းဆောင်သည့် ကုန်သည်အဖွဲ့ ဖြစ်သည်။

ဦးတိုင်းကျော်မှာ ကုလားကပြားတစ်ဦးဖြစ်ပြီး လူရည် လည်သူတစ်ဦးဖြစ်သည်။

ဒေသခံများနှင့် သင့်မြတ်အောင် ပေါင်းပြီး ၎င်းတို့အလို ရှိသော ဆင်စွယ်များကို ရအောင်ဝယ်ယူလေ့ရှိသည်။

ထို့ပြင်. . .

အိန္ဒိယမှ အစားအသောက်၊ အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ယူဆောင်လာကာ အလုပ်သမားများကို အမြတ်တင်၍ ရောင်းချခြင်းဖြင့် နှစ်ဖက်နှစ်လမ်း ဝင်ငွေရလေသည်။





ဟူးကောင်းနယ်တကျောတွင် ဆင်ဖမ်းသည့် အလုပ်သမားဦးရေက များပြားသလို ဆင်ကို အကြောင်းပြုပြီး စီးပွားရှာသူများကလည်း မနည်းလှပေ။

ထိုနည်းအတူ များပြားလှသောဆင်များထဲမှာ ရောဂါကြောင့်သော်လည်းကောင်း၊ ထိခိုက်အနာတရဖြစ်၍သော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုခုကြောင့် (ရေနစ်သေခြင်း၊ ချောက်ထဲ ကျ၍သေခြင်း၊ သစ်ပင်ပိ၍သေခြင်း၊ မြွေကိုက်၍သေခြင်း၊ ဆင်ချင်း တိုက်ခိုက်သဖြင့် သေခြင်း) သေသွားသည့် ဆင်များမှာလည်း မနည်းလှပေ၊

အစွယ်ရှိသောဆင်များ သေဆုံးသွားပါက အစွယ်ကို ဖြတ်ယူထားရာ ဆင်ပိုင်ရှင်များနှင့် အလုပ်သမားများထံမှာ ဆင်စွယ်များ အနည်းနှင့်အများဆိုသလို ရှိနေတတ်သည်။

တောဆင်ရိုင်းများ သေလျှင်တော့ အစွယ်မရတော့ပေ၊

ဆင်ရိုင်းများ သေသည့် ဆင်သင်္ချိုင်းနေရာကို မည်သူမှ ရှာမတွေ့နိုင်သောနေရာ၌ ရှိသည်။

ဆင်သင်္ချိုင်း ရှိလောက်သည့်နေရာကို မှန်း၍လိုက်ရှာကြသော်လည်း ဆင်သင်္ချိုင်းကို မတွေ့ရဘဲ အန္တရာယ်များနှင့်သာ တွေ့ရပြီး အသက်သေဆုံးကြရလေသည်။

အချို့ကလည်း ဆင်သင်္ချိုင်းကို ရှာမတွေ့ခြင်းမှာ ဥတိန္နနတ်မင်းက ကွယ်ဝှက်ထားသောကြောင့်ဟု ထင်သည်။

အချို့ကလည်း တောပိုင်တောင်ပိုင်များက ကွယ်ထားသဖြင့် ရှာမတွေ့သည်ဟု ပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆင်သင်္ချိုင်းဆိုသည်မှာ သေဆုံးကာနီး ဆင်များက ထိုနေရာကို ရောက်အောင်သွားသောနေရာဖြစ်သည်။

ဆင်သည် ၎င်းသေတော့မည့်အချိန်ကို ကြိုတင်သိလေ့ရှိရာ အသက်မသေခင်မှာပင် ထိုနေရာသို့ မရောက်ရောက်အောင် သွားလေ့ရှိကြသည်။

လူတို့က အဘယ်မျှပင် နောက်ယောင်ခံလိုက်၍ လိုက်စေကာမူ နောက်ဆုံးမျက်ခြည်ပြတ်ကာ ပျောက်သွားတတ်လေသည်။

အချို့က ရေတံခွန်အောက်သို့ ဝင်သွားသည်ကို နောက်ဆုံး တွေ့လိုက်ရသဖြင့် သက်စွန့်ဆံဖျား နောက်မှ လိုက်ကြည့်တော့လည်း ဆင်သင်္ချိုင်း မဆိုထားနှင့်၊ ဆင်သေတစ်ကောင်မှုပင် မတွေ့ကြရပေ။

အချို့ကလည်း တောင်နှစ်လုံးကြားသို့ ဝင်သွားသည်ကိုသော်လည်းကောင်း၊ ချောက်ကမ်းပါးအတွင်းသို့ ဝင်သွားသည်ကိုသော်လည်းကောင်း မြင်တွေ့ရသဖြင့် နောက်မှ လိုက်လံကြည့်ရှုသော်လည်း ပျောက်သွားသည်သာဖြစ်၏။

သို့ကြောင့် ဆင်သင်္ချိုင်းဟူသည် ဒဏ္ဍာရီတစ်ခုကဲ့သို့ဖြစ်နေတော့သည်။

သို့သော်လည်း တောဆင်ရိုင်းများမှာ အကြောင်းတစ်ခုကြောင့် ရုတ်တရက် သေဆုံးသွားခြင်းမျိုး မဟုတ်ပါက တွေ့သည့်နေရာတွင် သေဆုံးခြင်းတော့ မရှိပေ။

၎င်းနောက်ဆုံး အသက်ထွက်ရာ သင်္ချိုင်းနေရာတစ်ခု





ကတော့ မုချရှိမည်ဟုတော့ ယုံကြည်ကြသည်။

အကယ်၍သာ ဆင်သင်္ချိုင်းကို တွေ့အောင်ရှာဖွေနိုင်ပါက ရတနာသိုက်တစ်ခုကို တွေ့ရသည့်နှယ် နေ့ချင်းညချင်း ချမ်းသာသောဘဝသို့ ရောက်ရှိပေမည်။

ထို့အတွက်ကြောင့် ရှေးကတည်းကစပြီး ယနေ့အထိ ဆင်သင်္ချိုင်း ရှာပုံတော်ဖွင့်ခဲ့သည်မှာ မနည်းတော့ပေ။

ဆင်သင်္ချိုင်းကို ရှာမတွေ့သော်လည်း အသက်ဆုံးကြသူတွေလည်း များလှပေပြီ။

ယခုတစ်ပတ် လာသော ဦးတိုင်းကျော်တို့အဖွဲ့တွင် သတင်းတစ်ခု ပါလာလေသည်။

ထိုသတင်းကလည်း လူတစ်ယောက်က သေခါနီးအချိန်တွင် ပြောပြသွားခဲ့ခြင်းဖြစ်၏။

ထိုလူမှာ ဆင်ထိုးခံရသဖြင့် ဆေးရုံပေါ် ရောက်နေစဉ် ဦးတိုင်းကျော်နှင့် တွေ့ရခြင်းဖြစ်သည်။

ဦးတိုင်းကျော်နှင့် တွေ့ရချိန်မှာ နောက်ဆုံးအခြေအနေသို့ ရောက်နေချေပြီ။

"ဆရာကြီးကို တစ်ခုတော့ အကူအညီတောင်းချင်ပါတယ်"

"ဘာအကူအညီပေးရမလဲ. . . ပြောပါ"

"ကျွန်တော်မရှိတော့ရင် ကျွန်တော့်မိန်းမနဲ့ကလေးတွေကို တတ်နိုင်သမျှ အကူအညီပေးပေးပါ"

"ဒီအတွက် ဘာမှမပူနဲ့၊ ငါတတ်နိုင်သလောက် အကူ



www.burmeseclassic.com

www.burmeseclassic.com



အညီ ပေးလိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ်. . . ဒီအတွက် ဆရာကြီးကို အဖိုးတန် စကားတစ်ခွန်း ပြောခဲ့ပါ့မယ်"

ထိုစကားကြောင့် ဦးတိုင်းကျော်မှာ များစွာစိတ်ဝင်စားသွားလေသည်။

"ဘာများလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ဆရာကြီး ဒီထက်ပိုပြီး မချမ်းသာချင်ဘူးလား"

"ချမ်းသာချင်တာပေါ့ကွာ. . . ချမ်းသာမယ့် နည်းလမ်းက ဘယ်လိုရှိနေလို့လဲ"

"ကျွန်တော် ဆင်သချိုင်း ရှိတဲ့နေရာကို သိခဲ့ရပြီ"

ထိုလူက လေသံတိုးတိုးဖြင့် ပြောလိုက်သော်လည်း ဦးတိုင်းကျော် ရင်ထဲမှာ နှလုံးခုန်သံက ကျယ်လောင်သွားသည်။

"ဘယ်. . ဘယ်နေရာမှာလဲ"

"ကိုးလောင်းတောင်ကြားထဲမှာ ရှိတယ်"

"ဟင်. . . ကိုးလောင်းတောင်ကြားဆိုတာ ဘယ်နေရာမှာလဲ"

"ဟူးကောင်းချိုင့်ဝှမ်းထဲမှာ ရှိတယ်၊ ရှင်ဗွေယန်ရွာက လူတွေဆိုရင် အဲဒီနေရာကို သိကြတယ်၊

ကျွန်တော်တို့အဖွဲ့တွေ အဲဒီနေရာကို လိုက်ရှာကြရင်းတွေ့ခါနီးတော့မှ ဆင်ရိုင်းအုပ်တွေ အဝိုင်းခံရတာနဲ့ အားလုံးသေကုန်ကြတာပဲ၊ ကျွန်တော်တောင် ဒဏ်ရာကြီးနဲ့ မနည်းလွတ်





အောင် ပြေးခဲ့လို့ အသက်မသေဘဲ ဒီပြန်ရောက်ခဲ့တာပါ။

ဒါပေမယ့် မနေရတော့ပါဘူး၊

ကျွန်တော်မှာခဲ့တဲ့အတိုင်း ကျွန်တော့်မိန်းမနဲ့ကလေးတွေကို တတ်နိုင်သမျှ စောင့်ရှောက်ပေးပါ"

ဟု မှာကြားပြောဆိုကာ နောက်တစ်ညတွင်. .

"ဟိုမှာ ဆင်ရိုင်းတွေ လာနေပြီ၊ ဆင်ရိုင်းတွေ

လေတော့သည်။

ဦးတိုင်းကျော်မှာ ကတိအတိုင်း ထိုသူ၏မိန်းမနှင့်ကလေးများကို ငွေကြေးထောက်ပံ့ပေးကာ ခရီးထွက်ရန် စီစဉ်လေတော့သည်။

ဦးတိုင်းကျော်မှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး ၎င်း၏အဖွဲ့မှာ လူဆယ်ယောက်ခန့် ရှိသည်။

တောတွင်းမှာ အမြဲတစေ သွားလာနေသူများမှ သေနတ် လက်နက်များ ပြည့်စုံလေသည်။

ထို့ပြင် ၎င်း၏ယုံကြည်စိတ်ချရသော တပည့်များ ဖြစ်ကြသည့် ဇော်လတ်၊ မောင်စိန်၊ ချန်ဒရာ၊ မူတူး၊ ဗိုက်ကြီး စသောသူတို့မှာလည်း များစွာအားကိုးရလေသည်။

ဦးတိုင်းကျော်သည် ယခုတစ်ပတ် ဟူးကောင်းချိုင့်ဝှမ်းသို့ ဆင်းလာသော ရည်ရွယ်ချက်တွင် ဆင်စွယ်နှင့် အခြားပစ္စည်းများ ဝယ်ယူရုံမကဘဲ မမျှော်လင့်ဘဲ သဲလွန်စ ရခဲ့သော ဆင်သချိုင်းကို တွေ့အောင်ရှာဖွေရန် စိတ်ဆန္ဒ ပြင်းပြနေလေသည်။

လမ်းခရီးတထောက်တွင် စခန်းချ နားသောအခါ



www.burmeseclassic.com

www.burmeseclassic.com



တပည့်ဖြစ်သူတို့နှင့် တိုင်ပင်ရသည်။

ဦးတိုင်းကျော်က သူသိခဲ့ရသောအကြောင်းများကို ပြန်ပြောပြလိုက်ရာ အံ့ဩသွားကြလေသည်။

"ဆရာကြီး. . . ဆင်သင်္ချိုင်းဆိုတာ တကယ်ရော ရှိရဲ့လား၊ သေခါနီး ကယောင်ချောက်ချား ပြောသွားတာရော မဖြစ်နိုင်ဘူးလား"

"ဘယ်ကလာ ကယောင်ချောက်ချား ပြောရမှာလဲ၊ သူက ငါ့ကို သေသေချာချာ ပြောပြသွားတာကွ"

"ထားပါတော့. . . ဒါထက် ဆင်သင်္ချိုင်းက တကယ်ရော ရှိရဲ့လား"

"ရှိတာပေါ့ဟ"

"ကျွန်တော်တို့တော့ ဆင်သင်္ချိုင်း တွေ့ဖူးတဲ့လူရယ်လို့ တစ်ခါမှ မကြားမိဖူးသေးဘူး"

"အဲဒါ မင်းတို့ ဒီအကြောင်းတွေကို သိပ်မသိသေးလို့ ဒီလိုပြောကြတာ၊ တကယ်တော့ ဆင်သင်္ချိုင်းဆိုတာ တကယ်ရှိတဲ့နေရာပဲ၊ ဒါပေမယ့် တွေ့ဖို့တော့ မလွယ်လှဘူးပေါ့ကွာ၊ ထိုက်တဲ့လူတွေတော့ ရဖူးတာ ရှိပါတယ်၊

ဆင်သင်္ချိုင်းအတွင်းကို ရောက်ဖူးတဲ့လူတွေလည်း တွေ့ဖူးပါတယ်"

ထိုစကားကြောင့် အားလုံးက အံ့ဩသွားလေသည်။

"ဘယ်သူလဲ ဆရာကြီး၊ ဘယ်လိုရောက်ဖူးတာလဲ ပြောပြပါဦး"





"ငါတို့ငယ်ငယ်က မုဆိုးတစ်ယောက် တွေ့ခဲ့ဖူးတယ်၊ သူက ဆင်ပစ်မုဆိုးတစ်ယောက်ပဲ၊ ဆင်တွေ လိုက်သတ်ပြီး အစွယ်ဖြတ် ရောင်းစားနေတဲ့လူပေါ့၊ တစ်နေ့တော့ စွယ်စုံဆင်ကြီးတစ်ကောင်ကို သေနတ်နဲ့ ပစ်တာ ကျည်ဆန်ထိပြီး ဆင်ကြီးက ထွက်ပြေးသွားတယ်"

"ဆက်ပြောပါဦး ဆရာ"

"အဲဒါနဲ့ မုဆိုးလည်း ဒဏ်ရာရထားတဲ့ဆင်ကြီးကို တစ်နေရာမှာ လဲနိုးလဲနိုးနဲ့ နောက်ကဲ လိုက်သွားလိုက်တာ ဘယ်နေရာမှ မလဲဘဲ ဒယိမ်းဒယိုင်နဲ့ ဆက်သွားတာကို မြင်ရတယ်"

"အပမှီပြီး သွားတာလား ဆရာကြီး"

"ဘယ်က အပမှီရမှာလဲ၊ ဆင်ဆိုတာ ဒီလိုပဲ၊ သူတို့ရဲ့ သင်္ချိုင်းမရောက်မချင်း မသေဘူး၊ သင်္ချိုင်းရောက်မှ သေတာဆိုတော့ အဲဒီကို ရောက်အောင်ပြန်တာပဲ၊ အဲဒါနဲ့ မုဆိုးလည်း နောက်ကနေ နောက်ယောင်ခံပြီး လိုက်သွားတော့တယ်"

"စိတ်ဝင်စားစရာပဲ"

"နောက်ဆုံးတော့ ဒဏ်ရာရထားတဲ့ ဆင်ကြီးဟာ တောင်နှစ်လုံးကြားထဲမှာ ရှိတဲ့ ရေတံခွန်ကြီးတစ်ခုအောက်ကို ဝင်သွားတော မြင်လိုက်ရတယ်၊ အတော်ကြာအောင် စောင့်ကြည့်တော့လည်း ပြန်ထွက်မလာတော့မှ သူလည်း လိုက်ဝင်သွားတော့တယ်"

"အထဲရောက်တော့ ဘာတွေ တွေ့လဲဟင် ဆရာကြီး"

"အတွင်းရောက်တော့ အတော်ကျယ်ဝန်းတဲ့ ဂူကြီး

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တစ်ဂူထဲကို ရောက်သွားတယ်၊ အတွင်းရောက်တော့ မှောင်မည်းနေတာနဲ့ ဘာမှမမြင်ရဘူး၊ ဒါနဲ့ မုဆိုးလည်း ပါလာတဲ့ လက်နှိပ်ဓါတ်မီးကလေးနဲ့ ထိုးပြီး အတွင်းသွားတော့ ဂူနံရံမှာ မှီပြီးသေနေတဲ့ ဆင်တွေကို အများကြီး တွေ့ရတယ်၊

သူ သေနတ်နဲ့ ပစ်လိုက်တဲ့ ဆင်ကြီးကိုလည်း တွေ့ရတယ်"

"ဟင်. . . အံ့သြစရာပဲ"

"အဲဒီလို ဂူနံရံမှာ မှီပြီးသေနေတဲ့ဆင်ကြီးတွေ တွေ့ရသလို အရိုးကျနေတဲ့ဆင်တွေလည်း အများကြီး တွေ့ရတယ်၊ ဆင်စွယ်တွေကတော့ တောင်ပုံရာပုံပဲတဲ့၊ ဒါပေမယ့် တစ်ချောင်းမှ သယ်ဖို့အခွင့် ပါမလာပါဘူး၊ ဂူအတွင်းပိုင်းက ထွက်လာတဲ့ တစ္ဆေသရဲတွေက ဝိုင်းပြီး သတ်ဖို့လုပ်တာနဲ့ အသက်လုပြီး ပြန်ပြေးခဲ့ရတယ်၊ လူလည်း အကြောက်လွန်ပြီး စိတ်ဖောက်ပြန်သလို ဖြစ်သွားရှာတယ်"

"ဒါဖြင့် ဆရာကြီး ပြောတဲ့ ဆင်သင်္ချိုင်းဆိုတာ တကယ်ရှိတာပေါ့နော်"

"တကယ်ရှိတာပေါ့ကွ. . . ဒါပေမယ့် ဆင်တွေက လျှို့ဝှက်လွန်းတော့ သူတို့ရဲ့ဆင်သင်္ချိုင်းကို လူတွေက ရှာမတွေ့နိုင်ကြဘူးပေါ့"

"ဆရာကြီးပြောသလို ဂူထဲမှာ ဆင်စွယ်တွေ အများကြီးသာ တွေ့လိုက်ရလို့တော့ ကျွန်တော်တို့တတွေ ချမ်းသာပြီပေါ့"

"ချမ်းသာတာက နောက်ထားဦး၊ ဟိုမုဆိုးတောင် တစ္ဆေ





သရဲတွေ ခြောက်လှန့်လို့ ထွက်ပြေးရသေးတာ၊ ငါတို့ရော မတွေ့ဘူးလို့ ပြောနိုင်သလား"

"တွေ့တော့ရော ဘာကြောက်စရာရှိသလဲကွာ၊ သူက တစ်ယောက်တည်းမို့ ထွက်ပြေးရတာ၊ ငါတို့က လူတွေအများကြီးပဲဟာ၊ တစ္ဆေသရဲ လာတော့ သေနတ်နဲ့ ပစ်မှာပေါ့"

"ဟား. . ဟား. . ဟား. . ဟား"

အချင်းချင်း ပြောဆိုကာ သဘောကျစွာ ရယ်မောနေကြသည်။

"ဒါထက် ဆရာကြီး၊ ကိုးလောင်းတောင်ကြားဆိုတာ ဘယ်နေရာမှာလဲ"

"ဟူးကောင်းချိုင့်ဝှမ်း အလယ်လောက်မှာ ရှိတယ်လို့တော့ ပြောသွားတာပဲ၊ ရှင်ဗွေယံ ရောက်မှပဲ လမ်းသိတဲ့လူ ရှာရမှာပေါ့"

၎င်းတို့သည် တစ်ရက်ပြီးတစ်ရက် ခရီးဆက်ခဲ့ကြရာ နောက်ဆုံး ဟူးကောင်းချိုင့်ဝှမ်းရှိ တောနက်ကြီးများအတွင်းသို့ ရောက်လာကြသည်။

နေ့အချိန်များတွင် ခရီးသွားကြပြီး ညအချိန် ရောက်လာပါက သင့်တော်သောနေရာ၌ စခန်းချကာ အနားယူကြလေသည်။

ထိုသို့သွားရင်းလာရင်းမှာပင် တောတွင်း၌ လှည့်လည်သွားလာနေသော မုဆိုးများ၊ တောလိုက်သမားများဆီမှ ဆင်စွယ်နှင့် အခြားပစ္စည်းများ ဝယ်ယူရရှိသည်လည်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

မြို့နှင့်ရွာများ မဟုတ်ဘဲ တောထဲ၌ လှည့်လည်သွားလာနေသူများထံမှ ဝယ်ယူသောပစ္စည်းများမှာ ပစ္စည်းတန်ဖိုး သတ်မှတ်ချက် မရှိတော့ဘဲ သင့်တော်သောဈေး ပေး၍နှင့် ရရှိနိုင်ပေသည်။

တောထဲတွင် သွားလာနေသူများမှာ ဆင်စွယ်အပါအဝင် တန်ဖိုးရှိသောပစ္စည်းများကို အလကား ရရှိထားသည်ဖြစ်ရာ ဝယ်သူနှင့် အဆင်သင့် တွေ့ပါက ငွေရလျှင်ပြီးရောသဘောမျိုးဖြင့် ရောင်းချသွားတတ်သည်။

ကုန်သည်များကလည်း ရွာရောက်မှ ဝယ်ရသည်ထက် တောထဲမှ ဝယ်ရသည်ကို ပိုမိုသဘောကျကြလေသည်။

မြို့ရောက်လျှင် မြို့ဈေး၊ တောထဲမှာ ဝယ်ပါက တောဈေးဆိုသလို တန်ဖိုးရှိသောပစ္စည်းများကို အချောင်ရတတ်ကြသည်။

ဦးတိုင်းကျော်တို့အဖွဲ့သားများမှာ နေမဝင်မီ သင့်တော်သောနေရာတွင် စခန်းချကြသည်။

မီးဖိုကြီးများ ဖို၍ ပါလာသော အစားအသောက်များအား ချက်ပြုတ်စားသောက်ရန် ပြင်နေကြသည်။

ထိုအခိုက် တောထဲမှ အမဲလိုက်မုဆိုးတစ်ယောက် ထွက်လာသည်။ ထိုသူမှာ တစ်ကိုယ်တော်မုဆိုးဖြစ်ဟန်ရှိပြီး သေနတ်နှင့် ခါးလှံ့ စသည်တို့ ပါလာသည်။

ဦးတိုင်းကျော်တို့ကို မြင်သောအခါ လှမ်းမေးသည်။

"ကုန်သည်တွေလားဗျို့"





"အေး . . . ဟုတ်တယ်၊ ပစ္စည်းရောင်းဖို့ ပါသလား"

"မီးခိုးငွေ့ မြင်တာနဲ့ ဆင်းလာခဲ့တာ၊ အခုတော့ ကျုပ်ထင်တဲ့အတိုင်း မှန်နေတာပေါ့၊ ပစ္စည်းက ရှိတယ်ဗျ၊ ဒါပေမယ့် ခင်ဗျားတို့ လိုက်ကြည့်မှ ဖြစ်မယ်"

"ဘာပစ္စည်းတွေမို့လဲ"

"ဆင်စွယ် . . "

"ဟင် . . "

ဦးတိုင်းကျော် စိတ်ထဲမှာ ကြိတ်၍ဝမ်းသာသွားသည်။

"ဘယ်နေရာမှာလဲ"

"ဟိုဘက်နားမှာပါ"

"ပစ္စည်းက များလို့လား"

"နည်းနည်းများတယ် . . . လိုက်ကြည့်ပြီး သဘောကျတော့မှ ဈေးဖြတ်ကြတာပေါ့"

ဟု ပြောသဖြင့် ဦးတိုင်းကျော်က ဆင်စွယ်ကိစ္စနှင့် ပတ်သက်လျှင် ကျွမ်းကျင်သော ဇော်လတ်နှင့် အဖော်အဖြစ် ကုလားနှစ်ယောက်တို့ကို လိုက်ကြည့်ခိုင်းသဖြင့် မုဆိုးနှင့် လိုက်သွားကြသည်။

မုဆိုးက သူတို့သုံးယောက်ကို တောနက်ထဲသို့ ခေါ်သွားသည်။

အချိန်ကလည်း ညနေပိုင်းအချိန် ရောက်လာပြီဖြစ်သောကြောင့် အမှောင်ရိပ်များက ဖုံးလွှမ်းလာသည်။

"ခင်ဗျားနေရာက မရောက်သေးဘူးလား"


www.burmeseclassic.com

www.burmeseclassic.com



“မဝေးတော့ပါဘူး . . . ရောက်တော့မှာပါ”

“ဘယ်နေရာမှာလဲ”

“ကိုးလောင်းတောင်ကြား”

“ဟင် . .”

ဇော်လတ်တို့မှာ မျက်လုံးပြူးသွားကြလေသည်။

“ကိုးလောင်းတောင်ကြားမှာ ဟုတ်လား၊ ကိုးလောင်းတောင်ကြားဆိုတာ ဘယ်နေရာမှာလဲ”

“ရှေ့နားဆိုရင် ရောက်ပါပြီ”

ဇော်လတ်စိတ်ထဲမှာ ဦးတိုင်းကျော် ပြောသောစကားများကို ချက်ချင်းပြန်သတိရလေသည်။

ဆင့်သချိုင်း ရှိသည်ဆိုသော ကိုးလောင်းတောင်ကြားဆိုသည်မှာ တကူးတက လိုက်ရှာနေစရာ မလိုဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နေပါရော့လားဟု တွေးမိလိုက်သည်။

အတန်ကြာတော့ အမှောင်ရိပ်များ ဖုံးလွှမ်းနေသော တောင်ကြားပေါက်ဝသို့ ရောက်ကြသည်။

“အထဲမှာ ဆင်စွယ်တွေ အများကြီးရှိတယ် . . . လိုက်ခဲ့ကြ”

ဟု ခေါ်ကာ မုဆိုးက ရှေ့မှ ဝင်သွားသဖြင့် ဇော်လတ်တို့ သုံးယောက်လည်း နောက်မှ လိုက်သွားကြသည်။

ဇော်လတ်တွင် သေနတ်တစ်လက် ပါသဖြင့် ထိုသေနတ်ကို အဆင်သင့် ကိုင်ထားလေသည်။

တောင်နံရံတစ်ဖက်တစ်ချက်တွင် သစ်ပင်ရိပ်များ ဖုံး





လွှမ်းနေသောနေရာ ရောက်သောအခါ အမှောင်ရိပ်ထဲမှ လှမ်းမေးသံ ကြားရသည်။

“ပါလာပြီလားဟေ့”

“အေး . . . ပါလာပြီ”

“ဒီလိုဆိုရင် ဟန်ကျပြီ၊ အတွင်းသာ ခေါ်လာခဲ့ကြတော့”

ထိုသို့ပြောဆိုသံများနှင့် တဆက်တည်း အမှောင်ရိပ်ထဲမှာ လှုပ်ရှားပြေးလွှားနေသောအသံများ ကြားရသဖြင့် ဇော်လတ်စိတ်ထဲမှာ ရိုးမှရိုးရဲ့လားဟု စိုးရိမ်စိတ်ဖြင့် တွေးလိုက်မိသည်။

အတန်ကြာသောအခါ အမှောင်ရိပ်ထဲ ရောက်လာပြီး ကြောက်မက်ဖွယ်ကောင်းသော အခြေအနေမျိုး ရောက်လာသည်။

တောထဲမှ ဆင်းလာသော ခြေသံများကလည်း တဖြည်းဖြည်း နီးလာလေသည်။

“ဟေ့လူ . . ခင်ဗျားနေရာက အခုထိ မရောက်သေးဘူးလား”

ဇော်လတ်က ဒေါသသံဖြင့် လှမ်းမေးလိုက်သည်။

“ရောက်ပါပြီ”

“ဘယ်မှာလဲ”

“ဒီနေရာမှာလေ . . လာကြည့်ကြ”

ဟု ခေါ်ပြသဖြင့် ၎င်းပြသောနေရာသို့ သွားကြည့်ကြရာ ဆင်စွယ်ဆိုလို့ တစ်ချောင်းမှ မတွေ့ရပဲ လူအရိုးစုများ ပုံထား

www.burmeseclassic.com



သည်ကိုသာ တွေ့ကြရသည်။

"ဟေ့လူ. . . ဒါ ဆင်စွယ်မှ မဟုတ်တာ၊ လူအရိုးတွေပဲ"

"ငါတို့မှာ ရောင်းဖို့ရှိတာကတော့ ဒါတွေပဲ၊ ကြိုက်ရင်ယူ မကြိုက်ရင်နေပေါ့ကွာ"

မုဆိုး၏လေသံက ပြောင်းသွားလေသည်။

ဇော်လတ်က စိတ်မသက်သာသဖြင့် သေနတ်ဖြင့် ချိန် ထားရာ မုဆိုးက တဖြည်းဖြည်းနှင့် သူ့ဘက် လှည့်လာလေတော့ သည်။

ထိုအခါ ကြောက်စရာကောင်းသော မျက်နှာကြီး ဖြစ် နေချေတော့သည်။

"ဟင်. ."

"ဟား. . ဟား. . ဟား. . ဟီးဟီးဟီး"

မုဆိုးက ကြောက်မက်ဖွယ်ရာအသံကြီးဖြင့် ရယ်မော ကာ ရှေ့သို့ တိုးလာရာ ဇော်လတ်က သေနတ်ဖြင့် ပစ်ချလိုက် သည်။

"ဒိုင်း. . . ဒိုင်း"

သေနတ်သံက တောင်နံရံများနှင့် ပဲ့တင်ထပ်သွားရ တော်တော်နှင့် အသံမတိတ်ဘဲ ရှိနေသည်။

သေနတ်ကျည်ဆန် ထိမှန်သော်လည်း မုဆိုးက ရပ်တ မသွားဘဲ တဟီးဟီး တဟားဟား ရယ်မောလျက် ရှေ့သို့ တိုး တိုးလာရာ နောက်ထပ်ပစ်ပြန်သည်။

"ဒိုင်း. . . ဒိုင်း"



ထိုအချိန်မှာပင် တောထဲမှ မည်းမည်းသဏ္ဌာန်များ တရွေ့ရွေ့နှင့် ဆင်းလာကြလေရာ ဇော်လတ်တို့လည်း အခြေ အနေ မဟန်မှန်း ရိပ်မိသဖြင့် နောက်ကြောင်းပြန်လှည့်ပြေးကြ လေတော့သည်။

"လိုက်ဟေ့. . . လိုက်ဟ"

ပတ်ဝန်းကျင်တစ်ဝိုက်မှာ မှောင်နေပြီဖြစ်သောကြောင့် လမ်းမမှတ်မိတော့ဘဲ တကွဲတပြား ဖြစ်သွားကြတော့သည်။ ဇော် လတ်ကတော့ သေနတ်သံ ကြားသဖြင့် နောက်မှ လိုက်လာ သော ဦးတိုင်းကျော်တို့တတွေနှင့် ပြန်တွေ့ရသော်လည်း နောက် မှ လိုက်လာသော ကုလားနှစ်ယောက်ကတော့ အစအနမျှပင် မတွေ့ရတော့ပေ။

နောက်ပိုင်း မီးတုတ်များ ထွန်းညှိပြီး လိုက်လံရှာဖွေရာ တောထဲမှာ တစ်နေရာစီ ပြန်တွေ့ရသည်။

သို့သော် ရုပ်ပျက်ဆင်းပျက်နှင့် အသက်ပျောက်နေကြ ချေပြီ။ ပရလောကသားတို့၏မာယာစက်ကွင်းသို့ သက်ဆင်း သွားခဲ့ကြရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com




အခန်း(၈)

# မီလာမှိုတာ ဆင်ဖမ်းသမား

နံနက်လင်းစအချိန်လောက်မှာပင် နီမောင် အိပ်ယာမှ နိုးချေပြီ။ အိပ်ယာမှ မထသေးဘဲ ပတ်ဝန်းကျင်အခြေအနေများကို နားစွင့်ကြည့်နေသည်။

နံနက်အရုဏ်တက်ချိန် ဖြစ်သောကြောင့် ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသေး၏။

ငှက်တွန်သံ၊ ကြက်တွန်သံများလောက်သာ တစ်ခါတစ်ရံ ကြားရသည်။ လေနှင့်အတူ ပါလာသော ဆင်အော်သံများကို ဟိုး . . အဝေးဆီမှာ ကြားရသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

ဒီအတိုင်းဆိုလျှင် တောဆင်ရိုင်းအုပ်က မဝေးလှပေ။

နံနက်လင်း၍ ထွက်လိုက်လျှင် ဆင်အုပ်နှင့် မုချတွေ့မည်ဟု မှန်းမိသည်။

အခြားတဲများအတွင်းမှ လူများလည်း နိုးနေကြပြီ။

ချောင်းဟန့်သံ၊ မီးမွှေးသံ၊ ရေနွေးအိုးကျိုသံများကို ကြားနေရသည်။

နီမောင်အတွေးအာရုံထဲမှာ ဆင်ဖမ်းမထွက်မီက ပုံရိပ်အချို့ကို သတိရနေသည်။ အခြားမဟုတ်ပေ။

မြနှင်းဖြူနှင့် ပတ်သက်သော အတွေးစများပင်ဖြစ်၏။

သူ ခရီးမထွက်ခင် မြနှင်းဖြူနှင့် တွေ့သည်။

သူမအနေနှင့် ခရီးထွက်မည့် အလုပ်သမားများကို လိုအပ်သည့်ကိစ္စများ စီစဉ်ပေးရန် ဝတ္တရားရှိသဖြင့် လာရောက်လုပ်ပေးရင်းမှ နီမောင်နှင့် တွေ့သည်။

နီမောင်က အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သဖြင့် အဖွဲ့သားများအတွက် လိုအပ်သောပစ္စည်းများကို မြနှင်းဖြူတို့ကို ပြောဆိုအသိပေးရသည်။

"နီမောင် ဘာပစ္စည်းတွေလိုသေးလဲ"

"အင်း. . . မလိုတော့ပါဘူး၊ အားလုံးပြည့်စုံလောက်ပြီထင်တယ်"

"နင့်အတွက် ဆေးဝါးတွေရော ပါရဲ့လား"

"အမေထည့်ပေးတဲ့အထုပ်ထဲမှာတော့ ပါတယ်ထင်တာပဲ"





"ဟိုတစ်နေ့က စောထီးနဲ့ငါ ကောက်ညှင်းပေါင်းနဲ့ ငါးကြော် ထည့်ပေးလိုက်တာရော စားရရဲ့လား"

နီမောင်က မြနှင်းဖြူသဘောကို စမ်းသည့်အနေဖြင့်. .

"ငါတော့ မစားလိုက်ရဘူး၊ သူတို့ စားနေတာတော့ မြင်လိုက်ရတယ်"

ဟု ပြန်ပြောလိုက်သည်။

မြနှင်းဖြူက မျက်နှာတစ်ချက် ပျက်သွားသည်။

"ဘာဖြစ်လို့လဲ. . . အားလုံးစားဖို့ပေးလိုက်တာ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

မြနှင်းဖြူက နှုတ်ခမ်းကို မသိမသာ စူရင်း ပြောလိုက်သည်။

"ဒါဖြင့် ဘယ်သူ့အတွက် ပေးလိုက်တာလဲ"

"နင်စားဖို့အတွက် တမင်ပေးလိုက်တာ၊ သူတို့က အချောင်စားသွားကြတယ်"

"ငါလည်း စားရပါတယ် မြနှင်းဖြူရယ်၊ ငါတို့လို အလုပ်သမားတွေကို သတိတရနဲ့ အခုလို ကျွေးမွေးတာ ကျေးဇူးတင်ပါတယ်"

"နင်က တစ်ဖက်သတ် အထင်လွဲနေတာပါ၊ ငါက ဘယ်သူ့အပေါ်မှာမှ အဆင့်အတန်း မခွဲခြားတတ်ပါဘူး"

"ငါအထင်လွဲနေတယ်လို့ နင်က ဘယ်လိုများ သိနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဖြူက အဝေးသို့ မျှော်ကြည့်ရင်း လေသံပျော့ပျော့ဖြင့် ပြောသည်။

"နင်နဲ့ငါနဲ့က ငယ်ငယ်ကလေးကတည်းက သိကျွမ်းနေတဲ့သူတွေပဲ၊ နင် ငါ့အပေါ်မှာ တင်းတင်းမာမာ ဆက်ဆံနေတဲ့အမူအရာကို ကြည့်တာနဲ့ ငါ့အပေါ်မှာ ဘယ်လိုသဘောထားတယ်ဆိုတာ သိနိုင်တာပဲ"

မြနှင်းဖြူအသံမှာ ဝမ်းနည်းသံကလေးများ ပါနေသယောင် ထင်ရလေသည်။ နီမောင်မှာ စိတ်မကောင်းဖြစ်သွားသည်။

"ငါတောင်းပန်ပါတယ် မြနှင်းဖြူရယ်၊ နင့်အပေါ်မှာ အဲဒီလိုသဘောမျိုး မရှိပါဘူး၊ ငါ့ရဲ့ပင်ကိုယ်စရိုက်ကိုက မာရေကြောရေ ဖြစ်နေလို့ ဖြစ်ပါလိမ့်မယ်၊

ငါ့စိတ်ထဲမှာ အဲဒီလိုသဘောမျိုး မရှိတာအမှန်ပါပဲ"

"နင်တကယ်ပြောတာလား"

"တကယ်ပြောတာပါ"

ထိုအခါမှပင် မြနှင်းဖြူ၏မျက်နှာပေါ်မှာ အပြုံးရိပ်ကလေးများ ယှက်သန်းလာတော့သည်။

"ကဲ. . . ငါသွားတော့မယ် မြနှင်းဖြူ"

"အစစအရာရာ ဂရုစိုက်နော်၊ ငါက အဖေ့ကိုယ်စားမှာပေးရတာ"

ဦးခွန်ဘရင်က ၎င်းထံမှ အလုပ်သမားများ ခရီးထွက်တော့မည်ဆိုလျှင် ထိုကဲ့သို့ အမြဲမှာလေ့ရှိသည်။



"ဆရာကြီး ပြောသလို ပြောရတာဆိုတော့ နင့်သဘောနဲ့ဆို မပြောတော့ဘူးပေါ့"

"နင်ဟာလေ. . . ယောက်ျားတန်မဲ့နဲ့ စကားအကျအနသိပ်ကောက်တာပဲ၊ ငါတကယ်စိတ်ဆိုးလိုက်မှာ သိလား"

နီမောင်က မြနှင်းဖြူအမူအယာကို ကြည့်ပြီး သဘောကျစွာဖြင့် ရယ်လိုက်လေသည်။

"ငါက စတာပါ၊ အခုလို သတိပေးတဲ့အတွက် နင့်ကိုကျေးဇူးတင်ပါတယ်၊ ငါသွားတော့မယ်"

ဟု ပြောဆိုနှုတ်ဆက်၍ ထွက်လာခဲ့လေသည်။

သူ့အတွေးထဲတွင် မြနှင်းဖြူ၏နူးညံ့ပျော့ပျောင်းလာသော အမူအရာများကို သတိရနေသည်။

ထိုအခိုက်မှာပင် တဲအပြင်ဘက်မှ စောထီးနှင့် ငမဲအောင်တို့အသံကို ကြားရသည်။

"နီမောင်ရေ. . မိုးလင်းတော့မယ်ဟ၊ သွားကြရအောင်လေ၊ အခုထိ အိပ်နေတုန်းပဲလား"

"ဘာမှမဟုတ်ဘူး. . . ညက မြနှင်းဖြူအကြောင်း တွေးနေလို့ တော်တော်နဲ့ အိပ်မပျော်တာ ဖြစ်ရမယ်"

နီမောင်က တစ်ချက်ပြုံးလိုက်ပြီး အိပ်ယာမှ ထသည်။

မျက်နှာသစ်ပြီးနောက် ဝမ်းပြည့်အောင် အရင်စားသောက်ရသည်။

ထို့နောက်တွင် အကျီဘောင်းဘီထပ်ဝတ်ခြင်း၊ ကြိုးခွေများကို စစ်ဆေးခြင်း၊ လိုအပ်သည့်ပစ္စည်းများကို ဆင်ပေါ် တင်



www.burmeseclassic.com

www.burmeseclassic.com

ခြင်းများကို အဆက်မပြတ် လုပ်ကြရသည်။

သူတို့ ခရီးထွက်တော့မည်ဆိုသောအခါ စခန်းစောင့်အဖြစ် အကူဆင်တစ်ကောင်၊ ဦးစီးဆင်တစ်ကောင်၊ ပဲ့စီးတစ်ယောက်တို့အပြင် ဖန်တီကြီးဦးထန်ဖုန်းရှိန်တို့က နေခဲ့ကြသည်။

ဦးထန်ဖုန်းရှိန်မှာ ဝါရင့်ဆင်ဖမ်းသမားဖြစ်သလို ဆင်ဦးစီးတစ်ယောက်လည်းဖြစ်သည်။

ယခု အသက်ကြီးလာသောအခါ တောထဲသို့ မလိုက်တော့ဘဲ စခန်းစောင့်တာဝန်ယူ၍ လုပ်ကိုင်ပေးနေသည်။

စခန်းစောင့်ဟု ဆိုရာမှာလည်း တာဝန်ကြီးလှသည်။

ကိုယ့်သဘောနှင့် ကိုယ်မနေရ၊ သတ်မှတ်ထားသော စည်းကမ်းချက်များဖြင့် နေရသည်။

စခန်းမှ အလုပ်သမားများ ဆင်ဖမ်းထွက်နေသော အချိန်တွင် စခန်းတွင် ကျန်ခဲ့သောသူများမှာ အခြားနေရာများသို့ ညအိပ်ညနေ မသွားရပေ။

အကယ်၍ သွားလျှင် ခြေရာထပ်သည်ဟု ခေါ်ကြပြီး တောဆင်ရိုင်းများအား ရှာဖွေမတွေ့တော့ပေ။

နီမောင်တို့ ခရီးထွက်ရန်ပြင်ဆင်နေစဉ်မှာ အဝေးမှ ဆင်အော်သံများ ကြားရသည်။

နီမောင် စီးသောဆင်ပေါ်မှာ စောထီးက နောက်မှ လိုက်သည်။ စောထီး မလိုက်လျှင် ငမဲအောင် လိုက်သည်။

သူတို့သုံးယောက်က အတွဲညီလှပေသည်။

တောတွင်းရောက်သောအခါ ဆင်ခြေရာအသစ်များနှင့်





ဆင်ချေးပုံများ၊ စားကြွင်းစားကျန်များကို တွေ့ရသည်။

ဒီအတိုင်းဆိုလျှင် ဆင်ရိုင်းအုပ် သူတို့ ရှိသောနေရာနှင့် မဝေးလှတော့ပေ။

လိမ္မာပါးနပ်စွာဖြင့် လိုက်လျှင် မကြာခင် ဆင်အုပ်နှင့် မုချတွေ့ရပေတော့မည်။

ထိုအချိန်မှာ ဆင်ကို ရပ်ပြီး ဆင်ပေါ်တွင် အသင့်ဆောင်ယူလာသော ကြက်ဖိုနှင့်ကြက်မနှစ်ကောင်ကို အစီဒ္ဒါန်ပြုကာ လွှတ်လိုက်လေသည်။

"ကျွန်ုပ်တို့အဖွဲ့သား ဘေးအန္တရာယ် ကင်းရှင်းပြီး ဆင်ဖမ်းမိပါက ကောင်းသော အတိတ်နိမိတ်များ တွေ့မြင်ရပါစေ"

ကြက်နှစ်ကောင်က လန်းဆန်းသော အမူအယာဖြင့် သစ်ပင်များအပေါ်သို့ ပျံတက်သွားပြီး ကြက်ဖက အသံသာသာဖြင့် တွန်လိုက်လေသည်။

"အတိတ်နိမိတ်ကတော့ ကောင်းနေပြီဟေ့၊ ဒီကနေ့တော့ ဆင်ဖမ်းမိမှာ သေချာပြီဟေ့"

အဖွဲ့သားများက ဝမ်းသာအားရ ပြောကြသည်။

နီမောင်က ဆင်များ ရှိသောနေရာကို ခန့်မှန်းကြည့်ရာ မိမိတို့ ရောက်ရှိနေသောနေရာနှင့် မဝေးလှမှန်း သိရသောအခါ ဆင်ကျောပေါ်မှာ တင်ယူလာသော အိပ်ယာလိပ် အပါအဝင် စားအိုးစားခွက်နှင့် အခြားအသုံးအဆောင်ပစ္စည်းများကို နီးစပ်ရာ သစ်ပင်တစ်ပင်၏သစ်ကိုင်း၌ ချိတ်ဆွဲထားခဲ့ကြသည်။

ထို့နောက်. . .



www.burmeseclassic.com

www.burmeseclassic.com

တောဆင်ရိုင်းများ ရှိသောနေရာသို့ ဦးတည်၍သွားကြသည်။ ထိုသို့သွားရာမှာ ဆင်အုပ်ရှိသောနေရာ၏လေညာအရပ်က မဖြစ်ဖို့တော့ အရေးကြီးသည်။

ဆင်အုပ်နှင့် နီးလာသောအခါ နီမောင်က ဆိုက်ဖားဟုခေါ်သော ဝမ်းပိုက်ကြိုးအတွင်းသို့ ဆင်ဖမ်းကြိုးတစ်စကို ထည့်၍ချည်လိုက်သည်။

ပြီးမှ အခွေလိုက် ဆင်ကျောပေါ်သို့ တင်ကာ ဆိုက်သရိုး ခေါ် ထိန်းကြိုးဖြင့် ထိန်းထားရသည်။

ကြိုးကွင်းပစ်မည့်အစကိုလည်း အဆင်သင့် ပြင်ဆင်ထားလိုက်သည်။

ထိုသို့ပြီးသောအခါ တစ်ယောက်နှင့်တစ်ယောက် အချက်ပြလိုက်သည်။ ထို့နောက် တောဆင်ရိုင်းများ ရှိရာသို့ သွားကြလေသည်။

BURMESE CLASSIC .com

ဆင်အုပ်ရှိရာမှာ မဝေးလှပေ။

သစ်ပင်များ လှုပ်ယမ်းနေခြင်းနှင့် ဆင်များ၏လှုပ်ရှားမှုများကို လှမ်းမြင်ရသည့်နေရာသို့ ရောက်နေကြပြီး လေအောက်ဘက်မှ သွားကာ ဆင်အုပ်အတွင်းမှ မိမိဖမ်းလိုသောဆင်ကို ရွေးရသည်။

ထိုသို့ရွေးခြယ်ရာတွင် မိမိတို့ စီးလာသောဆင်ယဉ်ထက် အကောင်အရွယ်အစား ငယ်သည့်ဆင်ကိုသာ ရွေးရသည်။ အကောင်ကြီးနေပါက ဖမ်းဆီးရန် ခက်တတ်သည်။ ဆင်မဖြစ်ပါက ခုနစ်ပေဆင်အထိ ဖမ်းရဲကြသော်လည်း အစွယ်





ရှိသောဆင်ထီးဖြစ်ပါက ခြောက်ပေအရွယ်ရှိသည့် ဆင်ကို ဖမ်းရာမှာပင် အန္တရာယ်ရှိသဖြင့် အထူးသတိဝီရိယ ထားကာ ဖမ်းကြရသည်။

စွယ်စုံဆင်ရိုင်းများနှင့် ခွန်အားဗလချင်း မယှဉ်သာပါက မိမိတို့ စီးလာသော ဆင်ယဉ်ကို အစွယ်ဖြင့် ထိုးသတ်ရုံမက လူကိုပါ ရန်မူတတ်ပေသည်။

ဆင်ရိုင်းအုပ်နှင့် နီးလာသောအခါ နီမောင်က ဆင်၏ပခုံးထက်တွင် ကားယားခွထိုင်ပြီး နင်းလုံးကြိုးအတွင်းသို့ ခြေနှစ်ဖက်ကို ထိုးသွင်းထားလိုက်သည်။

သူ၏အမူအယာမှာ တိုက်ပွဲဝင်တော့မည့် သူရဲကောင်းတစ်ယောက်ပုံစံမျိုး ဖြစ်နေသည်။

ကွင်းလျှောပြုလုပ်ထားသော ဆင်ဖမ်းသည့်ကြိုးကိုလည်း အဆင်သင့် ပြင်ထားရသည်။

ဆင်နောက်ဖက်မှာ ထိုင်သော စောထီးကလည်း မြီးဆိုင်းကြိုးကို ထိန်းပြီးလိုက်ရသည်။

ဆင်ရိုင်းအုပ်နား ရောက်သွားပြီး လူယောင်ပြလိုက်သောအခါ တောဆင်ရိုင်းအုပ်က ကြောက်လန့်တကြား ထွက်ပြေးကြတော့သည်။

နီမောင်က မိမိရွေးချယ်ထားသော ဆင်နောက်သို့ မျက်ခြည်ပြတ်မခံဘဲ လိုက်တော့သည်။

ကြောက်လန့်တကြား ထွက်ပြေးသောဆင်ရိုင်းက မြန်နေပြီး မိမိဆင်က နှေးနေလျှင် စူးနှင့် ထိုးဆွပေးကာ အမီလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com

လေသည်။

ရှေ့မှ ပြေးနေသော တောဆင်ရိုင်းကလည်း ပါးနပ်သည်။ သူ့နောက်မှ လူလိုက်လာသောမှန်း သိသောအခါ လူမလိုက်နိုင်လောက်သည့် နေရာမျိုးမှ ပြေးသည်။

ဆူးများ ရှိသည့် ကြိမ်ပိုက်တော၊ ဝါးတော၊ ဆူးတောထဲမှ ဝင်ပြေးသည့်အခါ နီမောင်ကလည်း မျက်ချည်ပြတ်မခံဘဲ ထပ်ကြပ်မကွာ လိုက်လေသည်။

BURMESE CLASSIC .com

ထိုသို့ လိုက်ရာတွင် အန္တရာယ်များလှသည်။

ကျောပေါ်မှ ဝပ်လိုက်ရသည့်အခါ ရှိသလို မလွှတ်သည့်အခါ ဆင်ဘေးသို့ ဆင်းကာ ကပ်လိုက်ရသည်။

တစ်ခါတစ်ရံ ဆိုင်းကြိုးကို ဖက်တွယ်ပြီး ဆင်၏ဝမ်းဗိုက်အောက်မှ လိုက်ရသည်လည်း ရှိသည်။

အမှန်တော့ ရှေ့မှ ပြေးသည့်ဆင်က နောက်မှ လိုက်လာသောသူ သစ်ကိုင်းများနှင့် ရိုက်မိ၍ကျခြင်း၊

ကြိမ်ကြိုးနွယ်ကြိုးများဖြင့် ပတ်မိချိတ်မိ၍ ကျန်ခဲ့ခြင်း၊

ဆူးချုံများကြောင့် ဆက်မလိုက်ရန် တမင်ရည်ရွယ်၍ ထိုနေရာများမှ ပြေးခြင်းဖြစ်သည်။

သို့သော် 'မီလာရှီကာ' ဘွဲ့ပင် ရထားသော နီမောင်အဖို့ကတော့ ထိုအခက်အခဲများလောက်ကတော့ မှုစရာမလိုပေ။

မျောက်တစ်ကောင်အလား ဆင်၏ကျောပေါ်မှသော်လည်းကောင်း၊ နံဘေးမှသော်လည်းကောင်း၊ ဝမ်းဗိုက်မှသော်လည်းကောင်း တွယ်ကပ်ကာ လိုက်သွားလေသည်။





ရှေ့မှ ဆီးတားနေသော နွယ်ပင်များနှင့် သစ်ကိုင်းများကိုမူ အသွားထက်လှသောဓါးဖြင့် ဖြတ်ချထားခဲ့လေသည်။

ရှေ့မှ ပြေးနေသော ဆင်မှာ အတန်ကြာအောင် ပြေးမိသောအခါ မူလဆင်အုပ်နှင့် တကွဲတပြားစီ ဖြစ်သွားကာ ပြေးအားလည်း ကျသွားတော့သည်။

ငါးမိုင်၊ ခြောက်မိုင်ခန့် ပြေးမိသောအခါ တဖြည်းဖြည်းနှင့် နှေးသွားတော့သည်။

ထိုအခါ နောက်မှ လိုက်လာသော နီမောင်က မီလာတော့သည်။

နီမောင်က ဖမ်းကြိုးကွင်းကို လက်ဖြင့် ကိုင်၍ အနည်းငယ် ဝှေ့ယမ်း၍ အချိန်နှင့် အနေအထားကို တွက်ဆနေလေ၏။

ပိုင်လောက်သောနေရာ ရောက်သောအခါမှ . . .

"မီလာရှီကာတဲ့ဟေ့"

ဟု ရေရွတ်ကာ ပြေးနေသော ဆင်ရိုင်း၏ဦးကင်းပေါ်သို့ ကြိုးကွင်းကို လှမ်းပစ်တင်လိုက်လေသည်။

နီမောင်၏အချိန်အဆ ကောင်းမှုကြောင့် မီလာရှီကာကြိုးကွင်းက ဆင်ရိုင်းဦးကင်းပေါ်သို့ တင်သွားသည်။

ထိုအခါ ဆင်ရိုင်းက သူ့ဦးကင်းပေါ်သို့ ကျလာသောကြိုးကွင်းကို နှာမောင်းဖြင့် ဖယ်ရှားလိုက်သည်နှင့် တပြိုင်နက်ကြိုးကွင်းက လည်ပင်းသို့ စွပ်မိသွားလေတော့သည်။

ဆင်ရိုင်းက ၎င်းလည်ပင်းကို ကြိုးကွင်းစွပ်မိသွားသောအခါ ကြောက်လန့်တကြား ပြေးပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နောက်မှ လိုက်ရပြန်သည်။

ဒီနေရာမှာတော့ ကြိုးကို အလျှော့အတင်း ပြုလုပ်ပြီး နောက် လိမ္မာပါးနပ်စွာဖြင့် နောက်မှ လိုက်ရုံသာ ရှိတော့သည်။

ထိုသို့လိုက်ရာမှာလည်း နီမောင်တို့အတွက် လွယ်လင့် တကူ ရနိုင်သည်တော့ မဟုတ်ပေ။

ဆင်ရိုင်းတစ်ကောင်ကို ဖမ်းမိသွားသည်နှင့် စောစော က ပြေးထွက်သွားသော ဆင်ရိုင်းများက တစ်ကျော့ပြန်လှည့်လာ ပြီး လူတို့ ဖမ်းမိထားသောဆင်ကို မရရအောင် ပြန်ကယ်လေ့ ရှိကြသည်။

ဆင်ယဉ်ကို အစွယ်ဖြင့် ဝင်ထိုးခြင်း၊ ဆင်ပေါ်မှ လူကို ဆွဲချ၍ ရန်မူခြင်းများရှိရာ ဆင်ဦး၏ သတ္တိရှိခြင်း၊ သတိရှိခြင်း များအပြင် အသုံးပြုသော ဆင်ယဉ်၏ လျင်မြန်ဖြတ်လတ်မှုနှင့် ရဲရင့်မှုများက များစွာအရေးပါလှပေသည်။

၎င်းတို့၏အကာအကွယ်ပေးမှုမှာ ဆင်ဖမ်းသမားတို့၏ အသက်အန္တရာယ်ကို အကာအကွယ်ပေးနိုင်ပေသည်။

နီမောင်သည် ဖမ်းမိထားသော ဆင်နောက်သို့ ချော တစ်ခါ ချောက်တစ်လှည့်ဖြင့် လိုက်သွားလေရာ နောက်ဆုံး တော ဆင်ရိုင်းမှာ နီမောင်လက်တွင်းသို့ သက်ဆင်းရလေတော့သည်။

နီမောင့်အတွက်တော့ အောင်ပွဲတစ်ခုဆိုက မမှား ချေ။





အခန်း (၉)

# ဆင်သချိုင်းနှင့် ဖရဲလောကသားများ

BURMESE CLASSIC .com

ပထမတော့ အိပ်မက်လိုလို ထင်နေမိသည်။

မြင်ကွင်းကတော့ ဝေ့ဝါးဝါး ရှိနေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး နှင်းများ ဖုံးနေသကဲ့သို့ အဖြူ ရောင်များက လွှမ်းမိုးထားသည်။

နီမောင်က ဝေ့ဝါးလျက်ရှိသော မြင်ကွင်းထဲသို့ လှမ်း ကြည့်နေသည်။

ပုံရိပ်သဏ္ဌာန်တစ်ခုက သူ့ရှိရာသို့ တရွေ့ရွေ့ လာနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

'ဒီလောက် နှင်းတွေ ကျနေတဲ့အချိန်မှာ ဘယ်သူများပါ လိမ့်'

ဟု စိတ်ထဲမှာ တွေးလိုက်မိသည်။

ခဏကြာတော့ မြင်ကွင်းက တဖြည်းဖြည်းနှင့် ပီပြင်လာသည်။ အဖြူရောင်ဝတ်ရုံကို ခြုံထားသော အဖိုးအိုတစ်ဦးဖြစ်သည်။

ဆံပင်မွေး၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများက ရှည်လျားစွာ ရှိနေပြီး ဆွတ်ဆွတ်ဖြူလျက်ရှိသည်။

ဝတ်ထားသော ဝတ်ရုံမှာ ကုလားလူမျိုးများ ဝတ်ဆင်လေ့ရှိသော ပါးလွှာသည့် အဖြူရောင်ဝတ်ရုံကို ခြုံထားလေသည်။

အသက်အရွယ် အတော်ကြီးနေဟန်ရှိသော အဘိုးအိုက တဖြည်းဖြည်း လျှောက်လာရင်းဖြင့် သူ့အနီးသို့ ရောက်လာလေသည်။

အနားရောက်တော့မှ ထိုအဘိုးအိုမှာ ကုလားလူမျိုးတစ်ဦးမှန်း သိရတော့သည်။

"အဘိုး ဘယ်သွားမလို့လဲ"

"ဘယ်မှ မသွားပါဘူးကွယ်၊ စားစရာလေးများ တစ်ခုခု ရမလားလို့ ဆင်းလာတာပါ"

ထိုစကားကြောင့် နီမောင်မှာ အတော်ကလေး စိတ်မကောင်းဖြစ်သွားမိသည်။

သူတို့လို ဆင်ဖမ်းထွက်လာသူများထံတွင် အစားအသောက် ကောင်းကောင်းမွန်မွန် ပါလေ့မရှိပေ။





နီမောင်က ၎င်းအိတ်အတွင်းမှာ စမ်းကြည့်တော့ အမေထည့်ပေးလိုက်သော ကောက်ညှင်းကျည်တောက်တစ်ပိုင်းကို တွေ့ရသဖြင့် ထုတ်ယူလိုက်သည်။

"ကျွန်တော့်မှာ အစားအသောက်ကောင်းကောင်းတော့ မရှိပါဘူး၊ ကောက်ညှင်းကျည်တောက်တစ်ပိုင်းပဲ ရှိပါတယ်၊ အဘိုး စားပါ"

ဟု ပြောကာ လှမ်းပေးလိုက်ရာ အဘိုးအိုက လှမ်းယူလိုက်သည်။

"ဒါထက် အဘိုးက ဒီတောထဲမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲဟင်"

"အမိဋ္ဌာန်ဝင်နေတာပါ"

"ဟင်. . . အမိဋ္ဌာန်ဝင်နေတာ ဟုတ်လား၊ ဘယ်နေရာမှာလဲဟင်"

"ဆင်သချိုင်းထဲမှာ"

"ဆင်သချိုင်းမှာ. . . ဆင်သချိုင်းက ဘယ်နေရာမှာလဲဟင်"

"ကိုးလောင်းတောင်ကြားမှာ"

အဘိုးအိုက ကောက်ညှင်းကျည်တောက်ကို စားရင်း အေးအေးဆေးဆေး ပြန်ဖြေသည်။

"အဘိုး. . . ကိုးလောင်းတောင်ကြားမှာ ဆင်သချိုင်း ရှိတယ်ဆိုတာ တကယ်ပဲလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ရှိတာပေါ့ ငါ့မြေးရဲ့"

"ကျွန်တော်တို့တော့ သတင်းသာကြားဖူးပြီး တစ်ခါမှ မတွေ့ဖူးသေးဘူး၊ တခြားသူတွေလည်း ဆင်သင်္ချိုင်းကို တွေ့ဖူး ရောက်ဖူးတယ်လို့ မကြားမိသေးဘူး"

"ဆင်သင်္ချိုင်းဆိုတာ သာမန်လူတွေ တွေ့နိုင်တဲ့နေရာမှ မဟုတ်တာ . . . ဘယ်တွေ့နိုင်ပါ့မလဲ"

"ဘာကြောင့်လဲဟင်"

"ဆင်ဆိုတာ တိရစ္ဆာန်ဆိုပေမယ့် မြင့်မြတ်တဲ့တိရစ္ဆာန်ထဲမှာ ပါတယ်၊ ထို့အတူ ဆင်စွယ်ဆိုတာလည်း ဆင်တွေရဲ့ အထွဋ်အမြတ်ဆုံးပစ္စည်းပဲ မဟုတ်လား"

"ဟုတ်ပါတယ် အဘိုး"

"ဆင်ဆိုတာ ဂုဏ်ရှိရဆန်တဲ့တိရစ္ဆာန်မျိုးပဲ၊ အကောင်ကြီးပြီး ခွန်အားဗလကောင်းပြီး ဘယ်သတ္တဝါမဆို အနိုင်ယူနိုင်ပေမယ့် ဘယ်တိရစ္ဆာန်ကိုမှ ညှင်းပန်းနှိပ်စက်မှု မပြုဘူး၊ သူတစ်ပါးအသက် အသွေးအသားနဲ့ အသက်မွေးမှု မပြုဘူး၊ သူ့ကို ရန်မူလာမှသာ တိုက်ခိုက်လေ့ရှိတယ်၊ အကြောင်းမဲ့တော့ ဒုက္ခပေးလေ့ မရှိဘူး"

"မှန်ပါတယ်"

"ဆင်ဟာ မွေးလာကတည်းက သေဆုံးသွားတဲ့အချိန်အထိ သူ့ရဲ့အစွယ်နှစ်ချောင်းကို သိပ်ပြီးတန်ဖိုးထားတယ် တခြားမကြည့်နဲ့ . . . ဟိုင်းဆင်နဲ့စွယ်စုံဆင်တို့ တိုက်ခိုက်ကြတဲ့ အခါ စွယ်စုံဆင် ရှုံးရင် အစွယ်နှစ်ချောင်းကို အချိုးမခံဘူး၊ ဖြေ





ကြီးထဲ ထိုးစိုက်သွင်းပြီး အသက်အသေခံသွားတာ ကြည့်ရင် အသက်ထက် အစွယ်နှစ်ချောင်းကို ပိုပြီးတန်ဖိုးထားတယ်ဆိုတာ သိသာပါတယ်"

နီမောင်မှာ တစ်သက်လုံး ဆင်ဖမ်းသမား လုပ်ခဲ့သော်လည်း ထိုအကြောင်းများကို သတိမထားမိပေ။

"ဆင်သင်္ချိုင်းကို လူတွေ ရှာမတွေ့နိုင်ဘူးဆိုတာ တခြားတော့ မဟုတ်ဘူး၊ ဆင်တွေရဲ့အဓိဋ္ဌာန်ပြုထားခဲ့တဲ့ သစ္စာကြောင့်ပဲ၊ သူတို့ သေခါနီးပြီဆိုရင် ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် ဆင်သင်္ချိုင်းရှိတဲ့နေရာကို အရောက်ပြန်လေ့ရှိတယ်၊

ဆင်သင်္ချိုင်းရောက်တော့မှ သူတို့ရဲ့အစွယ်ကို ဘယ်သူမှ မရပါစေနဲ့၊ အကယ်၍ ဆင်စွယ်ကို ဝင်ရောက်ဖျက်ဆီးသူတွေလည်း အသက်သေဆုံးပါစေလို့ သစ္စာဓိဋ္ဌာန်ပြုပြီးမှ အသက်သေလေ့ရှိတော့ သူတို့ရဲ့အစွယ်ကို ဘယ်သူမှ ယူလို့မရနိုင်တာပေါ့ကွယ်"

ဟု ပြောပြတော့မှ နီမောင်မှာ များစွာအံ့ဩသွားလေတော့သည်။

သူတို့သိထားသည်မှာ . . .

ဆင်သင်္ချိုင်းဆိုတာ ရှိသော်လည်း သာမန်လူတွေ ရှာမတွေ့နိုင်သော နေရာတစ်ခုဟုပင် သိထားလေရာ ယခုကဲ့သို့ မသိရပေ။

"ကျွန်တော်တို့ သိထားတာက ဆင်သင်္ချိုင်းကို ဥတေန (ဥတိန္န)နတ်မင်းက ကွယ်ဝှက်ထားလို့သာ မတွေ့နိုင်တာလို့ ထင်



www.burmeseclassic.com

www.burmeseclassic.com



နေကြတာ၊ အခု အဘပြောမှပဲ ဆင်တွေရဲ့အမိဋ္ဌာန်ကြောင့် မတွေ့ရတာဆိုတာကို သိရတော့တယ်၊

ဒါထက် တိရစ္ဆာန်တွေက ဒီလိုပဲ သစ္စာဓိဋ္ဌာန်ပြုလို့ ရသလားဟင် အဘိုး"

"ရတာပေါ့ ငါ့မြေးရယ်၊ ရှေးက ရာဇဝင် ဇာတ်တော်တွေထဲမှာ တိရစ္ဆာန်တွေ သစ္စာပြုလို့ ဘေးအန္တရာယ်တွေ လွတ်ခဲ့တဲ့ သာဓကတွေ အများကြီးရှိတာပဲ၊ တိရစ္ဆာန်က လူလို စကားမပြောနိုင်လို့သာ မသိရတာ၊ သူတို့ရဲ့သစ္စာဆိုတာကလည်း ထက်မြက်မှု ရှိလှပါတယ်"

"ကျွန်တော်တို့မှာ ဆင်းရဲလွန်းတော့ ဆင်ဖမ်းတဲ့အလုပ်ကို တစ်သက်လုံး လုပ်ခဲ့ရတယ်၊ ဒီအတိုင်းဆိုရင် ဆင်တွေရဲ့ ကျိန်စာတွေကို မထိဘူးလို့ မပြောနိုင်ဘူးပေါ့နော်"

နီမောင်က ထိတ်လန့်စွာ မေးလိုက်သည်။

ထိုအခါ အဘိုးအိုက သဘောကျစွာ ပြုံးလိုက်လေသည်။

"တကယ်လို့ ကျိန်စာမသင့်ဘူးဆိုရင်တောင် ဝဋ်ကြွေးတော့ ထိမှာ သေချာတာပေါ့"

"ဗျာ. . . ဘယ်လိုဝဋ်ကြွေးထိတာလဲဟင်"

"ဆင်ဆိုတာလည်း တိရစ္ဆာန် ဖြစ်ပေမယ့် သက်ရှိသတ္တဝါတစ်ကောင်ပဲ မဟုတ်လား၊ သူ့မှာ မိသားစုတွေ၊ သားသမီးတွေ ရှိတာပဲပေါ့။ မိသားစုတွေနဲ့အဖော်တွေနဲ့ ချစ်ချစ်ခင်ခင်နေချင်စိတ် ရှိမှာပေါ့၊





ဒါကို လူတွေက အတင်းအဓမ္မ ဖမ်းဆီးယူလာကြတယ်၊ သားသမီးကို ဖမ်းလာရင် မိဘကျန်ခဲ့မယ်၊ မိဘကို ဖမ်းလာရင် သားသမီးတွေက မိတကွဲ ဖတကွဲ ကျန်ခဲ့ကြမယ်၊ ဒီဝဋ်ကြွေးတွေက မထိဘူးလို့ ဆိုနိုင်ပါ့မလား"

"မှန်ပါတယ် အဘိုး"

"ဒါကြောင့် ဆင်တွေရဲ့ကျိန်စာ မထိရင်တောင် ကိုယ်ပြုခဲ့တဲ့ ဝဋ်ကြွေးတော့ ပြန်ဆပ်ရမှာပေါ့၊ ဝဋ်ကြွေးရှိရင် ချေရတယ်၊ ကံကြွေးရှိရင် ဆပ်ရတယ်ဆိုတဲ့စကား ရှိတယ်"

ထိုစကားကြောင့် နီမောင်မှာ အတော်ဝင် ထိတ်လန့်သွားလေသည်။

တစ်သက်လုံး ဆင်ဖမ်းလာခဲ့သော်လည်း ဆင်းရဲတွင်းက အခုထိ မလွတ်မြောက်နိုင်ခြင်းမှာ ဆင်တွေ၏ကျိန်စာ သင့်နေလေသလားဟု တွေးမိသည်။

သူ့ရှေ့တွင် ရပ်နေသော အဘိုးအိုက နီမောင်ပေးသည့် ကောက်ညှင်းကျည်တောက်တစ်ပိုင်းကို ကုန်အောင်စားလိုက်သည်။

နီမောင်က အဘိုးအိုကို တစ်ချက်ကြည့်လိုက်ပြီး. . .

"ဆင်သချိုင်း ရှိတယ်ဆိုရင် ကြည့်ချင်လိုက်တာ အဘိုးရယ်"

ဟု ပြောလိုက်သည်။

"မင်းကြည့်ချင်သပဆိုရင် ခေါ်သွားလို့ ရပါတယ်၊ ဒါပေမယ့် တစ်ခုတော့ ကတိပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com

“ဘယ်လိုကတိမျိုးလဲ အဘိုး”

“ဆင်စွယ်တွေ မြင်ရင် လိုချင်တပ်မက်တဲ့စိတ်မျိုး မရှိဖို့နဲ့ မမြင်ရတဲ့ ဝိညာဉ်တွေကို မေတ္တာပို့ပေးရမယ်”

“ဆင်စွယ်တွေ မြင်ရင် လိုချင်တဲ့စိတ်မျိုး မထားပါဘူး၊ မမြင်ရတဲ့ ပရလောကသားတွေကိုလည်း မေတ္တာပို့ပေးပါ့မယ်”

“ကောင်းပြီ. . . နောက်တစ်ချက်လည်း ရှိသေးတယ်၊ မကြာခင်မှာ ဆင်သင်္ချိုင်းရှာမယ့် ဝိသမ လောဘသားတွေ ရောက်လာကြလိမ့်မယ်၊ အဲဒီအခါမှာ မင်းအနေနဲ့ ဆင်သင်္ချိုင်း ရှိတဲ့နေရာကို ပြောမပြဖို့ အရေးကြီးတယ်”

“ကျွန်တော် ဘယ်သူ့ကိုမှ မပြောပါဘူး”

“ငါ အခု ဒီကိုလာတာ မင်းကို အဲဒါ သတိပေးချင်လို့ လာတာပဲ၊ ကဲ. . . အဘိုးနောက်က လိုက်ခဲ့ပေတော့”

ဟု ပြောကာ နှင်းတောထဲသို့ ထွက်သွားရာ နီမောင်လည်း နောက်မှ လိုက်သွားလေတော့သည်။

အမှန်တော့ ဟူးကောင်းချိုင့်ဝှမ်းတကြောတွင် သူတို့ မရောက်ဖူးသောနေရာ မရှိသလောက် ဖြစ်သော်လည်း ယခု အဘိုးအို ခေါ်သွားသောလမ်းများမှာ သူမရောက်ဖူးသေးပေ။

အဘိုးအိုက နှင်းများ ဖုံးလွှမ်းနေသော သစ်တောအုပ်များကြားမှ ခေါ်ဆောင်သွားရာ နောက်ဆုံး ကိုးလောင်းတောင်ကြားဝသို့ ရောက်သွားလေတော့သည်။

သူတို့ရောက်သွားသောအချိန်မှာ ကိုးလောင်းတောင်ကြားအတွင်း၌ အမှောင်ရိပ်များ ဖုံးလွှမ်းနေသည်။





အမှောင်ရိပ်များထဲမှာ သွားလာနေကြသော မည်းမည်းသဏ္ဌာန်များကို လှမ်းမြင်ရသည်။

အနီးရောက်မှ သေသေချာချာ ကြည့်သောအခါ အမှောင်ရိပ်ထဲမှာ သွားလာလှုပ်ရှားနေသော မည်းမည်းသဏ္ဌာန်များမှာ လူများ မဟုတ်ဘဲ ပုံသဏ္ဌာန်အမျိုးမျိုး ရှိနေကြသော ပရလောကသားများ ဖြစ်နေသည်ကို အံ့သြဖွယ်ရာ တွေ့ရလေသည်။

“ဟင်. . . ကိုးလောင်းတောင်ကြားထဲမှာ ပရလောကသားတွေ အများကြီး ရှိနေပါလား”

ဟု စိတ်ထဲမှာ တွေးမိလေသည်။

အဘိုးက ဘာကိုမှ ဂရုမစိုက်ဘဲ တောင်ကြားလမ်း အတွင်းသို့ ဝင်သွားလေရာ မည်းမည်းသဏ္ဌာန်များက အဝေးသို့ လမ်းဖယ်ပေးကြလေသည်။

နီမောင်က ၎င်းတို့မျက်နှာများကို ကြည့်သောအခါ သဲကွဲစွာ မမြင်ရဘဲ ဝေ့ဝါးလျက်ရှိနေသည်။

တစ်ခါတစ်ခါမှာလည်း သူနှင့် မလှမ်းမကမ်းနေရာအထိ ရောက်လာပြီး လက်ကို လှမ်းဆွဲတော့မလို ရှိနေသည်။

နီမောင်စိတ်ထဲမှာ သူ့လက်ကို ဖမ်းဆွဲလိုက်မှာကို စိုးရိမ်နေမိသည်။

အတွင်းပိုင်းသို့ ရောက်လာသောအခါ ကျဉ်းလာသည်။

နောက်ဆုံး ချောက်ကမ်းပါးပေါ်မှ တဝုန်းဝုန်းနှင့် စီးကျနေသော ရေတံခွန်ရှိရာသို့ ရောက်သွားကြသည်။

www.burmeseclassic.com



အဘိုးအိုက ရေတံခွန်အတွင်းသို့ တိုးဝင်သွားရာ နီမောင်ကလည်း နောက်မှ ဝင်လိုက်သွားသည်။

ရေတံခွန်အတွင်းမှ တိုးဝင်သွားသော်လည်း ၎င်းကိုယ်ပေါ်သို့ ရေတစ်စက်မျှ မစိုခြင်းမှာ အံ့သြဖွယ်ရာဖြစ်သည်။

ရေတံခွန်အတွင်းသို့ ရောက်သောအခါ ဂူကြီးအတွင်းသို့ ရောက်သွားလေသည်။

ဂူအတွင်း၌ မှောင်မည်းနေသည်။

ကျယ်ဝန်းလှသော ဂူကြီးအတွင်း၌ ကျောက်စွန်းကျောက်စွယ်များက ပြည့်နေသည်။

ဂူအမိုးပေါ်မှ ကျနေသော ကျောက်စွန်းများမှာ ပုံသဏ္ဍာန် အမျိုးမျိုးရှိနေသည်။

ကျောက်အမျိုးအစားမှာ ထုံးကျောက်ဖြစ်သောကြောင့် အဖြူရောင်အရုပ်များမှာ လူတို့ထုလုပ်ထားသကဲ့သို့ အသက်ဝင်လှသည်။

နဂါး၊ ဂဠုန်၊ ဆင်၊ ဘီလူး အစရှိသော ပုံသဏ္ဍာန်များပေါ်နေလေသည်။

ဂူအတွင်း၌ မှောင်နေသည်ဆိုသော်လည်း မည်သည့်နေရာမှ ဝင်လာမှန်း မသိရသော အလင်းရောင်အချို့ကြောင့် ဝိုးတဝါး မြင်နိုင်လေသည်။

ဂူအတွင်းပိုင်းမှာတော့ ကျောက်ဂူနံရံ၌ မှီရပ်နေသော ဆင်ကြီးများကို မြင်ရသည်။

အတွင်းပိုင်း၌ အပုတ်နံ့များကလည်း ရှိနေသည်။





ဆင်ကြီးများမှာ တစ်ကောင်နှင့်တစ်ကောင် ထိလုမတတ် ရှိပြီး ဂူနံရံ၌ မှီကာ မလှုပ်မယှက် ရှိနေကြသည်။

"ဒါ မင်းတွေ့ချင်တဲ့ ဆင်သင်္ချိုင်းပဲ၊ တစ်ချို့က သေတာကြာပြီ၊ တစ်ချို့က မကြာသေးဘူး၊ ဆင်ဆိုတာ သူ့သဘာဝအလျောက် သေတယ်ဆိုရင် အခုလိုပဲ ဂူနံယံမှာ မှီပြီး သေလေ့ရှိတယ်၊ ဟိုဘက်မှာတော့ သေပြီးသားဆင်တွေရဲ့ ဆင်စွယ်တွေရှိတယ်၊ လာ. . . လိုက်ခဲ့"

ဟု ခေါ်သွားပြီး တစ်နေရာရောက်သောအခါ ကျောက်ဂူကြမ်းပြင်ပေါ်မှာ တောင်ပုံရာပုံ ဖြစ်နေသော ဆင်အရိုးနှင့် ဆင်စွယ်များကို ပြလေသည်။

အဖြူရောင်ရှိသည့် ဆင်အရိုးများမှာ နေရာအနှံ့မြောက်မြားစွာ ရှိနေသလို အကြီးအသေး အရွယ်အစားအမျိုးမျိုးရှိသော ဆင်စွယ်များကလည်း ကျောက်ဂူကြမ်းပြင်ပေါ်မှာ အနှံ့အပြား ရှိနေလေသည်။

"ဆင်စွယ်တွေ မနည်းပါလား၊ ဒီဆင်စွယ်တွေ ရတဲ့လူကတော့ ချမ်းသာမှာပဲ"

ဟု စိတ်ထဲမှ တွေးမိလိုက်သည်။

ထိုအခါ အဘိုးအိုက ပြောသည်။

"ဒီဆင်စွယ်တွေကို ဘယ်သူမှ ယူလို့မရပါဘူးကွယ်၊ မင်းဝင်လာတုန်းက ဂူပေါက်ဝမှာ ပရလောကသားတွေ မြင်ခဲ့ရဲ့မဟုတ်လား၊ ဘယ်သူမဆို ဆင်စွယ်တွေကို ယူဖို့ စိတ်ကူးနဲ့ ဒီနေရာကို ရောက်လာတာနဲ့ သေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

နီမောင်က သူ့စိတ်ထဲမှာ တွေးနေသည်ကို အဘိုးအိုက သိနေသဖြင့် များစွာအံ့ဩသွားလေတော့သည်။

"ငါ့မြေးကို ဒီနေရာကို ခေါ်ပြတာ တခြားမဟုတ်ဘူး၊ မင်းက ဒီနေရာနဲ့ အဆက်အသွယ် ရှိခဲ့ဖူးတဲ့ လူတစ်ယောက်ပဲ၊ တစ်ချိန်ချိန်မှာ မင်းအနေနဲ့ ဒီနေရာနဲ့ ပတ်သက်မှုတွေ ရှိလာနိုင်တယ်၊ အဲဒီအချိန်ကျရင် ဒီနေရာကို အကာအကွယ် ပေးရလိမ့်မယ်"

"ဟုတ်. . ဟုတ်ကဲ့"

"နောက်တစ်ချက်က မင်းအနေနဲ့ အကုသိုလ်ဝဋ်ကြွေး မပါတဲ့ အသက်မွေးဝမ်းကျောင်းပြုမှုတွေနဲ့ အသက်မွေးဝမ်းကျောင်းပြုဖို့လည်း ကြိုးစားပေတော့"

"ဟုတ်. . ဟုတ်ကဲ့"

"ကဲ. . . ငါ့မြေးပြန်ပေတော့"

"ဗျာ. . . ဘယ်နေရာက ပြန်ရမလဲဟင်"

"အခုလာတဲ့လမ်းအတိုင်း ပြန်ပေါ့"

"ဂူဝမှာ ရှိတဲ့ မကောင်းဆိုးဝါးတွေက အန္တရာယ်ပေးရင် ဘယ့်နှယ့်လုပ်ရမလဲ အဘိုး"

"မင်းကို ဘယ်သူကမှ အန္တရာယ် မပေးစေရပါဘူးကွယ်၊ စိတ်အေးလက်အေးသာ ပြန်ပေတော့"

ဟု ပြောသဖြင့် နီမောင်လည်း ဂူအတွင်းမှ ပြန်ထွက်လာခဲ့လေသည်။






သူပြန်ထွက်လာတော့ ပရလောကသားများကို မတွေ့ရတော့ပေ၊ ထိုအချိန်မှာပင် မြင်ကွင်းများက ဝေ့ဝါး ပျောက်ကွယ်သွားပြီးနောက် အိပ်မက်မှ ပြန်နိုးလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၀)

# မျက်ဝန်းရိပ်မှ ချစ်အဓိပ္ပာယ်

ဟူးကောင်းချိုင့်ဝှမ်းနယ်တကျောရှိ လူပျိုလှည့်သော ဓလေ့များနှင့် မင်္ဂလာဆောင် အခမ်းအနားများမှာ တစ်နေရာနှင့်တစ်နေရာ ဒေသတစ်ခုနှင့်ထစ်ခု သိပ်မကွာလှပေ။

လူပျိုလူရွယ်များက မိန်းမပျိုများကို လွတ်လပ်စွာ ပိုးပန်းနိုင်ခွင့် ရှိသလို လွတ်လပ်သောမိန်းကလေးများအား အုပ်ထိန်းသူမိဘများထံတွင် လွတ်လပ်စွာ တောင်းရမ်းနိုင်ပေသည်။

မိန်းကလေးရှင်များထံ သွားရောက်၍ စကားကမ်းလှမ်းပြီး အုပ်ထိန်းသူမိဘများက လက်ခံလျှင် မိန်းကလေးကို အသိ



www.burmeseclassic.com

www.burmeseclassic.com



ပေးရသည်။ မိန်းကလေးက လက်ခံလျှင် လက်ထပ်ထိမ်းမြားခွင့်ရှိလေသည်။ အကယ်၍ မိဘများချင်း ရင်းနှီးမှု ရှိပါက ကြားထဲမှ အောင်သွယ်ပြောပေးနိုင်သူကို အရင်လွှတ်ပေးရသည်။

ကြားအောင်သွယ်နှင့် အဆင်ပြေပြီဆိုတော့မှ အမိက သက်ဆိုင်သူများက သွားရလေသည်။

ယခုလည်း ဦးခွန်ဘရင် အိမ်ရှိ အလုပ်သမားအချို့မှာ ဧည့်သည်များ လာမည်ဆိုသဖြင့် မိမိတို့အိမ်ကို သင့်တော်အောင် ပြင်ဆင်နေကြသည်။ ထိုအထဲတွင် နီမောင်တို့လည်း ပါသည်။

နေ့လည်ဘက်တွင် ဧည့်သည်များ ရောက်လာကြသည်။

အခြားသူများ မဟုတ်ကြပေ။

ရှင်ဗေယန်ရွာထဲမှ ဦးရတန် ခေါင်းဆောင်သော ဧည့်သည်များဖြစ်သည်။

ထိုအခါမှပင် မြနှင်းဖြူမှာ အကျိုးအကြောင်း သိရလေတော့သည်။ ထိုသို့သိရသည့်အချိန်မှာ ဧည့်သည်များက အိမ်ပေါ်သို့ပင် ရောက်လာကြချေပြီ။

"အဖေ . . သူတို့က ဘာလာလုပ်ကြတာလဲ"

"သမီးနဲ့ စေ့စပ်ကြောင်းလမ်းဖို့ လာကြတာလေ"

"ဟင် . . အဖေ၊ သမီးကိုလည်း ဘာမှအသိမပေးပါလား"

မြနှင်းဖြူက အလန့်တကြား ပြောသည်။

"ဖေဖေလည်း ကြိုမသိရပါဘူး၊ သူတို့က လာခါနီးတော့မှ လာခဲ့မယ်လို့ အကြောင်းကြားတာလေ"





ဦးခွန်ဘရင်ကတော့ အရေးမကြီးသလို ပြောရင်း ဆေးတံအတွင်းသို့ ဆေးတစ်ဆုံ ဖြည့်ရင်း မီးညှိလိုက်သည်။

"သူတို့သဘောနဲ့ သူတို့လာပြီး စေ့စပ်ရင်လည်း သမီးကတော့ လက်မခံနိုင်သေးဘူး၊ အိမ်ထောင်ပြုဖို့ စိတ်မဝင်စားသေးဘူး"

"ဦးရတန်တို့က အဖေတို့နဲ့ အဆင့်အတန်း တူကြတာပဲ၊ သူတို့လည်း ဆင်ပိုင်ရှင်၊ အဖေတို့ကလည်း ဆင်ပိုင်ရှင် မဟုတ်လား၊ သူ့သား စောခွန်ကြာဆိုတဲ့ ကောင်လေးကလည်း မဆိုးလှဘူး မဟုတ်လား"

"စောခွန်ကြာက ဘာအလုပ်မှ လက်ကြောတင်းအောင် လုပ်ချင်တဲ့သူမျိုး မဟုတ်ဘူး၊ မိဘတွေက ပိုက်ဆံရှိတော့ ထားလိုက်တဲ့ ရည်းစားတွေကလည်း သူနဲ့ လွတ်တာကို မရှိသလောက်ပဲ၊ သမီးရဲ့အိမ်ထောင်ဖက်က အဲဒီလို လက်ကြောမတင်းတဲ့အပြင် သစ္စာမရှိတဲ့လူမျိုး မဟုတ်စေရဘူး"

ဟု မြနှင်းဖြူက အပြတ်ပြောသည်။

တကယ်တော့ စောခွန်ကြာမှာ သူမနှင့် တစ်ရွာတည်းသားဖြစ်သည်။

သို့သော် စောခွန်ကြာက ရွာမှာ သိပ်မနေပေ၊ မိဘများက ပိုက်ဆံရှိသဖြင့် ဘာအလုပ်မှ မလုပ်ဘဲ တနိုင်းမှာ ရှိသော ဆွေမျိုးများထံမှာ သွားနေရင်း ကျောင်းတက်နေသူဖြစ်သည်။

ရွာသို့ မကြာခဏ ပြန်လာလေ့ရှိပြီး ရွာမှ ချောမောလှပသော မိန်းကလေးများအား မလွှတ်တမ်း ပိုးပန်းယူလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



စောခွန်ကြာက ရုပ်ရည်ကလည်း အသင့်အတင့်ရှိသည့်အပြင် မိဘက ပိုက်ဆံရှိသဖြင့် မည်သည့်မိန်းကလေးမဆို ၎င်းက စိတ်ဝင်စား၍ ချဉ်းကပ်ပါက ရလေ့ရှိသည်။

မြနှင်းဖြူက လုံးဝလက်မခံပေ။

သို့သော်လည်း စောခွန်ကြာက လက်မလျှော့ဘဲ ရွာသို့ ပြန်ရောက်သည့်အခါတိုင်း မလျှော့သော ဇွဲလုံ့လဖြင့် လာရောက်လေ့ရှိသည်။

ယခုတစ်ခါမှာတော့ နည်းဗျူဟာက ပြောင်းလာတော့သည်။ လူပျိုလှည့်တာ အဆင်မပြေသဖြင့် မိဘများကို လာရောက် တောင်းခိုင်းခြင်းပင်ဖြစ်ပေသည်။

ယခုတော့ ဦးရတန်ကိုယ်တိုင် လိုက်လာသဖြင့် ဦးခွန်ဘရင်တို့က ကောင်းမွန်စွာ ဧည့်ခံကြရသည်။

နီမောင်တို့ အလုပ်သမားများက လိုအပ်သောကိစ္စများကို လုပ်ပေးကြရသည်။

ဧည့်သည်များ အိမ်ပေါ် တက်သွားသောအခါ မဲအောင်က မေးသည်။

"ဘာလာလုပ်ကြတာလဲ"

"ငါဘယ်သိပါ့မလဲ"

"မဟုတ်မှလွဲရော. . . ဟိုလူရှုပ် စောခွန်ကြာပါ ပါလာပုံထောက်တော့ သားရေးသမီးရေးကိစ္စအတွက် ဖြစ်မယ်ထင်တယ်"

"ဟုတ်မှာပေါ့"





"ဒီအတိုင်းသာ မှန်ရင်တော့ မင်းတော့ ခက်ပြီ"

"ငါနဲ့ ဘာဆိုင်လို့ ခက်ရမှာလဲ"

ငမဲအောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"လူချင်း မသက်ဆိုင်သေးပေမယ့် စိတ်ချင်းတော့ သက်ဆိုင်နေကြတာပဲ၊ မင်းကလည်း မြနှင်းဖြူကို ကြိတ်ပြီးစိတ်ဝင်စားနေတယ်၊ မြနှင်းဖြူကလည်း မင်းအပေါ်မှာ စိတ်ဝင်စားနေကြတာ ငါတို့အားလုံး ရိပ်မိနေကြတာပဲ၊ တစ်ယောက်နဲ့တစ်ယောက်က ပါးစပ်က ဖွင့်ပြောမှ မဟုတ်ဘူး၊ စိတ်ထဲက အလိုလို သိနေကြတာကိုက အချစ်ရဲ့လျှို့ဝှက်ချက်တစ်ခုပဲကွ"

"တော်ပါတော့ ငမဲအောင်ရယ်၊ မင်းရဲ့အချစ်ဒဿနတွေကို ရပ်ပါတော့၊ ဟိုမှာ တစ်ယောက်က ယောကျ်ားတောင်ရတော့မယ့်ဥစ္စာ၊ အခုထိ ပြောတုန်းပဲလား"

ထိုစကားကြောင့် ငမဲအောင်မျက်နှာကြီးမှာ ရှုံ့မဲ့သွားလေသည်။

"မင်း အဲဒါကြောင့် ခက်တာပေါ့၊ မင်းဟာ ဆင်ဖမ်းတဲ့နေရာမှာ တော်သလောက် အချစ်စမ်းတဲ့နေရာမှာတော့ အတော်ကို ညံ့သေးတယ်၊ ဒီမှာ မိန်းကလေးတစ်ယောက်ရဲ့လွတ်လပ်ခွင့်ဆိုတာ တခြားသူနဲ့ လက်ထပ်တဲ့အဆင့် မရောက်မချင်း ကြိုးစားပိုင်ခွင့်ရှိတယ်၊

သူ့ဘဝနဲ့ ရင်းပြီး ဆုံးဖြတ်ရတဲ့ကိစ္စမျိုးကို မိန်းကလေးတစ်ယောက်က လွယ်လွယ်ကူကူနဲ့ ခေါင်းညိတ်မယ်လို့များ မင်းထင်နေသလား၊ အေး. . . အဲဒီလို လွယ်လွယ်ခေါင်းညိတ်တတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မိန်းကလေးမျိုးရဲ့အချစ်ကလည်း တန်ဖိုးမရှိဘူး၊ မခိုင်မြဲဘူး၊ မြနှင်းဖြူဟာ အဲဒီလို လွယ်လွယ်နဲ့ ဆုံးဖြတ်မယ့် မိန်းကလေးမျိုးထဲမှာ မပါဘူး"

ထိုစကားကြောင့် နီမောင့်ရင်ထဲမှာ မျှော်လင့်ချက်တစ်ခုဖြင့် ဆက်နွယ်နေသည့် အင်အားသစ်များ တိုးလာသလို ခံစားလိုက်ရသည်။

ထိုအခါ စောထီးကပါ ဝင်ပြောသည်။

"ဟုတ်တယ် နီမောင်ရ၊ မြနှင်းဖြူဟာ ငါတို့နဲ့ ငယ်ငယ်ကတည်းက အတူနေလာတာပဲ၊ သူက မဟုတ်မခံစိတ် ရှိသလို မာနလည်း ရှိတယ်၊ ငါ့အထင်တော့ စောကြာခွန်နဲ့ ပတ်သက်တဲ့ ကိစ္စကို သူ လွယ်လွယ်နဲ့တော့ လက်ခံလိမ့်မယ် မထင်ဘူး"

"တကယ်လို့ အဲဒီလို လွယ်လွယ်နဲ့ လက်ခံသွားတော့လည်း ပိုကောင်းတာပေါ့ကွ၊ သူ့သဘောထားကို သိရတာပေါ့"

ဟု ပြောဆိုနေကြသည်။

စောထီးတို့ တွေးထင်သလိုပင် အိမ်ပေါ်မှာလည်း စေ့စပ်ကြောင်းလမ်းခြင်းကိစ္စက အဆင်မပြေကြပေ။

ဦးရတန်တို့ဘက်မှ သားရေးသမီးရေးကိစ္စ ပြောဆိုကမ်းလှမ်းလာသောအခါ ဦးခွန်ဘရင်တို့က မိဘဝတ္တရားအရ လက်ခံသော်လည်း မိန်းကလေး၏ဆန္ဒကို မေးမြန်းသောအခါ မြနှင်းဖြူက ခါးခါးသီးသီး ငြင်းဆန်လေသည်။

"လက်ထပ်ဖို့ ကမ်းလှမ်းတဲ့ကိစ္စကို ကျွန်မအနေနဲ့ လက်မခံနိုင်ပါဘူး"





"ဘာဖြစ်လို့လဲကွယ်. . . ကျုပ်သားကို လက်ခံရင် ရွှေနဲ့ ငွေအပြင် ဆင်တွေကိုပါ တင်တောင်းမှာပါ"

ဦးရတန်က သူလုပ်ပေးမည့် အစီအစဉ်ကို ပြောပြသည်။

"အခုလို ကျွန်မအတွက် တန်ဖိုးထားပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် စောခွန်ကြာနဲ့ ကျွန်မနဲ့က တစ်ယောက်အကြောင်းကို တစ်ယောက်က ဘာမှ မသိကြရသေးတာ၊ ချက်ချင်းကြီး လက်ထပ်ဖို့တော့ မဖြစ်သေးပါဘူး"

ဟု ပြောသဖြင့် ဦးရတန်တို့မှာ မျက်နှာပျက်သွားကြသည်။

သူ့အထင်မှာ သူ့လို ရှင်ဘွေယန်ရွာ၏ပိုက်ဆံချမ်းသာသူ စာရင်းဝင်တစ်ယောက်က ကမ်းလှမ်းလာပါက မိန်းကလေးဘက်မှ ဝမ်းသာအားရ လက်ခံမည်ဟု ထင်ထားခဲ့သည်။

ယခုတော့ အထင်နှင့်အမြင် လွဲခဲ့ရချေပြီ။

လူကြီးများကတော့ အခင်အမင် မပျက်စေလိုသောသဘောဖြင့် အိမ်ပေါ်မှာ စကားဆက်ပြောနေကြစဉ် စောခွန်ကြာနှင့် မြနှင်းဖြူတို့က တစ်နေရာမှာ စကားပြောကြသည်။

"မြနှင်းဖြူရယ်. . . ငါက မိဘတွေနဲ့အတူ ခေါ်လာပြီးမှ နင့်အနေနဲ့ အခုလို ငြင်းဖို့မသင့်ပါဘူးဟာ၊ ငါ့အပေါ်မှာ ဘာများငြင်းပယ်စရာ ရှိလို့လဲ၊ နင့်အနေနဲ့ ရွှေပဲလိုလို ငွေပဲလိုလို ငါ့အနေနဲ့ အားလုံးပေးနိုင်တာပဲ"

"နင်မှားနေပြီ စောခွန်ကြာ၊ ငါက ရွှေငွေမက်တဲ့ မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်မှ မဟုတ်တာ၊ နင်အရင်တွေ့ဖူးတဲ့မိန်းကလေး အတော်များများက သူတို့ လိုချင်တဲ့ရွှေငွေ ပေးလိုက်တာနဲ့ နင့်အလိုကျ ဖြစ်ခဲ့လို့ မိန်းကလေးအားလုံးကို ဒီလိုချည်းပဲလို့ နင်ထင်နေတာ မဟုတ်လား"

"ဒီလိုသဘောမျိုးတော့ မဟုတ်ပါဘူး၊ နင့်ကို တင့်တောင့်တင့်တယ် ထားနိုင်တယ်လို့ ပြောတဲ့အဓိပ္ပါယ်မျိုးပါ"

"ဘာပဲဖြစ်ဖြစ်လေ. . . ငါ့အနေနဲ့ကတော့ ကိုယ်နဲ့လက်ထပ်မယ့် ယောကျ်ားတစ်ယောက်ဟာ မိဘရှာဖွေထားတဲ့ ဥစ္စာပစ္စည်းတွေ မရှိပေမယ့် ကိုယ်ပိုင်အရည်အချင်းရှိတဲ့ ယောကျ်ားမျိုးတော့ ဖြစ်စေချင်တယ်၊ နောက်တစ်ချက်က ငါကိုယ်တိုင် နှစ်သက်သဘောကျတဲ့လူမျိုးဖြစ်မှ လက်ထပ်ချင်တယ်"

"နင်က ငါ့ကို မချစ်နိုင်ဘူးလား"

"နင့်ကို ချစ်နိုင်ဖို့ဆိုတာထက် ငါ့အတွေးထဲမှာတောင် မရောက်လာသေးဘူး"

"မြနှင်းဖြူ နင်အတော်မာနကြီးပါလား၊ တစ်နေ့တော့ နင့်ရဲ့မာနတွေ အစွယ်ကျိုးသွားအောင် ငါချိုးပြမယ်၊ နင့်ကို မရ ရအောင် လက်ထပ်ပြမယ်"

ဟု ပြောဆိုကြိမ်းမောင်းကာ နေရာမှ ထသွားလေသည်။

မြနှင်းဖြူကတော့ ဒေါသဖြစ်လျက် တရှုးရှုး တရှားရှား ဖြစ်ကာ ထပြန်သွားသော စောခွန်ကြာကို ကြည့်ကာ တစ်ချက်





ပြုံးလိုက်လေသည်။

အခြားသူများထက် စောခွန်ကြာမျက်နှာမှာ သုန်သုန်မှုန်မှုန်ဖြင့် ဖြစ်သွားသည်ကို မြင်သောအခါ ငမဲအောင်က ပြောသည်။

"ငါမပြောဘူးလား. . . မြနှင်းဖြူကို အခုလောက် လွယ်လွယ်နဲ့ မရနိုင်ပါဘူးဆိုတာလေ၊ အခုတော့ မှန်ပြီမဟုတ်လား"

"ဘာကြောင့်လဲ"

"မမြင်ဘူးလား. . . စောခွန်ကြာရဲ့မျက်နှာ ဖြစ်သွားပုံက မစင်တွင်းထဲ ကျသွားတဲ့မျက်နှာမျိုး ဖြစ်သွားတာလေ"

"အခြေအနေ မသိပဲ ရမ်းမပြောပါနဲ့ကွာ"

"ပညာရှိတို့ တွေးကြည့်တာ ပြေးကြည့်တာထက်တောင် လွန်သေးတယ်၊ တကယ်လို့ အဆင်ပြေသွားတယ်ဆိုရင် ဒီလိုမျက်နှာမျိုးနဲ့ ပြန်သွားပါ့မလား၊ မှိုရတဲ့မျက်နှာမျိုးနဲ့ ပြန်မှာပေါ့ကွ၊ ငါပြောတာ မယုံရင် စောင့်ကြည့်နေ၊ အဖြေတစ်ခု ထွက်လာလိမ့်မယ်"

ဟု ပြောသည်။

ငမဲအောင် မှတ်ချက်ချသည့်အတိုင်းပင် နောက်ရက်တွင် အလုပ်သမားတစ်ယောက်ထံမှ သတင်းကြားရသည်။

အခြားမဟုတ်ပေ. . .။

စေ့စပ်ကြောင်းလမ်းခြင်းကိစ္စမှာ မြနှင်းဖြူက ငြင်းလိုက်သဖြင့် ပျက်သွားသည်ဆိုသော သတင်းပင်ဖြစ်သည်။

ထိုလူကတောင် ပြောသွားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါတို့အလုပ်ရှင်ရဲ့သမီးကတော့ မာနကြီးချက်ကတော့ ကမ်းကုန်တာပဲ၊ စောခွန်ကြာတို့ဘက်က ရွှေငွေအပြင် ဆင်တွေပါ တင်တောင်းတာတောင် လက်မခံဘူးတဲ့"

ထိုစကားကြားသောအခါမှ နီမောင်က မြနှင်းဖြူ၏စိတ်ရင်းအမှန်ကို ရိပ်မိတော့သည်။

နောက်တစ်ပတ်လောက်အထိ မြနှင်းဖြူကို မတွေ့ရဘဲ ရှိနေပြီးမှ ဆင်ဖမ်းထွက်ရန် ပြင်ဆင်နေသောရက် ရောက်မှ တွေ့ရသည်။

"နင့်မျက်နှာလည်း မကောင်းပါလား. . . နေမကောင်းဘူးလား"

နီမောင်က မေးလိုက်သည်။

"လူက နေကောင်းပါတယ်၊ စိတ်မကြည်လင်လို့ အပြင်မထွက်တာပါ။ အခုတောင် နင်တို့အတွက် လိုအပ်တာတွေ စီစဉ်ပေးဖို့ လာမေးတာပါ"

"ငါတို့အတွက် စိတ်မပူပါနဲ့၊ လိုအပ်တဲ့ပစ္စည်းတွေကို ဆရာကြီးဆီမှာ စာရင်းတင်ပြီး ထုတ်ယူသွားပါ့မယ်၊ နင် အေးအေးဆေးဆေးသာ နေပါ"

ထိုသို့ပြောသည့်တိုင် မြနှင်းဖြူက ထွက်မသွားသေးဘဲ နေရာမှာ ရပ်မြဲရပ်နေသည်။

"ဒါထက် ဟိုတုလောက နင့်ကို လာတောင်းကြတာ အဆင်မပြေဘူးလို့ သတင်းကြားလိုက်တယ်. . . အဲဒါကြောင့်လားဟင်"





"အဲဒါလည်း ပါတာပေါ့ဟာ တခြားအကြောင်းကိစ္စတွေနဲ့ စိတ်ထဲမှာ ရှုပ်ထွေးနေတာပါပဲ၊ ငါသွားတော့မယ်ဟာ၊ နင်အလုပ်သွားတာ သတိဝီရိယနဲ့ လုပ်နော်"

ဟု ပြောဆိုကာ နေရာမှ လှည့်ထွက်သွားလေသည်။

နီမောင်မှာ မြနှင်းဖြူကို ထိုကဲ့သို့ အမူအယာဖြင့် တွေ့ရပြန်တော့လည်း စိတ်ထဲမှာ သနားသွားလေသည်။

ထို့နောက်တွင် လိုအပ်သော ပြင်ဆင်မှုများ ပြုလုပ်၍ တောထဲသို့ ထွက်ခဲ့ကြလေသည်။

ယခုတစ်ခေါက် ဆင်ဖမ်းထွက်ရာမှာ ဖြောင့်ဖြောင့်ဖြူးဖြူး မရှိလှပေ။

ထိတ်လန့်ဖွယ်ကောင်းသော အန္တရာယ်များနှင့် ကြုံတွေ့ရသည်။

တောထဲမှာ စခန်းချနေစဉ် တစ်နေရာမှ မောင်းထုတ်လိုက်သော ဆင်ရိုင်းအုပ်ကြီးက မမျှော်လင့်ဘဲ ပြန်ရောက်လာပြီး တိုက်ခိုက်သဖြင့် အသက်ဘေးလွတ်အောင် ထွက်ပြေးကြရလေသည်။

ဆင်ဖမ်းထွက်ရန်အတွက် ယူဆောင်လာသော ဆင်ယဉ်နှစ်ကောင်အနက် တစ်ကောင်ထွက်ပြေးသွားပြီး ကျန်တစ်ကောင်မှာလည်း ဆင်ရိုင်းတစ်ကောင်က အစွယ်ဖြင့် ထိုးသတ်သဖြင့် သေဆုံးသွားသောကြောင့် ဆင်ဖမ်းမထွက်နိုင်တော့ဘဲ နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ကြရသည်။

ရွာသို့ ပြန်ရောက်သောအခါမှ သူတို့ထက် ပိုဆိုးသော



www.burmeseclassic.com

www.burmeseclassic.com

အခြေအနေကို တွေ့ရလေသည်။

အခြားမဟုတ်ပေ။

ဦးခွန်ဘရင်ထံမှာ အခြားဆင်ဖမ်းထွက်သွားသောအဖွဲ့မှာ ဆင်ရိုင်းအုပ်များ ဝင်ရောက်တိုက်ခိုက်သဖြင့် ဆင်ယဉ်များထွက်ပြေးသွားသည့်အပြင် အလုပ်သမားတစ်ယောက်ပင် ဆင်နင်းခံရသဖြင့် သေဆုံးသွားကြောင်း သိကြရသည်။

အခြေအနေကို မေးမြန်းကြည့်သောအခါ အလုပ်သမားတစ်ယောက်က ပြောပြသည်။

"ဆင်ရိုင်းတွေက အလိုလို ရောက်လာတာ မဟုတ်ဘူး၊ အဖွဲ့တစ်ဖွဲ့ကနေ ကျုပ်တို့ဘက် မရောက်ရောက်အောင် မောင်းလွှတ်လိုက်ပုံရတယ်"

"ဘာကြောင့်လဲ"

"ဆင်ရိုင်းအုပ်ကြီး ရောက်မလာခင်မှာ မနီးမဝေးဆီကနေ ဗျောက်အိုးဖောက်သံတွေ၊ သေနတ်သံတွေ ကြားလိုက်ရတယ်၊ အဲဒီအသံတွေ ကြားပြီး မကြာပါဘူး၊ ဆင်ရိုင်းအုပ်ကြီးက ကျုပ်တို့ စခန်းချတဲ့နေရာ ရောက်လာတော့တာပဲ"

ထိုစကားကြားသောအခါမှ နီမောင်တို့မှာလည်း မိမိတို့စခန်းသို့ ဆင်ရိုင်းအုပ်ကြီး ရောက်လာခြင်းမှာ သွေးရိုးသားရိုးရောက်လာခြင်းမျိုး မဟုတ်ဘဲ တစ်စုံတစ်ယောက်က ခြောက်လှန့် မောင်းနှင်ပေးလိုက်၍သာ ရောက်လာခြင်းဖြစ်ကြောင့် သဘောပေါက်ကြလေသည်။

"ငါတို့တတွေ တစ်သက်လုံး တောထဲ သွားပြီး ဆင်ဖမ်း





နေကြတာပဲ၊ ဒီလိုအဖြစ်မျိုး တစ်ခါမှ မကြုံခဲ့ဘူး"

"နေပါဦး. . . ငါတို့က ဘယ်သူ့ကို အနှောင့်အယှက်ပေးတာ မဟုတ်ဘဲ ငါတို့ကို အကြောင်းမဲ့ ဘယ်သူတွေက ဒုက္ခပေးမှာလဲ"

ထိုစကားသည် အတော့်ကို ပဟေဠိဆန်သောစကားဖြစ်သည်။

တောတက်ပြီး ဆင်ဖမ်းကြသူအချင်းချင်းတော့ တစ်ယောက်နှင့်တစ်ယောက်ထိုသို့အကောက်ကြံစည်စရာအကြောင်းမရှိပေ။

သို့သော်လည်း ဦးခွန်ဘရင်ထံမှ ထွက်သွားသော ဆင်ဖမ်းအဖွဲ့နှစ်ဖွဲ့စလုံး ယခုကဲ့သို့ ဆင်ရိုင်းအုပ်နှင့် တွေ့ရခြင်းမှာ အတော်ကလေး ဆန်းနေသည်။

ဆင်ဖမ်းအဖွဲ့များ၏ အဓိက အားကိုးရခြင်းမှာ အသုံးပြုသော ဆင်ယဉ်များပင်ဖြစ်သည်။

မီလာရှိကာ ဆင်ဖမ်းသမားများအတွက် ဆင်ယဉ်သည်အဓိက ကျလေသည်။

၎င်းကို စီး၍ ဆင်ရိုင်းနောက်သို့ လိုက်ရသည်ဖြစ်ရာ စီးစရာ ဆင်ယဉ်မရှိပါက ဆင်ဖမ်းထွက်၍မရတော့ပေ။

ဆင်ဖမ်းထွက်ရာတွင် အသုံးပြုသောဆင်မှာလည်း တွေ့သမျှဆင်တိုင်းကို အသုံးပြု၍မရနိုင်ပေ။

စနစ်တကျ လေ့ကျင့်ပေးထားသော ဆင်များမှသာ အသုံးပြု၍ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက် သေဆုံးသွားလျှင် နောက်တစ်ယောက်နှင့် ချက်ချင်းအစားထိုး၍ရနိုင်သော်လည်း ဆင်ဖမ်းထွက်ရာတွင် အသုံးပြုသော ဆင်ယဉ်တစ်ကောင် ရနိုင်ဖို့ကတော့ ခက်ခဲလှသည်။

အားကိုးရသော ဆင်ယဉ်မရှိပါက ကြိုးကွင်းစွပ်ဖမ်းသော ဆင်ဖမ်းသမားများမှာ ဆင်ဖမ်းထွက်၍ မရတော့ပေ။

သို့ဆိုလျှင် မေ့ဆေးသေနတ်ဖြင့် ပစ်ဖမ်းခြင်းနှင့် ကျုံးသွင်းဖမ်းဆီးခြင်းသာ ကျန်တော့သည်။

မေ့ဆေးသေနတ်မှာ ရနိုင်ရန် ခက်ခဲပြီး ကျုံးသွင်းဖမ်းရာမှာတော့ လူပေါင်းများစွာ အသုံးပြုရပြီး စားစရိတ်ကလည်း အကုန်အကျ များလှပေသည်။

ယခုတစ်ပတ် ဆင်ရိုင်းများ ဝင်ရောက်နှောင့်ယှက်သဖြင့် အလုပ်သမားတစ်ယောက် သေဆုံးရသည့်အပြင် ဖမ်းဆင်သုံးကောင်ပါ ဆုံးရှုံးရသဖြင့် ဦးခွန်ဘရင်အတွက် များစွာ အထိနာလေသည်။

တစ်ကောင်သေသွားပြီး ကျန်နှစ်ကောင်က တောတွင်းသို့ ဝင်ပြေးသွားလေသည်။

စခန်းမှာ ရှိသောဆင်များကလည်း လေ့ကျင့်သင်ကြားထားသောဆင်များ မဟုတ်သဖြင့် အသုံးပြု၍မရပေ။

သို့ကြောင့် ဦးခွန်ဘရင်မှာ များစွာအခက်တွေ့သွားလေတော့သည်။

“ဖမ်းဆင်မရှိဘဲနဲ့ လုပ်ငန်းဘယ်လိုပြန်စမလဲ၊ ရှိတဲ့ဆင်





တွေကို လေ့ကျင့်ပေးဖို့ဆိုတာလည်း အချိန်တော်တော်ပေးရဦးမယ်”

“သိပ်လည်း စိတ်မပူပါနဲ့ ဆရာကြီး၊ တောထဲ ဝင်ပြေးသွားတဲ့ဆင်တွေကို ရအောင်ရှာခဲ့ပါ့မယ်”

နီမောင်စကားကြောင့် ဦးခွန်ဘရင်က. . .

“ဖြစ်ပါ့မလားကွာ”

ဟု မေးသည်။

“ဖြစ်ပါတယ် ဆရာကြီး၊ ကျွန်တော်တို့အတွက် စိတ်မပူပါနဲ့”

ဦးခွန်ဘရင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

“အခုဖြစ်တဲ့ကိစ္စက သွေးရိုးသားရိုး ဖြစ်တဲ့ကိစ္စမျိုး မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်၊ သာမန်တိုက်ဆိုင်မှုဆိုရင် နှစ်ဖွဲ့စလုံး ဒီလိုဖြစ်စရာအကြောင်း မရှိပါဘူး၊

ဒီတော့ ကျွန်တော်တို့က အလုပ်မဖြစ်တော့ဘူးဆိုပြီး ဒီအတိုင်း နေရင် အကောက်ကြံတဲ့လူက ဝမ်းသာနေမှာပေါ့၊

ဒီအတိုင်း နေမှာနဲ့စာရင် တစ်ခုခုနဲ့ ပြန်ပြီးကြိုးစားရမှာပေါ့”

ဟု နီမောင်က အားတက်သရော ပြောသည်။

ထိုအခါမှ စောထီးနှင့်ငမဲအောင်တို့အပါအဝင် အခြားအလုပ်သမားများကလည်း အားတက်သရော ဝင်ပြောကြလေသည်။

“နီမောင်ပြောတာ မှန်တယ် ဆရာကြီး၊ တောထဲ ဝင်



www.burmeseclassic.com

www.burmeseclassic.com

ပြေးသွားတဲ့ ဆင်နှစ်ကောင်ကိုသာ ပြန်ဖမ်းနိုင်ရင် ကျွန်တော်တို့ အလုပ်ပြန်လုပ်လို့ ရနိုင်ပါတယ်"

"သတိနဲ့ လုပ်ကြပါကွာ၊ မင်းတို့ အခုလို ပြောကြတာ ငါဖြင့် သိပ်အားရှိတာပဲ"

ဟု ဝမ်းနည်းဝမ်းသာသံကြီးဖြင့် ပြောသည်။

"ဒါပေမယ့် ဆရာကြီးကို တစ်ခုတော့ ပြောပါရစေ"

နီမောင်က ပြောသည်။

"ဘာများလဲ နီမောင်"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ တောထဲ ပြန်ထွက်သွားတယ်ဆိုတာ ဘယ်သူ့ကိုမှ အသိမပေးပါနဲ့၊ ဘယ်သူမေးလို့မှလည်း မပြောပါနဲ့"

"စိတ်ချပါကွာ"

"အခုကတည်းက ဆရာကြီး သတိထားရမှာက ဆရာကြီးမှာ အရင်လို မဟုတ်တော့ဘူး၊ စီးပွားပျက်အောင် လုပ်မယ့် ရန်သူရှိနေပြီဆိုတာပဲ"

ထိုစကားကြောင့် ဦးခွန်ဘရင် မျက်လုံးပြူးသွားလေသည်။

နီမောင် တောထဲ ထွက်ခါနီးတွင် မြနှင်းဖြူက မေးသည်။

"နီမောင် နင့်ကို ငါမေးစရာရှိလို့ပါ"

"မေးလေ"

"တလောက ဖြစ်တဲ့ကိစ္စတွေကို မရိုးဘူးလို့ နင်ထင်နေ





တယ် မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြသည်။

"နင့်စိတ်ထဲမှာ ဘယ်သူလို့ ထင်နေသလဲဟင်"

ဟု လေသံတိုးတိုးဖြင့် မေးသည်။

"စိတ်ထဲမှာ ထင်နေတာပဲ ရှိပါသေးတယ်၊ လက်ဆုပ်လက်ကိုင်မှ မတွေ့ရသေးတာ၊ ဘယ်ပြောလို့ရမလဲ"

မြနှင်းဖြူက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒါဖြင့် နင်သွားလို့ကော ဖြစ်ပါ့မလားဟင်၊ တော်ကြာ အန္တရာယ်နဲ့ တွေ့နေမှဖြင့် ခက်နေပါ့မယ်"

"ငါ့အတွက်တော့ မစိုးရိမ်ပါနဲ့၊ နင်တို့မှာ အခက်အခဲဖြစ်နေတဲ့အချိန်မှာ အခုလိုအကူအညီပေးရတာကိုပဲ ငါတို့တတွေက ကျေနပ်နေကြတာပါ"

"ငါတို့မှာ အခက်အခဲဖြစ်နေတဲ့အချိန်မှာ အခုလို ကူညီပေးတာ ကျေးဇူးတင်ပါတယ် နီမောင်ရယ်"

"ဒီလောက်လည်း ကျေးဇူးတင်စရာ မလိုပါဘူးဟာ၊ နင် ငါ့ရဲ့စိတ်စေတနာကို နားလည်တယ်ဆိုရင်ပဲ ငါကျေနပ်ပါတယ်"

နီမောင်စကားကြားသောအခါ မြနှင်းဖြူက တစ်ချက်စိုက်ကြည့်လိုက်လေသည်။ သူမ၏မျက်ဝန်းရိပ်ထဲမှာ အဓိပ္ပါယ်များစွာပါနေသည်ကိုတော့ နီမောင်တစ်ယောက် မခွဲခြားနိုင်ခဲ့ပါချေ။



www.burmeseclassic.com



www.burmeseclassic.com



အခန်း(၁၁)

# သွေးစုပ်နွယ်ရှင် သစ်ပုန်းပင်

တောနက်ထဲမှာ ဆင်တစ်ကောင်ကို လိုက်လံရှာဖွေရသောအလုပ်မှာ လွယ်ကူသောအရာ မဟုတ်ပေ။

သို့သော်လည်း ကြိုးစား၍ရှာဖွေရပေတော့မည်။

တောထဲ ပြေးသွားသော ထိုဆင်နှစ်ကောင်ကို ပြန်မတွေ့ပါက လုပ်ငန်းလုပ်၍ရမည် မဟုတ်ပေ။

စခန်းမှာ ရှိသောဆင်များကလည်း လေ့ကျင့်ထားသည် မဟုတ်သဖြင့် အသုံးပြု၍မရသေးပေ။

တောနက်ထဲ ရောက်သောအခါ စောထီး၊ ငမဲအောင်



www.burmeseclassic.com

www.burmeseclassic.com



တို့က တစ်နေရာ၊ ဦးထန်ဖုန်းရှိန်နှင့် အလုပ်သမားအချို့က တစ်နေရာ၊ နီမောင်က တစ်နေရာစီ ခွဲပြီး လိုက်ရှာကြလေသည်။

နီမောင့်ဆီမှာ လှံတစ်လက်၊ ဓါးတစ်ချောင်းသာ ပါသည်။

သူသည် ဆင်များ ပျောက်သွားသောနေရာမှ အစပြုကာ တောနက်ထဲသို့ ဝင်၍ ခြေရာကောက်ကာ လိုက်ရှာလေသည်။

တောနက်အတွင်းသို့ ရောက်သောအခါ ဆင်ခြေရာ၊ ဆင်ချေးပုံနှင့် စားကြွင်းစားကျန်များကို ဂရုစိုက်၍ ကြည့်ရှုရသည်။

ထိုသို့ရှာရာမှာလည်း ဆင်ရိုင်းအုပ်များနှင့် ဆင်ယဉ်သွားသောလမ်းကိုလည်း ခွဲခြားရသေးသည်။ မဟုတ်ပါက ဆင်ရိုင်းအုပ်များနှင့် ပက်ပင်းတိုးနိုင် သည်။

တောနက်ထဲ ရောက်သောအခါ နီမောင်က အသံပေးလိုက်လေသည်။

"ဝူး. ."

ဆင်ယဉ်များက သခင်ဖြစ်သူ၏အသံကို ကြားပါက ကောင်းစွာမှတ်မိကြသည်။

အသံကြားရာအရပ်မှ ပြန်၍အသံပြုတတ်လေသည်။

ယခုတော့ ဘာသံမှ မကြားရပေ။

"ဝူး. ."

သံရှည်ဆွဲ၍ တစ်ချက်အူကြည့်သည်။





သူ့အသံက တောနက်ထဲမှာ ပဲ့တင်ထပ်သွားပြီးအတော်ဝေးဝေးနေရာသို့ ရောက်သွားလေသည်။

ခဏစောင့်ပြီး နားစွင့်ကြည့်တော့ အတော်ဝေးဝေး နေရာဆီမှ ဆင်အော်သံလိုလို ပြန်ကြားရသည်။

နီမောင်က ထိုအသံကြားရာဘက်သို့ ဦးတည်ကာ သွားလေသည်။

"ဝူး. ."

"ကျီ. ."

အသံကတော့ ဆင်အော်သံဖြစ်သည်။

အနည်းငယ် ဝေးနေသောကြောင့် ဆင်ရိုင်းအော်သံလား ဆင်ယဉ်အော်သံလား မခွဲခြားနိုင်ပေ။

ဤသို့ဖြင့် အသံပေးလိုက်၊ အသံကြားရာဘက်သို့ သွားလိုက်နှင့် တောနက်အတွင်းသို့ ရောက်သွားသည်။

ထိုနေရာတဝိုက်သို့ လိုက်လံရှာဖွေကြည့်သောအခါ ဆင်ခြေရာ၊ ဆင်ချေးပုံနှင့် စားကြွင်းစားကျန်များကို မတွေ့ရသဖြင့် စိတ်ထဲမှာ အံ့သြသလိုဖြစ်သွားမိသည်။

"ဆင်အော်သံ ကြားရတာ ဒီဘက်ကပါပဲ၊ ဒီနေရာ တဝိုက်မှာ ဆင်ရှိတဲ့လက္ခဏာမျိုး မတွေ့ရဘူး၊ အတော်ဆန်းတာပဲ"

ဟု စိတ်ထဲမှ တွေးလိုက်မိသည်။

တောနက်လေလေ မာယာများလေလေ ဖြစ်ရာ တောနက်များထဲတွင် ကျွတ်၊ နာနာဘာဝတို့၏လှည့်စားမှုများကလည်း



www.burmeseclassic.com

www.burmeseclassic.com

နေရာတိုင်းမှာ ရှိနေရာ မည်သည့်အရာကိုမှ မယုံကြည်ရပေ။

စိတ်ထဲမှာ မသင်္ကာသဖြင့် နောက်တစ်ကြိမ် ထပ်အူ

ကြည့်လိုက်သည်။

"အူ့ . . ဝူ့ . . ဝူ့ . ."

ထိုအခါမှာတော့ တုံ့ပြန်လာသောအသံက နည်းနည်း

ထူးဆန်းသလို ရှိလာလေသည်။

"ကျီ့ . . ."

"ဒုံ့ . . ဒုံ့ . . ဒုံ့ . ."

"ဟင် . ."

နီမောင့်စိတ်ထဲမှာ အနည်းငယ် အံ့သြသွားသည်။

"ဒီအသံက ဆင်အော်သံ မဟုတ်နိုင်ဘူး၊ အရင်တစ်ခါ

ကြားရတဲ့အသံမျိုးပဲ"

ဟု တွေးကာ အသံကြားရာဘက်သို့ သတိဖြင့် တိုးဝင်

သွားသည်။ ထိုနေရာတဝိုက်မှာ သစ်ပင်ကြီးငယ်များက နေ

ပြောက်မထိုးအောင် ရှိနေသည်။

ထိုနေရာတဝိုက် ရောက်တော့လည်း ဆင်တစ်ကောင်

သွားလာလှုပ်ရှားထားသော လက္ခဏာများ မတွေ့ရပေ။

အခြေအနေ သိရအောင် တစ်ချက်အူကြည့်လိုက်

သည်။

"အူ့ . . ဝူ့ . . ဝူ"

"ကျီ့ . ."

"ဒုံ့ . . ဒုံ့ . . ဒုံ့"





အသံက ဆင်အော်သံနှင့် တူသော်လည်း အသေအချာ

နားထောင်ကြည့်သောအခါမှ မတူလှပေ။

နီမောင်က နောက်ထပ်အသံမပြုတော့ဘဲ အခြေအနေ

ကို နားစွင့်ကြည့်နေသည်။ သူက အသံမပေးတော့သော်လည်း

အခြားတစ်နေရာမှ အသံကတော့ မှန်မှန်ပေါ်နေသည်။

"ကျီ့ . . ."

"ဒုံ့ . . ဒုံ့ . . ဒုံ့"

အမှန်တော့ သာမန်ဆင်တစ်ကောင်ဖြစ်ပါက အော်သံ

ကိုသာ ကြားရပြီး နောက်ဆက်တွဲအသံကို ကြားစရာအကြောင်း

မရှိပေ၊ ယခုကြားနေရသည့်အသံကို နည်းနည်းတော့ ထူးခြား

သလို ရှိနေသည်။

နီမောင်က စိတ်ဝင်စားသဖြင့် အသံကြားရာသို့ တဖြည်း

ဖြည်းနှင့် တိုးသွားလေသည်။

တစ်နေရာမှ အော်နေသောအသံကတော့ မှန်မှန်ပေါ်

ထွက်နေဆဲပင်။

အသံကြားနေရသည့်နေရာနှင့် အတော်နီးသောနေရာ

သို့ ရောက်သွားသောအခါ သစ်ပင်ကွယ် တစ်နေရာမှာ ရပ်ပြီး

အခြေအနေကို စောင့်ကြည့်သည်။

ထူးထူးထွေထွေ မကြားရဘဲ ဆင်အော်သံလိုအသံမျိုး

သာ မှန်မှန်ကြားနေရသည်။

သာမန်ဆင်တစ်ကောင်ဖြစ်ပါက ထိုကဲ့သို့ အဆက်

မပြတ် အော်နေမည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com

သို့ကြောင့် ဓါးနှင့်လှံကို အဆင်သင့် ကိုင်ပြီးနောက် ရှေ့သို့ တဖြည်းဖြည်း တိုးသွားလေသည်။

အသံကြားနေသောနေရာသို့ ရောက်သောအခါ သစ်ပင်ကွယ်တစ်နေရာမှ လှမ်းကြည့်လိုက်သည်။

ထိုနေရာတဝိုက်တွင် ဆင်တစ်ကောင်မှ မတွေ့ရပေ။

ဆင်အော်သံနှင့် တဒိုးဒိုး မြည်နေသောအသံမှာ သစ်ပင်ကြီးတစ်ပင်ဆီမှ ပေါ်ထွက်နေခြင်းဖြစ်သဖြင့် အံ့သြသွားသည်။

"ဟင် . ."

သူရောက်နေသောနေရာမှာ ထိုသစ်ပင်ကြီး၏နောက်ဖက်ပိုင်းဖြစ်သည်။

ပထမတော့ တောခြောက်နေသည်ဟု ထင်လိုက်မိသည်။

သို့သော် တဒိုးဒိုးနှင့် မြည်နေသောအသံမှာ အခြားမဟုတ်ဘဲ အောက်သို့ တွဲလောင်းကျနေသော နွယ်လက်တံကြီးများက သစ်ခေါင်းရှိဟန်တူသော ပင်စည်တစ်နေရာသို့ ထုရိုက်နေသောကြောင့် ပေါ်ထွက်နေခြင်းဖြစ်၏။

နီမောင်က အံ့သြသွားသဖြင့် ခြေသံမကြားအောင် သတိထားပြီး ရှေ့ပိုင်းရောက်အောင် တဖြည်းဖြည်းနှင့် နေရာ ရွှေ့သွားလေသည်။

သူနေရာရွှေ့သွားသည့်အခါ သစ်ကိုင်းခြောက်နှင့် သစ်ရွက်ခြောက်များအပေါ် နင်းမိသဖြင့် ခြေသံထွက်သွားသည့်အခါ အော်သံရပ်သွားသည်။





ထိုအခါ နီမောင်က ငြိမ်ပြီးရပ်နေရသည်။

သူ ဆက်အော်တော့မှ နောက်တစ်နေရာသို့ ဆက်ရွှေ့သည်။ နောက်ဆုံးတော့ သစ်ပင်ကြီး၏မျက်နှာဘက်ပိုင်းကို မြင်ရသောနေရာသို့ ရောက်သွားတော့သည်။

ထိုအခါမှပင် မိမိမျက်စိကိုပင် မယုံနိုင်လောက်အောင် ထိတ်လန့်အံ့သြသွားလေသည်။

အခြားမဟုတ်ပေ။

သစ်ပင်ကြီးတစ်ပင်၏ပင်စည်၌ ပေါ်နေသည့်ကြောက်မက်ဖွယ်ရာကောင်းသော မျက်နှာကြီးကို တွေ့ရသောကြောင့် ဖြစ်သည်။

မျက်လုံးနှစ်လုံးနေရာမှာ ဟသ်ာပြဒါးကဲ့သို့ ရဲရဲနီနေပြီး နှာခေါင်းပေါက်နေရာက အတွင်းသို့ ချိုင့်ဝင်နေသည်။

လူအရိုးခေါင်း၌ ပေါ်နေသည့် နှာခေါင်းပေါက်ပုံစံမျိုး ဖြစ်သည်။

ပါးစပ်ပေါက်နေရာကတော့ အတော်ကျယ်သည်။

ထိုပါးစပ်ပေါက်အတွင်းမှ လျှာနှင့် ပုံသဏ္ဍာန်တူသော အရာများက အပြင်ထွက်လာလိုက် အတွင်းပြန်ဝင်သွားလိုက်ဖြစ်နေသည်။

အားလုံးခြုံကြည့်လိုက်လျှင် သစ်ပင်၏ပင်စည်၌ ပေါ်နေသော ပုံသဏ္ဍာန်မှာ ကြောက်စရာကောင်းလှသည့် သရဲသဘက်မျက်နှာမျိုးနှင့် တူလေတော့သည်။

မျက်လုံးနီနီကြီးနှစ်လုံးက အသက်ဝင်နေပြီး ဟိုကြည့်

www.burmeseclassic.com

www.burmeseclassic.com

ဒီကြည့် ဖြစ်နေသည်။

ထို့ထက်ပို၍ ကြောက်စရာကောင်းသည်က ပင်စည်မှ ထွက်နေကြသော နွယ်လက်တံကြီးများပင်ဖြစ်၏။

လေးငါးချောင်းခန့် ရှိသော နွယ်လက်တံများက ရေဘဝဲတစ်ကောင်၏လက်တံများကဲ့သို့ လူးလွန့်လှုပ်ရှားလျက် ရှိနေကြသည်။

ယခုမှ သိရသည်မှာ တဒုံဒုံနှင့် မြည်နေသောအသံကြီးမှာ သစ်ခေါင်းပေါက် ရှိသောနေရာသို့ နွယ်လက်တံကြီးဖြင့် ထုရိုက်လိုက်ရာမှ ပေါ်လာခြင်းဖြစ်၏။

"ကျိ. ."

ဟူသောအသံကတော့ ပါးစပ်ပေါက်နေရာမှ အသံထွက်နေခြင်းဖြစ်၏။

နီမောင်မှာ တစ်ခါမှ မတွေ့ဖူးသေးသော ကြောက်မက်ဖွယ် ကောင်းလှသည့် သစ်ပင်ကြီးကို မမျှော်လင့်ဘဲ တွေ့ရသောအခါ အံ့သြခြင်းနှင့်အတူ ထိတ်လန့်တုန်လှုပ်သွားလေသည်။

"သစ်စုန်းပင်ကြီးပါလား. . . အသက်ဝင်နေတဲ့ သစ်စုန်းပင်မျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ ဆင်အော်သံ ပေးပြီး လူတွေနဲ့ တိရစ္ဆာန်တွေကို လိုက်သတ်နေတာ ဒီသစ်ပင်ကြီးတွေပဲ ဖြစ်ရမယ်၊ ကိုယ်ပေါ်မှာ အပေါက်ကြီးတွေ ဖြစ်နေတာ သူ့ရဲ့ နွယ်လက်တံအချွန်တွေနဲ့ ထိုးဖောက်သတ်တာ ဖြစ်ရမယ်"

ဟု တွေးမိလေသည်။





"ဟုတ်မဟုတ် သိရအောင် စမ်းကြည့်ဦးမယ်"

ဟု တွေးကာ သစ်ပင်၌ ကွယ်ရပ်နေရင်းမှ အူသံတစ်ချက် ပေးလိုက်သည်။

"အူ. . ဝူ. . ဝူ"

သူရှိနေသောနေရာနှင့် သစ်စုန်းပင်ကြီး ရှိသောနေရာမှာ မဝေးလှပေ။

နီမောင်က အူသံပေးလိုက်သည်နှင့် သူမျှော်လင့်မထားသောပုံစံမျိုးကို သစ်စုန်းပင်ကြီးက လှုပ်ရှားလာသည်။

သစ်ပင်ကြီးက အသက်ဝင်လာသကဲ့သို့ ဖြစ်လာကာ သူရှိရာဘက်သို့ မျက်နှာလှည့်လာသည်။

သို့သော် နီမောင်က သစ်ပင်ကြီးတစ်ပင်နောက်တွင် ကွယ်နေသောကြောင့် မမြင်နိုင်ပေ။

နီမောင်မှာ ထပ်လည်း အသံမပြုဝံ့၊

လှုပ်လည်း မလှုပ်ဝံ့တော့ပေ။

သစ်စုန်းပင်ကြီးက နွယ်လက်တံများ တယမ်းယမ်းနှင့် အနံ့ခံသည့်သဘောဖြင့် လိုက်လံစမ်းသပ်နေသည်။

အတန်ကြာတော့မှ နီမောင်ရှိနေသောဘက်ကို သိသွားဟန်ဖြင့် မျက်နှာမူလိုက်သည်။

"ဟင်. ."

နီမောင်မှာ အနည်းငယ် လန့်သွားသည်။

ယခုအခါ သစ်စုန်းပင်ကြီးနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသဖြင့် ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးကို ထင်ထင်


www.burmeseclassic.com

www.burmeseclassic.com

ရှားရှား တွေ့မြင်ရသည်။

သူပုန်းနေသောသစ်ပင်ရှိရာသို့ မျက်လုံးနီနီကြီးများဖြင့် လှမ်းကြည့်ပြီး တရွေ့ရွေ့နှင့် လာနေချေတော့သည်။

"ကျီ. ."

"ဒို. . ဒို. . ဒို"

ပါးစပ်ပေါက်နေရာမှ ဆင်အော်သံမျိုးကဲ့သို့ အသံထွက်နေပြီး လက်တံများက ပင်စည်ကို ရိုက်သဖြင့် တဒိုဒို အသံများကလည်း အဆက်မပြတ် ပေါ်ထွက်နေသည်။

၎င်းမှာ နီမောင်ကို မမြင်နိုင်သေးသော်လည်း အနံ့ခံမိသွားဟန် ရှိသဖြင့် တန်းတန်းမတ်မတ် လာနေချေပြီ။

နီမောင်လည်း အခြေအနေ မကောင်းတော့မှန်း ရိပ်မိသဖြင့် ထိုနေရာမှ အလျှင်အမြန် ထွက်ပြေးရလေတော့သည်။

"ဒီအပင်ကြီး ဒီလောက်ကြီးနေတာ ငါ့နောက်ကို မြန်မြန်လိုက်လာနိုင်မယ် မထင်ပါဘူး၊ နွယ်လက်တံတွေနဲ့ ချုံတွေနဲ့ ငြိနေမှာ အမှန်ပဲ"

ဟု ပြေးရင်းလွှားရင်း တွေးလိုက်မိသေးသည်။

သို့သော် သူထင်သလို မဟုတ်ပေ။

သစ်စုန်းပင်ကြီးက သူ့နောက် လိုက်လာခါနီးတွင် အပြင်သို့ တယမ်းယမ်း ထွက်နေသော နွယ်လက်တံများက အတွင်းသို့ ပြန်ဝင်သွားကာ အမြစ်များက ကြွတက်လာပြီး ခြေထောက်သဏ္ဌာန် ဖြစ်သွားပြီးနောက် ခြေလှမ်းကျဲကြီးများဖြင့် လိုက်လာတော့သည်။





နောက်မှ လိုက်လာသော တောတိုးသံများ၊ သစ်ပင်သစ်ကိုင်းများ လှုပ်ရှားသံများကို ကြားရတော့မှ နောက်မှ လိုက်လာသော သစ်စုန်းပင်ကြီးမှာ နှေးနှေးကွေးကွေး၊ လေးလေးလံလံမျိုး မဟုတ်ဘဲ တောတိရစ္ဆာန်တစ်ကောင်ပမာ လျှင်မြန်ကြောင်း ရိပ်မိလေတော့သည်။

ထို့ကြောင့် လမ်းကို ဖြောင့်ဖြောင့်မပြေးတော့ဘဲ ကွေ့ကွေ့ကောက်ကောက် ပြေးရလေသည်။

နောက်ဘက်မှ တောတိုးလာသံများနှင့်အတူ သစ်ပင်သစ်ကိုင်းချိုးဖဲ့သံများကို အတိုင်းသား ကြားနေရသည်။

"ကျီ. . ."

"ဒို. . ဒို. . ဒို"

ထိုကဲ့သို့အသံမျိုးကလည်း မကြာခဏ ကြားနေရသည်။

နောက်တစ်နေရာ ရောက်သောအခါ အခြားနေရာများမှ အော်သံများ ကြားလာရသည်။

"ကျီ. . ."

"ဒို. . ဒို. . ဒို. ."

"ကျီ. ."

"ဒို. . ဒို. . ဒို"

"ဟင်. . . သစ်စုန်းပင်က တစ်ပင်ထဲ မဟုတ်ပါလား၊ ဒီတောထဲမှာ အများကြီး ရှိနေတာပဲ၊ ဒီအတိုင်းဆိုရင် လွတ်အောင်ပြေးဖို့ လွယ်ပါ့မလား"

ဟု စိုးရိမ်စွာ တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြေးရင်းလွှားရင်းမှာပင် အရှေ့အနောက်၊ တောင်မြောက်ဝဲယာမှ တောတိုးလာသံ၊ သစ်ကိုင်းချိုးသံ၊ သစ်ပင်တွန်းလှဲသံ၊ အော်သံများ အဆက်မပြတ် ကြားလာရသဖြင့် သတိဖြင့် ပြေးရလေတော့သည်။

တစ်နေရာ ရောက်သောအခါ သူပြေးမည့်လမ်းပေါ်မှာ ရပ်နေသည့် သစ်စုန်းပင်ကြီးကိုလှမ်းမြင်လိုက်ရသည်။

"ဟင် . ."

သစ်စုန်းပင်က သူပြေးမည့်လမ်းပေါ်မှာ စောင့်နေသည်။ နောက်က လိုက်လာသောအသံများကလည်း တဖြည်းဖြည်းနှင့် နီးလာလေပြီ။

ရှေ့နှင့်နောက် ညှပ်မိသွားလျှင် မလွတ်နိုင်တော့ပေ။

ထို့ကြောင့် အရဲစွန့်ရပေတော့မည်။

နီမောင်က လက်ထဲမှာ ဓါးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး လမ်းဘေးသို့ ကွေ့ဆင်းပြေးသည်။

ထိုအခါ မလှမ်းမကမ်းမှာ ရှိနေသော သစ်စုန်းပင်ကြီးထံမှ နွယ်လက်တံတစ်ချောင်းက လူးလွန့်ထွက်လာပြီး လှမ်းဆွဲသည်။

ပြေးနေသော နီမောင့်ခြေထောက်ကို ပတ်မိသွားသည်။

ထိုသို့ပတ်မိသောအခါ ဆွဲယူသွားသည်။

နီမောင်က ၎င်းခြေထောက်ကို ပတ်မိနေသော နွယ်လက်တံကို ဓါးဖြင့် ခုတ်ဖြတ်လိုက်သည်။

ဆင်ဦးစီး ကိုင်သောဓါးမှာ အသွားထက်လှပေရာ တိ





ကနဲ ပြတ်ကျသွားသည်။

ခြေထောက်ပတ်ထားသောလက်တံလည်း ပြေသွားတော့သည်။ ထိုအခါမှ နေရာမှ ထကာ ဆက်ပြေးသည်။

နီမောင် ထပြေးသောအခါ အခြားနွယ်လက်တံ တစ်ချောင်းက ရောက်လာပြန်ပြီး ပတ်ဆွဲရန် ကြိုးစားပြန်သည်။

နီမောင်ကလည်း အနားရောက်လာသော နွယ်လက်တံကို ဓါးဖြင့် ခုတ်ဖြတ်ပစ်လေသည်။

ဓါးချက်မိသွားသော နွယ်လက်တံများမှာ မြွေတစ်ကောင်ကို ခါးလယ်မှ ပိုင်းဖြတ်လိုက်သကဲ့သို့ တလူးလူး တလွန့်လွန့် ဖြစ်လျက် နီညိုရောင်သွေးစေးအရည်များ ထွက်လာသည်။

နီမောင်ခြေထောက်ကို ပတ်ဆွဲ၍မရနိုင်မှန်း သိသောအခါ မှိန်းဖြင့် ထိုးသလို နွယ်လက်တံအချွန်များဖြင့် လိုက်ထိုးလေရာ သတိဖြင့် တိမ်းရှောင်ပေးရင်း ဆက်ပြေးရသည်။


လူကို မထိသော နွယ်လက်တံအချွန်များမှာ မြေကြီးအတွင်းသို့ လုံ့ချွန်ဖြင့် ထိုးစိုက်သကဲ့သို့ စွပ်ကနဲ ဝင်သွားလေသည်။

နီမောင်မှာ သစ်စွန့်ဆံဖျား ပြေးလွှားရင်းနှင့် အတန်ကြာသောအခါမှ နောက်မှ လိုက်လာသော သစ်စုန်းပင်များ၏အသံများ ဝေး၍ဝေး၍ ကျန်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁၂)

# သစ်စုန်းပင်နှင့် စွယ်စုံရှန်စွယ်

အသက်လုကာ ပြေးခဲ့ရသည်ကတစ်ကြောင်း၊ ထိုမျှ
မက ကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်မျိုးတို့ကို
မကြုံခဲ့ဖူးသောကြောင့် ရင်ထဲမှာ တုန်လှုပ်နေမိသည်။

မောဟိုက်ပင်ပန်းမှုကလည်း အသက်ကိုပင် မှန်မှန်မရှူ
နိုင်လောက်အောင်ဖြစ်နေသည်။

သူရောက်နေသောနေရာမှာ ဘယ်နေရာရယ်လို့ တိတိ
ကျကျ မသိနိုင်သော်လည်း ကိုးလောင်းတောင်ကြားနှင့် နီးသော
နေရာဖြစ်ကြောင်းတော့ ခန့်မှန်းမိသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



စောထီး၊ ငမဲအောင်၊ ဦးထန်ဖုန်းရှိန်တို့တတွေလည်း ဘယ်နေရာ ရောက်နေကြသည် မသိပေ။

အသံလည်း မကြားရ၊ မိမိကလည်း အသံမပေးဝံ့ပေ။

အကယ်၍ မိမိက အသံပေးလိုက်ပါက သစ်စုန်းပင်များ လိုက်လာမည်ကိုလည်း ကြောက်ရွံ့နေမိသည်။

နီမောင်သည် အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင် အောက်မှာ ဝင်ရောက်နားရင်း ပတ်ဝန်းကျင်အခြေအနေကို နားစွင့်နေလေသည်။

တောတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ဒီလောက်နက်ရှိုင်းသော တောနက်ကြီးအတွင်း၌ သတ္တဝါတို့၏အသံကို လုံးဝမကြားရခြင်းမှာလည်း နည်းနည်းတော့ ထူးဆန်းသလို ရှိသည်။

"ဒီတောနက်ထဲမှာ ဆင်တွေကိုတောင် သတ်ပစ်နိုင်တဲ့ သစ်စုန်းပင်ကြီးတွေ ရှိနေမှတော့ တိရစ္ဆာန်တွေက ဘယ်နေဝံ့တော့မှာလဲ"

ဟု တွေးမိသည်။

ထိုအခိုက်မှာပင် သူရောက်နေသောနေရာနှင့် မဝေးလှသောနေရာဆီမှ ဆင်အော်သံတစ်ချက် ကြားလိုက်ရသည်။

"ကျီ. . ."

နီမောင်က သစ်စုန်းပင်အော်သံနှင့် မှားမည်စိုးသောကြောင့် နားစွင့်ကြည့်လိုက်သည်။

"ကျီ. . ."





ဒီတစ်ခါ ကြားရသောအသံက သစ်စုန်းပင်အသံမျိုး မဟုတ်ပေ။ သာမန်ဆင်တစ်ကောင်၏အော်သံမျိုးဖြစ်သည်။

ထို့ပြင် ထိုဆင်အော်သံသည် သူနှင့် ရင်းနှီးသောအသံမျိုးဖြစ်သဖြင့် နေရာမှ ကပျာကယာ ထကာ ဆင်အော်သံကြားရာဘက်သို့ သွားလေသည်။ ထိုနေရာနှင့် နီးလာသောအခါ ဆင်အော်သံက ရိုးရိုးအော်သံမျိုး မဟုတ်ဘဲ အန္တရာယ်နှင့် တွေ့နေသဖြင့် ကြောက်လန့်တကြား အော်ဟစ်နေသော အသံမျိုးဖြစ်သည်။

နီမောင်က မိမိတို့ထံမှ ထွက်ပြေးသွားသော ဆင်မ၏အသံဖြစ်မှန်း ကောင်းစွာမှတ်မိသဖြင့် ထိုနေရာသို့ အမြန်ရောက်ရန် ခြေလှမ်းခပ်သွက်သွက် လှမ်းသွားလေသည်။

ထိုနေရာရောက်တော့ မြင်ကွင်းက မကောင်းလှပေ။

သူ့ဆီမှ ထွက်ပြေးသွားသော ဆင်မ ပန်းခင်၏ရှေ့မှာ သစ်စုန်းပင်ကြီးတစ်ပင်က ကာဆီးထားသောကြောင့် ဆင်မခမျာ ပြေးပေါက်မရှိဘဲ ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေလေသည်။

သစ်စုန်းပင်ကြီးက မလှမ်းမကမ်းမှာ ရှိနေပြီး ချွန်ထက်သော နွယ်လက်တံများဖြင့် ဆင်ကို ထိုးသတ်ရန် ကြံစည်နေသည်။ ဆင်ကလည်း အနားကပ်မခံပေ။

အနားသို့ ရောက်လာသော နွယ်လက်တံကြီးများကို နှာမောင်းဖြင့် ပုတ်ထုတ်ပစ်နေသည်။

သို့သော်လည်း သူ့မှာ ပြေးပေါက်မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခြေအနေမျိုးတွင် နီမောင်ကလည်း ဝင်ကူ၍မရပေ၊ သူဝင်သွားသည်နှင့် သစ်စုန်းပင်၏နွယ်လက်တံရှည်က သူရှိရာသို့ ရောက်လာမည်မှာ မလွဲပေ။

ဆင်ကလည်း မုန်ယိုနေပြီဖြစ်၍ အနားကပ်ခံမည် မဟုတ်ပေ၊ တဖြည်းဖြည်းနှင့် သစ်စုန်းပင်ကြီးက ရှေ့တိုးလာသည်။ ဆင်ကို မှီလောက်သောနေရာ ရောက်လာသည်။

"ကျီ. . ."

ဆင်မက အန္တရာယ်ဘေးကြောင့် အသံကုန် အော်လိုက်သည်။ ထိုအခါ သစ်စုန်းပင်ကြီးကလည်း အားကျမခံ အော်ရုံမကဘဲ နွယ်လက်တံများဖြင့် ပင်စည်ကို တဒုံဒုံ မြည်အောင် ထုရိုက်လိုက်သေးသည်။

"ကျီ. . ."

"ဒုံ ဒုံ ဒုံ"

သစ်စုန်းပင်က ဆင်နှင့် နီးလာသောအခါ ဆင်ကို ဖမ်းဆွဲသည့်လက်တံက ဖမ်းဆွဲ၊ အဖျားချွန်နှင့် ထိုးသည့်လက်တံက ထိုးဖြင့် ဆင်မှာ လွတ်လမ်းမရှိအောင် ဖြစ်နေရာ ဆင်မကလည်း နှာမောင်းဖြင့် ဝင်လာသမျှ နွယ်လက်တံများကို ပုတ်ထုတ်ပစ်နေသည်။

ထိုအခိုက်မှာပင် အခြေအနေက တစ်မျိုးပြောင်းသွားတော့သည်။ ဆင်မအော်သံကြောင့် တောတိုးလာသောအသံကြားရပြီး ခဏကြာတော့ စွယ်စုံဆင်ရိုင်းတစ်ကောင် ထွက်လာသည်။





နီမောင်မှာ စွယ်စုံဆင်ရိုင်းကြီးကို မြင်လိုက်ရသဖြင့် မျက်လုံးပြူးသွားလေသည်။

သာမန်အခြေအနေမျိုးဆိုလျှင် စွယ်စုံဆင်ကြီးက သူ့ကို ဘယ်နည်းနှင့်မျှ အလွတ်ပေးမည် မဟုတ်ပေ။

ယခုတော့ ဆင်မကို အန္တရာယ်ပေးနေသော သစ်စုန်းပင်ကို မြင်လိုက်သည်နှင့် နီမောင့်ကို ဂရုမစိုက်ဘဲ လက်တံများ တယမ်းယမ်း ဖြစ်နေသော သစ်စုန်းပင်ကြီး ရှိရာသို့ အရှိန်ဖြင့် ပြေးဝင်သွားပြီး အစွယ်ဖြင့် ထိုးချလိုက်သည်။

"ကျီ. . ."

သစ်စုန်းပင်ကြီးထဲမှ အသံတစ်ချက် ပေါ်လာပြီး မြေပေါ်သို့ 'ဝုန်း'ကနဲ လဲကျသွားလေသည်။

မြေပေါ်သို့ လဲကျသွားသော်လည်း တယမ်းယမ်း ဖြစ်နေသော နွယ်လက်တံရှည်များက ဆင်ကို ရစ်ပတ်လိုက်သည်။ ဆင်၏ခြေထောက်နှင့် လက်များကို ပတ်မိသောအခါ လွတ်နေသော နွယ်လက်တံအချွန်များက ဆင်ကိုယ်ထဲသို့ ထိုးသွင်းလိုက်တော့သည်။

"ကျီ. . ."

စွယ်စုံဆင်ကြီး၏ငယ်သံပါအောင် အော်သံများက တောထဲမှာ ပဲ့တင်ထပ်သွားတော့သည်။

ထို့အတူ စွယ်စုံဆင်ကြီး အစွယ်ချက် ထိထားသော သစ်စုန်းပင်ကြီး၏ပင်စည်မှာလည်း အပေါက်ကြီးဖြစ်ကာ ထိုနေရာမှ သွေးစေးရောင်ကဲ့သို့ အညိုရောင် စေးပျစ်ပျစ်အရည်များ စီးကျ



www.burmeseclassic.com

www.burmeseclassic.com



လာလေတော့သည်။

ဆင်မ ပန်းခင်မှာ အန္တရာယ်ဘေးမှ လွတ်သွားသည်နှင့် တောထဲသို့ ဝင်ပြေးရာ နီမောင်က နောက်မှ ပြေးလိုက်သွားလေသည်။

"ပန်းခင်. . . ဆင်မလေးပန်းခင်"

သူ့အသံကြားသောအခါ ဆင်မက အသံကို မှတ်မိသွားဟန်ဖြင့် တစ်နေရာ ရောက်တော့ ရပ်တန့်သွားသည်။

"ဆင်မလေးပန်းခင်. . အဂစ်. . အဂစ်"

အဂစ်ဆိုသည်မှာ 'လာ. . လာ' ဟု ခေါ်ခြင်းဖြစ်သည်။

"အဆာတေ၊ အဆာတေ၊
အဂစ်ဇားလော့ပိုင်ရယ်
အဂစ်ဇား"

ထိုသီချင်းက ဆင်မပန်းခင်ကို ဖမ်းမိလာစဉ်က နီမောင်ကိုယ်တိုင် ချော့မော့ပေးခဲ့သော သီချင်းဖြစ်သည်။

ထိုသီချင်းကြားတော့ ဆင်မပန်းခင်က ငြိမ်ကျသွားလေသည်။ ဒီတော့မှ နီမောင်က အနားကပ်ဝံ့သည်။

"ဘတ်ဆမ်း. . ဘတ်ဆမ်း"

ဟု နီမောင်က ပြောသောအခါ ဆင်မပန်းခင်က ရှေ့လက်နှစ်ချောင်းကို တုပ်ချလိုက်ပြီး ဝပ်ပေးသည်။

ထိုအခါ ဆင်ပေါ်သို့ တက်သည်။

"မိုင်း. . မိုင်း. . မိုင်း"

ထပါ ရပ်ပါဟု ပြောလိုက်လျှင် ဆင်မက ထရပ်သည်။





"အဂစ်. . အဂစ်. . အဂစ်"

သွားပါဟု အမိန့်ပေးလိုက်သောအခါ ဆင်မက သူလိုရာသို့ ဖြောင့်ဖြောင့်တန်းတန်း သွားလေတော့သည်။

ထိုအခါ နီမောင်က ဆင်ကို ချော့ပေးသည့်အနေနှင့် ကျောကို ပွတ်ပေးရင်း သီချင်းဆိုသည်။

"ဆော်ဘိုင်၊ ဆော်ဘိုင်လော့ ဘာဘူရယ်
ဆော်ဘိုင်၊ ဆော်ဘိုင်လော့ ဘာဘူရယ်
ဆော်ဘိုင်. . .၊ အီကမ်. . .၊ အီနွမ်ဟွိုင်ဟွိုင်. . .၊
ဆိုကမ်ဟွိုင်ဟွိုင် ဆိုကမ်မနူတီ
အီကမ်မကတီ အီကမ်မနူတီ အီကမ်
ဆော်ဘိုင်၊ ဆော်ဘိုင်လော့ ဘာဘူရယ်၊
ဆော်ဘိုင်. . ."

သံစဉ်အနိမ့်အမြင့်ဖြင့် ဆွဲဆွဲငင်ငင် ဆိုပြလိုက်သောအခါ စောစောက မုန်ယိုနေသော ဆင်မမှာ သဘောကျပြီး ပုံမှန်အနေအထားသို့ ရောက်သွားတော့သည်။

ထိုအခါမှ နီမောင်သည် ဆင်မပန်းခင်ကို စီးကာ စုရပ်စခန်းသို့ ပြန်ခဲ့လေသည်။

အပြန်မှာတော့ အန္တရာယ်နှင့် မတွေ့ရဘဲ စခန်းသို့ ချောချောမောမောနှင့် ပြန်ရောက်သွားလေသည်။

စခန်းပြန်ရောက်သောအခါ စောထီးတို့ကလည်း အခြားဖမ်းမိထားသော ဆင်တစ်ကောင်ကို ပြန်ရလာသည်။

အဖွဲ့သားများနှင့် တွေ့သောအခါ နီမောင်က သူတွေ့



www.burmeseclassic.com

www.burmeseclassic.com

ကြုံလာခဲ့သော အကြောင်းများကို ပြန်ပြောပြလိုက်သည်။

"တယ်လည်း ကြောက်စရာကောင်းပါလား၊ တလောက လူတွေ ဆင်တွေ သေတာ သစ်စုန်းပင်တွေရဲ့လက်ချက်ဆိုတာ အခုမှ သိရတော့တယ်"

"ဒါထက် ဒီလောက်များတဲ့ သစ်စုန်းပင်တွေက ဘယ်နေရာက ရောက်လာတာလဲ မသိဘူး"

ထိုအခါ အတွေ့အကြုံ ရင့်ကျက်လှသော ဖန်တီကြီး ဦးထန်ဖုန်းရှိန်က ပြောပြလေသည်။

"အရင်တုန်းကတော့ ဒီနယ်ဘက်တွေမှာ မရှိပါဘူး၊ သစ်စုန်းပင်ဆိုတာ ဟိမဝန္တာတောင်တန်းတွေဘက်မှာပဲ ရှိတာပါ၊ နောက်တော့ ဒီနယ်ဘက်က သွားတဲ့လူတွေထဲက သစ်စုန်းပင်နဲ့ တွေ့ပြီး သစ်စုန်းပင် ဖြစ်သွားကြတဲ့လူတွေ ရှိလာတယ်"

"ဟင်. . . ဘယ်လိုရှိလာတာလဲ အဘ"

"သစ်စုန်းပင် သတ်လို့ သေတဲ့လူတွေရဲ့ခန္ဓာကိုယ်ထဲမှာ သစ်စုန်းပင် အစေးရည်တွေ ရောက်သွားတယ်၊ အဲဒီလို ရောက်သွားပြီး မကြာခင်မှာ သစ်စုန်းပင်ဘဝ ပြောင်းသွားတော့တာပဲ"

"ဒါဖြင့် ဒီမှာ သစ်စုန်းပင်လက်ချက်နဲ့ သေတဲ့လူတွေလည်း မကြာခင် သစ်စုန်းပင်ဘဝ ရောက်ကြတော့မှာပေါ့နော်"

"ဟုတ်တယ်. . . သူတို့လည်း မကြာခင်မှာ သစ်စုန်းပင်ဘဝရောက်ကြမှာပဲ၊ အဲဒီလို သစ်စုန်းပင်ဘဝ ပြောင်းသွားတဲ့လူတွေဟာ နေရာဟောင်းကို ပြန်လာလေ့ ရှိကြတယ်၊ အဲဒီလိုနဲ့ပဲ ဟိမဝန္တာကနေ ဟူးကောင်းချိုင့်ဝှမ်းဘက်ကို သစ်စုန်းပင်တွေ





ရောက်လာကြရတယ်၊ ဒီရောက်တော့လည်း သူတို့လက်ချက်နဲ့ သေသွားတဲ့လူတွေ၊ တိရစ္ဆာန်တွေက သစ်စုန်းပင်ဘဝ ပြောင်းသွားပြီး လူတွေ တိရစ္ဆာန်တွေကို လိုက်သတ်ပြန်တာပေါ့၊ ဒီလိုနဲ့ပဲ တဖြည်းဖြည်းနဲ့ သစ်စုန်းပင်တွေ တိုးပွားလာတာပေါ့"

ဦးထန်ဖုန်းရှိန်စကား ကြားသောအခါ နီမောင်တို့တတွေမှာ မိမိတို့ပတ်ဝန်းကျင်သို့ မမျှော်လင့်ဘဲ ရောက်ရှိလာသော သစ်စုန်းပင်များ အန္တရာယ်မှာ မသေးလှကြောင်း ခန့်မှန်းမိကြသည်။

"ဒီလိုဆိုရင်တော့ အန္တရာယ်တွေက တဖြည်းဖြည်းနဲ့ တိုးပွားလာမှာ အမှန်ပဲ၊ သူတို့ကို ဘယ်လိုသုတ်သင်ရင်ရသလဲ အဘ"

"သစ်စုန်းပင်ဆိုတာလည်း သက်ရှိသတ္တဝါတစ်မျိုးပဲပေါ့၊ လူတွေ တိရစ္ဆာန် သတ်သလို သတ်ရင် သေတာပါပဲ၊ သူတို့ကိုယ်ထဲက သွေးနဲ့ တူတဲ့ အစေးရည်တွေ ထွက်သွားရင်၊ ဒါမှမဟုတ် သစ်ပင်ရဲ့ပင်စည် ပျက်စီးသွားရင် သေတာမျိုးပါပဲ"

"တော်သေးတာပေါ့ အဘရယ်၊ တကယ်လို့သာ သတ်လို့မရနိုင်ဘူးဆိုရင်တော့ သိပ်မကြာခင်မှာ တောတစ်ခုလုံး သစ်စုန်းပင်တွေနဲ့ ပြည့်ပြီး ဘာမှလုပ်စားလို့ရမှာ မဟုတ်တော့ဘူး"

"ရုပ်မရှိဘဲ နာမ်မရှိတဲ့ ဝိညာဉ်လောကသားတွေတောင် အချိန်တန်ရင် ပျက်စီးရသေးတာပဲ၊ ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတဲ့သစ်ပင်က ဘာကြောင့် မသေဘဲ ရှိပါ့မလဲ၊ ဓာတ်တစ်ပါးပါး ချို့ယွင်းပျက်စီးရင် သေတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမယ့် အခုလောလောဆယ် ဟူးကောင်းချိုင့်ဝှမ်းထဲမှာ သစ်စုန်းပင်တွေ ရှိမှန်း သိရပြီဆိုတော့ အလုပ်လုပ်တဲ့နေရာမှာ သတိဝီရိယထားပြီး လုပ်ကြရုံ ရှိတာပေါ့"

"ဒါထက် လွတ်သွားတဲ့ဆင်နှစ်ကောင်လည်း ပြန်ကောက်လို့ ရပြီဆိုတော့ ရွာပြန်ကြမှာလား. . . ဘာလုပ်ကြမှာလဲ"

ငမဲအောင်က မေးလိုက်သည်။

"ဒီအတိုင်း ပြန်ရင်တော့ စားစရိတ်ကုန်၊ လူပန်းပဲ ဖြစ်မယ်၊ တောထဲ ရောက်လာပြီးမှတော့ မထူးပါဘူး၊ ဆင်တစ်ကောင်လောက် ရအောင်ဖမ်းပြီးမှ ပြန်သွားရင် ပိုမကောင်းဘူးလား"

နီမောင်စကားကြားသောအခါ အားလုံးက သဘောပေါက်စွာဖြင့် ပြုံးလိုက်ကြသည်။

"ယောက္ခမလောင်းအတွက် ကြိုးစားပေးချင်တယ်ဆိုပါတော့"

စောထီးစကားကြောင့် နီမောင်မှာ မလုံမလဲ ဖြစ်သွားသည်။

"ဒီသဘော မဟုတ်ပါဘူး၊ ငါတို့က သူ့ရဲ့အလုပ်သမားတွေပဲ၊ သူကျွေးတဲ့ထမင်းကို စားမှတော့ သူတို့အတွက် ဒီလောက်တော့ လုပ်ပေးသင့်တယ် ထင်လို့ပါ"

"ငါကတော့ ကျွဲကူးရေပါဆိုသလိုပေါ့၊ အလုပ်ရှင်အတွက် ကြိုးစားပေးတော့လည်း မြနှင်းဖြူရှေ့ ရောက်တော့





မျက်နှာပန်းလှတာပေါ့"

"ဟား. . ဟား. . ဟား. . ဟား"

အားလုံးက ဝိုင်းရယ်ကြရာ နီမောင်ခမျာ ရှက်ကိုးရှက်ကန်း အမူအယာဖြင့်. . .

"မင်းတို့ကလည်းကွာ"

ဟု ပြောရင်း နေရာမှ ထသွားလေတော့သည်။

နီမောင့်အမူအယာကို ကြည့်ရင်း လုပ်ဖော်ကိုင်ဖက်များက တဝါးဝါးနှင့် သဘောကျနေကြတော့သည်။

နီမောင်တို့တတွေ တောတက်သွားကြသည်ကို ရွာမှ မသိလိုက်ကြပေ။

နီမောင်တို့ကလည်း လျှို့ဝှက်စွာ စီစဉ်ပြီး သွားကြခြင်းဖြစ်သည်။ ရက်အတန်ကြာသောအခါ နီမောင်တို့အဖွဲ့ ဆင်ရှာထွက်သွားမှန်း သိကြရသည်။

တစ်ပတ်ခန့် ကြာသောအခါ ဦးခွန်ဘရင် ဆင်စခန်းသို့ သတင်းဆိုးတစ်ခု ရောက်လာတော့သည်။

ထိုသတင်းကို သယ်ဆောင်လာသူမှာ ဦးရတန်တို့ ဆင်ဖမ်းအဖွဲ့မှ အလုပ်သမားများဖြစ်သည်။

"တောထဲမှာ နီမောင်တို့အဖွဲ့က လူတွေနဲ့ တွေ့ခဲ့တယ်၊ နီမောင်တစ်ယောက်တော့ သစ်စုန်းပင်နဲ့ တွေ့လို့ဆိုလား၊ သေပြီလို့ သတင်းကြားခဲ့ရတယ်"

"ဟင်. . ."

ထိုစကားကြားသောအခါ ဦးခွန်ဘရင်မှာ များစွာတုန်


www.burmeseclassic.com

www.burmeseclassic.com

လှုပ်သွားသလို အနားမှာ ရှိနေသော မြနှင်းဖြူလည်း မျက်စိမျက်နှာပျက်သွားလေသည်။

"မင်းကြားခဲ့တာ တကယ်ပဲလား"

"သူ့လူတစ်ယောက်က သေသေချာချာ ပြောပြလိုက်တာပဲ၊ မဟုတ်ဘဲနဲ့တော့ ဒီကိစ္စမျိုး ပြောပ့ါမလားဗျ"

ဟု ပြောဆိုကာ ပြန်သွားတော့သည်။

"အ. . အဖေ. . နီမောင်သေတယ်ဆိုတာ တကယ်ပဲလားဟင်"

"အဖေလည်း အတပ်ဘယ်ပြောနိုင်ပ့ါမလဲ၊ တကယ်လို့သာ ဒီသတင်း မှန်ရင်တော့ အတော့ကို စိတ်မကောင်းစရာပဲ"

နီမောင်မှာ သူတို့ ဆင်ဖမ်းစခန်းတွင် အားကိုးရသော ဆင်ဖမ်းသမားတစ်ဦး ဖြစ်သည်။

တောအကြောင်းကို နားလည်သလို ဆင်ဖမ်းရာမှာလည်း အထူးကျွမ်းကျင်သူဖြစ်သည်။

ရှင်ဗွေယန်ရွာတွင် မီလာရှီကာနည်းဖြင့် ဆင်ဖမ်းရာ၌ သူ့ကို မှီနိုင်သူ မရှိပေ။

သို့ကြောင့် နီမောင်တို့ ထွက်သွားလျှင် ဆင်မရဘဲ ပြန်လာရိုး ထုံးစံမရှိပေ။

သူ၏အစွမ်းအစကို သိသဖြင့် အခြားဆင်စခန်းများမှ သူ့ကို အလိုရှိကြသော်လည်း နီမောင်ကတော့ ဦးခွန်ဘရင်တို့ ဆင်စခန်းမှာသာ စွဲစွဲမြဲမြဲ လုပ်ကိုင်လေ့ရှိ ်။

အချို့ကတော့ နီမောင်တစ်ယော ခန်းမှ မခွဲနိုင်





မခွာရက်ဖြစ်နေသည်မှာ 'မြနှင်းဖြူ' သံယောဇဉ်ကြောင့်ဖြစ်သည်ဟု ထင်ကြေးပေးကြလေသည်။

ယခုလည်း နီမောင်တစ်ယောက် တောထဲမှာ သစ်စုန်းပင်နှင့် တွေ့ပြီး သေဆုံးသွားသည်ဟု သတင်းကြားလိုက်ရသည်နှင့် မြနှင်းဖြူတစ်ယောက် တုန်လှုပ်သွားလေသည်။

တကယ်မဟုတ်ပါစေနဲ့ဟုလည်း အကြိမ်ကြိမ်အခါခါ ဆုတောင်းနေမိသည်။

ရွာထဲသို့ အခြားဆင်ဖမ်းအဖွဲ့များ ပြန်ဝင်လာတိုင်း နီမောင်တို့အဖွဲ့များလားဟု ထွက်ကြည့်ရသည်မှာ အမောပင်။ တစ်ပတ်ခန့် ကြာသောအခါ လူတစ်ယောက်က ပြေးလာပြီး ပြောသည်။

"ဦးထန်ဖုန်းရှိန်တို့အဖွဲ့တွေ တောထဲက ပြန်လာနေကြပြီတဲ့"

"ဟင်. . ."

"နီ. . နီမောင် ပါသလားဟင်"

မြနှင်းဖြူက အလောတကြီး ဝင်မေးသည်။

"ကျွန်တော်လည်း သေသေချာချာ မသိရဘူး၊ သူတို့ ပြန်လာပြီဆိုတဲ့သတင်း ကြားလို့သာ လာပြောပေးတာ"

"အေး. . အေး. . ကျေးဇူးတင်ပါတယ်ကွာ"

ထိုသူပြန်သွားပြီး မှောင်ရီပျိုးစအချိန်မှာ ဆင်ဖမ်းအဖွဲ့ ပြန်လာကြသည်။

နီမောင်သေသွားပြီဆိုသော သတင်းကြောင့် တစ်ရွာလုံး



www.burmeseclassic.com

www.burmeseclassic.com

နိုးပါး ထွက်ကြည့်ကြသည်။

မြနှင်းဖြူခမျာလည်း ရင်တထိတ်ထိတ်နှင့် ဆင်ရိုင်းထိပ်မှ ထွက်ကြည့်နေလေသည်။

အမှောင်ရိပ်များ ရှိနေသဖြင့် မြင်ကွင်းက မသဲမကွဲလှပေ။ ရှေ့ဆုံးမှ ဦးထန်ဖုန်းရှိန်တို့က အရင်ဝင်လာသည်။

ပျောက်သွားသော ဆင်ယဉ်နှစ်ကောင်ကို တွေ့လိုက်ရသဖြင့် ဦးခွန်ဘရင်မှာ ဝမ်းသာသွားသည်။

“ဆင်နှစ်ကောင် ပြန်ပါလာပြီဟ”

ဟု အော်ပြောကြသည်။

“ဒါ့အပြင် ဆင်ရိုင်းတစ်ကောင်ပါ ဖမ်းမိလာတယ်ဟေ့”

ထိုသို့အော်ဟစ်နေသည့်အသံများ ကြားသဖြင့် မြနှင်းဖြူက လူအုပ်ကြားထဲမှ တိုးဝှေ့ကာ ထွက်ကြည့်သည်။

ဆင်နှစ်ကောင်နှင့် လာသူများရော၊ ဆင်ရိုင်းကို ညှပ်ခေါ်လာသူများထဲမှာတော့ နီမောင်ကို မတွေ့ရသေးပေ၊ ထိုအချိန်မှာ ဦးခွန်ဘရင်က လှမ်းအော်မေးသည်။

“နီ. . နီမောင်ရောဟေ့”

ထိုအခါ ဆင်ဖမ်းသမားများကြားထဲမှ လိုက်လာသော နီမောင်က ရှေ့သို့ ထွက်လာသည်။

“ကျွန်တော် ဒီမှာ ဆရာကြီး”

“ဟင်. . .”

“ဟာ. . . ဟိုမှာ နီမောင်ပါတယ်ဟ၊ ဒီလူတွေ မဟုတ်မဟတ် သတင်းလာပြောသွားတာပဲ”





“တော်တော်စိတ်ကောင်းမရှိတဲ့လူတွေပဲ၊ ဒီမှာရှိတဲ့လူတွေ စိတ်ပူရအောင် တမင်လာပြောသွားတယ်”

ဟု ပြောဆိုနေကြစဉ် မြနှင်းဖြူက နီမောင်ရှိရာသို့ ရောက်အောင်သွားလေသည်။

“နီမောင် နင်ဘာမှ မဖြစ်ဘူးနော်”

“ငါ ဘာမှမဖြစ်ပါဘူး၊ နင့်ကို ဘယ်သူက ပြောလို့လဲ”

ထိုသို့မေးလိုက်သောအခါ ဘာပြန်ပြောရမှန်း မသိတော့ပေ။

“ဟို. . ဟို. . ဘာမှမဟုတ်ပါဘူး”

ဟု ပြောပြီး ပြန်လှည့်သွားလေသည်။

နီမောင်လည်း မြနှင်းဖြူအမူအယာကို ကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်သွားလေသည်။


စခန်းကို ပြန်ရောက်ကြပြီးနောက်မှ အကျိုးအကြောင်းအမှန်ကို သိရတော့သည်။

ထိုနေ့က မြနှင်းဖြူရင်ထဲမှ မေတ္တာအတိမ်အနက်ကို နီမောင်တစ်ယောက် သိခွင့်ရလိုက်လေသည်။

မေတ္တာတရားသည် တိမ်မယောင်နှင့်နက်၊ လွယ်မယောင်နှင့် ခက်သောအရာဖြစ်ပြီး အကြောင်းတိုက်ဆိုင်မှသာ တွေ့မြင်ခွင့် ရနိုင်သောအရာဖြစ်သည်။



www.burmeseclassic.com



www.burmeseclassic.com



အခန်း(၁၃)

# ချစ်ရည်မွှေးသော ဘဝများ

တောဆင်ရိုင်းများ၏တောတိုးသံ၊ အော်သံများက ပတ်ဝန်းကျင်တစ်ဝိုက်၌ ဆူညံနေလေသည်။

တောဆင်ရိုင်းများသည် ကြိမ်တောများအတွင်းသို့ တိုးကာ အစာစားနေကြလေသည်။

၎င်းတို့နှင့် မဝေးလှသောနေရာတွင် စခန်းချနေသော ဆင်ဖမ်းသမား အဖွဲ့တစ်ဖွဲ့ ရှိသည်။

အခြားမဟုတ်ပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

နီမောင်တို့အဖွဲ့ပင်ဖြစ်သည်။

ညဦးပိုင်းအချိန် ရောက်သောအခါ အဝေးဆီမှ ဆင်အော်သံလိုအသံမျိုး တစ်ချက်ကြားလိုက်ရသည်။

နီမောင်က မိမိအဖွဲ့သားများကို အချက်ပြလိုက်ပြီးနောက် အူသံတစ်ချက် ပေးလိုက်သည်။

"အူး . . ဝူး . . ဝူ"

တိတ်ဆိတ်နေသောအချိန်မို့ နီမောင်အူသံက အတော်ဝေးဝေးနေရာမှ ကြားနိုင်လေသည်။

နီမောင်အူသံနှင့် မရှေးမနှောင်းမှာပင် မနီးမဝေးနေရာမှ ဆင်အော်သံအချို့ ပေါ်ထွက်လာသည်။

"ကျွီ . ."

"ဒိုး . . ဒိုး . . ဒို"

နီမောင်က တစ်ချက်ပြုံးလိုက်ပြီးနောက် နောက်တစ်ကြိမ် အူသံပေးလိုက်ပြန်သည်။

"အူး . . ဝူး . . ဝူ"

ထိုအခါ မရှေးမနှောင်းမှာပင် တုံ့ပြန်သံ ပေါ်လာသည်။

"ကျွီ . ."

"ဒိုး . . ဒိုး . . ဒို"

"ဘာသံတွေလဲ"

အလုပ်သမားတစ်ယောက်က တိုးတိုးမေးသည်။

"အဲဒါ ဆင်အော်သံ မဟုတ်ဘူး၊ သစ်စုန်းပင်တွေ အော်တာ၊ မကြာခင် သူတို့ ရောက်လာကြတော့မယ်"





ဟု နီမောင်က အသံတိုးတိုးဖြင့် ပြန်ပြောလိုက်သည်။

သစ်စုန်းပင်တွေဟု ပြောလိုက်သဖြင့် အလုပ်သမားအချို့မှာ မျက်လုံးပြူးသွားကြသည်။

အတန်ကြာသောအခါ နီမောင်က အူသံပေးလိုက်၊ သစ်စုန်းပင်များထံမှ အသံကြားရလိုက်နှင့် ရှိနေရာမှ သစ်စုန်းပင်အသံများမှာ တဖြည်းဖြည်းနှင့် နီးကပ်လာလေတော့သည်။

ထိုအခါ နီမောင်တို့တတွေလည်း မူလကြိုတင်စီစဉ်ထားသည့်အတိုင်း လုပ်စရာရှိသည်များကို လုပ်ကြလေသည်။

နီမောင်တို့ စခန်းချနေသောနေရာနှင့် မဝေးလှသောနေရာတွင် ဆင်ရိုင်းအုပ်များ ရှိနေသလို အခြားလူတစ်စုလည်း ရှိနေကြသည်။

၎င်းတို့မှာ ဆင်ဖမ်းရန် လာကြသည်မဟုတ်ဘဲ ယခင်တစ်ပတ်ကဲ့သို့ပင် နီမောင်တို့တတွေကို တမင်ချောက်ချရန် ရည်ရွယ်ချက်ဖြင့် လျှို့ဝှက်စွာ ရောက်နေကြခြင်းဖြစ်၏။

"ထူးထူးခြားခြား အူသံတွေ ကြားနေရပါလား"

"သူတို့အချင်းချင်း အချက်ပေးတဲ့အသံ ဖြစ်မှာပေါ့"

"ဆင်ဖမ်းတဲ့လူတွေက ဆင်ရိုင်းအုပ်နဲ့ နီးတဲ့နေရာမှာ ဒီလိုအသံမပေးရဘူးဆိုတာ သူတို့လည်း သိကြရက်သားနဲ့"

"ဒါပေမယ့် အဲဒီလို အူလိုက်တိုင်း ဆင်အော်သံတွေ ပြန်ကြားရတာ မထူးဆန်းဘူးလား"

"သူတို့ ခေါ်လာတဲ့ဆင် ပျောက်နေလို့ အူသံပေးနေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တလောက ငါတို့ နှိပ်စက်လိုက်တာ ဦးခွန်ဘရင်တို့ အတော်ကလေး အထိနာသွားတယ်"

"ဒါပေမယ့် နီမောင်တို့ လိုက်ရှာလို့ ဆင်နှစ်ကောင် ပြန်ရလာတဲ့အပြင် ဆင်ရိုင်းတစ်ကောင်တောင် ဖမ်းမိလာသေးတယ် မဟုတ်လား"

"အဲဒါကလည်း နီမောင်ဆိုတဲ့ကောင် ရှိနေလို့ပါ၊ ဒီကောင်သာ မရှိရင် ဦးခွန်ဘရင်တို့ ဒုက္ခရောက်ပြီး ငါတို့ဆရာ့ရှေ့မှောက် ဒူးထောက်ရမှာ အမှန်ပဲ၊ ဒါထက် သူတို့တတွေ ဆင်ရှာဖို့ သွားကြတာ ငါတို့ လုံးဝမသိလိုက်ဝါလား"

"ငါတို့အကြံအစည်ကို ရိပ်မိသွားလို့ တိတ်တိတ်ကလေး သွားကြတာ ဖြစ်မှာပေါ့၊ သူတို့တတွေ ဘယ်လိုပဲ လျှို့ဝှက်ပြီး သွားပေမယ့် အခု ငါတို့သိလို့ နောက်က လိုက်လာနိုင်ပြီ မဟုတ်လား"

ဟု အချင်းချင်း ပြောဆိုနေကြစဉ် အသံများ ပျောက်ကွယ်သွားပြီးနောက် ဆင်အော်သံကဲ့သို့ အသံအချို့သာ တစ်ခါ တစ်ခါ ကြားကြရသည်။

အတန်ကြာသောအခါ အသံများ တဖြည်းဖြည်းနှင့် ပျောက်သွားလေတော့သည်။

"အသံတွေတော့ ငြိမ်သွားပြီ၊ အလုပ်စလိုက်ကြရအောင်၊ သူတို့ စခန်းချနေတာ ဘယ်နေရာမှာလဲ"

"ဟိုဘက်နားက လျှိုထဲမှာ"

"ဟန်ကျတာပေါ့. . . မင်းတို့က ဟိုဘက်ကိုသွား၊ ငါတို့





က ဒီဘက်က သွားပြီး ဆင်ရိုင်းတွေကို သူတို့စခန်းထဲ တန်းတန်းမတ်မတ် ဝင်အောင် မောင်းချကြစို့ဟေ့"

ဟု ပြောဆိုတိုင်ပင်ကာ ငါးယောက်တစ်ဖွဲ့စီ ခွဲပြီး ဆင်ရိုင်းအုပ် ရှိရာသို့ သွားကြလေသည်။

အမှောင်ရိပ်များက တောထဲမှာ ဖုံးအုပ်ထားသည်ဆိုသော်လည်း ကောင်းကင်မှာ လရောင်ကင်းနေသဖြင့် အတန်အသင့် မြင်နိုင်လေသည်။

သူတို့သည် တောနက်ထဲမှာ သွားလာနေကျမို့ ထိုမျှအလင်းရောင် ရှိရုံနှင့်ပင် သွားလာနိုင်ကြသည်။

သူတို့တွင် ဆင်ကျုံးသွင်းရာ၌ အသုံးပြုသော ပေထုပ်များ ပါလာကြသည်။

ဆေးဒန်းနှင့် ပိုတက်မှုန့်ကို အတူရောစပ်ပြီး ကျောက်စရစ်ငယ်များနှင့် ရောစပ်ကာ စက္ကူထူထူများဖြင့် ကျစ်လစ်စွာ ထုပ်ထားသောအထုပ်များဖြစ်သည်။

အချို့အရပ်ဒေသများ၌ ပေထုပ်အစား အလွယ်တကူ သယ်ယူရရှိသော ဗျောက်အိုးများကို အသုံးပြုကြသည်။

ပေထုပ်ကို မာကျောသည့် သစ်ပင်၊ ကျောက်တုံးများကို ပစ်ပေါက်သည့်အခါ တဗောင်းဗောင်း တဒိုင်းဒိုင်း အသံမြည်သည်။

ဗျောက်အိုးဆိုလျှင်တော့ မီးရှို့ပြီး ပစ်ပေါက်ကြသည်။

လူတစ်စုသည် ဆင်ရိုင်းများ ရှိနေသော ကြိမ်တောရှိရာသို့ တက်သွားကြပြီး ပေထုပ်များ ပစ်ဖောက်ကာ လူယောင်ပြ

www.burmeseclassic.com



မောင်းသည်။

ဆင်ကျုံးသွင်းဖို့ မောင်းရာတွင် လူယောင်ပြရုံပြီး ပြေးပြေးချင်း မောင်းသော်လည်း ယခု ဒီလိုမဟုတ်ပေ။

ဆင်ရိုင်းအုပ်များ နီမောင်တို့ စခန်းရှိရာသို့ တရကြမ်း ဆင်းသွားရန် ရည်ရွယ်ချက်ဖြင့် ခပ်တြမ်းကြမ်း မောင်းကြလေသည်။

နှစ်ဖက်ညှပ်ကာ မောင်းသဖြင့် တောဆင်ရိုင်းအုပ်များက နီမောင်တို့ စခန်းချနေသည့် လျှိုအတွင်းသို့ တန်းတန်းမတ်မတ် ဆင်းသွားကြလေသည်။

အကြံသမားတစ်စုကလည်း ဆင်များ နောက်ကြောင်းပြန်မလှည့်စေရန် နောက်ဖက်မှ မောင်းသွင်းရင်း ၎င်းတို့ပါ လျှိုအတွင်းသို့ ဆင်းလိုက်သွားသည်။

နောက်ဘက်မှ ခြောက်လှန့်မောင်းနှင်သဖြင့် ဒေါသထွက်နေသော ဆင်ရိုင်းအုပ်များက ရှေ့မှာ မြင်နေရသော တဲရှိရာသို့ သွားကာ နင်းချေဖျက်ဆီးကြတော့သည်။

ထိုအခါ တဲပေါ်မှာ တင်ထားသောပေထုပ်များ၊ ဗျောက်အိုးများက မီးပုံပေါ် ကျပြီး တဗောင်းဗောင်း၊ တဒိုင်းဒိုင်းဖြင့် ပေါက်ကွဲလေတော့သည်။

"ဖောင်း. . . ဖောင်း"

"ဒိုင်း. . . ဒိုင်း"

ထိုအသံများကြောင့် ဆင်များကာ ကြောက်လန့်တကြားနှင့် နောက်ကြောင်းပြန်လှည့်ကြသည်။





နောက်မှ လိုက်လာသောလူများမှာ ပစ်ပေါက်စရာ ပေထုပ်က မရှိတော့ပေ။

မမျှော်လင့်သော အခြေအနေကြောင့် နောက်ကြောင်းပြန်လှည့်ပြေးရုံမှတစ်ပါး တခြားမရှိတော့ပေ။

မကောင်းကြံစည်သူများမှာ မမျှော်လင့်သောအန္တရာယ်များ ရောက်လာတော့သည်။

အခြားမဟုတ်ပေ. . .။

၎င်းတို့ပြေးမည့်လမ်းပေါ်မှာ သစ်စုန်းပင်များ ရောက်နေကြပြီး တက်လာသမျှလူများကို နွယ်လက်တံကြီးများဖြင့် ဖမ်းဆွဲကာ သတ်ဖြတ်လေတော့သည်။

လူတစ်စုမှာ ရှေ့ဆက်ပြေး၍မရသဖြင့် နောက်ကြောင်းပြန်လှည့်ပြေးရန် ပြင်ပြန်တော့လည်း ဒေါသထွက်နေသော ဆင်ရိုင်းအုပ်ကြီးက ရှိနေပြန်သည်။

ဆင်ရိုင်းအုပ် ရှိရာသို့ ပြေးလျှင် ဘယ်နည်းနှင့်မှ မလွတ်နိုင်သောကြောင့် သစ်စုန်းပင်များ ရှိရာဘက်သို့ တက်ပြေးကြရတော့သည်။ သူတို့၏ကံကြမ္မာကား မတွေးဝံ့စရာပင်ဖြစ်တော့သည်။

ထိုအချိန်တွင် နီမောင်တို့တတွေမှာ လျှိုအပေါ်ဘက်ရှိ တောင်ကြောတစ်နေရာတွင် ရောက်နေကြလေပြီ။

လျှိုအတွင်းမှ ကြောက်လန့်တကြား အော်သံဟစ်သံများ ကြားရသော်လည်း မကယ်နိုင်ကြတော့ပေ။

မိမိဖန်တီးသောကြမ္မာ မိမိသာ ခံပေရော့ဟု ပြောရပေ



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။ ဆင်အော်သံများ၊ သစ်စုန်းပင်များ အော်သံများ အပြင် လူတစ်စု၏ငယ်သံပါအောင် အော်သံဟစ်သံများကိုပါ အတိုင်းသား ကြားနေရသည်။

"ဒီလူတွေတော့ သစ်စုန်းပင်နဲ့ ဆင်ရိုင်းအုပ်တွေကြားမှာ ဒုက္ခရောက်ကြပြီပေါ့"

"ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးတာပဲ အဘရယ်၊ သူ့ထိုက်နဲ့သူ့ကံ ခံပစေပေါ့"

တစ်ညလုံး ဆူဆူညံညံအသံများ ကြားနေရပြီး မိုးလင်းခါနီးအချိန်ရောက်မှ ငြိမ်သက်သွားလေတော့သည်။

နောက်တစ်နေ့ နံနက်လင်းသောအချိန်ရောက်မှ လျှိုအတွင်းသို့ အခြေအနေ သွားကြည့်သောအခါ အတုံးအရုံး သေဆုံးနေသောလူများအပြင် ဒဏ်ရာဖြင့် လဲကျန်ခဲ့သော ဆင်တစ်ကောင်၊ သေဆုံးနေသော ဆင်တစ်ကောင်၊ ဆင်များ တွန်းလှဲပြီး နင်းချေထားသဖြင့် စေ့စေ့ညက်ညက် ကြေနေပြီဖြစ်သော သစ်စုန်းပင်ကြီးတစ်ပင်ကိုပါ တွေ့ကြရသည်။

နီမောင်တို့က ဒဏ်ရာရနေသောဆင်ကို ကြည့်ရာ ခြေထောက်တစ်ဖက် ဒဏ်ရာရနေသည်ကိုသာ တွေ့ရပြီး အခြားသေလောက်သည့်ဒဏ်ရာမျိုး မတွေ့ရပေ။

"ဘယ်လိုလဲ အဘ၊ ကံကောင်းချင်တော့ ဆင်မဖမ်းဘဲ ဆင်တစ်ကောင် ရလိုက်ပါသေးလား"

နီမောင်တို့သည် ထိုဆင်၏ဒဏ်ရာကို ပြုစုပေးပြီး အတန်ငယ် သက်သာသောအခါ ဆင်ယဉ်နှစ်ကောင်ဖြင့် တွဲကာ





ရွာသို့ ပြန်ခဲ့ကြလေသည်။

စခန်းသို့ ပြန်ရောက်သောအခါ အခြေအနေများကို ဦးခွန်ဘရင်တို့ကို ပြန်ပြောပြလိုက်သည်။

"တယ်လည်း အကြံပက်စက်ကြပါလား၊ ဘာကြောင့်များ ဒီလိုကြံစည်ရတာလဲ မသိဘူး"

"ဘာအတွက် ဖြစ်ရမှာလဲ ဆရာကြီးရဲ့ စောခွန်ကြာက သူနဲ့မြနှင်းဖြူတို့ စေ့စပ်တာ အဆင်မပြေလို့ အငြိုးထားပြီး ကြံစည်တာ ဖြစ်မှာပေါ့"

"ဒီလိုလူတွေနဲ့ မပတ်သက်မိတာ မှန်တယ်လို့ပဲ ယူဆရတော့မှာပဲ၊ အခုတော့ သူ့စေတနာ သူ့အကျိုးပေးပြီး ဒုက္ခတွေ့ကြရတာပဲပေါ့"

ဦးခွန်ဘရင်က လူကြီးပီပီ ဒီလောက်သာ ပြောသော်လည်း မြနှင်းဖြူကတော့ မကျေနပ်နိုင်အောင် ရှိနေလေသည်။

"စကောလောက်မှ ဇောက်မနက်တဲ့အကြံနဲ့ ငါ့အချစ်ကို ရအောင်ကြံစည်တယ်၊ ဒီတစ်သက် မပြောနဲ့ ဆယ်သက်တောင်မှ ဒင်းလိုလူမျိုးကို စိတ်ကူးထဲ မထည့်ဘူး"

နီမောင်က ဒေါသထွက်နေသော မြနှင်းဖြူကို ကြည့်ရင်း ပြုံးလိုက်သည်။

"နင်က သူလာပြီးစေ့စပ်တုန်းက ခါးခါးသီးသီး ငြင်းထုတ်လိုက်တော့ အခုလို ကြံစည်တာ နေမှာပေါ့"

"ငါက အစကတည်းက သူ့ကို ကြည့်လို့မှ မရတာ၊ အဲဒီလို မငြင်းလို့ ဘယ်လိုပြောရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်မကြိုက်လည်း ချိုချိုသာသာ ပြောမှပေါ့"

မြနှင်းဖြူက မျက်စောင်းတစ်ချက် ထိုးသည်။

"ကိုယ်မနှစ်သက်ဘဲနဲ့တော့ ဘယ်လိုမှ ဟန်မဆောင်တတ်ပါဘူး၊ ငါတို့က မာယာမများတတ်ဘူး၊ ဖြူရင်ဖြူတယ်၊ မည်းရင်မည်းတယ်၊ ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်၊ ဒါထက် နေပါဦး၊ နင်က သူ့ဘက်က သာသာထိုးထိုးနဲ့ ဝင်ပြောပေးရအောင် ငါ့ကို တခြားသူလက်ထဲ ရောက်သွားတာကို အတော်ကြည့်ချင်နေလို့လား"

ထိုကဲ့သို့ ဒဲ့ဒိုးကြီး ပိတ်ပြောလိုက်သောအခါ နီမောင်မှာ ဘယ်လိုပြန်ပြောရမှန်း မသိအောင် ဖြစ်သွားတော့သည်။

"အဲ. . ဟို. . ဟို. . အဲဒီလိုသဘောမျိုးတော့ မရှိပါဘူး"

"နင်က ဆင်ဖမ်းတဲ့နေရာမှာ တော်လို့ 'မီလာရှိကာ' ဘွဲ့ရထားပေမယ့် လူအကဲခတ်တဲ့နေရာမှာတော့ အတော့်ကို ညံ့ဖျင်းတာပဲ"

မကျေမနပ်လေသံဖြင့် ပြောသည်။

နီမောင်က အတန်ကြာသည်အထိ ဘာမှပြန်မပြောသောအခါ မြနှင်းဖြူက ဆက်ပြောသည်။

"နင် တောထဲမှာ တစ်ခုခုဖြစ်တယ်လို့ သတင်းကြားတုန်းက ငါဘယ်လောက်စိတ်ပူခဲ့ရတယ်ဆိုတာ နင်သိရဲ့လား၊ ငါ့အတွက်ကျတော့ နင် နည်းနည်းလေးမှ စိတ်ထဲမှာ မထားဘူး မဟုတ်လား"





ထိုသို့ပြောသောအခါမှ နီမောင်က တစ်ချက်မော့ကြည့်သည်။

"ငါ့အပေါ် အထင်မလွဲပါနဲ့ မြနှင်းဖြူရယ်၊ ငါ နင့်အပေါ်မှာ အဲဒီလိုသဘော မရှိပါဘူး၊ ငါ့အပေါ်မှာ နင်စိတ်ပူတတ်သလို ငါကလည်း နင့်အတွက် အမြဲစိတ်ပူနေရတာပါပဲ"

"နင်က ဘယ်လိုများ စိတ်ပူနေရလို့လဲ"

"နင့်ကို သူတစ်ပါးလက်ထဲ ပါသွားမှာစိုးလို့ပေါ့"

"တစ်ယောက်တည်း ကြိတ်ပြီးစိတ်ပူနေတာ ငါက ဘယ်လိုသိနိုင်မှာလဲ"

"ဖွင့်ပြောဖို့ကျတော့လည်း အဆင့်အတန်းက ကွာနေပြန်တော့. . ."

"နီမောင်. . . စကားကို ဝေ့လည်ကြောင်ပတ် မပြောနဲ့၊ ပွင့်ပွင့်လင်းလင်းသာ ပြောစမ်းပါ၊ နင် ငါ့အပေါ်မှာ ဘယ်လိုသဘောထားသလဲ"

"ငါ နင့်အပေါ်မှာ ငယ်စဉ်ကတည်းက မေတ္တာရှိနေတာပါ. . . ချစ်နေမိတာပါ၊ ဒါပေမယ့် မပြောသာလို့ မပြောဖြစ်ခဲ့တာပါ"

"ငါက အဆင့်အတန်း မက်တဲ့လူမျိုးမှ မဟုတ်တာ၊ ကိုယ့်အပေါ်မှာ မေတ္တာစစ်နဲ့ တန်ဖိုးထားတတ်တဲ့လူမျိုးကိုပဲ ရွေးချယ်ဖို့ ဆုံးဖြတ်ထားခဲ့တာ"

"တကယ်ပဲလားဟင်. . . နင့်ဆီက ဒီစကားကြားရအောင် ငါ ဝမ်းသာလိုက်တာ မြနှင်းဖြူရယ်"


www.burmeseclassic.com

www.burmeseclassic.com

နီမောင်က အနည်းငယ် တုန်ရီနေသောအသံဖြင့် ပြောလိုက်သည်။

မြနှင်းဖြူက ခေါင်းကလေး ငုံ့ထားသည်။

"မြနှင်းဖြူ . . နင် ငါရဲ့မေတ္တာကို တကယ်လက်ခံနိုင်မလားဟင်"

"နင်ကရော ငါ့အပေါ်မှာ တကယ့်မေတ္တာစစ်နဲ့ ချစ်မှာမို့လား"

"ငါက နင့်အပေါ်မှာ တကယ်ချစ်တာပါ မြနှင်းဖြူရယ်"

"ဒါဖြင့် အစက ဘာကြောင့် ဖွင့်မပြောခဲ့တာလဲ"

"ငါဖွင့်ပြောလိုက်ရင် နင်မှ လက်ခံပါမလားလို့ စဉ်းစားနေရလို့ပါ၊ တော်ကြာ နင့်ဆီက အချစ်မရဘဲ အလုပ်ပါ ပြုတ်သွားမှာစိုးလို့ပါ"

မြနှင်းဖြူက တစ်ချက်ပြုံးလိုက်သည်။

"အခုရော တကယ်ပြောနေတာလား"

"တကယ်ပြောနေတာလေ . . နင်ငါ့အပေါ်မှာ ဘယ်လိုသဘောထားသလဲဆိုတာသာ အဖြေပေးတော့"

"အခုတော့လည်း မြန်လှချည်လား၊ နင့်သဘောထားကို သိရပြီဆိုတော့ ငါ့ဘက်က စဉ်းစားရဦးမှာပေါ့"

"စဉ်းစားတော့လည်း စဉ်းစားပေါ့၊ သိပ်တော့ မကြာစေနဲ့ဟာ"

"နီမောင် . . . အချစ်ကိစ္စဆိုတာ အခုဖွင့်ပြော၊ အခုအဖြေရမယ်လို့ ထင်နေလို့လား၊ လက်မခံနိုင်တဲ့အဖြေဆိုတော့





ချက်ချင်းရမယ်၊ လက်ခံမယ်လို့ စိတ်ကူးရင်တော့ နည်းနည်းတော့ စဉ်းစားရဦးမှာပေါ့"

ထိုသို့ပြောလိုက်တော့မှ နီမောင်ခမျာ သဘောပေါက်သွားလေတော့သည်။

"ဒါ . ဒါဖြင့် နင် ငါ့ရဲ့အချစ်ကို လက်ခံတော့မှာပေါ့နော်"

မြနှင်းဖြူက ဆက်ပြီးမနှိပ်စက်ချင်တော့သဖြင့် ပြုံး၍ခေါင်းညိတ်ပြလိုက်လေသည်။

"ငါ ဝမ်းသာလိုက်တာ မြနှင်းဖြူရယ်၊ အခုမှပဲ စိတ်အေးရတော့တယ်"

ဟု ကတုန်ကယင်ဖြင့် ပြောလိုက်လေသည်။

"နီမောင် နင်ငါ့ကို တကယ်ချစ်တယ်မဟုတ်လားဟင်"

"ချစ်တာပေါ့ မြနှင်းဖြူရယ်၊ နင့်အပေါ်မှာ နှစ်နှစ်ကကာ ချစ်တာပါ၊ ငါ နင့်ကို စိတ်ချမ်းသာအောင် ထားနိုင်ဖို့ ကြိုးစားပါ့မယ်"

"ဒီလောက်လည်း မလိုပါဘူး မောင်ရယ်၊ တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိရှိနဲ့ ချစ်သွားမယ်ဆိုရင် ပကာသနတွေ မလိုပါဘူး"

"နင် ငါ့ကို ဘယ်လိုခေါ်လိုက်တယ်၊ မောင်လို့ ခေါ်တယ် ဟုတ်လား"

မြနှင်းဖြူက ပြုံး၍ခေါင်းညိတ်ပြရာ နီမောင်က မြနှင်းဖြူ၏ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်ဝမ်းသွာလိုက်တာ မြလေးရယ်"

ဟု တိုးတိုးပြောလိုက်လေသည်။

တကယ်တော့ ချစ်ရည်မျှသော ဘဝလမ်းသည် ပျော်ရွှင်ဖွယ်ကောင်းလှပေသည်။





အခန်း(၁၄)

# ထူးခြားသော ကိုယ်ဝန်ဆောင်ရှစ်သွင်

ယခုတလောမှာပင် ဦးရတန်တို့မှာ များစွာအထိနာသွားကြသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း သားဖြစ်သူ စောခွန်ကြာ စနက်ကြောင့်ဆိုက မမှားပေ။

စောခွန်ကြာက မြနှင်းဖြူကို မရသဖြင့် အငြိုးထားကာ ဦးခွန်ဘရင်တို့ စီးပွားပျက်အောင် ကြံစည်သည်။

စခန်းမှ အလုပ်သမားများကို တောတွင်းသို့ တိတ်တဆိတ် လွှတ်ကာ နီမောင်တို့ သေကြေပျက်စီးအောင် ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



စေသည်။

သို့သော်လည်း နောက်ပိုင်းမှာတော့ နီမောင်တို့အား သွားရောက်ကြဲစည်ရင်းမှပင် တောဆင်ရိုင်းနှင့် သစ်စုန်းပင်များ ကြား၌ ပြေးပေါက်မရှိဘဲ လူများ သေဆုံးသွားခဲ့လေသည်။ သေဆုံးသူများထဲတွင် ဆင်ဖမ်းရာတွင် အားကိုးရသော အလုပ်သမားများ ပါသွားလေသည်။

များစွာအထိနာသွားလေသည်။

စခန်းသို့ အသက်မသေဘဲ ပြန်ရောက်လာသော အလုပ်သမားတစ်ယောက်မှာလည်း သွေးရူးသွေးတန်း အော်ဟစ်နေလေသည်။

"သစ်စုန်းပင်ကြီးတွေ လာပြီ၊ မကောင်းဆိုးဝါးကြီးတွေ၊ မကောင်းဆိုးဝါးကြီးတွေ လာပြီ၊ လုပ်ကြပါဦး. . . ကယ်ကြပါဦးဗျ"

ထိုသူ့ကို မေးသော်လည်း 'သစ်စုန်းပင်ကြီးတွေ. . . မကောင်းဆိုးဝါးကြီးတွေ လာပြီ' ဟုသာ ထပ်ကာတလဲလဲ အော်ဟစ်နေသည်မှအပ အခြားဘာမှ မေးမရတော့ပေ။

သို့ကြောင့် ဦးရတန်တို့မှာ အကြီးအကျယ် စိတ်ညစ်ကာ ဘာလုပ်ရမှန်း မသိတော့ပေ။

"ဒီလောက်လည်း စိတ်မညစ်ပါနဲ့ အဖေရယ်၊ ကျွန်တော် ကြံပါဦးမယ်"

ဟု စောခွန်ကြာက ပြောသည်။

"တော်ပါတော့ကွာ. . . မင်းအကြံကောင်းလို့ ဆင်ဖမ်း





တဲ့လူတွေလည်း အားလုံးသေကုန်ကြပြီ၊ ဒီတစ်ခါဆိုရင်တော့ ငါတို့ သေဖို့ပဲ ကျန်တော့တယ်"

ထိုသို့ပြောသော်လည်း စောခွန်ကြာက မလျှော့သေးဘဲ ဦးခွန်ဘရင်တို့ကို ဒုက္ခပေးရန် နည်းလမ်းရှာနေတော့သည်။

ထိုရက်အတောအတွင်းမှာပင် ရှင်ဗွေယန်ရွာသို့ ဦးတိုင်းကျော်တို့ အဖွဲ့သားများ ရောက်ရှိလာသည်။

ငင်းတို့သည် ယခင်က အဆက်အသွယ် ရှိခဲ့ဖူးသော ဦးရတန်တို့ ဆင်ဝိုင်းရှိရာသို့ သွားကြလေသည်။

"ဦးတိုင်းကျော်တို့ပါလား. . . မတွေ့ရတာတောင် အတော်ကြာသွားပြီ. . . လာကြဗျာ"

ဟု ဖိတ်မန္တက ပြုပြီး ဧည့်သည်များအတွက် နေရာထိုင်ခင်းများ စီစဉ်ပေးလေသည်။

ထို့နောက် လာရင်းကိစ္စကို မေးမြန်းရသည်။

"ဘာကိစ္စရှိလို့များ ဒီဘက်ရောက်လာကြတာလဲ"

"လာရင်းကိစ္စကတော့ ခါတိုင်းနှစ်တွေလိုပဲ ဆင်စွယ်နဲ့ အခြားပစ္စည်းတွေ ဝယ်ဖို့ပါပဲ၊ ဒီတစ်ခေါက်တော့ ဦးရတန်နဲ့ တိုင်ပင်စရာလေးတွေ ရှိလို့ ဆင်းလာခဲ့တာဗျ"

"ပြောပါဗျာ. . . အကူအညီပေးနိုင်တော့လည်း ပေးရတာပေါ့"

"ကျုပ် ဒီတစ်ပတ် ထူးထူးခြားခြား သတင်းတစ်ခု ရလာတယ်ဗျ"

"ဘာသတင်းလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားတို့ ဟူးကောင်းချိုင့်ဝှမ်းဘက်မှာ ကိုးလောင်းတောင်ကြားဆိုတဲ့နေရာ ရှိတယ်မဟုတ်လား"

"ရှိတယ်လို့တော့ ပြောသံကြားမိတယ်"

"အဲဒီကိုးလောင်းတောင်ကြားထဲမှာ ဆင်သချိုင်း ရှိတယ်ဆိုတာရော ခင်ဗျားကြားမိသလား"

ထိုစကားကြားသောအခါ ဦးရတန်မှာ စိတ်ဝင်စားမှုနှင့်အတူ အံ့သြသွားလေသည်။

"အလုပ်သမားတွေတော့ တစ်ခါတစ်လေ ပြောသံကြားမိတယ်၊ ဒါကလည်း တကယ်ဟုတ်ချင်မှ ဟုတ်မှာပါဗျာ၊ ဆင်သချိုင်းက တကယ်ရော ရှိလို့လား"

ဟု မေးလိုက်သည်။

"ကျုပ်တို့လည်း အစကတော့ ဒီလိုပဲ ထင်ခဲ့မိတာဗျ၊ အခုတော့မှ တကယ်ရှိတယ်ဆိုတာ သိရတယ်၊ ကျုပ် အိန္ဒိယနယ်စပ်ဘက်မှာ ရှိတုန်းက လူတစ်ယောက်နဲ့ တွေ့ရတယ်၊ သူက ကိုးလောင်းတောင်ကြားထဲက ဆင်သချိုင်းကို ရောက်ခဲ့တဲ့လူပဲ၊ သူ့ဆီကမှတဆင့် ဆင်သချိုင်း တကယ်ရှိတယ်ဆိုတာ သိရတာ"

ထိုစကားကြောင့် ဦးရတန်မှာ အံ့သြသွားသလို အနားမှာ ရှိနေသော စောခွန်ကြာကလည်း စိတ်ဝင်စားသွားလေသည်။

"ဆင်သချိုင်းဆိုတာ ဘယ်လိုဟာမျိုးလဲ ဦးလေး၊ အထဲမှာရော ဘာတွေရှိသလဲ"

"ဆင်သချိုင်းဆိုတာ ဆင်တွေ သေတော့မယ်ဆိုရင် အဲဒီနေရာကို ရောက်အောင်သွားပြီး သေတဲ့နေရာမျိုးပဲ၊ နှစ်





ပေါင်းများစွာကတည်းက လျှို့ဝှက်စွာ ရှိနေတဲ့ ဆင်သချိုင်းထဲမှာ ဆင်စွယ်တွေကလည်း တောင်ပုံရာပုံ ရှိနေတော့တာပေါ့ ငါ့တူရယ်"

"ဟင်. . ."

စောခွန်ကြာမျက်လုံးမှာ အရောင်လက်သွားလေသည်။

"ဆင်စွယ်တစ်ချောင်း ရောင်းရင်တောင် ငွေတွေအများကြီး ရတာ၊ ဒီလောက်များတဲ့ဆင်စွယ်တွေသာ ရောင်းလိုက်ရရင်တော့ သူဌေးကြီး ဖြစ်မှာအမှန်ပဲ"

"ဒါပေါ့ ငါ့တူရ၊ ဒါကြောင့် ဦးလေးတို့လည်း ဒီသတင်းကို ရပြီးတာနဲ့ မင်းတို့နဲ့ တိုင်ပင်ရအောင် လာခဲ့တာပေါ့"

"ဒါထက် ဦးတိုင်းကျော် ခင်ဗျားသိခဲ့ရတဲ့သတင်းက အမှန်ပဲလားဗျ"

"အမှန်ပေါ့ဗျ. . . သေကာနီး လူတစ်ယောက်ကတော့ ကျုပ်ကို မဟုတ်မဟုတ် စကားမျိုး ဘယ်ပြောခဲ့မှာလဲ"

"သူကရော ဘယ်လိုဖြစ်ပြီး ဒုက္ခရောက်လာခဲ့ရတာလဲ"

"ဆင်ရိုင်းအုပ်စုတွေနဲ့ ပက်ပင်းတိုးပြီး သေကုန်ကြတယ်လို့ ပြောတယ်၊ သူတောင် ဆင်ရိုင်းအုပ်တွေကြားထဲက ကံကောင်းလို့ ပြေးခဲ့ရတာတဲ့"

"တောထဲမှာတော့ ဆင်ရိုင်းအုပ်တွေက နေရာအနှံ့မှာ ရှိနေတာပဲ၊ သူတို့တတွေက ဆင်ရိုင်းတွေအကြောင်း မသိဘဲ သွားကြလို့ အခုလို အန္တရာယ်နဲ့ တိုးတာ ဖြစ်မှာပါ"

စောခွန်ကြာက ပေါ့ပေါ့တန်တန်ပင် ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လက်ဖက်ရည်ကြမ်း၊ ခေါင်ရည်နှင့် အသားခြောက်များကို စားကြသောက်ကြရင်း ဆင်သချိုင်း သွားရောက်ရှာဖွေရန်ကိစ္စများကို တိုင်ပင်ဆွေးနွေးကြလေသည်။

ထိုသို့ တိုင်ပင်ဆွေးနွေးနေကြစဉ် ဦးတိုင်းကျော်၏လူယုံတပည့်များဖြစ်သော ဇော်လတ်တို့မှာ ရှင်ဗွေယန်သို့ လာစဉ်တောနက်ထဲ တစ်နေရာ၌ တွေ့ကြုံခဲ့ရသော ကြောက်မက်ဖွယ်ရာများကို ပြန်လည်သတိရမိလေသည်။

တောနက်ထဲမှာ လူတစ်ယောက်က ဆင်သချိုင်း ရှိသောနေရာကို ပြပေးမည်ဟု ပြောပြီး လာခေါ်သဖြင့် အဟုတ်မှတ်သဖြင့် လိုက်သွားကြရာ ကိုးလောင်းတောင်ကြား ရောက်တော့မှ ဆင်သချိုင်း မတွေ့ရဘဲ တစ္ဆေသရဲများနှင့် တွေ့ခဲ့ရခြင်းဖြစ်၏။

ယခု တကယ်သွားကြရန် တိုင်ပင်နေကြသောအခါ အနည်းငယ် ထိတ်လန့်နေကြသည်။

"ဒါထက် ခင်ဗျားတို့ဆီမှာ ကိုးလောင်းတောင်ကြားကို ရောက်ဖူးတဲ့လူတွေ ရှိရဲ့မဟုတ်လား"

"အမှန်ပြောရရင်တော့ အဲဒီနေရာက နာမည်ကြီးလွန်းလို့ နယ်မြေကြမ်းလွန်းလို့ ဒီကလူတွေက သိပ်ပြီးမသွားဝံ့ကြဘူးဗျ"

ဦးရတန်က အမှန်အတိုင်း ပြောလိုက်သည်။

"ဘယ်လိုကြမ်းတာလဲဗျ"

"တစ္ဆေသရဲခြောက်တာရယ်၊ သွားတဲ့လူတိုင်း သေ





တယ်လို့ သတင်းကြီးတာကြောင့် မသွားဝံ့တာဗျ၊ အရင်က အဲဒီနေရာက ဒီလောက်နာမည်မကြီးဘူး၊ နောက်ပိုင်း ဆင်ဖမ်းသမားကိုးယောက်စလုံး အဲဒီတောင်ကြားမှာ သေသွားပြီးတဲ့နောက်မှာ 'ကိုးလောင်းတောင်ကြား' ဆိုပြီး နာမည်ကြီးလာတော့တာပါပဲဗျာ"

"ဒါထက် နေပါဦးဗျ၊ ဆင်ဖမ်းသမားကိုးယောက်က ဘယ်လိုကြောင့် သေသွားကြတာလဲ"

"ကျုပ်တို့လည်း သေသေချာချာတော့ မသိပါဘူးဗျာ၊ တစ်ချို့ကလည်း ဆင်ထိုးသတ်လို့ သေတယ်၊ တစ်ချို့ကလည်း တစ္ဆေသရဲတွေ ဖမ်းစားခံရလို့ သေတယ်လို့ အမျိုးမျိုး ပြောနေကြတာပါပဲ၊ နောက်ပိုင်းလည်း အဲဒီဘက်ကို သွားတဲ့လူတိုင်း အန္တရာယ်နဲ့ တွေ့ကြရတယ်၊ တလောကတောင် ကျုပ်ဆီက လူတွေ ဆင်ထိုးခံရလို့ တစ်ဖွဲ့လုံး သေသွားကြသေးတယ်"

ဦးရတန်က သစ်စုန်းပင်များအကြောင်းကိုတော့ ထည့်မပြောတော့ပေ။

"ဖြစ်မှဖြစ်ရလေဗျာ. . . ဒီသတင်းကြားရတာ စိတ်မကောင်းပါဘူး၊ ဒါထက် ခင်ဗျားလူတွေထဲမှာ မရှိပေမယ့် အဲဒီနေရာကို လမ်းသိတဲ့လူများ အခြားမှာ မရှိဘူးလား"

ထိုအခါ ဦးရတန်နှင့် စောခွန်ကြာတို့က အချင်းချင်း ပြောဆိုကြည့်ရာ နောက်ဆုံး အဖြေတစ်ခု ရလေသည်။

"ရွာထဲမှာတော့ အဲဒီနေရာကို လမ်းသိတဲ့ လူတစ်ယောက် ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်သူလဲ"

"သူ့နာမည်က နီမောင်လို့ ခေါ်တယ်၊ သူက တခြားဆင်စခန်းက ဆင်ဖမ်းသမားတစ်ယောက်ပဲ"

"အဖေ့ . . . နီမောင်က ဦးခွန်ဘရင်လူဆိုတော့ ကျွန်တော်တို့ သွားခေါ်လို့ လိုက်မှာမဟုတ်ဘူး"

စောခွန်ကြာက ဝင်ပြောသည်။

"ဒီအတွက် စိတ်မပူပါနဲ့ ငါ့တူ၊ ဦးလေးတို့ပဲ သူနဲ့ တွေ့ပြီး ရအောင်ခေါ်ပါ့မယ်"

ဟု ပြောဆိုကာ နောက်တစ်နေ့တွင် ဦးတိုင်းကျော်ကိုယ်တိုင် နီမောင်အိမ်သို့ သွားလေသည်။

ထိုအချိန်တွင် နီမောင်မှာ ဆင်ဖမ်းမထွက်သောအချိန်မို့ အိမ်မှာ ရှိနေသည်။

ဦးတိုင်းကျော်မှာ ရွာသားတစ်ယောက်က လမ်းပြပေးသဖြင့် နီမောင်အိမ်သို့ ရောက်သွားလေသည်။

"ဘာကိစ္စများ ရှိလို့ပါလဲ"

"နီမောင်ဆိုတာ မောင်ရင်လား"

"ဟုတ်ပါတယ်"

"ဦးလေးတို့က တစ်နယ်တစ်ကျေးက လာကြတာပါ။ မောင်နီမောင်ကို လမ်းပြခေါ်ချင်လို့ပါ"

"ကျွန်တော်က ဆင်ဖမ်းထွက်ရမှာမို့ လမ်းပြမလိုက်နိုင်ပါဘူး ဦးလေး၊ တခြားလူကိုသာ ရှာကြည့်ပါ"

"တခြားလူတွေက ဦးလေးတို့ သွားမယ့်နေရာကို လမ်း





မသိကြလို့ပါ"

"ဦးလေးတို့ ဘယ်နေရာကို သွားကြမှာမို့လို့လဲ"

"ကိုးလောင်းတောင်ကြားပါ"

"ဟင် . . ."

ထိုစကားကြားသောအခါ တစ်ခါက အိပ်မက်ကို ချက်ချင်း ပြန်သတိရမိလေသည်။

အိပ်မက်ထဲတွင် တွေ့ရသော အဘိုးအိုကိုသော်လည်းကောင်း၊ ၎င်းပြောသွားသောစကားသံများကို ချက်ချင်းကြားယောင်လာမိလေသည်။

" . . . ငါ့မြေးကို ဒီနေရာကို ခေါ်ပြတာ တခြားကြောင့်မဟုတ်ဘူး၊ မင်းက ဒီနေရာနဲ့ အဆက်အသွယ်ရှိခဲ့ဖူးတဲ့ လူတစ်ယောက်ပဲ၊ တစ်ချိန်ချိန်မှာ မင်းအနေနဲ့ ဒီနေရာနဲ့ ပတ်သက်မှုတွေ ရှိလာနိုင်တယ်၊

အဲဒီအချိန်ကျရင် ဒီနေရာကို ကာကွယ်ပေးရလိမ့်မယ်"

ထိုစကားသံများက ယခုပင် အနားမှာ လာပြောနေသလို နားထဲမှာ ကြားယောင်လာသည်။

"ဘယ်လိုလဲ မောင်ရင် လိုက်ပို့ပေးနိုင်မလား၊ တကယ်လို့ လိုက်ပို့ပေးမယ်ဆိုရင် လမ်းပြခကို မင်းတောင်းသလောက်ပေးပါ့မယ်"

ဟု မက်လုံးပေးသည်။

နီမောင်က အိပ်မက်ထဲမှာ အဘိုးအိုကို သတိရသဖြင့် ချက်ချင်းမငြင်းလိုက်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ချက်ချင်းတော့ အဖြေမပေးပါရစေနဲ့၊ တစ်ရက်နှစ်ရက်နေပြီးမှ အကြောင်းပြန်ပါရစေ"

ထိုသို့ပြောလိုက်သောအခါ ဦးတိုင်းကျော်က တစ်မျိုးသဘောပေါက်သွားပြီး ပြုံးလိုက်သည်။

"မင်းအနေနဲ့ စဉ်းစားချင်သပဆိုရင်လည်း စဉ်းစားဦးပေါ့၊ ဒါပေမယ့် ငါပေးမယ့်ငွေက မင်းတစ်သက်လုံး အသက်နဲ့ရင်းပြီး ဆင်ဖမ်းမှ ရတဲ့ငွေထက် ပိုများတယ်ဆိုတာတော့ မမေ့နဲ့"

ဟု ပြောကာ ဦးတိုင်းကျော်က ပြန်သွားလေသည်။

နောက်တစ်နေ့တွင် နီမောင်မှာ တောတက်ရန် ပြင်ဆင်နေစဉ် အိပ်မက်ထဲတွင် တွေ့ရသော အဘိုးအို ရောက်လာလေသည်။ နီမောင်က မမျှော်လင့်ဘဲ အဘိုးအိုနှင့် ပြန်တွေ့ရသဖြင့် အံ့သြနေလေသည်။

"အဖိုး ဘယ်က ရောက်လာတာလဲဟင်"

"မင်းဆီကိုပဲ တမင်လာခဲ့တာပေါ့၊ မင်း ငါ့ကို တွေ့ချင်နေတယ် မဟုတ်လား"

"ဟုတ်. . ဟုတ်ပါတယ်၊ ကိုးလောင်းတောင်ကြားကို သွားချင်တဲ့လူတွေ ရွာမှာ ရောက်နေကြပြီ အဘိုး၊ သူတို့က ကျွန်တော့်ကို လမ်းပြလာခေါ်နေကြတယ်"

"မင်းက ဘယ်လိုပြောလိုက်သလဲ"

"ကျွန်တော်ကတော့ အဘိုးမှာထားလို့ မလိုက်ဖို့ ဆုံးဖြတ်ထားပါတယ်"

"ငါ အခုလာတာ တခြားမဟုတ်ဘူး၊ မင်းလုပ်ရမယ့်ကိစ္စ





တွေကို လာပြောတာပါ၊ ငါပြောတဲ့အတိုင်းသာ လုပ်ပေတော့ ငါ့မြေး"

ဟု နီမောင်လုပ်ရမည့် အစီအစဉ်များကို ပြောပြလေသည်။

နောက်နှစ်ရက်ကြာသောအခါ ဦးတိုင်းကျော် တစ်ခေါက် ထပ်ရောက်လာပြီး အခြေအနေကို မေးသည်။

ထိုအခါ နီမောင်က. . .

"ကျွန်တော်လိုက်ပို့ပေးဖို့ သဘောတူပါတယ်၊ ဘယ်နေ့မှာ ခရီးထွက်မယ်ဆိုတာသာ ပြောပါ"

ဟု ပြောလိုက်ရာ ဦးတိုင်းကျော်မှာ များစွာဝမ်းသာသွားလေသည်။ သူ့အနေနှင့် ခက်ခက်ခဲခဲ ထပ်ပြောရလိမ့်မည်ဟု ထင်ထားရာမှ နီမောင်ထံမှ ထိုကဲ့သို့ လွယ်လွယ်ကူကူ အဖြေရသောအခါ အံ့သြနေမိသည်။

"မင်း တကယ်လိုက်မှာလား"

"တကယ်လိုက်မှာပါ. . . လမ်းပြခ ဘယ်လောက်ပေးမယ်ဆိုတာသာ ပြောပါ"

"အို. . . လိုက်မယ်ဆိုလို့ကတော့ ငါ့ဘက်က လက်မနှေးစေရပါဘူး"

ဟု ပြောကာ ၎င်းအိတ်အတွင်းမှ ငွေစက္ကူတစ်ထပ်ဆွဲထုတ်လိုက်သည်။ တစ်ရာတန် ငွေစက္ကူငါးရွက်ဖြစ်သည်။

"ရော့. . . ဒီမှာ စရံငွေအဖြစ် ငွေသားချည်း ငါးရာပေးထားမယ်၊ ကိုးလောင်းတောင်ကြားက ပြန်ရောက်လာရင် ငါးရာ



www.burmeseclassic.com

www.burmeseclassic.com

ထပ်ပေးမယ်၊ ဘယ့်နှယ့်လဲ. . . မနည်းပါဘူးနော်"

"ဟုတ်ကဲ့. . . ကျေနပ်ပါတယ်၊ ဘယ်နေ့ ခရီးထွက်မယ်ဆိုတာသာ ပြောပါ"

"မင်းလိုက်မယ်ဆိုရင်တော့ မနက်ဖြန်မနက်စောစော ခရီးထွက်ကြမယ်"

"ကောင်းပါပြီ. . . ကျွန်တော် ရွာထိပ်က ထွက်စောင့်နေပါ့မယ်"

"ဟင်. . . မင်းက ငါတို့နဲ့ တစ်ပါတည်း လိုက်ခဲ့မှာ မဟုတ်ဘူးလား"

"ကျွန်တော်က အလုပ်ရှင်တွေ မသိအောင် တိတ်တိတ်လိုက်ရတာဆိုတော့ ဦးလေးတို့နဲ့ တစ်ပါတည်း လိုက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ကျွန်တော့်ကို စိတ်ချပါ၊ ရွာထိပ်ကနေ ဆက်ဆက်စောင့်နေပါ့မယ်"

ဟု သေသေချာချာ မှာသဖြင့် ဦးတိုင်းကျော်လည်း ပြန်သွားတော့သည်။ နောက်တစ်နေ့ နံနက်စောစောအချိန် ဦးတိုင်းကျော်တို့ ထွက်လာတော့ ရွာထိပ်မှာ အထုပ်အပိုး လွယ်လျက်စောင့်နေသော နီမောင့်ကို တွေ့ရလေသည်။

ဦးတိုင်းကျော်တို့အဖွဲ့က ဆယ်ယောက်ခန့် ရှိပြီး စောခွန်ကြာနှင့် ၎င်း၏တပည့်အချို့လည်း လိုက်လာကြလေသည်။

စောခွန်ကြာမှာ ဆင်သချိုင်း တွေ့လျှင် တစ်ချီတည်းနှင့် ကြီးပွားချမ်းသာမှန်း သိသဖြင့် လိုက်လာခြင်းဖြစ်သည်။

နီမောင်က စကားတစ်ခွန်းမှ မပြောဘဲ ၎င်းတို့အား





လမ်းပြကာ တောနက်အတွင်းသို့ ခေါ်ဆောင်သွားလေသည်။

နေ့လည်အချိန် ရောက်သောအခါ အရိပ်ကောင်းသော သစ်ပင်များအောက်မှာ တစ်ထောက်နားပြီး ပါလာသော အစားအသောက်များကို စားသောက်ကြသည်။

နီမောင်ကတော့ သူ့အတွက် ဝေစုကို ယူပြီး တစ်နေရာမှာ သွားစားနေလေသည်။

"ဆရာ. . . နီမောင်ကြည့်ရတာ တစ်မျိုးဖြစ်နေသလိုပဲ"

တပည့်တစ်ယောက်က စောခွန်ကြာကို ပြောသည်။

"ဘာဖြစ်နေလို့လဲ"

"စကားလည်း ပြောတာ မတွေ့ဘူး၊ နေတာကလည်း တစ်မျိုးကြီးပဲ"

"သူ့ဟာသာ နေတတ်သလို နေတာ ဖြစ်မှာပေါ့ကွာ၊ အရေးကြီးတာက ကိုးလောင်းတောင်ကြားကို အမြန်ဆုံး ရောက်သွားဖို့ပဲ"

စောခွန်ကြာက ဂရုမစိုက်သလို ပြန်ပြောလိုက်သည်။

နေ့လည်စာ စားသောက်ပြီးနောက် ခရီးဆက်ကြပြန်ရာ နေဝင်ကာနီးအချိန် ရောက်သောအခါ တောနက်တစ်နေရာသို့ ရောက်သွားကြသည်။ နေမဝင်မီ စခန်းချရန် သင့်တော်သော နေရာရွေး၍ စခန်းချကြလေသည်။

မီးပုံကြီးများ ဖို၍ ပါလာသော အစားအသောက်များကို ချက်ပြုတ်စားသောက်ကြလေသည်။

ထိုနေရာရောက်တော့လည်း နီမောင်မှာ အများနှင့်



www.burmeseclassic.com

www.burmeseclassic.com

မနေဘဲ သစ်ပင်တစ်ပင်အောက်မှာ လှဲအိပ်နေလေသည်။

နောက်တော့ ဦးတိုင်းကျော်က မနေနိုင်သဖြင့် သွားမေးရသည်။

"နီမောင်. . . ငါတို့နဲ့အတူ လာနေပါလား၊ ဘာကြောင့် တစ်ယောက်တည်း ဒီမှာ လာနေတာလဲ"

"ကျွန်တော်က အေးအေးနေတတ်လို့ပါ"

"တောထဲတောင်ထဲမှာ တစ်ယောက်တည်း နေတာ အန္တရာယ်များပါဘိသနဲ့"

"ရပါတယ်. . . ဦးလေးတို့သာ အေးအေးဆေးဆေး အိပ်ကြပါ၊ ကျွန်တော် တစ်ညလုံး စောင့်ပေးပါ့မယ်"

"မင်းတစ်ယောက်တည်းတော့ ဖြစ်ပါ့မလားကွာ၊ ငါ့တပည့်တွေလည်း ကူစောင့်မှာပါ"

"ကျွန်တော်တစ်ယောက်တည်း စောင့်လည်း ရပါတယ်၊ ဘာမှ မဖြစ်စေရပါဘူး၊ စိတ်ချလက်ချသာ အိပ်ကြပါ"

ဟု ပြောကာ သစ်ပင်အောက်မှာ ထိုင်မြဲထိုင်နေလေသည်။

ဦးတိုင်းကျော်လည်း စခန်းချရာသို့ ပြန်လာလေသည်။

"ဘာတဲ့လဲ ဦးလေး"

တဲအတွင်း ရောက်တော့ စောခွန်ကြာက ဆီးမေးသည်။

"ဒီည သူတစ်ယောက်တည်း ကင်းစောင့်ပေးမယ်လို့ ပြောလိုက်တယ်"





"သူတစ်ယောက်တည်း ကင်းစောင့်ပေးတော့လည်း ကျန်တဲ့လူတွေ ကောင်းကောင်းအိပ်ရတာပေါ့"

ဟု စောခွန်ကြာကတော့ လွယ်လွယ်ပင် ပြောလိုက်လေသည်။

ညဦးပိုင်းမှာတော့ လက်ဖက်ရည်ခါးခါး ကျိုသောက်ရင်း ခရီးစဉ်များအကြောင်းကို တိုင်ပင်ဆွေးနွေးနေကြသည်။

ဦးတိုင်းကျော်နှင့်အတူ ပါလာသော ကုလားအချို့ကတော့ ဆေးခြောက်အနည်းငယ် ရောစပ်သော ဆေးလိပ်များကို မီးညှိဖွာရင်း တဲအပြင်ဘက်မှာ ထွက်စောင့်ကြသည်။

ရင်းတို့တွင် အမဲပစ်သေနတ်များ ရှိကြသည်။

ကုလားများက ဆေးပတ်လိပ် ဖွာရင်း မှိန်းနေကြသလို နီမောင်ကလည်း မလှမ်းမကမ်းရှိ သစ်ပင်ကြီးအောက်၌ တစ်ယောက်တည်း ငြိမ်သက်စွာ ထိုင်နေလေသည်။

ည၌နက်ပိုင်း ရောက်လာတော့ အအေးဓာတ်က များလာသလို နှင်းများကလည်း တဖြောက်ဖြောက်နှင့် ကျလာလေသည်။

တဲအတွင်းမှ လူများလည်း စကားပြောကို ရပ်ကာ အိပ်ကြလေပြီ။

ကင်းစောင့်နေသော ကုလားများလည်း ဆေးခြောက်မှိန်းကာ ငိုက်နေကြလေသည်။

ထိုအချိန်မှာ တောနက်ထဲမှ ဆင်အော်သံလိုအသံမျိုး ပေါ်ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျီ. . ."

"ဒိုး . ဒိုး . ဒို"

ထိုအော်သံမှာ ဆင်အော်သံ မဟုတ်မှန်း နီမောင် သိလိုက်သည်။

"ကျီ. . ."

"ဒိုး . ဒိုး . ဒို"

အသံက တဖြည်းဖြည်းနှင့် နီးလာချေပြီ။

တိတ်ဆိတ်နေသောအချိန်မို့ တောတိုးလာသောအသံအချို့ကိုပင် ကြားနေရပြီ။

သေချာပြီ. . .။

သစ်စုန်းပင်များ လာချေပြီ။

လူသံများ ကြားသဖြင့် လူသတ်ရန်အတွက် လာနေကြခြင်းဖြစ်၏။ ထိုအသံများကို တဲအတွင်းမှ မောမောနှင့် အိပ်ပျော်နေသူများသော် လည်းကောင်း၊ ဆေးခြောက်မှိန်းနေသည့် ကုလားများသည်လည်းကောင်း မသိရှာကြပေ။

ခဏကြာတော့ အသံများက နီးလာချေသည်။

ထိုအသံများ ကြားသည်နှင့် နီမောင်မှာ ဖျပ်ကနဲ နေရာမှ ထပြီး အမှောင်ထဲသို့ တိုးဝင်သွားလေသည်။

ထင်သည့်အတိုင်းပင်. . .။

သစ်စုန်းပင်ကြီးသုံးပင်က သူတို့ရှိရာ လာနေသည်။

နီမောင်ကလည်း ၎င်းတို့ ရှိရာသို့ပင် သွားလေသည်။

သူလာတာ မြင်တော့ သစ်စုန်းပင်ကြီးသုံးပင်က ရပ်တန့်





သွားသည်။ နီရဲသောမျက်လုံးများဖြင့် စိုက်ကြည့်နေရင်း နွယ်လက်တံများက တယမ်းယမ်းဖြင့် လှုပ်ရှားနေကြသည်။

နီမောင်က တုတ်တစ်ချောင်း ကိုင်ကာ ၎င်းတို့အနီးသို့ ရောက်အောင် လျှောက်သွားလေသည်။

"ဘာကြည့်နေတာလဲ. . . ငါဘယ်သူလဲဆိုတာ မသိကြဘူးလား"

ထိုသို့လှမ်းပြောလိုက်သောအချိန်မှာ နီမောင်အသံက လုံးလုံးပြောင်းသွားတော့သည်။

"ကျီ. . ."

သစ်စုန်းပင်တစ်ပင်က အထိတ်တလန့် အော်လိုက်သည်။

"ငါဘယ်သူလဲ ကြည့်ကြစမ်းဟဲ့"

အဘိုးကြီးအသံမျိုးဖြင့် ပြောလိုက်ပြီးနောက် အမှောင်ရိပ်ထဲမှာ ရပ်နေသော သူ့ရုပ်သွင်ကလည်း တဖြည်းဖြည်း ပြောင်းသွားလေတော့သည်။

နီမောင်ရုပ်သွင်မှာ တဖြည်းဖြည်း ပြောင်းကာသွားပြီး အသက်အရွယ်ကြီးသော အဘိုးကြီးတစ်ယောက်ပုံမျိုး ပေါ်လာသည်။

ဆံပင်ဖြူဖြူ၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးဖြူဖြူများနှင့် အဘိုးကြီးရုပ်မျိုး ပေါ်လာသောအခါ သစ်စုန်းပင်များမှာ အော်သံလည်းရပ်၊ လှုပ်ရှားမှုလည်း ရပ်တန့်သွားသည်။

ခဏကြာတော့ အဘိုးကြီးအသွင်ပြောင်းနေသော နီ



www.burmeseclassic.com

www.burmeseclassic.com



မောင်အနီးသို့ တရွေ့ရွေ့ တိုးလာပြီး နွယ်လက်တံများဖြင့် ထိတွေ့စမ်းသပ်ကြလေသည်။

အတန်ကြာအောင် စမ်းကြည့်ပြီးတော့မှ တဖြည်းဖြည်းနှင့် ငြိမ်ကျသွားလေသည်။

"မင်းတို့ အခု မလာကြနဲ့ဦး၊ အချိန်တန်တော့ ငါအသံပေးလိုက်မယ်၊ အဲဒီအခါမှာ ရောက်အောင်လာခဲ့ကြ၊ မနီးမဝေးကပဲ ဟန်မပျက် လိုက်ခဲ့ကြ"

ဟု နီမောင်က ပြောလိုက်သောအခါ အနားမှာ ရပ်နေကြသော သစ်စုန်းပင်များမှာ စကားကို နားလည်သည့်ဟန်ဖြင့် တောတွင်းသို့ ပြန်ဝင်သွားကြလေသည်။

အတန်ကြာတော့မှ နီမောင်အသွင်မှာ မူလအတိုင်း ပြန်ဖြစ်သွားလေတော့သည်။

စိတ်ထဲမှာလည်း အားလုံးသတိရလာသည်။

စောစောကတော့ သတိမေ့သလို၊ အိပ်ပျော်သွားသကဲ့သို့ ဖြစ်သွားပြီး ဘာတွေပြောလို့ ဘာတွေလုပ်မိမှန်း သတိမရတော့ပေ။ နီမောင်မှာ ဘယ်လိုကြောင့် တောနက်ထဲမှာ တစ်ယောက်တည်း ရောက်နေမှန်း မမှတ်မိတော့သော်လည်း ခရီးမထွက်မီက အဘိုးအို ပြောပြလိုက်သော အစီအစဉ်များကိုတော့ အမှတ်ရနေသည်။

"မင်း သူတို့နဲ့ လိုက်သွားချေ၊ ငါ မင်းအနားမှာ အမြဲရှိနေမယ်၊ လိုအပ်ရင် မင်းကိုယ်စား ငါလုပ်ပေးမယ်၊ ဘာမှမကြောက်နဲ့ ငါ့မြေး"






ဟု မှာထားသောစကားများကို ပြန်သတိရနေသည်။

အတန်ငယ် ညဉ့်နက်လာသောအခါ နီမောင်သည် ဟန်မပျက် မိမိနေရာသို့ ပြန်လာခဲ့သည်။

အိပ်မောကျနေသော အဖွဲ့သားများကတော့ ထိုအဖြစ်အပျက်များကို မသိကြပေ။



www.burmeseclassic.com



www.burmeseclassic.com


## အခန်း(၁၅)

# မရုတော်ခါးသို့အဝင်

နောက်တစ်နေ့ နံနက်လင်းသောအခါ အစားအသောက်များကို စားသောက်ပြီးနောက် ရှေ့သို့ ခရီးဆက်ကြလေသည်။

တောလမ်းတစ်လျှောက်လုံး မည်သည့်အန္တရာယ် အနှောင့်အယှက်မှ မတွေ့ကြရသော်လည်း ၎င်းတို့နှင့် မလှမ်းမကမ်း တောနက်ထဲမှ တောတိုးလာသံများကိုတော့ တစ်ခါတစ်ရံ ကြားကြရသည်။

"ငါတို့နောက်က လိုက်လာတဲ့ခြေသံတွေ ကြားရတယ်"

☺ အောင်မြင်ဘာလ ☺

www.burmeseclassic.com

www.burmeseclassic.com



"တောတိရစ္ဆာန်တွေ ဖြစ်မှာပါ"

"တောတိရစ္ဆာန်ခြေသံကလည်း တစ်မျိုးပဲ၊ ဆင်ရိုင်းတွေ တောတိုးလာတဲ့အသံမျိုးတွေနဲ့ တူတယ်၊ ဘာပဲဖြစ်ဖြစ် သတိတော့ ထားကြဟေ့"

ဟု တစ်ယောက်နှင့်တစ်ယောက် သတိပေးကာ ပါလာသော သေနတ်များကို အဆင်သင့် ပြင်ထားကာ ခရီးဆက်ကြလေသည်။ လမ်းခရီး၌ နောက်ထပ် တစ်ညအိပ်ကြရသော်လည်း သစ်စုန်းပင်များ ရောက်မလာကြတော့ပေ။

ထိုညက အလုပ်သမားနှစ်ယောက်မှာ အိပ်ကာနီးမှ ဗိုက်နာလာသောကြောင့် အမှောင်ရိပ်ထဲ သွားကာ တောထိုင်ကြလေသည်။ (တောထိုင်သည်မှာ အပေါ့အပါးသွားခြင်းဖြစ်သည်)

တစ်ယောက်က အပေါ့အပါး သွားနေစဉ် တစ်ယောက်က မလှမ်းမကမ်းရှိ သစ်ပင်ကြီးတစ်ပင်အောက်မှာ ထိုင်စောင့်ရင်း ဆေးပြင်းလိပ်ကို မီးတရဲရဲနှင့် ဖွာနေလေသည်။

ဆေးလိပ်မီးခိုးများ တထောင်းထောင်း ထအောင် ဖွာနေခြင်းမှာ မီးခိုးငွေ့များကြောင့် မှက်၊ ခြင်များ မလာသည်က တစ်ကြောင်း၊ မီးရှိလျှင် တစ္ဆေသရဲများ မလာဝံ့ဟု ယူဆထားသောကြောင့်ဖြစ်သည်။

အတန်ကြာသောအခါ ၎င်းလက်ထဲမှ ဆေးလိပ်ကို တစ်ယောက်ယောက်က ပုတ်ချလိုက်သောကြောင့် လက်ထဲမှ ပြုတ်ကျသွားပြန်သည်။

"ဟာ"





"ဟေ့. . . ဘာဖြစ်တာလဲ"

တောထိုင်နေသူက လှမ်းမေးသည်။

"ငါ့ဆေးလိပ်ကို ဘယ်သူ ပုတ်ချလိုက်တာလဲ မသိဘူး"

"မင်းဖာသာ အိပ်ငိုက်ပြီး လွတ်ကျတာဖြစ်မှာပေါ့ကွ"

ဟု လှမ်းပြောသဖြင့် လွတ်ကျသွားသော ဆေးလိပ်ကို ပြန်ကောက်ယူကာ ဖွာနေပြန်သည်။

"ဟေ့ကောင်. . . မပြီးသေးဘူးလား၊ မြန်မြန်လုပ်ကွာ၊ ငါကြောက်လာပြီ"

"ဘာကြောက်စရာရှိသလဲ"

ထိုသို့ တစ်ယောက်နှင့်တစ်ယောက် ပြောနေစဉ် ထိုလူထိုင်နေသော သစ်ပင်ကြီး အပေါ်ပိုင်းတစ်နေရာမှ မီးကျီခဲကဲ့သို့ ရဲရဲနီနေသော မျက်လုံးကြီးနှစ်လုံးက ဖျပ်ကနဲ ပွင့်လာလေသည်။

မျက်လုံးနှစ်လုံးက အပင်အောက်မှာ ထိုင်နေသူကို ငုံ့ကြည့်နေသည်။ ထိုအခြေအနေကို အပင်အောက်၌ ထိုင်နေသူက မသိရှာပေ။

ခဏကြာတော့ နွယ်လက်တံတစ်ခုက ဖျပ်ကနဲ လှုပ်ရှားသွားရာ လက်ထဲမှ ဆေးလိပ်ပြုတ်ကျသွားပြန်သည်။

ဒီတစ်ကြိမ်တော့ အမှတ်တမဲ့ မဟုတ်ဘဲ သတိနှင့်နေစဉ်မှာ ခံလိုက်ရသဖြင့် ထိုသူမှာ မနေဝံ့တော့ဘဲ စခန်းရှိရာသို့ ဒရောသောပါး ထပြေးလေတော့သည်။

"ဟေ့. . . ဘာဖြစ်တာလဲ"

တောထိုင်နေသူက လှမ်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပြန်ဖြေသံ မကြားရတော့ပေ။

မရှေးမနှောင်းမှာပင် တောထိုင်နေသူ၏ကျောကို တုတ်ဖြင့် ရိုက်ချလိုက်သလို 'ဖျမ်း'ကနဲ အသံတစ်ချက် ပေါ်လာပြီး ရှေ့သို့ ပစ်လဲကျသွားတော့သည်။

"အောင်မယ်လေးဗျ"

တစ်ခွန်းသာ အော်နိုင်ပြီး ဒရောသောပါး ထပြေးလေတော့သည်။ စခန်းပြန်ရောက်တော့ အခြားသူများက ဝိုင်းမေးကြသည်။

"ဘာဖြစ်လာတာလဲ. . . ဘာဖြစ်လာတာလဲ"

"ကျုပ်တို့ကို သရဲခြောက်လို့ဗျ"

"ဘယ်နေရာက ခြောက်လွှတ်လိုက်တာလဲ"

"ဟိုဘက်တောထဲက"

ထိုလူနှစ်ယောက်က အခြောက်ခံရပုံများကို ပြန်ပြောပြရာ မီးတုတ်များ၊ လက်နှိပ်မီးများနှင့် သေနတ်များ ယူ၍ ထိုနေရာသို့ သွားကြည့်ကြသည်။

သစ်ရွက်ခြောက်များပေါ်မှာ ကျနေသော ဆေးလိပ်နှင့် မနီးမဝေးနေရာ၌ ချေးစော်နံနေသည်ကိုသာ တွေ့ရပြီး အခြားတော့ ဘာမှမတွေ့ရပေ။

စောစောက သူတို့ထိုင်နေသောနေရာမှာတော့ တစ်ပင်လုံး အဖုအထစ်များ ပြည့်နေသော သစ်ပင်ကြီးအချို့ ရှိနေသည်။ လက်နှိပ်မီးများနှင့် သစ်ပင်များပေါ်သို့ ထိုးကြည့်တော့လည်း ငှက်တစ်ကောင်၊ မျောက်တစ်ကောင်မှ မရှိပေ။





အချို့က သစ်စုန်းပင်များအကြောင်းကို ကြားဖူးထားကြသည်။

"သူတို့ကို ခြောက်လွှတ်လိုက်တာ သစ်စုန်းပင်များ ဖြစ်နေမလား"

"ဟာ. . . မဟုတ်တာ၊ သစ်စုန်းပင်တွေက လူမျက်နှာမျိုးနဲ့ နွယ်လက်တံတွေ ပါတယ်လို့ ပြောတယ်၊ အခု ဒီသစ်ပင်တွေက ဘာမှ မတွေ့ပါဘူး၊ ရိုးရိုးသစ်ပင်တွေပါကွာ"

ယခု သူတို့ရှေ့မှာ တွေ့နေရသော သစ်ပင်များကတော့ မသင်္ကာစရာ မတွေ့ရဘဲ ရိုးရိုးသစ်ပင်များသာဖြစ်ပေသည်။

သို့ကြောင့် စခန်းပြန်လာကြသည်။

ထိုနေ့ညကတော့ နောက်ထပ် မည်သည့်အန္တရာယ်မှ မတွေ့ရသဖြင့် ကောင်းမွန်စွာ အိပ်ကြရသည်။

နီမောင်ကတော့ ထုံးစံအတိုင်း အဖွဲ့သားများနှင့်အတူ မနေဘဲ သစ်ပင်ကြီးတစ်ပင်အောက်မှာ တစ်ယောက်တည်း အေးအေးဆေးဆေး သွားနေလေသည်။

နောက်တစ်နေ့နံနက်လင်းတော့ နီမောင်က ပြောသည်။

"ဒီကနေ့ ခရီးဆက်ရင် ညနေပိုင်းအချိန်လောက်မှာ ကိုးလောင်းတောင်ကြားကို ရောက်လိမ့်မယ်"

"ဟန်ကျတာပေါ့ကွာ"

"ကျွန်တော့်တာဝန်က လမ်းပြပေးရုံဆိုတော့ကိုးလောင်းတောင်ကြားဝ ရောက်ရင် ပြန်ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com

"ဒါကတော့ မင်းသဘောပဲ၊ ပြန်ချင်လည်းပြန်၊ ငါတို့နဲ့ လိုက်ချင်လည်း လိုက်ခဲ့ပေါ့ကွာ"

ဟု ဦးတိုင်းကျော်က လေသံမာမာဖြင့် ပြောလိုက်သည်။

နံနက်ပိုင်းအချိန်မှစ၍ ခရီးဆက်ကြရာ နေ့လည်ပိုင်း အချိန်လောက်တွင် တောအုပ်အလယ်ရှိ တောင်ကုန်းတစ်ခုပေါ် သို့ ရောက်သွားကြသည်။

ထိုတောင်ကုန်းပေါ်မှ လှမ်းမျှော်ကြည့်လျှင် မှိုင်းညိုနေ သော တောအုပ်ကြီးတစ်ခုအတွင်းမှ အပေါ်သို့ ထိုးထွက်နေ သည့် တောင်ကမ်းပါးယံအချို့ကို လှမ်းမြင်ရသည်။

"အခု လှမ်းမြင်ရတဲ့နေရာက ကိုးလောင်းတောင်ကြား ပဲ၊ နေ့ဝက်ခရီးလောက် သွားရင် ရောက်နိုင်ပါတယ်"

နီမောင်က လက်ညှိုးထိုးပြသဖြင့် အားလုံးက လှမ်း ကြည့်ကြသည်။ ထို့နောက် တောင်ကြောပေါ်မှ တောတွင်းသို့ ရောက်အောင် ပြန်ဆင်းကြသည်။

တောင်ခြေသို့ ရောက်သောအခါ ကိုးလောင်းတောင် ကြား ရှိရာဘက်သို့ မှန်းကာ ခရီးဆက်ကြလေသည်။

တောနက်တွင်းမှ ခရီးဆက်ကြရာ တောရိုင်းတိရစ္ဆာန် များ၊ တောကောင်ကြီးများနှင့် တွေ့သော်လည်း ရန်မူခြင်း မရှိ ပေ။ တောစပ်မှ ထွက်သောအခါ ကျောက်တုံး၊ ကျောက်ဖျာများ ဖြင့် ပြည့်နေသည့် လွင်ပြင်တစ်ခုကို ဖြတ်ကျော်ကြရသည်။

နောက်ဆုံးညနေပိုင်းအချိန်လောက်တွင် ဘေးတစ်ဖက် တစ်ချက်တွင် ကျောက်နံယံကြီးများ မိုးနေသော 'ကိုးလောင်း





တောင်ကြား၀' သို့ ရောက်ကြတော့သည်။

ညနေစောင်းအချိန်ပင် ရှိသေးသော်လည်း တောင် ကြားအတွင်းမှာ အမှောင်ရိပ်များ ဖုံးလွှမ်းနေချေပြီ။

ထိုနေရာသို့ ရောက်သောအခါ မမြင်ရသော အအေး လှိုင်းများက လာရောက်ထွေးပတ်လိုက်သည့်နှယ် အားလုံးမှာ တစ်ကိုယ်လုံး စိမ့်တက်သွားလေတော့သည်။

ထို့ပြင် အမှောင်ရိပ်များအတွင်းမှ မမြင်ရသော ပရ လောကသားတို့၏ လျှို့ဝှက်မျက်လုံးများဖြင့် စောင့်ကြည့်နေ သလိုလည်း စိတ်ထဲမှ ထင်လိုက်မိကြသည်။

"ဘယ်လိုလဲ ဦးတိုင်းကျော်၊ အတွင်းကို တစ်ခါတည်း ဝင်မှာလား"

"မိုးချုပ်တော့မှာဆိုတော့ မသင့်ဘူး ထင်တယ်၊ မနက် လင်းမှပဲ ဝင်ကြရင် မကောင်းပေဘူးလား"

"အင်း. . . ဒါလည်း ကောင်းတာပါပဲ၊ စခန်းချမယ့် နေရာရွေးကြတာပေါ့"

ဟု ပြောဆိုကာ စခန်းချရန် နေရာကို လိုက်လံကြည့်ရှု ကြလေသည်။

၎င်းတို့သည် ကိုးလောင်းတောင်ကြားနှင့် မဝေးလှ သောနေရာ၌ ရှိသည့် တောင်ကုန်းတစ်နေရာ၌ ယာယီတဲများ ထိုးကာ စခန်းချကြသည်။

သူတို့ စခန်းချနေသောနေရာ၏ဘေးတစ်ဖက်တစ်ချက် တွင် သစ်တောအုပ်ကြီးများ ဖုံးအုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုးလောင်းတောင်ကြား အဝင်နေရာလောက်မှာတော့ မြင့်မားလှသော ကျောက်တောင်နံယံကြီးများက အုပ်မိုးထားသည်။

တောင်ကြားလမ်းမှာ ပေငါးဆယ်ခန့်ပင် ကျယ်ဝန်းလေသည်။ အဝင်ပေါက်မှ ဝင်သွားလျှင် အခြားထွက်ပေါက်မှ ထွက်ချင်ထွက်၊ ဒါမှမဟုတ် ဝင်ပေါက်မှ ပြန်ထွက်မှသာ ရနိုင်ပေမည်။

ဘေးနံယံများမှ အပေါ်သို့ ကျော်တက်ရန်တော့ လုံးဝမဖြစ်နိုင်သော အခြေအနေဖြစ်သည်။ စခန်းချပြီး မကြာမီမှာပင် အမှောင်ထုများက ဖုံးလွှမ်းထားတော့သည်။

ညစာကို ဖြစ်သလို စားသောက်ကြပြီး သေနတ်များကို အဆင်သင့် ပြင်ကာ စကားပြောရင်း ထိုင်စောင့်ကြသည်။

ညဦးပိုင်း ရောက်လာသောအခါ တောင်ကြားအတွင်း၌ လူသံသူသံများနှင့် စကားပြောသံများကို ကြားလာသည်။

ထို့ပြင် တစ်နေရာမှတစ်နေရာ သွားလာနေသော ပုံရိပ်များကိုလည်း ဝိုးတဝါး မြင်ကြရသည်။

"ဆရာကြီး . . ဟိုတောင်ကြားထဲမှာ လူသံတွေလည်း ကြားရတယ်၊ လူရိပ်တွေလည်း တွေ့ရတယ်"

ဟု တစ်ယောက်က ပြောသဖြင့် အားကောင်းသော လက်နှိပ်မီးရောင်များဖြင့် လှမ်းထိုးကြသည်။

ထိုသို့ ထိုးကြည့်ပြန်တော့လည်း မီးရောင်အဆုံး ရောက်သည်အထိ ဘာမှ မတွေ့ကြရပေ။

"ဘာမှမရှိပါလား"





"စောစောကတော့ လူတွေ သွားလာနေတာရော၊ အသံတွေပါ ကြားရမြင်နေရတယ်"

"ဘာပဲဖြစ်ဖြစ် ဒီနေရာ ရောက်လာတော့ သတိဝီရိယတော့ ထားကြပေ့"

ထိုစကားကို ဝင်ပြောသူမှာ ဦးတိုင်းကျော်နှင့်အတူ ပါလာသော ၎င်း၏လက်ထောက်ဖြစ်သူ ဇော်လတ်ဖြစ်သည်။

ဇော်လတ်တို့က ထိုနေရာသို့ တစ်ခေါက်ရောက်ခဲ့ပြီး သရဲခြောက်ခံခဲ့ရသူများဖြစ်၏။

ညဉ့်နက်ပိုင်း ရောက်သောအခါ အိပ်မည့်သူများက အိပ်ကြသော်လည်း မအိပ်ဝံ့သူများကတော့ မီးပုံနံဘေးမှာ သေနတ်များ ကိုင်ကာ ထိုင်စောင့်ကြသည်။

ထိုအချိန်မှာ တောနက်တွင်းမှ ထူးခြားသောအသံအချို့ကို ကြားလာရသည်။

"ကျိ . ."

"ဒုံ . . ဒုံ . . ဒုံ"

"ကျိ . ."

"ဒုံ . . ဒုံ . . ဒုံ"

"ဘာသံတွေလဲ"

"တောဆင်ရိုင်းအသံတွေ ဖြစ်မယ်ထင်တယ်"

"တောဆင်ရိုင်းတွေဆိုရင်တော့ သေနတ်သံ ပေးလိုက်ရင် ထွက်ပြေးသွားမှာပါ၊ မီးဖိုကိုလည်း အရှိန်မသေအောင် လုပ်ထားကြပေ့"



www.burmeseclassic.com

www.burmeseclassic.com

ဦးတိုင်းကျော်က သူ့လူများကို သတိပေးလိုက်သည်။

ဝင်းတို့သည် သေနတ်တပြင်ပြင်နှင့် အသံကြားရာဘက်သို့ မျက်တောင်မခတ် စိုက်ကြည့်နေကြသော်လည်း အော်သံများက တစ်နေရာတည်းမှ မဟုတ်ဘဲ သုံးလေးနေရာလောက်မှ ကြားနေရသောကြောင့် မျက်လုံးပြူးသွားကြသည်။

နီမောင်ကတော့ ဘာကိုမှ ဂရုမစိုက်သည့်ပုံစံမျိုးဖြင့် မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်ကို မှီလျက် အိပ်နေဟန်ရှိသည်။

ထိုအခြေအနေကို မြင်တော့ ဦးတိုင်းကျော်က စိတ်မချဟန်ဖြင့် အနားသို့ သွားကာ. . .

"နီမောင်. . . မင်းဘာလုပ်နေတာလဲ၊ ဆင်ရိုင်းအော်သံတွေ မကြားဘူးလား၊ တော်ကြာ ဆင်နင်းခံရလို့ သေနေလိမ့်မယ်"

ဟု ပြောသည်။

ထိုအခါ နီမောင်က မျက်လုံးတစ်ချက် ဖွင့်ကြည့်သည်။

"ရပါတယ်. . . ကျွန်တော့်အတွက် စိတ်မပူပါနဲ့"

ဟု ပြောကာ ပြန်အိပ်သွားပြန်သည်။

ထိုအခါ ဦးတိုင်းကျော်မှာ နားမလည်သော အမူအယာဖြင့် ကြည့်ကာ ဝင်းနေရာသို့ ပြန်သွားလေသည်။

အတန်ကြာတော့ အော်သံများက တဖြည်းဖြည်း နီးလာသည်။

"ကျီ. ."

"ဒုံ. . ဒုံ. . ဒုံ"





"ကျီ. ."

"ဒုံ. . ဒုံ. . ဒုံ"

အသံများ နီးလာသလို လှမ်းကြည့်လိုက်သောအခါ သစ်ပင်များကြားမှ တိုးလာသဖြင့် သစ်ပင်သစ်ကိုင်းများ လှုပ်ယမ်းနေသည်ကို အတိုင်းသား မြင်နေရသည်။

မီးရောင်ဖြင့် လှမ်းထိုးကြည့်ပြန်တော့လည်း ငြိမ်သက်နေသော သစ်ပင်များကိုသာ မြင်ရပြီး အခြားဘာမှ မမြင်ရပြန်ပေ။

မီးရောင်မှိတ်လိုက်သည်နှင့် သစ်ပင်များက ပြန်လည်လှုပ်ရှားလာကြပြီး မီးရောင်ဖွင့်လိုက်သည်နှင့် ပုံမှန်အတိုင်း ငြိမ်သက်နေပြန်လေသည်။

"ကျုပ်တို့ကိုတော့ တောခြောက်နေပြီနဲ့တူတယ်"

စောခွန်ကြာက ပြောလိုက်သည်။

"တောခြောက်ချင်လည်း ခြောက်ပေစေပေါ့၊ အနားရောက်လာလို့ သေနတ်နဲ့ ပစ်ရင် မခံနိုင်ပါဘူး"

ဇော်လတ်က ပြောသည်။

တစ်ညလုံး မည်သူမှ မအိပ်ကြရဘဲ အသံကြားရာဘက်သို့ စောင့်ကြည့်ကြသော်လည်း မည်သည့်အန္တရာယ်မှတော့ ရောက်မလာပေ။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် တောင်ကြားလမ်းသို့ စတင်ဝင်ကြလေသည်။

နီမောင်က ရှေ့ဆုံးမှ လမ်းပြဝင်ရပြီး ဦးတိုင်းကျော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



စောခွန်ကြာတို့အဖွဲ့က နောက်မှ လိုက်ကြလေသည်။

ဦးတိုင်းကျော်တို့အဖွဲ့မှာ သေနတ်များ ပါသောကြောင့် တော်ရုံအန္တရာယ်လောက်တော့ ဖြိုခွင်းနိုင်သည့် အနေအထား ရှိသည်။

တောင်ကြားလမ်းမှာ ပေငါးဆယ်ခန့်သာ ကျယ်ဝန်း သော်လည်း ဘေးတစ်ဖက်တစ်ချက်ရှိ တောင်နံယံများကတော့ ပေနှစ်ရာကျော်ခန့် အမြင့်ရှိလေသည်။

ချောက်ကမ်းပါးထိပ်ပေါ်မှာ ပေါက်နေသော သစ်ပင် များ၏အရွယ်အခက်များက ဟိုဘက်နှင့်ဒီဘက် အဖျားချင်း ယှက်နေပြီး နေပြောက်မထိုးအောင် ရှိလေသည်။

နေ့အချိန်ပင်ဖြစ်သော်လည်း အတွင်း၌ မှောင်နေလေ သည်။

နီမောင့်မျက်စိထဲမှာ အမှောင်ရိပ်ထဲမှာ သွားလာနေ သော မည်းမည်းသဏ္ဌာန်များကို မြင်နေရသည်။

အခြားသူများကတော့ မမြင်ရပေ။

သူ့ကို မြင်သောအခါ နှုတ်ဆက်သူများပင် ရှိလေ သည်။

အချို့နေရာများမှာ အများကြီး ရှိနေသောကြောင့် မလွတ်မလပ်ပင်ဖြစ်နေသည်။

လူများ အနားရောက်မှ ဘေးသို့ ဖယ်ပေးကြသည်။

ကိုးလောင်းတောင်ကြားမှာ အရှည်ကြီး ဖြစ်သော ကြောင့် အချိန်အတော်ကြာအောင် ဝင်ကြရသည်။





အချို့နေရာများမှာ အရိုးကျနေပြီဖြစ်သော လူသေ အလောင်းများကို တွေ့ကြရသည်။

ထိုလူများမှ ကိုးလောင်းတောင်ကြားထဲ ဝင်လာပြီးမှ အန္တရာယ်များနှင့် တွေ့ကာ အစုလိုက် သေသွားကြဟန် ရှိလေ သည်။

၎င်းတို့မှာ အတွင်းရောက်လေလေ သတိထားပြီး သွား နေရသောကြောင့် ခရီးမတွင်လေလေ ဖြစ်၏။

အတွင်းပိုင်းမှာ အမှောင်ရိပ်က ပိုများလာသလို ချောက် ကမ်းပါးနံယံ၌ သဘာဝအလျောက် ဖြစ်ပေါ်နေသော ဂူပေါက် ကြီးများရှိသည်။

ထိုဂူပေါက်ကြီးများမှာ သာမန်သတ္တဝါ မဆိုထားနှင့်၊ ဆင်တစ်ကောင်ပင် အလွယ်တကူ ဝင်နိုင်လေသည်။

ထိုဂူပေါက်များမှာ အတွင်း၌ မှောင်နေသောကြောင့် အန္တရာယ်ပေးနိုင်သော သတ္တဝါများ ထွက်လာလေမလားဟု သတိဖြင့် ကြည့်ကြရလေသည်။

သို့သော်လည်း ဘာမှမရှိပေ။

တောင်ကြားလမ်း၏နောက်ဆုံးနေရာ ရောက်သော အခါ အပေါ်မှ တဝေါဝေါနှင့် စီးကျနေသော ရေတံခွန်ကြီး ရှိရာသို့ ရောက်သွားကြသည်။

ထိုနေရာသည် နီမောင်အိပ်မက်ထဲမှာ တွေ့ခဲ့ရသော နေရာပင်ဖြစ်တော့သည်။

ရေတံခွန်ကြီးရှေ့ ရောက်တော့ နီမောင်က ရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အားလုံးကပါ ရပ်တန့်သွားကြသည်။

"ခင်ဗျားတို့ ရောက်ချင်တဲ့ ကိုးလောင်းတောင်ကြား ဆိုတာ ဒီနေရာပဲ"

"ငါတို့က ဒီနေရာကို ပျော်ပွဲစား ထွက်လာတယ်လို့များ မင်းထင်နေတာလား"

"ဒါဖြင့် ဘာအတွက် လာတာလဲ"

"မင်း ဒီနေရာကို အရင်က ရောက်ဖူးတယ် မဟုတ်လား နီမောင်"

နီမောင်က ခေါင်းခါပြသည်။

"ကျုပ် ဒီနေရာကို တစ်ခေါက်မှ မရောက်ဖူးပါဘူး၊ ဒါပေမယ့် ခင်ဗျားတို့ ဘာအတွက် လာတယ်ဆိုတာတော့ သိတယ်"

"ပြောပါဦး"

"ဆင်သချိုင်း လာရှာကြတာ မဟုတ်လား"

"မင်းက ဘယ်လိုသိနေတာလဲ"

"ဒီလောက် အန္တရာယ်များတဲ့နေရာကို တကူးတက လာမှတော့ တခြားအကြောင်း မဟုတ်မှန်း သိပါတယ်"

"ဒါဖြင့် ဆင်သချိုင်း ရှိတဲ့နေရာကို မင်းသိတယ် မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြသည်။

ထိုအခါ ဦးတိုင်းကျော်တို့ရော စောခွန်ကြာတို့ပါ စိတ်ဝင်စားသွားကြသည်။





"ဘယ်. . ဘယ်နေရာမှာလဲဟင်"

ရေတံခွန်ဘက်သို့ လက်ညှိုးထိုးပြပြီး. . .

"ရေတံခွန်ကြီးအတွင်းမှာ ဆင်သချိုင်း ရှိတယ်"

ဟု ပြောလိုက်ရာ အားလုံး အံ့သြသွားကြလေသည်။

"ဒီအထဲမှာ ဆင်သချိုင်း ရှိတာ မင်းဘယ်လိုသိသလဲ"

"ခင်ဗျားတို့ မယုံရင် အတွင်းဝင်ကြည့်ကြပေါ့၊ ဒါပေမယ့် တစ်ခုတော့ ကြိုပြောပါရစေ၊ အတွင်းဝင်ရင်တော့ အန္တရာယ်တွေနဲ့ တွေ့နိုင်တယ်"

"ဘယ်လိုအန္တရာယ်မျိုးလဲ"

"ပရလောကသားတွေ"

"ဟား. . ဟား. . ဟား. . ဟား၊ ပရလောကသားတွေများ ကြောက်စရာမှတ်လို့ကွာ၊ သေနတ်နဲ့ တွေ့ရင် ဘယ်လို ပရလောကသားမှ မခံနိုင်ပါဘူး"

ဟု ဦးတိုင်းကျော်က ၎င်းလက်ထဲမှ သေနတ်ကို မြှောက်ပြရင်း အာပေါင်အာရင်းသန်သန်ဖြင့် ပြောလိုက်သည်။

အချိန်ကလည်း မွန်းလွဲပိုင်းအချိန် ရောက်လာချေပြီ၊

ချောက်ကမ်းပါးစွန်းမှ တဝေါဝေါနှင့် ထိုးကျနေသော ရေတံခွန်ကျသံများက တောင်ကြားထဲမှာ လိုက်သံပါနေသောကြောင့် မကောင်းဆိုးဝါးများ ရယ်မောသံကြီးကဲ့သို့ ရှိနေတော့သည်။

ထိုနေရာတစ်ဝိုက်မှာ တွင်းပေါက်ကြီးများ ရှိနေသောကြောင့် အပေါ်မှ ကျနေသော ရေများက တွင်းပေါက်များ



www.burmeseclassic.com

www.burmeseclassic.com

အတွင်းသို့ စီးဝင်သွားကြလေသည်။

"အတွင်းကိုတော့ ကျွန်တော်မလိုက်နိုင်ဘူး၊ ခင်ဗျားတို့ပဲ ဝင်သွားကြပေတော့"

"ဒီလို ဘယ်ရမလဲကွာ၊ မင်းကို တန်ရာတန်ကြေး ပေးပြီး ခေါ်လာတာ၊ ခရီးဆုံးအောင်တော့ လိုက်ပို့ပေးရမှာပေါ့"

ဦးတိုင်းကျော်က သေနတ်ဖြင့် မသိမသာ ချိန်ရင်း အမိန့်ပေးသည့်လေသံမျိုးဖြင့် ပြောလိုက်သည်။

နီမောင်က တစ်ချက်မော့ကြည့်ပြီး. . .

"ကောင်းပြီလေ. . . ကျုပ်ကတော့ ပြောသင့်ပြော ထိုက်တာကို ပြောပြီးပြီ၊ ကျွန်တာကတော့ ခင်ဗျားတို့သဘောပဲ၊ လိုက်ပို့ပေးဆိုတော့လည်း အတွင်းရောက်အောင် လိုက်ပို့ပေးရ မှာပေါ့"

ဟု ပြောသည်။

ထို့နောက်. . .

ဦးတိုင်းကျော်တို့မှာ ရေတံခွန်အပြင်ဘက်မှာ လက်နက် ကိုယ်စီကိုင်ထားသော လူငါးယောက်ကို အစောင့်ထားခဲ့ပြီး နောက် ရေတံခွန်အတွင်းသို့ ဝင်ကြရန် ပြင်ဆင်လေသည်။

၎င်းတို့အတွက် မမြင်ရသော ကံကြမ္မာဆိုးများက စောင့် ကြိုလျက်ရှိနေတော့သည်။

☺ အောင်မြင်စာပေ ☺



**အခန်း (၈၆)**

# ဆင်သင်္ချိုင်းမှ အန္တရာယ်ဆိုးများ

ရေတံခွန်အောက်မှ တိုးကာ အတွင်းသို့ ဝင်လိုက်ကြ သည်နှင့် ကျယ်ဝန်းသော ထုံးကျောက်လိုဏ်ဂူကြီးအတွင်းသို့ ရောက်သွားကြသည်။ ထုံးကျောက်များမှာ အဖြူရောင်ဖြစ်သော် လည်း ရေညှိများ ကပ်နေသဖြင့် အရောင်မထွက်တော့ပေ။

ထို့ပြင် အပြင်မှ အလင်းရောင်ဝင်ပေါက် မရှိသော ကြောင့် အမှောင်ရိပ်များက နေရာအနှံ့ကို ဖုံးအုပ်ထားသော သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဂူအမိုး နေရာအနှံ့အပြားမှ ရေများ စိမ့်ကျနေရာ ကျောက်စက်ရေများသဖွယ် အေးစိမ့်နေ၏။

ဂူကြမ်းပြင်၊ နံယံနှင့် အမိုးတစ်ပိုက်မှာတော့ ထုံးကျောက်တို့၏သဘာဝအတိုင်း ဆင်၊ နဂါး၊ ဂဠုန်၊ ဘီလူး အစရှိသော တိရစ္ဆာန်တို့၏ပုံများ၊

ဓါး၊ လှံ လက်နက်ပုံများ နေရာအနှံ့မှာ ဖြစ်ပေါ်နေသည်။

အချို့ဂူနံယံများတွင် ဆင်ကြီးများ၊ ကျားကြီးများ မှီရပ်နေသကဲ့သို့ ရုပ်လုံးကြွကာ ပေါ်နေ၏။

အတွင်းပိုင်း ရောက်သည်နှင့် အသင့်ပါလာသော မီးတုတ်၊ မီးတိုင်များကို ထွန်းကာ တစ်ယောက်တစ်ချောင်း ကိုင်ကြသည်။ အရေးကြုံလျှင် အသုံးပြုနိုင်ရန် သေနတ်များကို အသင့်ပြင်ကြသည်။

ပြီးလျှင် တပေါက်ပေါက် ကျဆင်းနေသော ကျောက်စက်ရေများအောက်မှ ဖြတ်ကာ ဂူအတွင်းပိုင်းသို့ ဝင်ကြလေသည်။

တိတ်ဆိတ်နေသောဂူအတွင်းသို့ ရေစက်များ တပေါက်ပေါက် ကျနေသံများကပင် ချောက်ချားဖွယ်ရာ ဖြစ်နေတော့သည်။

နီမောင်လက်ထဲမှာ လက်နှိပ်မီးတစ်လက်နှင့် ဓါးတစ်လက်သာ ရှိပြီး မကြောက်မရွံ့နှင့် ရှေ့ဆုံးမှ အတွင်းသို့ ဝင်သွားလေသည်။





အတွင်းပိုင်းသို့ ရောက်သောအခါ ကြောက်မက်ဖွယ်ရာ ကောင်းသော သဏ္ဍာန်ကြီးတစ်ကောင်ကို လှမ်းမြင်လိုက်ရသဖြင့် အားလုံး ထိတ်လန့်သွားကြလေသည်။

၎င်းတို့ သွားမည့် လမ်းတစ်နေရာ၌ မားမားကြီး ရပ်နေသော ဘီလူးကြီးတစ်ကောင်ကို လှမ်းမြင်ကြရသောကြောင့်ဖြစ်သည်။

အားလုံး သေနတ်များဖြင့် လှမ်းချိန်ကာ လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးကြည့်သောအခါမှ ထုံးကျောက်ရုပ်ကြီးမှန်း သိရတော့သည်။ အပြင်မှာတော့ ညနေခင်းချိန် ရောက်နေချေပြီ။ အမှောင်ထုများက တောင်ကြားအတွင်း၌ များသည်ထက် ပိုများလာနေသည်။

အပြင်ဘက်မှာ စောင့်နေသော လူငါးယောက်တို့မှာ သေနတ်နှင့် လက်နှိပ်မီးများကို အဆင်သင့် ကိုင်ကာ သတိနှင့် နေကြလေသည်။

သို့သော်လည်း ယခုကဲ့သို့ အမှောင်ရိပ်ဖုံးလာသောအခါ ကြောက်ရွံ့စိတ် ဝင်လာကြလေသည်။

ထိုအခိုက်မှာပင် သူတို့ ဝင်လာသော တောင်ကြားအဝင် ပေါက်ဝဘက်မှ ထူးခြားသော အသံများကို စတင်ကြားလာရသည်။

"ကျွီ. ."

"ဒို. . ဒို. . ဒို"

"ဟင်. . ဘာသံလဲဟ"



www.burmeseclassic.com

www.burmeseclassic.com

"ဆင်အော်သံ ထင်တယ်၊ ဆင်ရိုင်းတွေများ ဝင်လာ ရောသလား"

"ဆင်ရိုင်းတွေ ဝင်လာရာတော့ ပြေးပေါက်မရှိဘဲ ခက် တော့မှာပဲ"

"မလွတ်သာရင်တော့လည်း ရေတံခွန်ထဲကို ဝင်ပြေးကြ တာပေါ့ကွာ"

"ကျွီ. ."

"ဒုံ. . ဒုံ. . ဒုံ"

အသံများက တဖြည်းဖြည်းနှင့် နီးလာချေပြီ။

အမှောင်ရိပ်ထဲမှာ လှုပ်ရှားလာသော မည်းမည်း သဏ္ဌာန်ကြီးများကို မသဲမကွဲ လှမ်းမြင်လိုက်ရသည်။

"ဟို. . ဟိုမှာ. ."

"ဘာလဲ"

"ဟိုမှာ မည်းမည်းကြီးတွေ လာနေတာ မမြင်ဘူးလား"

"မဟုတ်ပါဘူးဟ. . . သစ်ပင်ကြီးတွေ လေတိုက်လို့ လှုပ်နေတာပါ"

"အဲဒီသစ်ပင်ကြီးတွေက လေတိုက်လို့ လှုပ်နေတာ မဟုတ်ဘူး၊ ငါတို့ဆီကို လာနေကြတာဟ"

"ဟင်. ."

ထိုအခါမှ သေသေချာချာ လှမ်းကြည့်လိုက်သောအခါ လူနှင့် ပုံသဏ္ဌာန်တူလှသော သစ်စုန်းပင်ကြီးများက ခြေကား ယား လက်ကားယားနှင့် သူတို့ငါးယောက် ရှိရာ လာနေကြ





သည်။

"သစ်ပင်က ဒီလိုသွားနိုင်လို့လား၊ ငါတို့ကို တောခြောက် နေတာများလား"

"ဘယ်က တောခြောက်ရမှာလဲ၊ ဟိုမှာ လာနေတာဖြင့် အနားပဲ ရောက်လာတော့မယ်၊ ဒီတောထဲမှာ သစ်စုန်းပင်တွေ ရှိတယ်လို့ ပြောသံမကြားဖူးဘူးလား"

"ဟေ. . . ဒါဖြင့် သေနတ်နဲ့ ပစ်ကွာ"

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

လူငါးယောက်က သေနတ်များဖြင့် လှမ်းပစ်ရာ သေ နတ်သံများမှာ ဆူညံသွားလေတော့သည်။

သစ်စုန်းပင်ကြီးများကို သေနတ်ကျည်ဆန် ထိမှန်ရာမှ သွေးစေးရည်များ ကျလာသော်လည်း လဲမကျသွားပဲ ရှေ့သို့ ဆက်တိုးမြဲ တိုးလာရာ ထပ်ပစ်ကြပြန်သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

နောက်တစ်ကြိမ် ထပ်ပစ်သော်လည်း မလဲသည့်အပြင် ထပ်တိုးလာရာ မလှမ်းမကမ်းနေရာသို့ပင် ရောက်လာတော့ သည်။

ထိုအချိန်မှာ သစ်စုန်းပင်၏ပင်စည်နေရာတွင် ဖြစ်ပေါ် နေသော ဘုကြီးများတွင်းမှာ နွယ်လက်တံရှည်များ၊ မြွေများပမာ တလူးလူး တလွန့်လွန့်နှင့် ထွက်လာတော့သည်။

ထိုအခါမှ လူငါးယောက်တို့မှာ အခြေအနေ မဟန်မှန်း သိရသဖြင့် ရေတံခွန်အတွင်းသို့ ဝင်ပြေးရန် ကြိုးစားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မရတော့ပေ။

တလူးလူး တလွန့်လွန့်ဖြင့် ထိုးထွက်လာသော နွယ်လက်တံများက လှမ်းဆွဲပတ်ကာ လိပ်ယူသွားလေတော့သည်။

"အား. ."

"ကယ်ကြပါဦးဗျို့"

ငင်းတို့၏စူးစူးဝါးဝါးအော်သံများကို ရေတံခွန်ကျသံကြီးများက ဖုံးလွှမ်းပစ်လိုက်တော့သည်။

ထိုအော်သံများကို အတွင်းပိုင်း ရောက်နေသောသူများကတော့ မကြားနိုင်တော့ပေ။

ဦးတိုင်းကျော်တို့မှာ နီမောင်ခေါ်ရာနောက်သို့ လိုက်သွားကြရင်း နောက်ဆုံး ရှေ့ဆက်သွားစရာလမ်း မရှိတော့သော အခန်းကျယ်ကြီးတစ်ခန်းထဲသို့ ရောက်သွားကြတော့သည်။

ထိုအခန်းကျယ်ကြီးမှာ အတော်ကျယ်ပြီး မှောင်နေသဖြင့် အချို့နေရာများကို လှမ်းမမြင်ရပေ။

"ဒါ ခင်ဗျားတို့ ရှာနေတဲ့ ဆင်သင်္ချိုင်းပဲ၊ ဆင်တွေအတွက် ဆင်သင်္ချိုင်းနေရာဖြစ်သလို လူတွေအတွက်လည်း သင်္ချိုင်းနေရာတစ်ခုပဲ"

ဟု ပြောသဖြင့် မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ ထုံးကျောက်သား ကြမ်းပြင်ပေါ်မှာ နေရာအနှံ့ ပြန့်ကျဲနေသော ဆင်အရိုးများ၊ ဆင်စွယ်အမြောက်အမြားတို့ကို လှမ်းမြင်ကြရသည်။

အရိုးစုနှင့် ဆင်စွယ်များမှာ အဖြူရောင် ထုံးကျောက်





သားများနှင့် ရောနေသဖြင့် ရုတ်တရက် မမြင်နိုင်ပေ။

ထို့ပြင် ဂူနံယံမှာ မှီလျက်သား သေဆုံးနေသော ဆင်ကြီးများကိုလည်း တွေ့ရသည်။

အချို့မှာ မကြာသေးမီက သေဆုံးသွားဟန်ဖြင့် ပုံစံမပျက်သေးသော်လည်း အချို့က ပုတ်ပွနေပြီ။

အချို့ကတော့ အရိုးပင် ကျနေလေပြီ။

ဦးတိုင်းကျော်နှင့် စောခွန်ကြာတို့မှာ သူတို့တစ်သက်တွင် တစ်ခါမှ မမြင်ဖူးသော ဆင်စွယ်အမြောက်အမြားကို တွေ့မြင်ရသဖြင့် လောဘဇောတက်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။

"ဟန်ကျတာပဲ. . . ငါတို့တော့ ချမ်းသာပြီဟေ့"

"ဆင်သင်္ချိုင်းရှိတယ်ဆိုတာ သူများပြောသံကြားရတယ်၊ အခုမှ တကယ်ရှိတယ်ဆိုတာ သိရတော့တယ်"

ထိုသို့ ပြောနေကြစဉ်မှာ နီမောင်က အမှောင်ရိပ်တွင်းသို့ ဝင်သွားလေသည်။

ဦးတိုင်းကျော်တို့က သူ့ကို သတိမပြုမိကြပေ။

အတန်ကြာတော့ အမှောင်ရိပ်ထဲမှ လူတစ်ယောက် ပြန်ထွက်လာသည်။ နီမောင် မဟုတ်တော့ပေ။

အဖြူရောင် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများနှင့် ဝတ်ရုံတစ်ထည်ကို ခြုံထားသော အဘိုးအိုတစ်ယောက်ပင် ဖြစ်တော့သည်။ အဘိုးအိုကို မြင်ရသောအခါ ဦးတိုင်းကျော်တို့မှာ မျက်စွာ အံ့သြသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . . ခင်ဗျားဘယ်သူလဲ"

အဘိုးအိုက ဘာမှမပြောဘဲ ရှေ့သို့ ထွက်လာသည်။

ဦးတိုင်းကျော်တို့က သေနတ်ဖြင့် ချိန်ထားလိုက်သည်။

"မင်းတို့ ကိုယ့်သေတွင်း ကိုယ်တူးကြတာပဲ၊ ဒီနေရာကို ရောက်ပြီးတဲ့လူ မှန်သမျှ အသက်ရှင်ရက်နဲ့ ပြန်ထွက်ခွင့် မရကြဘူးကွ"

"ကျုပ်တို့ ဒါတွေ မသိဘူး၊ ဆင်စွယ်တွေကိုတော့ ဖြစ်တဲ့နည်းနဲ့ ယူသွားရမှာပဲ"

"ဒီအတိုင်းယူလို့ရမလားကွ၊ ပစ္စည်းတစ်ခုဆိုတာ ပိုင်ရှင်ရှိတာပဲ၊ ပိုင်ရှင်က ခွင့်မပြုရင် ယူလို့ ဘယ်ရမလဲ"

"ပိုင်ရှင်က ဘယ်မှာလဲ"

"မင်းတို့ တွေ့ချင်ရင် ငါခေါ်ပေးပါ့မယ်"

ဟု ပြောကာ အမှောင်ရိပ်အတွင်းသို့ ခေါ်လိုက်လေသည်။

"ဟေး. . . လာခဲ့ကြတော့ဟေ့"

ထိုသို့ အော်လိုက်သည်နှင့် ငြိမ်သက်နေသော လိုဏ်ဂူအတွင်း၌ လေတိုးသံများကဲ့သို့ အသံများ ပေါ်လာလေသည်။

ထို့နောက် အမှောင်ရိပ်အတွင်းမှ စကားပြောသံ၊ လူသံများ ကြားလာရသည်။

အသံများမှာ အမှောင်ရိပ် ရှိသောနေရာများမှ အနှံ့အပြား ပေါ်ထွက်လာခြင်းဖြစ်သည်။

ဦးတိုင်းကျော်တို့တတွေမှာ ဆူဆူညံညံအသံများ ကြား





ရာသို့ သေနတ်များဖြင့် ချိန်ထားသော်လည်း ဘာမှ မတွေ့ရသေးပေ။

ဂူအတွင်း၌မူ လေတိုးသံများနှင့် အခြားအသံများက ပိုမိုဆူညံစွာ ကြားလာရပြီးနောက် အမှောင်ရိပ်ထဲမှာ ဝေ့ဝဲလှုပ်ရှားနေသော ပုံသဏ္ဍာန်များမှာ မီးခိုးငွေ့များကဲ့သို့ အဖြူရောင်၊ အမည်းရောင်များ ရောနှောလျက်ရှိပြီး လူသဏ္ဍာန်၊ ဆင်သဏ္ဍာန်များအပြင် ကြောက်မက်ဖွယ်ကောင်းသော သရဲသဘက်ပုံစံများလည်း ပါလာလေသည်။

၎င်းတို့မှာ အမှောင်ရိပ်အတွင်းမှ အပြင်သို့ တရွေ့ရွေ့ ထွက်လာကြသည်။

"ဟေ့. . ဟိုမှာ နာနာဘာဝတွေ ထွက်လာပြီ၊ သေနတ်နဲ့ ပစ်ကြဟ"

ဟု ဦးတိုင်းကျော်က အော်ဟစ်ကာ လက်ထဲမှ သေနတ်ဖြင့် လှမ်းပစ်ရာ အခြားသူများကလည်း ကြောက်ကြောက်လန့်လန့်နှင့် မည်းမည်းမြင်ရာသို့ သေနတ်ဖြင့် ပစ်ကြလေရာ သေနတ်သံများမှာ ဆူညံသွားလေတော့သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း. . ဒိုင်း"

သို့သော်လည်း အမှောင်ရိပ်ထဲမှ ထွက်လာသော ကြောက်မက်ဖွယ် သဏ္ဍာန်များမှာ ရပ်တန့်မသွားဘဲ ရှေ့သို့ တိုးမြဲတိုးလာပြီး တဟီးဟီးတဟားဟား ရယ်သံများပါ ကြားလာရသည်။

အနီးသို့ ရောက်လာသောအခါမှ သရဲသဘက်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com

ပုံသဏ္ဍာန်ပြောင်းလဲလာကာ စားတော့ ဝါးတော့မည့် ပုံသဏ္ဍာန်မျိုးဖြင့် ဝင်ဆွဲရာ ကြောက်လန့်တကြား နောက်ကြောင်းသို့ ပြန်လှည့်ပြေးကြတော့သည်။

"လိုက်ဟေ့ . . . လိုက်ဟ"

အသံနက်ကြီးများဖြင့် အော်ဟစ်ကာ နောက်မှ ပြေးလိုက်လာသောကြောင့် အမှောင်ထဲမှာ ပြေးကြရာ ကျောက်စွန်းကျောက်တောင်များဖြင့် တိုက်မိကာ လဲသူလဲ၍ ကျန်ခဲ့လေသည်။

ထိုသို့ ကျန်ခဲ့သူများမှာ သရဲသဘက်များ လက်ချက်နှင့် မိပြီး ပြန်မထနိုင်ကြတော့ပေ။

သို့သော်လည်း ကျန်သူများက မကယ်နိုင်ဘဲ ဆက်ပြေးကြရာ အချို့မှာ ရေတံခွန်အပြင်ရောက်အောင် ပြန်ထွက်နိုင်ကြသည်။ သို့သော်လည်း တောင်ကြားလမ်းအဝ ရောက်အောင်တော့ မပြေးနိုင်ကြတော့ပေ။

အဘယ်ကြောင့်ဆိုသော် . . .

ကိုးလောင်းတောင်ကြားလမ်းတဝိုက်တွင် ရောက်နေကြသော သစ်စုန်းပင်များ လက်ချက်ဖြင့် သေဆုံးသွားကြရာ တစ်ယောက်မှ အသက်မရှင်တော့ပေ။

အရုဏ်တက်ချိန်လောက် ရောက်သည်အထိ ဆူညံနေသောအသံများမှာ အရှေ့ဘက်မှ အလင်းရောင်များ ပေါ်လာသောအခါမှ တဖြည်းဖြည်းနှင့် ငြိမ်သက်သွားလေတော့သည်။

ထိုအချိန်တွင် ရေတံခွန်အတွင်းမှ လူနှစ်ယောက် ထွက်





လာကြသည်။

တစ်ယောက်က အဘိုးအိုဖြစ်ပြီး ကျန်တစ်ယောက်က နီမောင်ပင်ဖြစ်သည်။

"အင်း . . . လောဘသားတွေ . . လောဘသားတွေ၊ နောက်ဆုံးတော့ လောဘအတွက်ကြောင့်ပဲ သေကြရတာပဲ၊ ဆင်ဟာ အစွယ်ကြောင့် သေရသလို လုပတဲ့ဦးချို ရှိတဲ့ သမင်ကလည်း ဒီဦးချိုကြောင့်ပဲ တစ်နေ့သေရတယ်၊

ကျားသစ်နက်ဟာ သူ့ရဲ့တန်ဖိုးကြီးမားတဲ့ သားရေကြောင့် တန်ဖိုးမဖြတ်နိုင်တဲ့အသက်ကို စွန့်လွှတ်ရတယ်၊

လောဘသားတွေကတော့ တန်ဖိုးမဲ့တဲ့ လောဘအတွက်ကြောင့် အသက်သေကြရတယ်၊ ဒေါသရှိတဲ့လူဟာ ဒေါသကြောင့် သေရသလို လောဘရှိတဲ့လူဟာလည်း လောဘကြောင့် သေကြရတယ်"

အဘိုးအိုက တောင်ကြားလမ်းအတွင်းမှာ အတုံးအရုံးသေဆုံးနေသော အလောင်းများကို ကြည့်ကာ ခပ်တိုးတိုး ပြောလိုက်သည်။

နီမောင်မှာ စောခွန်ကြာတို့ အလောင်းများကို မြင်ရသောအခါ စိတ်မကောင်းဖြစ်မိလေသည်။

မိမိတို့အပေါ်မှာ မကောင်းကြံစည်ခဲ့သော်လည်း တစ်ရွာတည်းသားချင်းများ ဖြစ်သောကြောင့် စိတ်မကောင်းဖြစ်မိခြင်းပင် ဖြစ်ပေသည်။

"အခုလို အဘိုးကို အကူအညီပေးတာ ကျေးဇူးတင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မင်းတစ်သက်မှာ ဒီနေရာမှာ ဆင်သချိုင်း ရှိတယ်လို့ ဘယ်သူ့ကိုမှ မပြောလေနဲ့၊ တကယ်လို့ ပြောမိရင် လောဘကြောင့် ထပ်ပြီး လူတွေသေကြလိမ့်မယ်"

"စိတ်ချပါ အဘိုး၊ ကျွန်တော် ဘယ်သူ့မှ မပြောပါဘူး"

"သာဓုကွယ်. . သာဓု. . သာဓု၊ မင်းရဲ့ရိုးသားဖြူစင်မှုအတွက် အဘိုးက ဒီဆင်စွယ်သုံးချောင်း ပေးလိုက်ပါ့မယ်၊

ဒါကို ရောင်းပြီးတော့ အကုသိုလ်နဲ့ မကင်းတဲ့ ဆင်ဖမ်းသမားဘဝက လွတ်မြောက်အောင် ကြိုးစားပေတော့ ငါ့မြေး"

ဟု ပြောကာ အသင့်ယူလာသော ကြီးမားရှည်လျားသည့် ဆင်စွယ်ကြီးသုံးချောင်းကို ပေးလေသည်။

"ကျွန်တော် မယူတော့ပါဘူး အဘိုး"

"မယူရင် မင်း ဒီဘဝက တော်တော်နဲ့ လွတ်မှာ မဟုတ်ဘူး၊ ဒါတွေကို ရောင်းချပြီး အရင်းအနှီး လုပ်မှ ရမှာပေါ့၊

ယူသွားပါကွယ်၊ ဒီပစ္စည်းတွေက သန့်ရှင်းစင်ကြယ်တဲ့ ပစ္စည်းတွေမို့ ပေးတာပါ"

ဟု ပြောတော့မှ နီမောင်က ကြီးမားရှည်လျားလှသည့် ဆင်စွယ်သုံးချောင်းကို လှမ်းယူကာ ဘေးနားမှာ ချ၍ အဘိုးအိုအား ကန်တော့လိုက်ရာ အဘိုးအိုက တတွတ်တွတ်နှင့် ဆုများပေးသည်။

"ဒီဆင်စွယ်သုံးချောင်းကို ပေးတာ ကျေးဇူးတင်ပါတယ် အဘိုး၊ ဒါပေမယ့် အဘိုးကို ပြောစရာတစ်ခု ရှိပါတယ်"

"ပြောလေကွယ်"





"လူတွေကို အန္တရာယ်ပေးနေတဲ့ သစ်စုန်းပင်ကြီးတွေကို ဒီကိုးလောင်းတောင်ကြားတစ်ဝိုက်မှာပဲ အစောင့်အဖြစ်နဲ့ ထားစေချင်ပါတယ်၊ လူတွေနဲ့ နီးတဲ့နေရာတွေကို မလာကြဖို့ အဘိုးအနေနဲ့ တားမြစ်ပေးပါ"


"ကောင်းပါပြီကွယ်. . . တားမြစ်ပေးပါ့မယ်၊ နောက်ဆိုရင် လူတွေကို အန္တရာယ် မပြုစေရတော့ပါဘူး"

ဟု ကတိပေးလိုက်ရာ နီမောင်လည်း ဝမ်းသာဟော်ရွှင်စွာဖြင့် ဆင်စွယ်ကြီးသုံးချောင်းကို ထမ်းကာ ကိုးလောင်းတောင်ကြားအတွင်းမှ ပြန်ထွက်လာခဲ့လေသည်။

သူထွက်လာသောအချိန်မှာ သစ်စုန်းပင်ကြီးများအား တစ်ပင်တစ်လေမှပင် မတွေ့ရတော့ပေ။



www.burmeseclassic.com



www.burmeseclassic.com



အခန်း(၁၇)

# အချစ်ဖြင့် သံသရာ ရှည်စေ

BURMESE CLASSIC .com

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီးနောက် လအနည်းငယ် ကြာသောအခါ ရှင်ဗွေယန်ရွာထိပ် တစ်နေရာတွင် ကြီးကျယ်လှသော ကုန်စုံဆိုင်ကြီးတစ်ဆိုင် ပေါ်ပေါက်လာလေတော့သည်။

ဆိုင်အမည်မှာ 'မီလာရီကာ' ကုန်မျိုးစုံဆိုင်ဟု အမည်ပေးထားပြီး စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် အဝတ်အထည်များအထိ ရောင်းချနိုင်သည့် ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ခမ်းနားလှသော ကုန်စုံဆိုင်ကြီးတစ်ဆိုင်ဖြစ်တော့သည်။

ရင်းဆိုင်ကြီး၏ပိုင်ရှင်မှာ မီလာရှီကာ ဆင်ဖမ်းသမားဘဝမှ အနားယူသွားသော နီမောင်ပင်ဖြစ်သည်။

ရင်းဆိုင်မှာ ဆင်းရဲသူ ဆင်းရဲသားများနှင့် ဆင်ဖမ်းသမား အလုပ်သမားများအတွက် ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပြီး အကြွေးလာဝယ်သူများကိုလည်း သင့်တင့်မျှတစွာ ရောင်းချပေးသောကြောင့် ဈေးဝယ်သူများဖြင့် အမြဲတစေ စည်ကားနေတော့သည်။

ရင်းဆိုင်မှာ ကြီးကြပ်လုပ်ကိုင်ပေးနေသူမှာ အခြားလူမဟုတ်ဘဲ နီမောင်ချစ်သူ မြနှင်းဖြူပင်ဖြစ်ပေသည်။

"မြလေး. . . အခုလိုဘဝမျိုးနဲ့ နေရတာ စိတ်မချမ်းသာဘူးလား"

"ဟင်. . . ငါက လာပြီးကူညီပေးနေတာလေ၊ ဘာဆိုင်လို့လဲ၊ အချိန်တန်တော့ ပြန်သွားရမယ့်ဟာ"

"ဒီလိုဆိုရင်လည်း မပြန်ဘဲ အမြဲနေတော့လေ"

"ငါ့ကို အမြဲနေစေချင်ရင် ပိုင်ဆိုင်အောင် ကြိုးစားတော့လေ၊ ဒီလိုကြိုးစားဖို့တော့ မေ့နေပြီး သူ့အလုပ်ပဲ သူလုပ်နေတယ်"

မြနှင်းဖြူက စကားနာထိုးသည်။

"မမေ့ပါဘူး မြလေးရယ်၊ မြလေးနဲ့ အတူနေရင် အခြေကျအောင်လို့ အလုပ်တွေ စီစဉ်နေရလို့ပါ၊ အခုတော့ ပြီးတန်သလောက် ပြီးပြီ၊ ဆိုင်လည်း အခြေကျလောက်ပြီဆိုတော့





အရေးကြီးတာကို လုပ်ရတော့မယ်"

"ဘာအလုပ်လဲ"

"လူကြီးတွေ ဖွင့်ပြောပြီး မြလေးနဲ့ လက်ထပ်ဖို့ကိစ္စကို လုပ်ရတော့မှာပေါ့၊ ကိုယ့်ဘဝမှာ ဒါထက်ပိုပြီး အရေးကြီးတာ ဘာများရှိသေးလို့လဲ"

"ဒီလောက်သတိရဖော် ရတာ တော်သေးတာပေါ့"

"မခနဲ့ပါနဲ့ မြလေးရယ်၊ မြလေးနဲ့ ပတ်သက်တဲ့ကိစ္စတွေဆိုရင် ဘယ်တော့မှ မမေ့ပါဘူး၊ မြလေးက ကိုယ့်ဘဝအတွက် အရေးကြီးဆုံးပါပဲ"

"အပြောကောင်းလှချည်လား မောင်ရယ်၊ ဒီစကားကြားရတာနဲ့တင် ကျေနပ်ပါပြီ"

မြနှင်းဖြူက ချစ်စဖွယ်အပြုံးကလေးဖြင့် ပြောလိုက်လေသည်။ နီမောင်က မြနှင်းဖြူ၏လက်ကလေးကို ဆွဲယူလိုက်ပြီး ပခုံးကို ဖက်ထားလေသည်။

"မြလေး. ."

"ဟင်. ."

"ကိုယ်တို့နှစ်ယောက် လက်ထပ်ဖို့ စီစဉ်လိုက်တော့မယ်နော်"

မြနှင်းဖြူမျက်နှာပေါ်မှာ အပြုံးရိပ်ကလေးများ သစ်လွင်တောက်ပလာတော့သည်။

"ကောင်းတာပေါ့ မောင်ရယ်၊ အဖေတို့ကလည်း သဘောတူလို့ ခွင့်ပေးထားမှတော့ မောင့်သဘောကျသာ စီစဉ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တော့”

“ကိုယ်တော့ မြလေးနဲ့ အခုလို ပေါင်းသင်းခွင့်ရတာ သိပ်ပြီးပျော်တာပဲ”

“မြလေးလည်း ဝမ်းသာပါတယ် မောင်ရယ်”

ယခုတော့ မမြင်ရသော အချစ်စွမ်းအားတစ်ခုမှာ သူတို့နှစ်ဦးအတွက် ဦးဆောင်လမ်းပြပေးခဲ့ချေပြီ။

အချစ်ဖြင့် တည်ဆောက်သော ဘဝလမ်းတစ်ခုမှာ ယခုတော့ သာယာဖြောင့်ဖြူးခဲ့ပေပြီ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ကိုးလောင်းတောင်ကြား)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုမှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိစ္စယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

စာပြီးချိန် ။ ။ (၂၀၀၉)ခုနှစ်၊ဖေဖော်ဝါရီလ(၁၄)ရက် စနေနေ့၊ညနေ(၅)နာရီ။

☺ အောင်မြင်စာပေ ☺